
သီလအာစွမ်း
အံ့မခန်း
မေတ္တာရှင်
(ရွှေပြည်သာ)
2005.GRAPHIC DESIGN : KYAW MINN MOUND

www.mettashin.com

# မာတိကာ

## အခန်း (၁)


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | သင်လူတစ်ယောက်ဖြစ်ပြီလား | ၁ |
| ၂။ | သူခိုးမရှိသောနိုင်ငံ | ၃ |
| ၃။ | လမ်းမပေါ်က စိန်နားကပ်ကြီး | ၇ |
| ၄။ | နိုင်ငံတစ်ခုရဲ့ ဖောင်ဒေးရှင်း | ၉ |
| ၅။ | မြန်မာကိုယ်နှင့်နိုင်ငံခြားသားစိတ် | ၁၀ |
| ၆။ | အစွဲရေးလူမျိုးသူခိုးရှိသည် | ၁၄ |
| ၇။ | ပေါက်ပင်ဘာကြောင့်ကိုင်းရတယ် | ၁၇ |
| ၈။ | လာဘ်ပေးရင်ရှက်သူ | ၂၀ |
| ၉။ | ပိုင်ရှင်မဲ့နေသောငွေထုပ်ကြီး | ၂၂ |
| ၁၀။ | သောတာပန်ဖြစ်ချင်သော မဟာတ္တမဂန္ဓီ | ၂၅ |
| ၁၁။ | ခိုးချင်သောစိတ်မရှိသူဆိုတာ | ၂၈ |
| ၁၂။ | သုံးကောင်ဖြစ်သွားကြသူများ | ၂၉ |
| ၁၃။ | ဖျက်ဆီး၍မရသောဂုဏ် | ၃၀ |
| ၁၄။ | သမုဒ္ဒရာအလယ်ကရွှေဗိမာန် | ၃၅ |
| ၁၅။ | ဘုရားနှစ်ဆူကြားမှ ကိုယ်လုံးတီးဘဝ | ၄၀ |
| ၁၆။ | အစီစီဆွဲချမည့်အကုသိုလ်များ | ၄၂ |
| ၁၇။ | အလယ်ခေါင်းချက်ရဲ့ကျေးကျွန်များ | ၄၆ |

www.mettashin.com


၁၈။ အင်္ဂလန်ကစိန်ခေါ်ပွဲ ၅၁

၁၉။ မြွေဟောက်ကြီး၏ကလဲ့စား ၅၆

၂၀။ စိတ်သခင်နှင့်စိတ်ကျွန် ၅၉

၂၁။ လေးလအတွင်းသေမည့်သူ ၆၂

၂၂။ အသက်ရှည်စေသည့်ကုသိုလ်များ ၆၄

၂၃။ စေတီပေါ်က အသက်လုပွဲ ၆၅

၂၄။ ဒုက္ခမြို့တော် ၆၈

၂၅။ သေခြင်းမရှိသောမြို့ ၇၄

၂၆။ တိရစ္ဆာန်များအသတ်ခံရခြင်း၏ အဓိကအကြောင်း ၇၉

၂၇။ ရှောင်၍မရသောဘေး ၈၁

၂၈။ ပြင်ရမည့်စကားပုံနှစ်ခု ၈၂

၂၉။ သီလကိုအလေးထားသူဆယ့်တစ်ဦး ၈၅

၃၀။ ငါးပါးသီလကုသိုလ်ကြောင့် ရဟန္တာဖြစ်သူ ၉၃

၃၁။ သီလတန်ခိုးကြောင့် မင်းဖြစ်ရသူ ၉၇

၃၂။ ဓမ္မနှင့် အဓမ္မတို့စစ်ပွဲ ၁၀၁

၃၃။ ပဉ္စာနန္တရိယကံထိုက်သောအမှား ၁၀၃

၃၄။ မီးပူသံပြားပေါ်က ဘဲကလေး ၁၀၆

၃၅။ မြက်ကလုံဖြစ်ရသောထိုအမျိုး ၁၀၈

၃၆။ ထူးထူးခြားခြား သေရသူငါးဦး ၁၁၁

၃၇။ လေဟုန်စီး၍ သေရခြင်းအကြောင်း ၁၁၆

www.mettashin.com


၃၈။ အရေးမယူနိုင်သောလူသတ်မှုများ ၁၁၈

၃၉။ အတ္တဆန်သော ဤလောက ၁၂၅

၄၀။ ကိုယ်ဝန်ဖျက်ပြိတ္တာမ ၁၂၆

၄၁။ လောကကိုငြိမ်းချမ်းစေချင်ရင် ၁၂၈


အခန်း (၃)


၄၂။ နိုးခြင်းမျိုးစုံအပုံပုံ ၁၂၉

၄၃။ နိုးမှုမြောက်မည့်အင်္ဂါ ၁၂၇

၄၄။ အမရပူရက တော်ဝင်မိန်းမမြတ် ၁၃၀

၄၅။ ဈေးသည်ပြိတ္တာမလေးယောက် ၁၃၂

၄၆။ ဗုဒ္ဓတွေးခေါ်ပြနောက်ဘဝအယူအဆ ၁၃၄

၄၇။ ကောင်းကင်မှလာသောတရားခံသက်သေ ၁၃၈

၄၈။ စလင်းမြို့ကတာခံ ၁၄၂

၄၉။ ကျောက်ခဲနှင့်တူသောအကုသိုလ် ၁၄၇

၅၀။ တကယ်ရိုးသားသူဆိုတာ


အခန်း (၄)


၅၁။ သမီးပျိုတို့အတွက်တစ်သက်တာနီတိ ၁၅၀

၅၂။ ကာမေသုမှရှောင်ကြဉ်လျှင် ၁၅၄

၅၃။ ငါးခုံးမတစ်ကောင်ကြောင့်တစ်လှေလုံးပုပ်

၅၄။ တောထဲကရွှေနန်းတော် ၁၅၇

၅၅။ လေးနှင့်ခွင်းရသောအကုသိုလ် ၁၅၉

၅၆။ မိန်းမဖြစ်ရခြင်းအကြောင်းနှစ်ခု ၁၆၃

၅၇။ အနှစ်သာရအရောက်ဆောင့်ရှောက်ပါ ၁၆၇

www.mettashin.com

## အခန်း (၅)


၅၈။ မုသာဝါဒသိက္ခာပုဒ် ၁၆၆

၅၉။ ဘုရင်သားနှင့်နှမ်းတစ်ဆုပ် ၁၇၀

၆၀။ ဘာသာခြားကြားက သစ္စာစကား ၁၇၃

၆၁။ ငမောက်ဈေးထဲကသစ္စာစကား ၁၇၆

၆၂။ အလှူခံမဝင်ရ ၁၇၉

၆၃။ သစ္စာဆီမီးခွက် ၁၈၄


## အခန်း (၆)


၆၄။ အရှုံးပြစ်ခြင်းအကြောင်းရင်း ၁၈၆

၆၅။ ဦးနှောက်ပျက်စီးသည့်လက္ခဏာများ ၁၈၇

၆၆။ ပဟေဠိဆန်သောတံခါးလေးပေါက် ၁၈၉

၆၇။ ကျိုက်ပိရွာမြေမျိုမှု ၁၉၀

၆၈။ အမေကိုသတ်ချင်စိတ်ပေါက်ခြင်းအကြောင်းရင်း ၁၉၂

၆၉။ မတင်းတိမ်နိုင်သောအရာသုံးခု ၁၉၅

၇၀။ ရာထူးကျသောနတ်များ ၁၉၆

## လောကငြိမ်းချမ်းရေးကျင့်စဉ်

- လောကပါလအရ ကျင့်စဉ်ဟူသည်မှာ အခြေခံအကျဆုံးအားဖြင့် ငါးပါးသီလပင်ဖြစ်၏။ လူတို့သည် ငါးပါးသီလကိုသာ တကယ်တမ်း လိုက်နာကျင့်သုံးမည်ဆိုပါလျှင် ဤလောကသည် မငြိမ်းချမ်းစရာ အကြောင်းဘာမျှမရှိ။
- တကယ်ပင်ငြိမ်းချမ်းမည်ဖြစ်၏။ အမှန်အားဖြင့်လည်း ငါးပါးသီလသည် လောကကို ငြိမ်းချမ်းစေနိုင်သော အခြေခံအကျဆုံးသော လူသားအားလုံး၏ ကျင့်စဉ်ဖြစ်ပါ၏။ လူသားအားလုံး၏ကျင့်စဉ်ဟူသည်မှာ လူမျိုးမရွေး၊ ဘာသာမရွေး၊ လူသားတိုင်း လောကငြိမ်းချမ်းရေးအတွက် လိုက်နာကျင့်ကြံရမည့် လောကပါလကျင့်စဉ်ဖြစ်၏။
- ထို့ကြောင့်လည်း ငါးပါးသီလကို နိစ္စသီလဟူ၍ ဆိုခြင်းဖြစ်၏။ နိစ္စဟူသည်မှာ ကာလ၊ ဒေသ၊ ပုဂ္ဂလအရ နိစ္စ၊ အနာဂါတ်ကမ္ဘာ၌လည်း နိစ္စ၊ အကျဉ်းအားဖြင့် လောကသံသရာရှိနေသေးသရွေ့ကာလပတ်လုံး အမြဲတမ်းလိုက်နာကျင့်သုံးရမည့် ကိုယ်ကျင့်သိက္ခာဆိုင်ရာ ကျင့်ဝတ်ဖြစ်၏။
- ဒေသအရလည်း နိစ္စပင်ဖြစ်၏။ မည်သည့်ဒေသ၌မဆို အမြဲတမ်းလိုက်နာကျင့်သုံးရမည်ဖြစ်၏။
- ပုဂ္ဂလအရလည်း မည်သူမဆို အမြဲတမ်းလိုက်နာကျင့်သုံးရမည်ဖြစ်၏။
- မည်သည့်ဘာသာဝင်ဖြစ်ဖြစ် လူမှန်သမျှအတွက် နိစ္စသီလဖြစ်၏။ ထို့ကြောင့် ပဉ္စသီလသည် သဘာဝအားဖြင့် ဓမ္မတာသီလဖြစ်၏။

(ဘဝအမြင်သစ် - စာ ၆၇)

- အိုသည့်တိုင်အောင် ကောင်းသောတရားသည် သီလ
- မြဲမြဲခိုင်ခန့်စွာတည်လျှင် ကောင်းသောတရားသည် သဒ္ဓါ
- တန်ဖိုးအကြီးမားဆုံးရတနာသည် ဝိပဿနာ ပညာ
- ရန်သူမျိုးငါးပါး မဖျက်ဆီးနိုင်သောအရာသည် ဒါန

(သဂါထာဝဂ္ဂ သံယုတ်-ဇရာသုတ်)

- ပစ္စည်းအင်္ဂါခြေလက်တစ်ခုခု

  အန္တရာယ်နှင့် တွေ့လျှင်

  အင်္ဂါခြေလက်ကို အထိမခံနှင့် ပစ္စည်းအပျက်ခံ
- အင်္ဂါခြေလက်နှင့် အသက်တစ်ခုခု

  အန္တရာယ်နှင့်တွေ့လျှင်

  အသက်အထိမခံနှင့် အင်္ဂါခြေလက် အပျက်ခံ
- အသက်နှင့်သီလ တစ်ခုခု

  အန္တရာယ်နှင့်တွေ့လျှင်

  သီလအထိမခံနှင့် အသက်အပျက်ခံပါ။

(ဘုန်းတော်ကြီးဦးသီလ)

## နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# သင်လူတစ်ယောက်ဖြစ်ပြီလား

သာသနာတော်သက္ကရာဇ် ၃၈၁ ခုနှစ်ခန့်က ဒုဋ္ဌဂါမဏိမင်းကြီးသည် ဗုဒ္ဓသာသနာတော်ကို ဖျက်ဆီးနေကြသော ကြေးကုလားမင်း ပေါင်း (၃၂)ဦး၊ နောက်လိုက်စစ်သည်ပေါင်း (၂၁၈၇၀၀)ကျော်တို့ကို တိုက်ပွဲကြီး (၂၉)ကြိမ် ဆင်နွှဲပြီး နှစ်နှစ်ကျော်ကြာအောင် ရှင်းလင်းခဲ့ရသည်။ သာသနာ့ရန်သူများ ရှင်းလင်းပြီးဖြစ်သော်လည်း ဒုဋ္ဌဂါမဏိမင်းကြီးသည် မင်းစည်းစိမ်ကို ချမ်းသာစွာ မခံစားနိုင်ဘဲ မအိပ်နိုင်မစားနိုင်ဖြစ်ကာ စိတ်အဆင်းရဲကြီး ဆင်းရဲနေရရှာသည်။

အကြောင်းကား ကြေးကုလားများကို သိန်းနှင့်ချီပြီးသတ်ခဲ့ရသော အကုသိုလ်များကို တွေးမိနေသောကြောင့်ပါတည်း။ ထိုအခါ ပိယင်္ဂုကျွန်းတွင် သီတင်းသုံးနေထိုင်သော ရဟန္တာရှစ်ပါး ကြွလာပြီးလျှင် -

**သဂ္ဂမဂ္ဂန္တရာယောစ၊**
**နတ္ထိတေ တေန ကမ္မုနာ။**
**ဒိယဍ္ဎ မနုဇာ စေတ္ထ၊**
**ဃာတိတာ မနုဇာဓိပ။**

ဒကာတော်မင်းကြီး ကြေးကုလားတို့ကို သတ်ခဲ့သော အကုသိုလ်သည် သင်မင်းကြီးအား နတ်ပြည်မရောက်အောင် မဂ်ဖိုလ်မရအောင် မတားနိုင်ပါ။ သေသူ လူနှစ်သိန်းကျော်တို့တွင် လူတစ်ယောက်နှင့် တစ်ခြမ်းကိုသာ သတ်ဖြတ်မိရာ ရောက်ပေသည်။

**သရဏာဂေသုဋ္ဌိတော ဂေဟာ၊**
**ပဉ္စသီလေပိ တပရော၊**
**မိစ္ဆာဒိဋ္ဌိစ ဒုဿီလာ၊**
**သေသာ ပသုသမာ မတာ။**

အဘယ်ကြောင့်ဆိုသော် သရဏဂုံသုံးပါးတည်သူတစ်ယောက် ပါသွားသောကြောင့် လူတစ်ခြမ်းကိုသာ သတ်ရာရောက်သည်။ သရဏဂုံသုံးပါးနှင့် ငါးပါးသီလ နှစ်မျိုးလုံးပြည့်စုံသူတစ်ယောက် ပါသွားသောကြောင့် လူတစ်ယောက်ကို သတ်ရာရောက်သည်။

ထိုနှစ်ဦးမှတစ်ပါး ကြွင်းသောလူတို့သည်ကား အယူမှားသည့် မိစ္ဆာဒိဋ္ဌိများ၊ သီလမရှိသော ဒုဿီလများဖြစ်ကြသောကြောင့် နွားကျွဲ ဆိတ် သိုးစသော တိရစ္ဆာန်အဆင့်သာရှိသောသူများဖြစ်ကြသည်။ ထိုသို့ ဖြေရှင်းပေးလိုက်သောကြောင့် ယုံမှားသံသယနှင့် ကုက္ကုစ္စများ ကင်းသွားကာ ကျန်းမာချမ်းသာစွာနှင့် သာသနာပြုသွားခဲ့ပါသည်။ သက်တန်းစေ့၍ နတ်ရွာစံသော် အရိမေတ္တေယျဘုရားအလောင်းနတ်သားရှိသည့် တုသိတာနတ်ဘုံသို့ ရောက်ခဲ့ရသည်။ ထိုနတ်ဘုံသည် လူ့သက်နှင့်တွက်လျှင် ငါးဆယ့်ခုနစ်ကုဋေနှင့် အနှစ်ခြောက်သန်း အသက်ရှည်ပေသည်။ **(မဟာဝင်ကျမ်း)**

## အနှစ်ချုပ်သင်ခန်းစာ

ဤသာဓကကို ထောက်ဆသောအားဖြင့် သရဏဂုံတည်ရုံ၊ ဗုဒ္ဓသာသာဖြစ်ရုံနှင့် လူတစ်ယောက်ဟု မခေါ်နိုင်သေး၊ သရဏဂုံနှင့် ငါးပါးသီလ နှစ်မျိုးလုံးပြည့်စုံမှ လူတစ်ယောက်ဖြစ်ကြောင်း သိရပေ သည်။ ထို့ကြောင့် သရဏဂုံ တည်ရုံ နှင့် အားရတင်းတိမ်မနေဘဲ ငါးပါးသီလကိုပါ စောင့်ထိန်းသင့်ကြောင်း ပထမအချက်အနေနှင့် တိုက် တွန်းချင်ပေသည်။

# သူခိုးမရှိသောနိုင်ငံ

ကမ္ဘာပေါ်တွင် သူခိုးမရှိသောနိုင်ငံတစ်နိုင်ငံ ရှိခဲ့ဖူးသည်။ ထိုနိုင်ငံသည် မြန်မာနိုင်ငံဖြစ်သည်ဟုဆိုလျှင် ယခုခေတ် လူအတော်များများက စာရေးသူကို ကိုယ့်ငါးချဉ်ကိုယ်ချဉ်သူ၊ ကိုယ့်ဘက်သို့ယက်သော လိပ်လိုလူဟုဆိုပေလိမ့်မည်။ သို့သော် ထိုစကားကိုပြောသူမှာ နိုင်ငံခြားသားတစ်ယောက်ဟုဆိုလျှင် ကား များစွာအံ့သြကြပေလိမ့်မည်။

ကမ္ဘာပေါ်တွင် သူခိုးမရှိသည့် တစ်ခုတည်းသောနိုင်ငံကား မြန်မာနိုင်ငံသာ ဖြစ်သည်ဟူ၍ ရဲရဲဝံ့ဝံ့ပြောခဲ့သူကား အိန္ဒိယနိုင်ငံသား ဟိန္ဒူဘာသာဝင် ဘဆေဆ်လာလ်ဂျီပင်ဖြစ်သည်။ သူသည် ၁၈၅၉ ခုနှစ်တွင်မွေးဖွား၍ ၁၉၃၂ ခုနှစ်တွင်မှ ကွယ်လွန်ခဲ့သည်။ အိန္ဒိယနိုင်ငံ၊ အိဂတ်ပူရီပြည်နယ်၌ ဗုဒ္ဓ၏ ဝိပဿနာတရားတော်များကို ကမ္ဘာသို့ဖြန့်ဝေလျက်ရှိသော ဂုရုကြီးဦးဂိုအင်ကာ ၏ အဘိုးတော်သူပင် ဖြစ်သည်။

အရောင်းအဝယ်ကုန်သည်အလုပ်ဖြင့် ကမ္ဘာအနှံ့ ခြေဆန့်ခဲ့ဖူးသော ဘဆေဆ်လာလ်ဂျီသည် သူအမြတ်နိုးဆုံးဖြစ်သော မန္တလေးရတနာပုံ နေပြည်တော်တွင် အခြေချနေထိုင်ခဲ့သည်။ ထိုအချိန်က အထက်မြန်မာပြည်သည် မြန်မာဘုရင်၏ လက်ထဲမှာသာရှိသေးသောကြောင့် သူခိုး လူလိမ်ဆိုသည်မှာ ချိုနှင့်လားဟု မေးရလောက်အောင် မြန်မာတိုင်း စာရိတ္တသတ္တိ အပြည့်ရှိနေ ချိန်ပင်ဖြစ်ပါ၏။

ဘဆေဆ်လာလ်ဂျီသည် ကုန်သည်ကြီးတစ်ဦးဖြစ်ရာ အထက် မြန်မာပြည်ရှိ မြို့ကြီးအသီးသီးသို့ သွားရောက်ရောင်းဝယ်ရသည်။ အရောင်း အဝယ်လုပ်သော ပစ္စည်းပစ္စယများသယ်ရန်အတွက် မြင်းငါးကောင်နှင့်အတူ မြန်မာမြင်းစီးသမားငါးယောက်ကိုလည်း တစ်ခါတည်း အသွားအပြန် ငှား လာခဲ့ရသည်။

အရောင်းအဝယ်ပစ္စည်းများသောကြောင့် ရက်ကြာလာသည်နှင့်အမျှ ဘဆေဆ်လာလ်ဂျီ၏ ပိုက်ဆံထည့်သည့်အိတ်ကြီးမှာလည်း ငွေဒင်္ဂါးများနှင့် ပြည့်ပြည့်လာခဲ့သည်။ နောက်ထပ် မြို့သုံးမြို့၊ ငါးရက် ခရီးနှင်ပြီးလျှင် သည်တစ်ခေါက် အရောင်းအဝယ်ကိစ္စပြီးဆုံးပြီဖြစ်၍ ဘဆေဆ်လာဂျီ တစ်ယောက် အိမ်ပြန်ရတော့မည်ကိုတွေးပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်နေလေသည်။

နေဝင်စပြုနေပြီဖြစ်သည့်အတွက် လှမ်းမြင်နေရသော ဇရပ်တစ်ခုပေါ်တွင် တစ်ညအိပ်ရန် မြင်းသမားများကို အချက်ပြလိုက်သည်။ ရှေးခေတ်က ဇရပ်ဆိုသည်ကို ယခုခေတ်လူငယ်များ နားလည်ရန်မလွယ်သောကြောင့် အနည်းငယ်ရေးပါမည်။ ယခုခေတ်လူငယ်များ သိကြသည်ကား ဘုရားဝိုင်း၊ ကျောင်းဝိုင်းအတွင်း ဥပုသ်သည်များနားနေရန် ဆောက်ထားသည့် ဇရပ်များသာဖြစ်ပေသည်။

ဘဆေဆ်လာလ်ဂျီတို့ တည်းခိုကြမည့် ဇရပ်ကား ထိုကဲ့သို့မဟုတ်ပေ။ ညအိပ်ညနေ ခရီးသည်များအတွက် လမ်းဆုံလမ်းခွတွင် ဆောက်ထားသော ဇရပ်မျိုးသာဖြစ်ပေသည်။ အမိုးနှင့်အခင်းကို အကောင်းဆုံးလုပ်ထားသော်လည်း အကာကား မရှိပေ။ အကာမထားခြင်းသည် အရပ်လေးမျက်နှာမှ ခရီးသွားများ တံခါးမရှိ၊ ဓားမရှိ လွတ်လပ်ချမ်းသာစွာ တည်းခိုနိုင်သည်ဟူသော အဓိပ္ပါယ်ကိုဆောင်သည်ဟု ယူဆရသည်။

တတ်နိုင်သော ဇရပ်အလှူရှင်အချို့သည် ခရီးသွားများအတွက် ဆန်ဆီစသော စားသောက်ဖွယ်ရာများကိုပင် ထားပေးကြောင်းသိရသည်။ ကား၊ မီးရထားစသော ယာဉ်များမပေါ်သေးသောခေတ်တွင် ခရီးသွားများ အနေဖြင့် ခြေလျှင်နှင့် နွားလှည်းလောက်ကိုသာ အားကိုးပြီး သွားကြရာ

လမ်းခုလတ်တွင် တည်းခိုရန် ဇရပ်၊ တန်ဆောင်းများကို အမှန်ပင် လိုအပ်ပါသည်။

ချက်ပြုတ်စားသောက်ပြီး နေလည်းမရှိတော့ပြီဖြစ်၍ ဘဆေဆ်လာလ်ဂျီတို့ ထိုဇရပ်မှာပင် ညအိပ်လိုက်ကြသည်။ နောက်တစ်နေ့ မိုးမလင်းမီ မနက်စောစောခရီးဆက်ကြရန် မြင်းသမားတို့ကို ညကတည်းက ဆော်ဩထားလိုက်သည်။

အရေးအကြီးဆုံးဖြစ်သည့် ငွေဒင်္ဂါးအိတ်ကြီးကို ခေါင်းအုံးအိပ်လိုက်သည်။ မနက်စောစော ခရီးဆက်သောအခါ မေ့ကျန်နေခဲ့မှာစိုးသောကြောင့်ဖြစ်သည်။ မနက်လေးနာရီလောက်ထပြီး မြန်မြန်ထက်ထက် ပြင်ဆင်ကာ ရှေ့ခရီးကို ဆက်လာခဲ့ကြသည်။ ခြောက်နာရီခန့် ခရီးပေါက်ပြီးသောအခါမှ ပင် ခေါင်းအုံးအိပ်ခဲ့သည့် ငွေအိတ်ကြီး ပါမလာမှန်း ဘဆေဆ်လာဂျီ သိသွားသည်။

ပြင်းထန်သော စိုးရိမ်သောကစိတ်ကြောင့် နှလုံးသားမှာ တဒိန်းဒိန်းခုန်လာပြီး အမောဆို့သလိုပင်ဖြစ်လာသည်။ ထို့ကြောင့် -

"ဟေ့ ... အားလုံးရပ်လိုက်ကြဦး"

သူ၏စကားကြောင့် မြင်းသမားအားလုံးရပ်လိုက်ကြသည်။ ဘာများဖြစ်ပါလိမ့်ဟူသောအတွေးဖြင့် မြင်းသမားများက သူ့ကို လှမ်းကြည့်လိုက်ကြသည်။ သူက -

"ကျွန်တော့်ငွေဒင်္ဂါးအိတ်ကြီး ညအိပ်ခဲ့ကြတဲ့ဇရပ်ပေါ်မှာ ကျန်နေခဲ့တယ်။ ဒါ့ကြောင့် နောက်လှည့်ပြန်ကြရမယ်" ဟုပြောလိုက်သော်လည်း မြန်မာလူမျိုး မြင်းသမားငါးယောက်လုံး တစ်ယောက်မှ တအံ့တဩ တထိတ်တလန့် ဖြစ်မသွားကြ။ သွားယူပေးမည့်အမူအရာလည်း မပြကြ ။၊ဖြင့် ဘဆေဆ်လာလ်ဂျီမနေနိုင်တော့ -

"ကဲ … မြန်မြန်သွားယူဘို့ပြင်ကြလေ။ ဘာလို့ အေးတိအေးစက်ဖြစ်နေကြတာတုန်း" ဟုပြောလိုက်သောအခါတွင်မှ အသက်ခပ်ကြီးကြီးမြင်းသမားတစ်ဦးက -

"မိတ်ဆွေကြီး ဘာမှစိတ်မပူပါနဲ့၊ ကိုယ့်ခရီးကိုသာ ပြီးဆုံးအောင်ဆက်သွားပါ။ အပြန်ကျမှ ငွေအိတ်ကိုဝင်ယူပါ။ မိတ်ဆွေကြီး ငွေအိတ်ဘယ်မှထွက်မပြေးပါဘူး။ ဘယ်သူမှလည်း မယူပါဘူး"

ဟု ပြောလိုက်သဖြင့် ဘဆေဆ်လာလ်ဂျီတစ်ယောက် ဒေါသထွက်သွားသည်။ လွယ်ရင်သူကြွယ်တောင်မနေဘူးဟူသော စကားရှိနေရာအဆင်သင့်တွေ့ရသော ငွေဒင်္ဂါးအိတ်ကြီးကို ဘယ်လိုလူသည် မယူဘဲနေနိုင်ပါအံ့နည်း။ ဘယ်သူမှ မယူဘူးဟု တာဝန်ခံနိုင်လောက်အောင် သူတို့မြန်မာလူမျိုးတွေက ဘယ်လောက်များ စာရိတ္တကောင်းနေကြလို့နည်းဟုတွေးနေမိသည်။

ထိုအတွေးနှင့်အတူ -

"အေးလေ .. အခု ငါတို့ထွက်လာကြတာလဲ ခြောက်နာရီကျော်သွားပြီဆိုတော့ ဒီငွေအိတ်ကြီးကို ခရီးသွားတစ်ယောက်ယောက်က ရပြီးယူသွားရောပေါ့။ ငါသွားနေလည်း ပင်ပန်းတာအဖတ်တင်မှာပဲ ဟုစိတ်ပျက်စွာနှင့် ဆက်ကာတွေးပြီး ရှေ့မှာရှိသည့် မြို့ရွာများသို့သာ ဆက်သွားလိုက်ကြလေသည်။

ငါးရက်ခန့်ရှိမှ ပြန်လာကြသောအခါ ဘဆေဆ်လာလ်ဂျီထားခဲ့သောငွေဒင်္ဂါးအိတ်ကြီးကို သူခေါင်းအုံးပြီးအိပ်ခဲ့စဉ်ကအတိုင်းပင် လက်ရာမပျက်ပြန်တွေ့ရသည်။ ရေတွက်ကြည့်သောအခါတွင်လည်း တစ်ပြားတစ်ချပ်မျှမလျော့။ ထို့ကြောင့်လည်း ဘဆေဆ်လာဂျီက ကမ္ဘာ့ ဝိပဿနာတရားပြဆရာကြီးဖြစ်လာမည့် ဦးဂိုအင်ကာအလောင်းအလျာ သူ့မြေးလေးကို -

# လမ်းမပေါ်ကစိန်နားကပ်ကြီး

``ငါ့မြေးရေ၊ အဘိုးတို့ဒီမြန်မာပြည်မှာ နေခွင့်ရတာ သိပ်ကံကောင်းတယ်။ ဘာဖြစ်လို့လည်းဆိုတော့ တစ်ကမ္ဘာလုံးမှာ သူခိုးမရှိတဲ့ နိုင်ငံဆိုလို့ မြန်မာနိုင်ငံတစ်ခုပဲရှိတယ်။ အဘိုးကိုယ်တွေ့ပါ။ နောက်တစ်ခု ဆက်ပြောပြဦးမယ်။ တစ်ခါတော့ မန္တလေးရတနာပုံ ဈေးချိုတော်ကြီးလမ်းအလယ်မှာ အမျိုးသမီးတစ်ယောက် အဖိုးတန်စိန်နားကပ်တစ်ဖက် ပြုတ်ကျကျန်ခဲ့တယ်။

ဈေးတန်းကြီးအလယ်မှာ ပြုတ်ကျတာဆိုတော့ ဥဒဟိုသွားလာနေကြတဲ့ ဈေးဝယ်တွေအနက်က တစ်ယောက်မတွေ့၊ တစ်ယောက်တော့ တွေ့မှာပဲ။ ဟိုဘက်ဒီဘက်ဈေးသည်တွေကလည်း တစ်ချိန်မဟုတ် တစ်ချိန်တော့ မြင်ကြမှာပဲ။ ဒါပေမယ့် တစ်ယောက်မှ ကောက်မယူကြဘူး။ ဘယ်လောက်အံ့သြဖို့ကောင်းလိုက်သလဲ။

အလွယ်တကူတွေ့ရတဲ့ အဖိုးတန်ပစ္စည်းကိုတောင် ကောက်မယူဝံ့တဲ့ မြန်မာလူမျိုးတွေဟာ သူတစ်ပါးအိမ်က ပစ္စည်းမသိအောင်ယူဖို့ ဆိုတာကတော့ ဝိုပြီးဝေးသေးတာပေါ့။ မိုးချုပ်လို့ ဈေးချိုတော်ကြီးသာ ပိတ်သွားတယ်။ စိန်နားကပ်ကြီးကတော့ လမ်းမပေါ်မှာ ဒီအတိုင်းပဲ။

နောက်တစ်နေ့မနက် ဈေးချိုတော်ကြီးဖွင့်ခါနီးအချိန်မှာ သန့်ရှင်းရေးအလုပ်သမားတွေဟာ တံမြက်စည်းကိုယ်စီကိုင်ပြီး လှည်းကြ၊ ကျင်းကြတယ်။ ဒီအချိန်မှာ အလုပ်သမလေးတစ်ယောက်က စိန်နားကပ်ကြီးကို တွေ့သွားတယ်။ ဥစ္စာခနဆင်းရဲသော်လည်း စာရိတ္တမဆင်းရဲဝံ့သူတွေကို မြင်ဖူးချင်ရင် မြန်မာပြည်ကိုလာခဲ့ပါလို့ ပြောရတာမှာပဲ မြေးလေးရေ။

ဘာဖြစ်လို့လဲဆိုတော့ ဆင်းရဲရှာတဲ့ သန့်ရှင်းရေးအလုပ်သမလေးဟာ စိန်နားကပ်ကြီးကိုတွေ့တဲ့အခါ ကောက်တော့ ကိုင်ကြည့်လိုက်သေးတယ်။ ယူဖို့မဟုတ်ဘူး။ စိန်နားကပ်အောက်က ဖုန်တွေ၊ အမှိုက်သရိုက်တွေ လှဲပစ်

ဖို့အတွက်ပါ။ လုံကျင်းပြီးတဲ့အခါ တွေ့တဲ့နေရာမှာပဲ အတိအကျ ပြန်ထားလိုက်တယ်။

ပိုင်ရှင်က သူကျပျောက်တဲ့နေရာ ပြန်လာရှာရင် မြန်မြန်တွေ့ပါစေဆိုတဲ့ စေတနာပေါ့။ နောက်ဆုံး ဈေးရုံတာဝန်ခံကိုယ်တိုင်မြို့ထဲ မောင်းထုပ်ပိုင်ရှင်ရှာပြီးပေးလိုက်ရတယ်" ဟုပြောခဲ့ဖူးသည်။

၁၈၈၅ ခုနှစ် မြန်မာဘုရင်စနစ် နိဂုံးချုပ်သည့်အချိန်ထိ အထက်မြန်မာပြည်တွင် အိမ်မှန်သမျှ သော့ခတ်ထားသော အလေ့အထ မရှိကြပေ။ ခွေး၊ နွား စသော တိရစ္ဆာန်များမဝင်နိုင်ရုံ၊ ဂလန့်ထိုးထားရုံသာ ထိုးထားကြသည်။ မြန်မာပြည် အင်္ဂလိပ်လက်အောက်ရောက်ပြီး နိုင်ငံခြားသားမျိုးစုံဝင်လာကြသည့်အခါတွင်ကား အောက်တန်းစားများက အိမ်နောက်ဖေးကထဘီကို ဝင်ခိုးတတ်သလို အထက်တန်းစားများကလည်း ပန်ကာအောက်တွင်ထိုင်ပြီး စာရင်းလိမ်ကာ အချိုကြီး ခိုးတတ်လာကြသည်။

**စင်စစ် ခိုးတတ်ဖွက်တတ်၊ လိမ်တတ်သောအကျင့်သည် မြန်မာတို့၏အကျင့်မဟုတ်ဟုဆိုနိုင်သည်။ မြန်မာပြည်ကို နိုင်ထက်စီးနင်း ဝင်ရောက်သိမ်းပိုက်ကြသည့် နယ်ချဲ့အင်္ဂလိပ်နှင့် ထိုစဉ်အချိန်က မြန်မာပြည်တွင်းသို့တံခါးမရှိ ဓားမရှိ ဝင်ရောက်လာကြသော နိုင်ငံခြားသားတို့၏ အကျင့်သာဖြစ်ပေသည်။ နယ်ချဲ့တို့ ဝင်ရောက်အုပ်ချုပ်လိုက်သည့်အတွက် မြန်မာပြည်သည်အိုးအိမ်တိုက်တာ အဆောက်အဦများနှင့်အတူ အကျင့်စာရိတ္တတွေပါ ပျက်စီးခဲ့ရသည်။**

**ပျက်စီးသွားသော အိုးအိမ်တိုက်တာအဆောက်အဦများကို ပြန်လည်ပြုပြင်နိုင်ခဲ့ပြီဖြစ်သော်လည်း ချွတ်ယွင်းသွားသော စာရိတ္တကိုကား လွယ်လွယ်နှင့်ပြန်၍ပြုပြင်ဖို့ မလွယ်ကူတော့ပေ။ သို့သော် မပြင်နိုင်သောအရာကား မဟုတ်။ ပျက်အစဉ်ပြင်ခဏဟူသော စကားအတိုင်း ဇွဲသန်သန်နှင့်ပြုပြင်လိုက်လျှင် ရနိုင်သည်သာ။**

# နိုင်ငံတစ်ခုရဲ့ဖောင်ဒေးရှင်း

**အောက်ခံဖောင်ဒေးရှင်းမရှိဘဲ တိုက်တည်လျှင် ခဏနှင့်ပြိုကျပျက်စီးရသကဲ့သို့ စာရိတ္တမဏ္ဍိုင်မခိုင်မာဘဲ နိုင်ငံတစ်ခုတိုးတက်အောင်တည်ဆောက်မည်ဆိုလျှင်လည်း ခဏသာရမည်ဖြစ်ပါသည်။** အချို့သောနိုင်ငံကြီးများတွင် အရောင်းဆိုင်ကြီးများ ခင်းကျင်းထားသော်လည်း ရောင်းမည့်သူမရှိ၊ အချိန်မှန်မှန်ပြေးဆွဲနေသော ရထားကြီးများရှိသော်လည်း လက်မှတ်စစ်မည့်သူမရှိ၊ ဝယ်မည့်သူ၊ စီးမည့်သူများသည် တန်ရာတန်ကြေးပေးပြီး ဝယ်သွားကြသည်။ စီးသွားကြသည်။ ခိုးဖို့ အခွင့်အလမ်းကြုံသော်လည်း မခိုးကြ။

ထိုသို့ မခိုးယူခြင်းဖြင့် ဘာအကျိုးရှိသနည်း ဆိုငြားအံ့။ ထိုနိုင်ငံများသည် ကမ္ဘာပေါ်တွင် လက်ချိုးရေတွက်၍ရနိုင်သော ဖွံ့ဖြိုးပြီးနိုင်ငံများဖြစ်နေရခြင်းသည် စာရိတ္တမဏ္ဍိုင် မြဲခိုင်ခြင်း၏ကောင်းကျိုးပင် ဖြစ်ပါတော့၏။ ထိုကဲ့သို့သော စာရိတ္တမျိုးကို ဖွံ့ဖြိုးဆဲနှင့် ဆင်းရဲသောနိုင်ငံများတွင်မတွေ့ရခြင်းကို ထောက်သောအားဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံကြီးတစ်ခုဖြစ်ရန် စာရိတ္တသည် အရေးအကြီးဆုံးဖြစ်ကြောင်း ထင်ရှားလှပါသည်။

ထို့ကြောင့် မိမိတို့နိုင်ငံကို တကယ်တမ်းတိုးတက်စေချင်လျှင် မိမိကိုယ်ကစ၍ ပြုပြင်ရပါမည်။ ငါတစ်ယောက်တည်း မပြုပြင်ရုံနှင့် ဘာမှမဖြစ်လောက်ပါဘူး၊ ပြုပြင်မည့်သူတွေ အများကြီးရှိကြပါတယ် ဆိုပြီးပေါ့ပေါ့တန်တန်နေလိုက်မည်ဆိုလျှင် ကချင်ကျေးရွာတစ်ရွာမှ ခေါင်ရည်သောက်ပွဲတစ်ခုကဲ့သို့ ဖြစ်သွားပါလိမ့်မည်။

ထိုရွာသူကြီးက စုပေါင်းခေါင်ရည်သောက်ပွဲ ကျင်းပမည်ဖြစ်သဖြင့် လူတစ်ယောက်လျှင် ခေါင်ရည်တစ်အိုးယူလာပြီး အခမ်းအနားကျင်းပမည့်တဲကြီးအလယ်မှာ ချထားသည့် ရာဝင်အိုးကြီးထဲသို့ လောင်းထည့်ကြရန်

နိုးဆော်လိုက်သည်။ ထိုအချိန်တွင် လူတစ်ယောက်က တစ်ရွာလုံးရှိသမျှ လူတွေ ခေါင်းရည်တစ်အိုးစီယူလာကြမှာပဲ၊ ငါတစ်ယောက်တည်း ရေထည့် ယူသွားရုံနဲ့ ဘာမှမသိသာလောက်ပါဘူးဟုတွေးပြီး ရေကိုသာယူလာကာ ရာဝင်အိုးထဲသို့ တည့်လိုက်လေသည်။

အခမ်းအနားစသောအခါ ခေါင်းရည်အိုးထည့်သည့် ရာဝင်အိုးကြီးကို ဖွင့်ကြည့်လိုက်သည်နှင့် အားလုံးရေမျှားချည်းဖြစ်နေလေသည်။ ခေါင်းရည် သောက်ပွဲအခမ်းအနားကြီးလည်း ပျက်သွားရလေသည်။ ခေါင်းရည်သောက်ပွဲ အခမ်းအနားကြီး ပျက်သွားရခြင်း၏ အဓိကအကြောင်းမှာ မိမိကိုယ်ကရှေ့ မပြုပြင်ဘဲ သူတစ်ပါးကို လွှဲချနေသောကြောင့်ဖြစ်၏။

ထို့အတူ နိုင်ငံတစ်ခု ဆင်းရဲနေရခြင်း၊ ပျက်စီးဆုံးရှုံးနေရခြင်း၏ အဓိကအကြောင်းသည် ကိုယ်ကျင့်သိလတရားကို မိမိကရှေ့ မပြုပြင်ဘဲ သူတစ်ပါးကို လွှဲချနေသောကြောင့်သာဖြစ်ပါ၏။ လူမှာအမျိုး၊ ကြက်မှာ အကိုးဟူသော စကားပုံအရ ဗုဒ္ဓဘာသာ မြန်မာလူမျိုးမှန်သမျှ သိတတ်သော အရွယ်မှရှေ့ မည်မျှဆင်းရဲသူပင်ဖြစ်စေ၊ ငါးပါးသီလဝတ်နှင့် သရဏဂုံ လည်ခွဲကိုကား မဆင်ယင်သူဟူ၍ တစ်ယောက်မျှ မရှိပေ။

## မြန်မာကိုယ်နှင့်နိုင်ငံခြားသားစိတ်

ထို့ကြောင့် ခိုးတတ်၊ ပျက်တတ်၊ လာဘ်စားတတ်၊ တရင်းလိမ်တတ် သောသူဆိုလျှင် မြန်မာတိုင်းရင်းသား မစစ်သူသော်လည်း ဖြစ်ရမည်။ သို့ မဟုတ် ခန္ဓာက မြန်မာတိုင်းရင်းသားဖြစ်ပြီး စိတ်ဓာတ်က နိုင်ငံခြားသား စိတ်ပေါက်နေသူသော်လည်း ဖြစ်ရမည်ဟူ၍ ငွေချက်တင်ချင်ပေသည်။

၊ သုံးလပိုင်း ၂၀၀၁ ခုနှစ်ခန့်က ဟိုတယ်ပစ္စည်း ထိန်းသိမ်းရေးတာဝန်ယူရသော မိတ်ဆွေတစ်ဦး၏ တကယ့်ဖြစ်ရပ်တစ်ခု

ကလည်း မြန်မာတစ်ပြည်လုံး ငါးပါးသီလ လုံခြုံအောင် ထိန်းသိမ်းသင့်ပြီဟု အရေးတကြီး ဆော်ဩနေသယောင်ရှိသည်။

နိုင်ငံခြားပိုင်မြေငှားဖြင့် ဆောက်လုပ်သော ဤဟိုတယ်ကြီးတစ်ခုလုံးတွင် ဦးထွန်းဝင်းအထက်က မန်နေဂျာတစ်ဦးမှလွဲ၍ ကျန်အလုပ်သမား ဝန်ထမ်းအားလုံးမှာ မြန်မာတိုင်းရင်းသားများဖြစ်ကြသည်။ မန်နေဂျာမှာ အစ္စရေးလူမျိုးဖြစ်သည်။ မန်နေဂျာနှင့် ဧည့်သည်နိုင်ငံခြားသားများ အထင်သေးမခံရအောင် မြန်မာတိုင်းရင်းသားဝန်ထမ်းများကို ဦးထွန်းဝင်းက စာရိတ္တနှင့်ပတ်သက်၍ အစွန်းအထင်းမရှိကြရန် အမြဲတမ်းဩဝါဒပေးပြီး စောင့်ရှောက်သည်။

**တို့တစ်တွေဟာ စာရိတ္တကိုအမှီပြုပြီး တစ်သက်လုံးလုပ်ကိုင် စားသောက်သွားကြရမှာ၊ ဒါ့ကြောင့် စာရိတ္တဟာ ဘယ်၍ဘယ်မျှတန်တယ်လို့ တန်ဘိုးဖြတ်လို့ မရဘူး။ တန်ဖိုးဖြတ်လို့မရတဲ့ စာရိတ္တကို ငွေကြေးပစ္စည်းနဲ့ တန်ဖိုးဖြတ်လိုက်မယ်ဆိုရင် (ငွေကြေးပစ္စည်းတစ်ခုခုကို မရိုးမသားလုပ်လိုက်မယ်ဆိုရင်) အဲဒီလူထက်မိုက်တာ လောကမှာမရှိဘူး။**

**ဒါ့ကြောင့် မင်းတို့တစ်တွေ ဘယ်အလုပ်ပဲဝင်ဝင် ပထမဦးဆုံး အရေးတကြီးလုပ်ရတာဟာ ရဲစခန်းတို့၊ ရပ်ကွက်လူကြီးတို့ရဲ့ စာရိတ္တ ကောင်းမွန်ကြောင်း ထောက်ခံချက်ပဲမဟုတ်လား။ ဒါ့ကြောင့် တန်ဖိုးဖြတ်လို့မရတဲ့ စာရိတ္တကို ဘယ်တော့မှ တန်ဖိုးမဖြတ်မိကြပါစေနဲ့"**

အထက်ပါဦးထွန်းဝင်း၏ ဩဝါဒလေးကြောင့်လည်း ဝန်ထမ်းအားလုံး စာရိတ္တကောင်းမွန်စွာ နေထိုင်လုပ်ကိုင်ကြသည်။ တစ်နေ့တွင် မန်နေဂျာက အရေးတကြီးခေါ်နိုင်းသဖြင့် ဦးထွန်းဝင်းရောက်လာသည်။ မန်နေဂျာ၏ ပတ်ပတ်လည်တွင် မျက်နှာသေလေးများနှင့်ရပ်နေကြသော ဝန်ထမ်းများကို တွေ့လိုက်ရသဖြင့် တစ်ခုခုတော့ဖြစ်နေပြီဆိုသည်ကို ဦးထွန်းဝင်း ရိပ်မိ လိုက်သည်။

အစွရေးမန်နေဂျာသည် နေ့စပ်သေချာ၏။ ဟိုတယ်တစ်ဝင်းလုံး လျှပ်တစ်ပြက် လှမ်းကြည့်တတ်ပြီး ချို့ယွင်းချက်တစ်ခုတွေ့သည်နှင့် ချက်ချင်းခေါ်ပြောတတ်သည်။ နေ့စပ်သေချာခြင်းကား ကောင်းသောအကျင့် ဖြစ်ပါ၏။ လက်အောက်ဝန်ထမ်းများကို အာဏာပြပြီး မာန်မဲကြိမ်းမောင်း ခြင်းကား မကောင်းသောအကျင့်သာဖြစ်ပေသည်။

ယခုလည်း နိုင်ငံခြားမှမှာယူထားသော စက်မျိုးစုံထားရာ အခန်းကြီး ထဲမှ ခေါ်နိုင်းခြင်းဖြစ်ရာ ထိုစက်သစ်ကြီးများနှင့် တစ်နည်းတစ်ဖုံ သက် ဆိုင်နိုင်သည်ကို ဆင်ခြင်မိသဖြင့် အသင့်ပြေရှင်းနိုင်ရန် မန်နေဂျာနားမရောက်မီ တွေ့ရသော ဝန်ထမ်းတစ်ယောက်အား -

"ဟော ... ဘာဖြစ်တာတဲ့လဲကွ"

"စက်သစ်ကြီးသုံးလုံးကို အုပ်ထားတဲ့ အဝတ်စကြီးသုံးစမတွေ့လို့ ဒေါသဖြစ်နေတာတဲ့ဗျ"

"ဟ .. ဒါဆို ဘာမာန်မဲနေစရာလိုလဲကွ။ မနေ့က စက်စမ်းကြည့်လို့ အဝတ်စ ခဏဖယ်ပြီး ငါကိုယ်တိုင်သိမ်းနိုင်းထားတာပဲ။ ပျောက်သွားတာမှ မဟုတ်တာ"

"သွားရှင်းစမ်းပါဦးဗျာ။ သူကလည်း မြန်မာစကားနားမလည်။ ကျွန်တော်တို့ ဝန်ထမ်းတွေကလည်း အင်္ဂလိပ်စာ ကျွမ်းကျွမ်းကျင်ကျင် မတတ်ငေ ့ တော်တော်ဒုက္ခရောက်တယ်။ ပြီးတော့ မန်နေဂျာပုံကြည့်ရတာ ကျွန်တော်တို့ မြန်မာတွေကို အတော်အထင်သေးဟန်တူတယ်"

ထိုအလုပ်သမားစကားက ဦးထွန်းဝင်း၏ရင်ကို နာကျင်သွားစေသည်။ အမျိုးကိုထိသဖြင့် မချိအောင်လည်းနာမိသည်။ သည်ဟိုတယ်မှာ သူအကြီးဆုံး။ သူမကြိုက်သောသူကို ချက်ချင်းဖြုတ်ချလို့ရသည်ဆိုသည်ကိုလည်း ဦးထွန်းဝင်း နားလည်ထားသည်။

အလုပ်ပြုတ်ခါမှ ပြုတ်ရော့။ အမျိုးကိုတော့ အထိမခံ ဟူသောမာန်နှင့်အတူ ဦးထွန်းဝင်းတစ်ယောက် မန်နေဂျာရှေ့ ရောက်သွားသည်။ မန်နေဂျာက သူ့ကိုမြင်လိုက်သည်နှင့် -

''ဦးထွန်းဝင်း ခင်ဗျားတို့မြန်မာတွေ သူနိုးတွေချည်းပဲ။ လူသာလစ်မယ်ဆိုရင် ဒီဟိုတယ်ကို ကာရံထားတဲ့ အုတ်တံတိုင်းကြီးတောင် ဖြိုချပြီး နိုးကြလိမ့်မယ်''

ဟု အထင်သေးသော မျက်လုံးအစုံနှင့်ကြည့်ပြီး ပြောချလိုက်သောကြောင့် မျိုးချစ်စိတ်ဓာတ်ဖြင့် ဦးထွန်းဝင်း၏ တန်ပြန်မေးခွန်းတို့ကလည်း ချက်ချင်းပြန်ထွက်လာသည်။

## အစ္စရေးလူမျိုးသူခိုးရှိသည်

''လူကြီးမင်းတို့ အစ္စရေးနိုင်ငံမှာရော သူခိုးမရှိဘူးလား''

''မရှိဘူးကွ''

''ဒါဆိုရင် ဆက်မေးမယ်။ လူကြီးမင်းတို့ အစ္စရေးဘာသာစကားမှာ သူခိုးဆိုတဲ့ ဝေါဟာရစကား ရှိပါသလား''

''ဒါတော့ရှိတာပေါ့''

''ဒါဆိုရင် အဲဒီသူခိုးဆိုတဲ့ ဝေါဟာရစကားဟာ ဘယ်သူ့ကို အကြောင်းပြုပြီး လူကြီးမင်းတို့ဘာသာစကားမှာ ထင်ရှားရှိနေရတာလဲ၊ သူခိုး မရှိရင် သူခိုးဆိုတဲ့ဝေါဟာရစကားလုံး ရှိကိုမရှိရဘူး။ အဲဒါကို လူကြီးမင်း ပြေလည်အောင်ဖြေပါ''

မန်နေဂျာ၏ မျက်နှာကြီးနီရဲလာကာ ဒေါသထွက်သွားပြီး -

''မင်းဘာကောင်လဲ၊ မဆိုင်တဲ့အကြောင်းအရာတွေကို ဘာလို့မေးနေရတာလဲ''

သူက စရိုင်းတော့ ဦးထွန်းဝင်း မယဉ်ကျေးနိုင်တော့ပေ။

"ငါ .. မြန်မာ၊ မင်းပြောတဲ့စကား အောက်တန်းစားဆန်လွန်းလို့ ငါပြန်မေးတာ။ အဝတ်စသုံးခုပျောက်ရင် ဘယ်ရောက်နေသလဲလို့ ပထမမေးပါလား။ မေးမရမှ သူခိုးလို့ရိုးစွပ်ရင်စွပ်၊ အခုတော့ မင်းကိုယ်တိုင်က မသေချာဘဲ မြန်မာတွေအားလုံးကို သူခိုးလို့ သိမ်းကျုံးစွပ်စွဲတာကရော တရားသလား"

"စက်ကိုအုပ်ထားတဲ့ အဝတ်စတွေတစ်ခုမှ မပျောက်ဘူး။ အားလုံး ငါကိုယ်တိုင် သိမ်းခိုင်းထားတယ်။ **တစ်ယောက်မကောင်းတာနဲ့ အားလုံးကို သိမ်းကျုံးပြီး ဝေဖန်တယ်ဆိုတာ သဘောထားသေးသိမ်တဲ့ အောက်တန်းစားတွေရဲ့ အလေ့အထပဲ။**

**ခြေမ၊ မကောင်းရင် ခြေမ၊ လက်မ၊ မကောင်းရင် လက်မပဲ။ တို့မြန်မာတွေမှာ သူခိုးမရှိဘူးလို့ ငါမပြောဘူး။ ခိုးတတ်တဲ့လူရှိသလို ခိုးဖို့ အခွင့်အရေးရတာတောင် မခိုးတဲ့ လူသူတော်ကောင်းတွေ အများကြီးရှိတယ်။ ဒါကြောင့် မခိုးတတ်တဲ့ လူသူတော်ကောင်းတွေကို ကာကွယ်တဲ့အနေနဲ့ မင်းကို ပြန်ပြောရတာပဲ"**

ပုထုဇဉ်တို့၏သဘေားကား မြင့်မိုရ်တောင်လောက်ရှိသော မိမိ၏အပြစ်ကို မမြင်တတ်သော်လည်း ဆီးစေ့လောက်သာရှိသော သူတစ်ပါး၏ အပြစ်ကိုကား ဆီလိုအပေါက်ရှာပြီး မြင်တတ်ကြသည်သာဖြစ်ပါ၏။ ယခုလည်း ကြည့်ပါ။ မန်နေဂျာသည် အမျိုးနှင့်ချီပြီး သူခိုးဟု စွပ်စွဲလိုက်သော မိမိ၏ ရောမအပြစ်ကြီးကိုမမြင်ဘဲ အမျိုးကိုထိသည့်အတွက် သဘာဝယုတ္တိဖြင့် ပြန်ချေပသော ဦးထွန်းဝင်း၏ မပြစ်စလောက် အပြစ်ကလေးကို မြင်အောင်ကြည့်ပြီး -

"မင်း လူရိုင်း၊ ကိုယ့်အထက်လူကြီးကို ကလန်ကဆန်ပြောတယ်။ မင်းကိုအလုပ်ကထုတ်တယ်" တဲ့။

"အေး … မင်းလိုအောက်တန်းစားစိတ်ရှိတဲ့ လူမျိုးစကားကို ငါနားမထောင်နိုင်ဘူး။ ငါ ဟိုတယ်မျိုးစုံရဲ့ ပစ္စည်းထိမ်းတာဝန်ကို ထမ်းဆောင်လာတာ အနှစ်နှစ်ဆယ်ကျော်ပြီ။ ဘယ်နေရာမှာ အမည်းကွက်ဖြစ်ခဲ့တယ်ဆိုတာ မင်းကိုယ်တိုင်ပြန်ပြီး လေ့လာကြည့်ပါ။ သမာသမတ်ရှိတဲ့ အထက်လူကြီးတွေသိအောင် ဒီဖြစ်ရပ်ကို တင်ပြမယ်။ သူတို့ဆုံးဖြတ်တာကိုမှ ငါလက်ခံမယ်"

စကားချင်းသာမက လူချင်းပါယှဉ်လိုသော ဦးထွန်းဝင်းက မန်နေဂျာထံသို့ တစ်လှမ်းချင်းတိုးသွားသဖြင့် ဘေးမှလူများက ဝိုင်းဆွဲပြီး ခေါ်ထုတ်သွားကြသည်။ ထိုဖြစ်ရပ်ကို ဟိုတယ်ပိုင်ရှင်များ သိသွားကြသောအခါတွင်လည်း ဦးထွန်းဝင်းကို အလုပ်မထုတ်သည့်အပြင် မန်နေဂျာကိုသာ သတိပေးကြပါသည်။

ထိုအချိန်မှစ၍ ငယ်သားများအပေါ် နိုင်ထက်စီးနင်းပြောတတ်သော အကျင့်ဆိုးသည် ထိုမန်နေဂျာကိုယ်မှထွက်ခွာသွားရလေသည်။ ဦးထွန်းဝင်းပြောခဲ့သလို ခိုးတတ်သော မြန်မာအချို့ ရှိတတ်သလို အခွင့်အရေးရနေပါလျက် မခိုးသော၊ မဖွက်သော၊ လာဘ်မစားသော မြန်မာများကား အများကြီးရှိပါသည်။

"အူမ, မတောင့်သော်လည်း သီလစောင့်ကြသော မြန်မာများအကြောင်းကို "စာရိတ္တသတ္တိ" ဟူသောအမည်ဖြင့် စာတစ်အုပ် ရေးလျက်ရှိပါသည်။ ထိုလက်ရေးမူ စာအုပ်ထဲမှ "စာရိတ္တသတ္တိစံချိန်ရှင် ဦးဘခင်" ဟူသော အကြောင်းအရာလေးကို အမြည်းအနေဖြင့် ကောက်နုတ်ဖော်ပြလိုက်ပါသည်။

# ဖေါက်ပင်ဘာကြောင့်ကိုင်းရတယ်

**အနုမတ္တေသု ဝဇ္ဇေသုဘယ ဒဿာဝီ** = အနည်းငယ်သော အပြစ်၌သော်လည်း ကြောက်လန့်ဘွယ်ဘေးဟု ရှုမြင်ခြင်းသည် ရိုးသားဖြောင့်မတ်သော စာရိတ္တသတ္တိရှင်တို့၌သာ ရှိကြပေသည်။ အကုသိုလ် ဒုစရိုက်လမ်းသည် စုန်လမ်းဖြစ်သောကြောင့် နည်းနည်းလုပ်မိသည်နှင့် ထိုထက်တစ်ဆင့်တက်ပြီး များများလုပ်ဖို့ရန် မခဲယဉ်းတော့ပေ။ ထို့ကြောင့် မဃဒေဝ၌ "အကုသိုလ်နှင့်ကုသိုလ်နှစ်ပါး၊ မပြုသော်ခဲ၊ ပြုသော်ရဲ၏" ဟုလာရှိသော လင်္ကာပိုဒ်လေးသည် ဤနေရာ၌ အလွန့်အလွန် အကျွမ်းတဝင်ဖြစ်နေသဖြင့် မှတ်သားဘွယ် ကောင်းလှပါသည်။

ရိုးသားဖြောင့်မတ်သည့် စာရိတ္တသတ္တိမရှိမှုကြောင့် စက်ရုံအလုပ်ရုံအများစုသည် ဖြူကား၊ ပြာကာကျအောင်အရှုံးပေါ်သဖြင့် ပိတ်ပစ်လိုက်သည်သာများပါ၏။ စက်ရုံအကြီးအကဲ အရာရှိများကလည်း အောက်ဝန်ထမ်းများကို လောက်ငအောင်ပေးထားသည့်ကြားက ဗီဇသဘောကိုယ်က မကောင်းကြလို့ ခိုးကြတာဟုဆိုသလို၊ အလုပ်သမားများဘက်ကလည်း ခိုးဝှက်သောအလုပ်ကို မလုပ်ချင်၊ သည့်ကြားထဲ ကုန်ဈေးနှုန်းကကြီး၊ ပေးထားသောလစာကနည်း၍ မလောက်ငသောကြောင့် ခိုးရတာဟူ၍ အကြောင်းပြကြသည်။

အရင်းစစ်တော့ အမြစ်မြေကပဲဟူသော စကားအတိုင်း တစ်ယောက်ချင်းကစ၍ တရားပျက်သောကြောင့် တစ်တိုင်းပြည်လုံး ပျက်ကြရခြင်းဖြစ်သည်။ ထို့ကြောင့် တစ်တိုင်းပြည်လုံး ကောင်းစားစေချင်လျှင် တစ်ယောက်ချင်းကစပြီး ပြင်ကြရမည်သာဖြစ်ပါ၏။

ထိုသဘောတရားကို မီးမောင်းထိုးပြသကဲ့သို့ဖြစ်သော ပုံပြင်တစ်ပုဒ်ကိုလည်း မှတ်သားရဘူးသည်။ တစ်ခါက ဖိုးသူတော်တစ်ယောက်သည်

ခရီးသွားရင်းဖြင့် အသင့်တွေ့ရသော ပြောင်းခင်းတစ်ခင်းသို့ဝင်၍ ပြောင်းဖူး တစ်ဖူးကိုချိုးယူပြီး အကာရွက်များကို ဖယ်ရှားလိုက်ရာ စားချင်စရာ မကောင်းသော ကျိုးတိုးကျဲတဲ ပြောင်းဖူးစေ့အနည်းငယ်သာပါသည်ကို တွေ့ရသည်နှင့် -

''ညံ့လိုက်တဲ့ပြောင်းဖူးနယ်၊ စားစရာအစေ့လေးတောင်ပြည့်စုံအောင် မပါဘူး'' ဟု ပြောလိုက်သည်။ ထိုအခါ ပြောင်းဖူးက -

''ဦးသူတော်၊ ကျုပ်က အဆံများများပါအောင် ဖူးချင်တာပေါ့။ ဒီပြောင်းပင်ကမှ သန်သန်မာမာနဲ့ အစေ့ပါအောင် ဖူးမပေးတာ ကျုပ်က ဘာတတ်နိုင်မှာတုန်း''

''ဟုတ်ပေါ့၊ ဒီပြောင်းပင်ကလည်း အစေ့များများပါအောင် ဘာကြောင့် ဖူးမပေးရသလဲ မသိဘူး''

ထိုအခါ ပြောင်းပင်က ''ဦးသူတော်၊ ကျုပ်က အစေ့အပြည့်ပါအောင် ဖူးပေးချင်ပါတယ်။ ကျုပ်ပေါက်လာရတဲ့ ဟောဒီမြေကမှ ဩဇာမရှိတာ၊ ဘယ်တတ်နိုင်ပါ့မတုန်း''

''ဟုတ်သားပဲ၊ မြေကြီးကလည်း ဘာလို့ မြေဆီဩဇာမရှိရသလဲ မသိဘူး''

ထိုအခါ မြေကြီးက ''ဦးသူတော်ရယ်၊ မိုးကမှ မှန်မှန်မရွာတဲ့ဟာ၊ ကျုပ်မှာလည်း ဘယ်ကမြေဆီဩဇာရှိတော့မှာလဲ''

''ဟုတ်သားပဲ၊ ဒီမိုးကလည်း ဘာဖြစ်လို့မှန်မှန်မရွာတယ်မသိဘူး''

ထိုအခါ မိုးက ''ဦးသူတော် ကျုပ်က မှန်မှန်ရွာပေးချင်တာပေါ့၊ ဒီပြည်သူပြည်သားတွေကမှ အကျင့်စာရိတ္တမကောင်းကြတာ၊ ဘယ်ရွာချ ပေးလို့ရမလဲ''

''ဟုတ်သားပဲ၊ ဒီပြည်သူပြည်သားတွေကလည်း ဘာဖြစ်လို့ အကျင့် စာရိတ္တကောင်းအောင်မနေကြသလဲ မသိဘူး''

ထိုအခါ ပြည်သူပြည်သားတွေက ``ဦးသူတော် ကျုပ်တို့ကို အုပ်ချုပ်တဲ့ ရှင်ဘုရင်ကမှ မင်းကျင့်တရားဆယ်ပါးနဲ့မညီတာ ကျုပ်တို့က ဘယ်လိုလုပ် အကျင့်စာရိတ္တကောင်းနိုင်တော့မှာလဲ``

``ဟုတ်သားပဲ၊ ဒီရှင်ဘုရင်ကလဲ ဘာဖြစ်လို့ မင်းကျင့်တရား ဆယ်ပါး နဲ့အညီ မအုပ်ချုပ်ရသလဲမသိဘူး``

ထိုအခါ ရှင်ဘုရင်က``ဦးသူတော် ဘုရင်နဲ့တကွ တိုင်းသူပြည်သား အားလုံးတို့ ကိုးကွယ်ကြတဲ့ ဦးသူတော်ကိုယ်တိုင်က သူတစ်ပါးအခင်းထဲ ဝင်ပြီး ပြောင်းဖူးခိုးနေမှတော့ ကျန်တဲ့သူအားလုံး အကျင့်စာရိတ္တ ကောင်း နိုင်ပါတော့မလား``ဟု ပြောလိုက်သောအခါကျမှ ဦးသူတော်သည် -

``ဟုတ်သားပဲ၊ သူတစ်ပါး အကိုးကွယ်ခံဖြစ်တဲ့ ငါကိုယ်တိုင်ကမှ တရားပျက်နေရင် ကျန်တဲ့သူတွေ ပိုဆိုးတော့မှာပေါ့``ဟု သတိတရားဝင်ကာ သူကိုယ်တိုင်ကစပြီး တရားစောင့်မှ တစ်တိုင်းပြည်လုံးကလည်း တရား စောင့်လာကြသဖြင့် တိုင်းပြည်ကြီးလည်း သာယာဝပြော၍လာလေတော့ သတည်းဟု ပုံပြင်ကို အဆုံးသတ်ထားပေသည်။

ထို့ကြောင့် မိမိကိုယ်တိုင်ကစပြီး ပြုပြင်တော့မည်ဆိုလျှင် အသေး အဖွဲ့အပြစ်ကလေးများကစပြီး ပြုပြင်ကြရပေမည်။

ထို့ကြောင့် ဗုဒ္ဓက အကျင့်သီလအရာ၌ မှသားနှင့်ပတ်သက်၍ သူတစ်ပါးအကျိုး ပျက်စီးရာပျက်စီးကြောင်း လိမ်ညာမှုကြီးကိုမဆိုထားနှင့် ရယ်စရာတောင် လိမ်မပြောပါနှင့်ဟု ဟောကြားခဲ့ခြင်း ဖြစ်ပေလိမ့်မည်။ ပညာရှိသူတော်ကောင်းတို့သည်ကား သေးငယ်သောအပြစ်ကလေးများကိုပင် ``ဘေး``ဟု ရှုပြီး ရှောင်ကြဉ်ခဲ့ကြသည်သာ ဖြစ်ပါ၏။

ခရီးသွားရင်းဖြင့် အသင့်တွေ့ရသော ပြောင်းခင်းတစ်ခင်းသို့ဝင်၍ ပြောင်းဖူး တစ်ဖူးကိုရွေးယူပြီး အကာရွက်များကို ဖယ်ရှားလိုက်ရာ စားချင်စရာ မကောင်းသော ကျိုးတိုးကျဲတဲ ပြောင်းဖူးစေ့အနည်းငယ်သာပါသည်ကို တွေ့ရသည်နှင့် -

''ညံ့လိုက်တဲ့ပြောင်းဖူးနယ်၊ စားစရာအစေ့လေးတောင်ပြည့်စုံအောင် မပါဘူး'' ဟု ပြောလိုက်သည်။ ထိုအခါ ပြောင်းဖူးက -

''ဦးသူတော်၊ ကျုပ်က အဆံများများပါအောင် ဖူးချင်တာပေါ့။ ဒီပြောင်းပင်ကမှ သန်သန်မာမာနဲ့ အစေ့ပါအောင် ဖူးမပေးတာ ကျုပ်က ဘာတတ်နိုင်မှာတုန်း''

''ဟုတ်ပါ့၊ ဒီပြောင်းပင်ကလည်း အစေ့များများပါအောင် ဘာကြောင့် ဖူးမပေးရသလဲ မသိဘူး''

ထိုအခါ ပြောင်းပင်က ''ဦးသူတော်၊ ကျုပ်က အစေ့အပြည့်ပါအောင် ဖူးပေးချင်ပါတယ်။ ကျုပ်ပေါက်လာရတဲ့ ဟောဒီမြေကမှ ဩဇာမရှိတာ၊ ဘယ်တတ်နိုင်ပါ့မတုန်း''

''ဟုတ်သားပဲ၊ မြေကြီးကလည်း ဘာလို့ မြေဆီဩဇာမရှိရသလဲ မသိဘူး''

ထိုအခါ မြေကြီးက ''ဦးသူတော်ရယ်၊ မိုးကမှ မှန်မှန်မရွာတဲ့ဟာ၊ ကျုပ်မှာလည်း ဘယ်ကမြေဆီဩဇာရှိတော့မှာလဲ''

''ဟုတ်သားပဲ၊ ဒီမိုးကလည်း ဘာဖြစ်လို့မှန်မှန်မရွာတယ်မသိဘူး''

ထိုအခါ မိုးက ''ဦးသူတော် ကျုပ်က မှန်မှန်ရွာပေးချင်တာပေါ့၊ ဒီပြည်သူပြည်သားတွေကမှ အကျင့်စာရိတ္တမကောင်းကြတာ၊ ဘယ်ရွာချ ပေးလို့ရမလဲ''

''ဟုတ်သားပဲ၊ ဒီပြည်သူပြည်သားတွေကလည်း ဘာဖြစ်လို့ အကျင့် စာရိတ္တကောင်းအောင်မနေကြသလဲ မသိဘူး''

ထိုအခါ ပြည်သူပြည်သားတွေက "ဦးသူတော် ကျုပ်တို့ကို အုပ်ချုပ်တဲ့ ရှင်ဘုရင်ကမှ မင်းကျင့်တရားဆယ်ပါးနဲ့မညီတာ ကျုပ်တို့က ဘယ်လိုလုပ် အကျင့်စာရိတ္တကောင်းနိုင်တော့မှာလဲ"

"ဟုတ်သားပဲ၊ ဒီရှင်ဘုရင်ကလဲ ဘာဖြစ်လို့ မင်းကျင့်တရား ဆယ်ပါး နဲ့အညီ မအုပ်ချုပ်ရသလဲမသိဘူး"

ထိုအခါ ရှင်ဘုရင်က"ဦးသူတော် ဘုရင်နဲ့တကွ တိုင်းသူပြည်သား အားလုံးတို့ ကိုးကွယ်ကြတဲ့ ဦးသူတော်ကိုယ်တိုင်က သူတစ်ပါးအခင်းထဲ ဝင်ပြီး ပြောင်းဖူးခိုးနေမှတော့ ကျန်တဲ့သူအားလုံး အကျင့်စာရိတ္တ ကောင်း နိုင်ပါတော့မလား"ဟု ပြောလိုက်သောအခါကျမှ ဦးသူတော်သည် -

"ဟုတ်သားပဲ၊ သူတစ်ပါး အကိုးကွယ်ခံဖြစ်တဲ့ ငါကိုယ်တိုင်ကမှ တရားပျက်နေရင် ကျန်တဲ့သူတွေ ပိုဆိုးတော့မှာပေါ့"ဟု သတိတရားဝင်ကာ သူကိုယ်တိုင်ကစပြီး တရားစောင့်မှ တစ်တိုင်းပြည်လုံးကလည်း တရား စောင့်လာကြသဖြင့် တိုင်းပြည်ကြီးလည်း သာယာဝပြော၍လာလေတော့ သတည်းဟု ပုံပြင်ကို အဆုံးသတ်ထားပေသည်။

ထို့ကြောင့် မိမိကိုယ်တိုင်ကစပြီး ပြုပြင်တော့မည်ဆိုလျှင် အသေး အဖွဲ့အပြစ်ကလေးများကစပြီး ပြုပြင်ကြရပေမည်။

ထို့ကြောင့် ဗုဒ္ဓက အကျင့်သီလအရာ၌ မုသားနှင့်ပတ်သက်၍ သူတစ်ပါးအကျိုး ပျက်စီးရာပျက်စီးကြောင်း လိမ်ညာမှုကြီးကိုမဆိုထားနှင့် ရယ်စရာတောင် လိမ်မပြောပါနှင့်ဟု ဟောကြားခဲ့ခြင်း ဖြစ်ပေလိမ့်မည်။ ပညာရှိသူတော်ကောင်းတို့သည်ကား သေးငယ်သောအပြစ်ကလေးများကိုပင် "ဘေး"ဟု ရှုပြီး ရှောင်ကြဉ်ခဲ့ကြသည်သာ ဖြစ်ပါ၏။

အင်္ဂလိပ်လက်ထက်မှ လွတ်လပ်သော မြန်မာပြည်အစိုးရလက်ထက် အထိ ငွေစာရင်းမင်းကြီးတာဝန်ထမ်းဆောင်ခဲ့သော အင်းလျားမြိုင်လမ်း၊ အပြည်ပြည်ဆိုင်ရာ ဝိပဿနာဌာန၏ ဖခင်ကြီးဖြစ်သူ ဦးဘခင်ဆိုလျှင် မြန်မာပြည်သာမက၊ ကမ္ဘာကပင် သိနေကြ ပေပြီ။ သူမွေးထုတ်ပေးလိုက်သော ကမ္ဘာကမ္ဘာ့ဌာန်းပြဆရာကြီး ဦးဂိုအင်ကာ၏ အောင်မြင်မှုကလည်း အသက် ထင်ရှားမရှိတော့ပြီဖြစ်သော ဆရာကြီး၏ဂုဏ်ကျေးဇူးများကို ပေါ်လွင် ထင်ရှားစေတုန်းပင် ဖြစ်သည်။

ဆရာကြီးသည် အစိုးရဌာနတွင် စတင်ထမ်းဆောင်ကတည်းက ဌာန ကပေးထားသောကားကိုပင် ကိုယ်ရေးကိုယ်တာအတွက် ဘယ်တော့မှမသုံး။ အိမ်မှရုံးသို့လာလျှင်ပင် ရုံးကားကိုမသုံး။ အိမ်ကကားကိုသာသုံးသည်။ ရုံးသို့ မရောက်သေးခင် ရုံးကိစ္စများကို မလုပ်ရသေးခင် ရုံးကားကို မသုံးသင့်ဟု ယူဆထားသောကြောင့်ပင် ဖြစ်သည်။

ရုံးကိစ္စနှင့်ပတ်သက်သောနေရာများ၌သာ ရုံးကားကိုသုံးသည်။ တစ်ခါ တွင် ဆရာကြီး၏အိမ်ကကား ပျက်နေသဖြင့် ရုံးကကားကို ရက်အနည်းငယ် မျှ သုံးလိုက်သည်။ အိမ်ကကား ပြန်ကောင်းသွားချိန်တွင် အစိုးရဘတ်ဂျက် ငွေထဲသို့ ငွေအနည်းငယ်လာသွင်းသူတစ်ဦးကို ထူးထူးခြားခြားတွေ့ကြရ သည်။ ထိုသူကား ဆရာကြီးဦးဘခင်ပါတည်း။

အိမ်ကကား ပျက်နေစဉ်အတွင်း ရုံးကားကိုသုံးစွဲသော ရက်အလိုက် ကျသင့်သောငွေကို အစိုးရထံ ပေးသွင်းခြင်းပင်ဖြစ်ပါ၏။ တကယ့် သူတော် ကောင်းအစစ်မှန်သမျှတို့သည် မတရားနည်းဖြင့်ရသော အခွင့်အရေးနှင့် ဥစ္စာ ကြေးငွေမှန်သမျှကို မွေ့မွေ့၊ မွေ့ဟောက်ထက်ပင် ကြောက်လန့်ကြပေသည်။

# လာဘ်ပေးရှင်ရန်သူ

ဒီလောက်ငွေလေးပြန်သွင်းတယ်ဆိုတာကတော့ လူ့အထင်ကြီးအောင် စတန့်ထွင်တာပါ။ တို့လည်းပေးနိုင်တာဘဲဟု တစ်ချို့က ဝေဖန်ချင်ကြပေလိမ့်မည်။ အဝေဖန်မစောပါနှင့်။ စတန့်ထွင်တာလား၊ မိမိရိုးသားဖြောင့်မတ်မှုကို တကယ်တမ်းတန်ဖိုးထားတာလားဆိုသည်ကို သေချာသိရအောင် ဖော်ပြတော့မည့်ဖြစ်ရပ်နှစ်ခုကို သေချာဖတ်ကြည့်ပါလေ။

ဦးဘခင်၏

ရုံးခန်းရှေ့တွင်ကား လာဘ်ပေးရှင်ရန်သူဟုပင် ဆိုင်းဘုတ် ချိတ်ထားရပါလိမ့်မည်။

အဘယ်ကြောင့်ဆိုသော် ဦးဘခင်သည် လာဘ်ပေးသူကို တကယ်ရန်သူလို သဘောထားသောကြောင့်ပါတည်း။ တစ်ခါတွင် ရိုးသားဖြောင့်မတ်လှသော ဦးဘခင်အား အစိုးရငွေစာရင်းမင်းကြီး တာဝန်အပြင် အသီးအနှံရောင်းဝယ်ရေးဥက္ကဋ္ဌတာဝန်ကိုပါ ပေးပြန်ပါသည်။ အစိုးရတွင် လိုအပ်နေသော အသီးအနှံတစ်ခုဝယ်ယူရန်အတွက် ရောင်းနိုင်သော ကုန်သည်များအနက်က ဈေးအသက်သာဆုံးဖြင့် တင်သွင်းနိုင်သော ကုန်သည်တစ်ဦးထံမှ ဝယ်ယူရန် တစ်ဖွဲ့လုံးညှိနှိုင်းတိုင်ပင်ပြီး စာပါထွက်ပြီးလေပြီ။

ထိုကုန်သည်ကား သူ့အရောင်းပါမစ်ထွက်ပြီးနေသည်ကို မသိသဖြင့် ဥက္ကဋ္ဌဖြစ်သော ဦးဘခင်ထံလာကာ ပစ္စည်းမျိုးစုံနှင့်ငွေများစွာကို လာဘ်ထိုးပြီး သူ့အရောင်းပါမစ်ရဖို့အတွက် အကူအညီပေးရန် တောင်းခံပါတော့သည်။ ယူ၍အခြေအနေသည် လောဘရမ္မက်ရှိနေသူအတွက် အသင့်စားလိုက်ရုံသာ ဖြစ်ပါ၏။

လာဘ်စားသည်ဟုပင် မခေါ်ထိုက်တော့ပါ။ အဘယ်ကြောင့်ဆိုသော် အရောင်းပါမစ်သည် ထိုကုန်သည်အတွက် ထွက်ပြီးသားဖြစ်နေသဖြင့် မိမိကိုယ်တိုင် ပါမစ်အတွက် ဘာမှလုပ်စရာမလိုတော့သောကြောင့်ပါတည်း။ မလိမ့်တစ်ပတ်နှင့်ယူသည့်အတွက် မရိုးသားမှုဟူ၍တော့ ခေါ်ချင်ခေါ်ရပါလိမ့်မည်။

စာရေးသူရော၊ စာဖတ်သူရော၊ ပုထုဇဉ်သာဖြစ်သောကြောင့် ထိုမျှများစွာသော ငွေကြေးနှင့်လက်ဆောင်ပစ္စည်းများကို လိုချင်ပေလိမ့်မည်။ ထို့အတူ ပုထုဇဉ်သာဖြစ်သော ဆရာကြီးဦးဘခင်သည်လည်း လိုချင်မည်သာဖြစ်၏။ သို့သော် ဆရာကြီးကား မယူခဲ့ပါ။ ထိုကုန်သည်ကိုသာ ပြင်းပြင်းထန်ထန်ပြောဆိုပြီး ငွေကြေးနှင့်ပစ္စည်းများကို အကုန်ပြန်ယူသွားစေပါသည်။

ထိုကုန်သည်ကား ဥက္ကဋ္ဌကြီးကိုယ်တိုင်နှင့် မျက်နှာပျက်ခဲ့ရပြီ ဖြစ်သောကြောင့် အရောင်းပါမစ်ကို မရနိုင်တော့ဟု စိတ်ပျက်နေချိန်မှာပင် အရောင်းပါမစ်ကို မထင်မှတ်ဘဲရလိုက်သောအခါ စားလို့ရသောလာဘ်ကိုပင် မစားဘဲ အရောင်းပါမစ်ချပေးသော ဆရာကြီးဦးဘခင်ကို အကြိမ်ကြိမ် ဦးချရှိခိုး ကျေးဇူးတင်နေမည်ကား သေချာသလောက်ပါပင်။

## ပိုင်ရှင်မဲ့နေသော ငွေထုပ်ကြီး

ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်တပ်များနှင့် ဘီအိုင်အေ မြန်မာ့တပ်မတော်သားများ မြန်မာပြည်ကို တရကြမ်း တိုက်ခိုက်သိမ်းယူနေချိန်ပင်ဖြစ်ပါ၏။ တစ်ခါတွင် ဂျပန်လေယာဉ်များကဗုံးကြဲချ၊ စက်သေနတ်တွေနှင့်ပစ်နေသဖြင့် မန္တလေးတစ်မြို့လုံးရှိ လူများကား ဟိုပြေးသည်ပုန်းနှင့် ပွက်လောရိုက်နေသောအချိန်ပင်ဖြစ်၏။

ငွေစာရင်းကိုင်ဝန်ထမ်းများလည်း အသက်ဘေးကြောင့် လက်လွှတ်ထွက်ပြေးကြရာ ရုံးတစ်ရုံးလုံး ဟောင်းလောင်းကြီးကျန်နေခဲ့သည်။ မန္တလေး

မြို့ကို အုပ်ချုပ်သော အင်္ဂလိပ်မင်းများကိုယ်တိုင် အောင်မြင်စွာ ဆုတ်ခွာထွက်ပြေးကြပြီဖြစ်သဖြင့် မြန်မာပြည်၌ ကျန်နေသော ရွှေ ငွေ ဥစ္စာပစ္စည်းများအားလုံး ပိုင်ရှင်မဲ့နေပြီဖြစ်၏။

ထိုအချိန်မှာပင် တာဝန်တစ်ခုဖြင့် အပြင်သွားနေသော ငွေစာရင်းကိုင်အရာရှိ ဦးဘခင်တစ်ယောက် ဗုံးဆံများ စက်သေနတ် ကျည်ဆံများကြားမှ ရုံးသို့ သက်စွန့်ဆံဖျား ပြေးတက်လာသည်ကို တွေ့ရသည်။ အင်္ဂလိပ်မင်းတို့ ငွေကြေးများထားသော အခန်းသော့နှင့် မီးခံသေတ္တာသော့သည် တာဝန်ခံဖြစ်သော ဦးဘခင်ထံတွင်ရှိနေသည် မဟုတ်ပါလား။

မီးခံသေတ္တာထဲမှ ငွေများကို သေချာရေတွက်စာရင်းမှတ်၍ သားရေအိတ်အတွင်းထည့်လိုက်သည်။ ဘီရိုအံဆွဲထဲကငွေနှင့် ငွေစာရင်းစာရွက်များကိုပါ ရှာယူ၍ အိတ်ထဲတွင် တစ်ခါတည်း ထည့်ထားလိုက်သည်။ လက်ကနဲခါနီးအချိန်သည်ကား ဝန်ထမ်းမှန်သမျှ ကသီလင်တနိုင်လှသော အချိန်ပင်ဖြစ်ပါ၏။

လခက မထုတ်ရသေး။ မီးပိုချောင်ကလည်း ရိက္ခာပြတ်နေပြီဖြစ်သဖြင့် ထုတ်ယူလာမည့် လခလေးမျှော်ကာ ချေးငှားရသည်မှာ ဝန်ထမ်းတို့၏ ဘဝသံသရာဟု ဆိုရပါလိမ့်မည်။ ယခု လကုန်ရက်ဖြစ်သည်မို့ ဦးဘခင်တို့ မိသားစုမှာလည်း ထိုဒုက္ခမျိုး အနည်းနှင့်အများ ကြုံရမည်မှာ မလွဲနိုင်ပေ။ မိမိမှာလည်း ငွေပြတ်ချိန်၊ စစ်ဖြစ်လာပြီလည်းဖြစ်၍ ဝန်ထမ်းများ အလိုလိုအလုပ်ပြုတ်ပြီးသားဖြစ်၍ နောက်ထပ် ငွေရပေါက်ရလမ်း မရှိတော့သော အချိန်။

ထိုအချိန်မျိုးတွင် လောလောဆယ်ပိုင်ရှင်မဲ့နေပြီဖြစ်သော သိန်းဂဏန်းချီနေသည့်ငွေများကို ဦးဘခင်ဘာလုပ်မည်နည်း။ ထိုငွေများကို ယူခဲ့လျှင် ပိုင်ရှင်မရှိသောကြောင့် ယခုဘဝ၌ တရားဥပဒေအရ အရေးယူလို့မရသလို သံသရာမှာလည်း အဒိန္နါဒါန အကုသိုလ်ကံမှ လွတ်ကင်းလျက်ရှိပါသည်၊

စာရိတ္တသတ္တိမရှိသူများအတွက် ယူရင်ကောင်းမလား၊ မယူရင်ကောင်းမလား ဟု ဝေခွဲမရဖြစ်နေနိုင်သော်လည်း စာရိတ္တသတ္တိ ရှိသောသူများကား မရိုးသား ဟု ယူဆသည်နှင့် လိုချင်တပ်မက်သည့်စိတ်ပင် ပေါ်လာမလာတော့ပါ။

ချိုးမွမ်းအုံသြဘွယ် ကောင်းပေစွ။ စာရိတ္တသတ္တိ ရှိသော့သူများ၏ စိတ်ထားသည်ကား သောတာပန် အရိယာတို့၏စိတ်နှင့်ပင် နှိုင်းယှဉ်ထား လောက်ပါသည်။

## သောတာပန်နှင့်ငါးပါးသီလ

ကလျာဏသူတော်ကောင်းဖြစ်သော ပုထုဇဉ်သည်လည်း ငါးပါးသီလကို လုံခြုံအောင်စောင့်သည်။ သောတာပန်အရိယာသည်လည်း ငါးပါသီလကို လုံခြုံအောင်စောင့်သည်။ အဘယ်ကဲ့သို့ထူးသနည်း။ ထူးပါသည်။ ကလျာဏ ပုထုဇဉ်၏ ငါးပါးသီလ လုံခြုံအောင်စောင့်ခြင်းသည် ယခုဘဝ ကဲ့ရဲ့ခံရမှာ၊ အရှက်ကွဲသိက္ခာကျမှာ၊ သံသရာတွင် အပါယ်ငရဲကျမှာကြောက်သောကြောင့် စောင့်ခြင်းဖြစ်သည်။

တစ်နည်းအားဖြင့် ကျူးလွန်ချင်ရဲ့သားနှင့် မကျူးလွန်မိအောင် အောင့်အီး စောင့်နေရခြင်းဖြစ်ပါ၏။ အကယ်၍ သီလဖောက်ဖျက်သည့်အတွက် ပစ္စက္ခ မှာလည်း ကဲ့ရဲ့ရှုတ်ချ၊ အပြစ်ပေးမည့်သူမရှိဘူးဆိုလျှင်၊ သံသရာမှာလည်း အပါယ်မကျဘူးဆိုလျှင် ကောန်မုချ ဖောက်ဖျက်မည်သာဖြစ်၏။

သောတာပန်အရိယာ၏ သီလစောင့်ခြင်းကား ထိုသို့မဟုတ်၊ ကျူးလွန် ချင်ပါလျက် အောင့်အီးပြီးနေရခြင်းမဟုတ်၊ ငါးပါးသီလကို ဖောက်ဖျက်ချင် သောစိတ်စေတနာပင် ပေါ်မလာတော့ခြင်းဖြစ်၏။ ရရှိထားသော သောတာ ပတ္တိမဂ်စိတ်က သီလဖောက်ဖျက်ချင်သော စိတ်ဆိုး၊ စေတနာဆိုးများကို ပယ်သတ်ပစ်လိုက်သောကြောင့် ဖြစ်သည်။

## သောတာပန်ဖြစ်ချင်သော မဟာတ္တမဂန္ဒီ

သူတော်စင်ကြီး မဟတ္တမဂန္ဒီသည် ဗုဒ္ဓဘာသာ မဟုတ်သော်လည်း ဗုဒ္ဓဘာသာတို့ တောင့်တသော၊ သောတာပန်အဖြစ်ကို အလိုရှိကြောင်း ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိစာအုပ်တွင် ရေးသားခဲ့သည်။ သောတာပန်ဟု တိုက်ရိုက်မပြောခဲ့သော်လည်း ဖြစ်ချင်သော စိတ်ထားမျိုးမှာ သောတာပန် တို့၌သာရှိသောကြောင့် အထက်ပါခေါင်းစဉ်ကို သုံးလိုက်ရခြင်းဖြစ်သည်။

တစ်ခါတွင် မဟတ္တမဂန္ဒီကြီး တောင်အာဖရိကတွင် ရှေ့နေလိုက် နေစဉ်က ဖြစ်ပါ၏။ ထာဝရဘုရားကို ကိုးကွယ်သော ဘာသာဝင်တစ်ဦးက မဟတ္တမဂန္ဒီကြီးကို သူတို့ဘာသာသို့ဝင်ရန် လာပြီးဆွဲဆောင်သည်မှာ -

"ဂန္ဒီ ကျွန်တော်တို့ ဘာသာထဲဝင်ပါ။ ကျွန်တော်တို့ ဘာသာဝင် ဖြစ်သွားရင်အပြစ်တွေကို ဘယ်လောက်ပင်လုပ်လုပ် ကျွန်တော်တို့ဘုရားက ခံပေးသည်။ ကျွန်တော်တို့က ဘာမှမခံရဘူး။" ဟု ပြောရာ မဟတ္တမ ဂန္ဒီကြီးက -

"ကျွန်တော်က အပြစ်တွေလုပ်ချင်တိုင်းလုပ်ပြီးမှ ကျေပျောက်အောင် လုပ်ပေးတာကို သဘောမကျဘူး၊ အဲဒီအပြစ်တွေကို ကျူးလွန်ချင်တဲ့စိတ် တွေ ဖြစ်မလာတာကိုဘဲ အလိုရှိတယ်" ဟူ၏။

မည်မျှသူတော်ကောင်းဆန်သော စကားပါနည်း။ ထိုစိတ်ဓာတ်မျိုးသည် သောတာပန်အရိယာတို့၌သာဖြစ်ကြောင်းကို သဘာဝယုတ္တိအားဖြင့် ပြခဲ့ပြီ။ ယခု သာဓကယုတ္တိတစ်ခု ထပ်၍ပြပါဦးမည်။

ကောသမ္ဗီပြည်က ဥဒေနမင်းကြီးသည် မိဖုရားကြီးသာမာဝတီကို ပန်းဆက်ရန် ကျွန်မဖြစ်သူ ခုဇ္ဇုတ္တရာအား တစ်နေ့လျှင် အသပြာ ရှစ်ကျပ်

ပေးသည်။ ထိုရှစ်ကျပ်ထဲက လေးကျပ်ကို ခုန္ဒုတ္တရာက နေ့စဉ်နိုးထားသည်။ လေးကျပ်ဖိုးသာဝယ်ပြီး ပန်းဆက်နေသည်မှာ ကြာလှပေပြီ။

တစ်နေ့တွင် ပန်းဝယ်သွားရင်း ပန်းသည်အိမ်တွင် မြတ်စွာဘုရားတရားပွဲ ဝင်နာရင်းဖြင့် သောတာပန်တည်သွားသည်။ ထိုနေ့တွင် မနိုးတော့ဘဲ ရှစ်ကျပ်ဖိုးလုံး ဝယ်သွားသဖြင့် ပန်းများမှာ အရင်ရက်များထက် နှစ်ဆပိုနေသည်။ နှစ်ဆများပြားနေသော ပန်းများကိုကြည့်လျက် သာမာဝတီ မိဖုရားကြီးက -

"ခုန္ဒုတ္တရာ၊ သည်နေ့ပန်းတွေအရင်ရက်များထက် နှစ်ဆတောင်များနေတာတွေ့တယ်။ မောင်တော်ဘုရင်က ပန်းဖိုးပိုပေးလိုက်သလား" ဟုမေးလိုက်သည်၊

ဤနေရာ၌ အမှန်ကိုပြောရလျှင် နိုးမှုပေါ်မည်။ နိုးမှုပေါ်လျှင် အသတ်ခံရမည်။ သာမန်ပုထုဇဉ်များ အသက်နှင့်လဲပြီး အမှန်ကိုပြောရဲပါမည်လော။ ဝေး၍။ မိမိမဟုတ်တာလုပ်၍ အမှုရင်ဆိုင်နေရချိန်၌ပင် ရှေ့နေနှင့်တရားသူကြီးတို့ကို ငွေပုံပေး၍ နေ့စဉ်လိမ်နိုင်းနေတတ်ကြသည် မဟုတ်ပါလော။

သောတာပန်ကား အသက်သာအသေခံမည်။ မုသားစကားကို ပြောလိမ့်မည်မဟုတ်ပေ။ မုသားစကားပြောလိုသည့်စေတနာပင် ပေါ်လာခြင်းမရှိပေ။ ထို့ကြောင့်လည်း -

"မိဖုရားခေါင်ကြီး ထားရင်လည်းနေရပါမယ်။ သတ်ရင်လဲ သေရပါမယ်။ အမှန်အတိုင်းလျှောက်တင်ရရင်၊ မင်းတရားကြီးက ပန်းဖိုးငွေ နေ့စဉ် ရှစ်ကျပ်ပေးပါတယ်။ ကျွန်တော်မျိုးမက လေးကျပ်၊ လေးကျပ် နေ့စဉ် နိုးထားမိပါတယ်။ ကျန်တဲ့လေးကျပ်ဖိုးနဲ့သာ ပန်းဝယ်ပြီး မိဖုရားခေါင်ကြီး ကို ဆက်သခဲ့ပါတယ်။ ယနေ့ မနိုးပဲ ရှစ်ကျပ်ဖိုး အပြည့်ဝယ်လာလို့ ပန်းတွေများပြားနေခြင်း ဖြစ်ပါတယ်ဘုရား"

အသတ်ခံရမည့် အပြစ်ဒဏ်ခံစားရမည်ဆိုသည်ကို သိပါလျက်နှင့် မိမိလုပ်ခဲ့သော အပြစ်ကို အမှန်အတိုင်း ဖွင့်ပြောနေသော ခုဇ္ဇုတ္တရာကို သာမာဝတီမိဖုရားကြီးက တအံ့တသြ စိုက်ကြည့်နေလေသည်။ မိမိပြုလုပ်ခဲ့သောအပြစ်ကို ဖွင့်ဟဝန်ခံရဲသော သတ္တိသည်လည်း ပုထုဇဉ်များမှာ မရှိသော၊ သောတာပန်တို့မှာသာရှိသော ဂုဏ်ရည်တစ်ခုဖြစ်ပါ၏။ ထို့ကြောင့်လည်း ရတနသုတ်တော်၌ -

**ကိဉ္စာပိသော ကမ္မံကရောတိ ပါပကံ၊**

**ကာယေန ဝါစာ ဥဒစေ တသာဝါ။**

**အဘဗ္ဗောသော တဿပဋိစ္ဆဒါယ =**

သောတာပန်ပုဂ္ဂိုလ်တို့အား ကိုယ်နှုတ်တစ်ခုခုဖြင့်ပြုခဲ့သော မကောင်းမှုကို ဝန်မခံဘဲ ဖုံးလွှမ်းထားခြင်းမရှိဟူ၍ သောတာပန်ဂုဏ်ရည်တစ်ပုဒ်ကို ဗုဒ္ဓက ဟောကြားခဲ့ခြင်းဖြစ်ပေသည်။ ဘယ်အကြောင်းကြောင့် အသေခံပြီး အမှန်ကို ပြောရဲသနည်းဟု သိလိုသောကြောင့် သာမာဝတီက ဆက်ပြီး မေးသည်မှာ -

"ခုဇ္ဇုတ္တရာ အသတ်ခံရမည်ကိုသိပါလျက် အဘယ်ကြောင့် အမှန်ကိုပြောရဲသနည်း"

"ယနေ့ ပန်းသည်ရဲ့အိမ်မှာ မြတ်စွာဘုရားဟောကြားတော်မူတဲ့ တရားတော်ကို နာကြားရပြီး တရားရခဲ့သောကြောင့် အမှန်ကို ပြောဝံ့ခြင်းဖြစ်ပါတယ်"

"ငွေလေးကျပ်ကို ဆက်ပြီး ခိုးနေရင်လဲ ဘယ်သူမှသိတာ မဟုတ်ပါဘူး၊ ဘာ့ကြောင့် ယနေ့ကျမှ မခိုးဘဲနေရတာလဲ"

# ခိုးချင်စိတ်မရှိသူဆိုတာ

''တရားရပြီးတဲ့အချိန်မှစပြီး ခိုးလိုသောစိတ်စေတနာ ပေါ်မလာတော့တာကြောင့် မခိုးတော့ခြင်းဖြစ်ပါတယ်''

''မကောင်းမှုမှန်သမျှ မလုပ်ချင်တော့လောက်အောင် လောကအတွက် ကျေးဇူးကြီးလှတဲ့ တရားကို ကိုယ်တိုင်ရချင်လှပါတယ်။ မြတ်စွာဘုရားကိုယ်တော်စား အစ်မခုဇ္ဇုတ္တရာက တစ်ဆင့် ဟောကြားပေးပါ''

မိဖုရားသာမာဝတီ၏ တောင်းပန်မှုကြောင့် ခုဇ္ဇုတ္တရာက ဟောကြားပေးလိုက်ရာ သာမာဝတီနှင့်တကွ မောင်းမငါးရာလုံး သောတာပန် တည်သွားကြသည်။ ယခုလည်းကြည့်ပါ။ ခိုးချင်စိတ်ပင် ပေါ်မလာသော ဦးဘခင်တစ်ယောက် သိန်းချီပါသော ငွေထုပ်ကြီးကို ကားငှားပြီးတင်ကာ အင်္ဂလိပ်အရာရှိများရှိနေကြသည့် ပြင်ဦးလွင်မြို့သို့ စာရင်းနှင့်တကွ အရောက်ပေးအပ်လိုက်လေသည်။

သူတို့နိုင်ငံက ဂျန်တဲလ်မန်းထက်သာသော မြင့်မြတ်သော၊ လူသားတစ်ဦးကို အင်္ဂလိပ်များမြင်ဖူးသွားကြခြင်းသည် သူတို့အတွက် အမြတ်ဆုံးအချိန်ဟုပင် ပြောသင့်ပါ၏။

သိန်းချီနေသောငွေများကို ပုံအပ်ပြီးသည်နှင့် ဦးဘခင်တောင်းဆိုလိုက်သည်က ''ကျွန်တော်ဒီကို လာခဲ့ရတဲ့ လမ်းစရိတ်နဲ့ ဒီလအတွက်လစာရနိုင်မလား မသိဘူး''ဟူ၏။

## သုံးကောင်ဖြစ်သွားကြသူများ

အင်းဝခေတ်က တောင်ဖီလာဆရာတော်ကြီးသည် ခွေးများကို အစာကျွေးနေရင်းက ကြီးသောခွေးက ငယ်သောခွေးကို အနိုင်ကျင့်ပြီး ကိုက်သောအခါ တဟုံဟုံဖြင့် မောင်းနေရ၏။ တစ်ချို့ခွေးကြီးများကား ဘယ်လောက်ပင်မောင်းမောင်း မရ။ ပို၍သာ ဆိုးလာ၏။ ထိုအခါ ဆရာတော်ကြီးသည် စိတ်တိုသွားသဖြင့် တောင်ဝှေးကို ကိုင်မြှောက်လိုက်ရင်း

"တယ် … ဒီခွေးတွေ ရိုက်လိုက်ရ ငါပါသုံးကောင်ဖြစ်သွားရော့မယ်" ဟု ညည်းတွားရှာလေသည်။

ယခုလည်း ဆုတ်ကပ်ခေတ်ကြီးတွင် မကောင်းသောသူများကသာ များလာသောအခါ အနည်းစုဖြစ်သော လူကောင်းများက မထူးပါဘူးကွာ၊ သူများမိုးခါးရေသောက် ကိုယ်လည်းသောက်တာပဲ ကောင်းပါတယ်ဆိုပြီး မကောင်းတာကို လုပ်မိကြသူကများ၏။ ထိုသူမျိုးကား မိမိကိုယ်ကို သုံးကောင်ဖြစ်စေသူများသာ ဖြစ်၏။

ဆရာကြီးဦးဘခင်ကား တစ်သက်ပတ်လုံး မိမိကိုယ်ကို သုံးကောင် မဖြစ်အောင် စောင့်စည်းသွားနိုင်သူဖြစ်၏။ ထို့ကြောင့်လည်း ဆရာကြီး ကွယ်လွန်သွားသည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်သော်လည်း ဆရာကြီး၏ ရိုးသားဖြောင့်မတ်သည့် ဂုဏ်ကိုကား ယခုအချိန်တိုင်အောင် အံ့သြချီးမွမ်းရတွန်းဖြစ်ပါ၏။

## အနှစ်ချုပ်သင်ခန်းစာ

မူလဘူတ မြန်မာလူမျိုးများသည် ခိုးတတ်၊ ဖွက်တတ်၊ လိမ် တတ်၊ ကောက်တတ်ကြသူများကား မဟုတ်ကြပါ။ ထိုအမျိုးသားရေး ယဉ်ကျေးမှုကြီးကို ထိန်းသိမ်းစောင့်ရှောက်သောအားဖြင့် မြန်မာပြည် သားတိုင်း

ငါးပါးသီလကို လုံခြုံအောင် စောင့်စည်းကြရန် ဤဒုတိယ စာစုဖြင့် တိုက်တွန်းပါသည်။

## ဖျက်ဆီး၍မရသောဂုဏ်

ရွှေဂုဏ် ငွေဂုဏ်၊ ရာထူးဂုဏ်သည်၊
လူ့ဘုံလောက အကာမျှတည့်၊
သူက ငြူစူ မကြည်ဖြူ၍
ခွာယူလိုက ခွာ၍ရ။
ရိုးဂုဏ်၊ ဖြောင့်ဂုဏ်၊ ယဉ်ကျေးဂုဏ်သည်
လူ့ဘုံလောက နှစ်သာရတည့်၊
သူက ငြူစူ မကြည်ဖြူလည်း၊
ခွာယူမရ၊ ကွာမကျ။ **(စော်ကို)**

## သာသနာတွင်းသီလ

- မြတ်စွာဘုရား ပွင့်တော်မူသောအခါ၌ကား ဒါနကိုသိက္ခာ သုံးပါးတွင် သီလသိက္ခာ၌ ဝင်အောင်သွင်းလိုက်၏။ သီလကိုလည်း မဂ္ဂင်ရှစ်ပါး လောကုတ္တရာတရားနှင့်ပါဆက်စပ်လိုက်၏။ ထိုအခါ သီလသည် သံသရာတွင်းချမ်းသာကို ပေးစွမ်းနိုင်သော ရိုးရိုးသီလမဟုတ်တော့ဘဲ သံသရာလွန်ချမ်းသာထိ ပေးစွမ်းနိုင်သော အဓိသီလဖြစ်သွားလေ၏။
- အဓိသီလကိုပင် သီလမဂ္ဂင်ဟူ၍ ဆိုရ၏။ ထို့ကြောင့် သာသနာပ အမြင်အရ သီလကိုဆောက်တည်ခြင်းကား သမုဒယသစ္စာထိုက်သော တဏှာလောဘကို ပယ်သတ်နိုင်ရေးသို့တာမစူ။ သံသရာတွင်း ချမ်းသာရရေးကိုသာ တာစူလေ၏။

၆။ သာသနာတွင်းအမြင်အရ သီလကို ဆောက်တည်ခြင်းကား သမုဒယ သစ္စာထိုက်သော တဏှာလောဘကို ပယ်သတ်နိုင်ရေးသို့သာ တာစူ သဖြင့် သံသရာတွင်းချမ်းသာ ''ဝေဒယိတသုခ'' ကိုလည်း ပေးတတ်၏။ သံသရာလွန်ချမ်းသာ ''သန္တိသုခ'' ကိုလည်းပေး၏။

**(ဦးရွှေအောင်၏ ဘဝအမြင်သစ် နှာ-၁၀)**

## ကုသိုလ်အားလုံးရဲ့မိခင်

**အဒိသီလံ ပတိဋ္ဌာစ**
**ကလျာဏာန္စ မာတုကံ။**
**ပမုခံ သဗ္ဗဓမ္မာနံ၊**
**တသ္မာသီလံ ဝိသောဓယေ။ (ထေရဂါထာ ပါဠိတော်)**

ကိုယ်နှုတ်ကို ထိန်းသိမ်းကြောင်း သီလတရားသည်
ကုသိုလ် အားလုံး၏ အဦးအစဖြစ်၏။
ကုသိုလ်အားလုံး၏ တည်ရာဖြစ်၏။
ကုသိုလ်အားလုံး၏ မိခင်လည်းဖြစ်၏။
ကုသိုလ်အားလုံး၏ အကြီးအမှူးဖြစ်၏။
ထို့ကြောင့် ပညာရှိသည် ငါးပါးသီလကို စင်ကြယ်အောင် သုတ်သင် ရာ၏။

ကိုသီလတို့ ရွက်လှေကြီး သာဝတ္ထိမှ ထွက်လာကြသည်မှာ ခြောက် ရက်ရှိခဲ့ပြီမို့ ပန်းတိုင်ဖြစ်သော သုဝဏ္ဏဘူမိ = သထုံပြည်နှင့် နီးသည် ထက်နီးလာပြီဟုတွေးမိကာ ကုန်သည်ခုနစ်ရာလုံး ဝမ်းသာအားရ ဖြစ်နေ ကြသည်။ သောက်သူသောက်၊ စားသူစား၊ ကစားသူကစားဖြင့် လှေကြီး တစ်စင်းလုံး ဆူညံလို့နေသည်။

မိမိစောင့်ထိန်းသောသီလကို ဆင်ခြင်လျက် ငြိမ်သက်စွာ ထိုင်နေသော ကိုသီလကို ဘေးနားက အသောက်သမားတစ်စုက သူ့ခိုးသေဖော်ညှိချင်လာကြသဖြင့် -

"ဗျို့ … ကိုသီလ၊ လာပါဗျ၊ တစ်ခွက်တစ်ဖလား ဝင်သောက်စမ်းပါဦး" ဟု လှမ်းခေါ်လိုက်သည်။ ကိုသီလက အေးဆေးငြိမ်သက်စွာပင်။

"ကျွန်တော် မသောက်တတ်လို့ပါခင်ဗျာ၊ ခွင့်လွှတ်ကြပါ"ဟု တောင်းပန်လိုက်သည်ကိုပင် အပြစ်ရှာချင်သူအချို့က မကျေနပ်သောစကားများဖြင့် ကလိလိုက်ကြသေးသည်။

"ယောကျ်ားအချင်းအတူတူ၊ အရက်သောက်တာနဲ့ မသောက်တာ လောက်များ ဘာထူးခြားသွားမှာလဲ၊ မသောက်တော့ ဝတ်ရုံပဲရှိတာပေါ့"

အမူးသမားဒေဝ၏ စကားက ရင့်သီးလွန်းလှသည်။ အရက်ကြောင့် သွေးဆူလာ၍ ရန်စသည့်သဘောပင်။ ပြဿနာမဖြစ်ချင်သော ကိုသီလက မကြားချင်ယောင်ဆောင်နေလိုက်သည်။ သူများတွေ ဘယ်လိုထင်ထင် **အရာရာမှာ ပြဿနာမဖြစ်အောင် စောင့်စည်းခြင်းသည် မိမိ၏အကျိုးအတွက်သာ ဖြစ်သည်** ဟူ၍ ကိုသီလ သဘောပိုက်ထားလိုက်သည်။

ပြဿနာတစ်ခုခုဖြစ်ရပြီဆိုသည်နှင့် မိမိဘက်က မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ၊ အချိန်ကုန်၊ ငွေကုန်ဖြစ်ရတော့မည်။ ထိုသို့ အချိန်ကုန်၊ ငွေကုန်မဖြစ်အောင် စောင့်ထိမ်းခြင်းသည် မိမိအကျိုးအတွက်သာ ဖြစ်သည်မဟုတ်ပါလား။ အသောက်အစားတို့ဖြင့် ပျော်နေကြသော ကုန်သည်များကိုကြည့်၍ ကိုသီလတွေးမိသည်။

ဒါန၊ သီလ၊ ဘာဝနာဆိုတဲ့ ကုသိုလ်တရားတွေ အပြည့်အဝရအောင် ပြုလုပ်နိုင်တာဟာ လူ့ဘုံပဲရှိတယ်။ အပါယ်လေးဘုံကျတော့လည်း ဒုက္ခတွေများလွန်းလို့ ကုသိုလ်မပြုနိုင်ကြဘူး။ နတ်ဘုံ၊ ဗြဟ္မာဘုံကျတော့လည်း ချမ်းသာတွေများလွန်းလို့ ကုသိုလ်မပြုနိုင်ကြဘူး။

တကယ်တော့ လူ့ဘုံဟာ ကုသိုလ်စုတဲ့ဘုံပဲ။ နတ်ဘုံ၊ ဗြဟ္မာဘုံတို့ ကတော့ ကုသိုလ်ရဲ့အကျိုးကို ခံစားတဲ့ ဘုံသက်သက်ပါပဲ။ ဒါနဲ့တောင် ရသမျှလူ့ဘဝအချိန်လေးကို ကာမဂုဏ် အာရုံတစ်ခုတည်းအတွက် အသုံးချ ပစ်ကြတာဟာ ကိုယ့်ကိုယ်ကို ချစ်ရာမရောက်ဘဲ နှစ်ရာရောက်တာပဲ။ အခုအချိန်များ သေခြင်းတရားရောက်လာရင် သူတို့ ဘယ်လိုရင်ဆိုင်ကြ မယ်မသိဘူး။

ကိုသီလအတွေးအဆုံးမှာပင် လေကြမ်းကြီးတစ်ခု လမ်းကြောင်း ပြောင်းပြီးတိုက်လာသဖြင့် လှေကြီးပါ လမ်းကြောင်းပြောင်းပြီး မျောချင် ရာဘက် မျောသွားလေတော့သည်။ အရှိန်ပြင်းပြင်းဖြင့် မျောပါနေသော လှေကြီးကိုကြည့်၍ ဝါရင့်လှေသူကြီးက မှတ်ချက်ချလိုက်သည်မှာ -

"မိတ်ဆွေတို့ ဒီလေမျိုးနဲ့ ကြုံလိုက်ရတဲ့ လှေများဟာ မျောချင်တဲ့ နေရာကို အကန့်အသတ်မရှိ မျောသွားနိုင်တယ်။ အန္တရာယ်လည်း နှစ်မျိုး ဖြစ်လာနိုင်တယ်။ တစ်ခုမှ သက်သာခွင့်မရှိဘူး"

ကြောက်ရွံ့နေသော ကုန်သည်တစ်ယောက်က ထမေးလိုက်သေးသည်။

"ဩော် … လှေသူကြီးဖြစ်လာမယ့် အန္တရာယ်နှစ်ခုကို ကြိုသိလို ပါသည်။ သို့မှသာ တတ်နိုင်သမျှ ကြိုတင်ကာကွယ်နိုင်ပါမည်"

"ကြိုတင်ကာကွယ်၍လည်း မရနိုင်ပါ။ သင်တို့တစ်တွေ အားပျက် သွားမည်စိုး၍ မပြောလိုပါ"

လှေသူကြီးဆိုသည်မှာ မသိစေချင်သောအရာကို ပို၍သိချင်ကြ၏။ ဤကား စိတ်၏ ဓမ္မတာတည်း။ ထို့ကြောင့် ကုန်သည်အများစုတို့က ဝိုင်းဝန်းတောင်း ဆိုကြ၍ လှေသူကြီးက ဆက်လက်ပြောပြလိုက်သည်မှာ -

"ပထမအန္တရာယ်က ဒီလေကြမ်းနဲ့အတူ မုန်တိုင်းပါ၊ ပါလာရင် လှေမှောက်ပြီး အားလုံးသေကုန်ကြရမယ်။ မုန်တိုင်းပါမလာရင်လည်း ဒီလေ

ရဲ့ တွန်းပို့နှုန်းအားနဲ့ဆိုရင် တစ်ရက်လောက်တွန်းပို့လိုက်တာနဲ့ ရက်တစ်ရာစာလောက် တွန်းပို့ပြီးသား ဖြစ်သွားတယ်။

ဒါ့ကြောင့် တစ်ခါမှ မရောက်ဖူးတဲ့နေရာတွေကိုပါ ရောက်သွားကြရလိမ့်မယ်။ ကိုယ့်နေရာဒေသ ပြန်ရောက်ဖို့အတွက် လနဲ့ချီပြီး ကြာသွားပါလိမ့်မယ်။ ဒီအခါမှာ ထည့်ယူလာတဲ့ သောက်ရေတွေ၊ ရိက္ခာတွေပြတ်ပြီး ဒုက္ခရောက်ကြဖို့သာ များပါတယ်။"

လှေသူကြီးစကားအဆုံးတွင် ကုန်သည်များ တုန်လှုပ်ခြောက်ခြားသွားကြသည်။ လေးညှို့မှပစ်လိုက်သောမြားတံ၏အမြန်နှုန်းမျိုးဖြင့် တရိပ်ရိပ်ပြေးသွားလျက်ရှိသော လှေကြီးကို မျက်လုံးအပြူးသားဖြင့်ငိုင်းပြီး စိုက်ကြည့်လျက်ရှိကြ၏။ တစ်နာရီကျော်ကြာသည်အထိ လေကြမ်းက အရှိန်လျော့မသွားဘဲ လှေကြီးကို သုပ်ပို့ချင်ရာပို့လျက်ရှိရာ အကြောက်လွန်နေသော သင်္ဘောသားများမှာ အော်သူအော်၊ ဟစ်သူဟစ်၊ ပြေးသူပြေး ဖြစ်လာကြသည်။

အရက်မသောက်သည့်အတွက် ရန်စခဲ့သော ဒေဝဆိုသူမှာကား ထိပ်ဆုံးကဖြစ်တော့၏။ ကိုသီလကား မိမိစောင့်ထိန်းခဲ့သော သီလကိုအာရုံပြုရင်း ငြိမ်သက်တည်ကြည်စွာပင် ထိုင်လျက်ရှိသည်။ ကိုဒေဝတစ်ယောက် ကိုယ်ကျင့်သီလရှိသူနှင့် မရှိသူတို့၏ ခြားနားချက်ကို အသက်ဘေးနှင့် ကြုံရသောအခါကျမှ သေချာသိသွားပေသည်။

တစ်ညလုံးတိုက်ခတ်သော လေကြမ်းသည် မနက်မိုးလင်းမှ ရပ်တန့်သွားသည်။ လှေမှောက်မည့်ဘေးမှ လွတ်ခဲ့ကြပြီဖြစ်သော်လည်း အစာရေစာပြတ်လပ်မှုဘေးကိုကား သူတို့တစ်တွေ ဆက်လက်ရင်ဆိုင်ကြရပေလိမ့်မည်။ ရေပေါ်တွင် ငြိမ်သက်စွာရပ်နေသော လှေကြီးပေါ်မှ ကုန်သည်အားလုံး အားငယ်စိတ်ပျက်စွာ ဟိုဟိုဒီဒီ ကြည့်မိကြရာမှ ကုန်သည်တစ်ဦးက တစ်နေရာသို့ လက်ညှိုးထိုးပြပြီး -

"ဟိုမှာ ကြည့်လိုက်ကြစမ်းဟေ့၊ ရောမရွှေဗိမာန်ကြီးတစ်ခု၊ ရေထဲကနေ ရေပေါ်ကိုထွက်နေတာ၊ တို့တစ်တွေသေပြီး နတ်ပြည်တစ်ပြည်ကို ရောက်လာကြလေသလားမသိဘူး။ ကိုယ့်ကိုယ်ကိုလည်း သေချာစစ်ကြည့်ကြဦး" ဟု အော်ပြောလိုက်ရာ မှိုင်တွေချနေသူအားလုံး သူပြသောနေရာကို လှမ်းကြည့်လိုက်ကြသည်။

## သမုဒ္ဒရာအလယ်က ရွှေဗိမာန်

ကုန်သည်အားလုံးတို့၏ တစ်သက်တာကာလအတွင်း တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးသော မြင်ကွင်းတစ်ခုပါပေ။ အမိုးအခင်းအကာ အားလုံးရွှေအတိပြီးသော ဗိမာန်ကြီးတစ်ခုက သမုဒ္ဒရာထဲက ငွားငွားစွင့်စွင့် ပေါ်ထွက်လျက်ရှိသည်။ လှေက ရွှေဗိမာန်ကြီး ခြေရင်းသို့ ရောက်သွားကြသည့်တိုင်အောင် မည်သူမျှ အောက်သို့မဆင်းရဲကြသေး။

ကြောက်ရွံ့စိတ်ကြောင့် ဂယောင်ခြောက်ခြားဖြစ်ပြီး မြင်နေတာလား၊ သို့တည်းမဟုတ် မကောင်းဆိုးဝါးများက မျက်စိကို လှည့်စားထားလေသလားစသော လားပေါင်းများစွာ တွေးတောရင်း အတန်ကြာ တိတ်ဆိတ်နေကြသည်။ ရွှေဗိမာန်ကြီးအတွင်းက မည်သည့်လှုပ်ရှားသံမှ မတွေ့ရ၊ မကြားရသောအခါ သူတို့ ယုံမှားသံသယကင်းသွားကြသည်။

ထိုအချိန်မှာပင် ခွဲဆောင်မှုရှိသော ကြည်လင်အေးမြသည့် အမျိုးသမီးအသံတစ်သံသည် ရွှေဗိမာန်ကြီးအတွင်းက ပေါ်ထွက်လာလေသည်။

"ဦးကြီးတို့၊ မောင်ကြီးတို့၊ ကျွန်မပိုင်ဆိုင်တဲ့ ရွှေဗိမာန်ကြီးအတွင်းမှာ အန္တရာယ်ကင်းရှင်းစွာဖြင့် စိတ်တိုင်းကျ လှည့်လည်ကြည့်ရှု နိုင်ပါတယ်ရှင်"

ထိုအသံအဆုံးမှာတော့ ကုန်သည်များအားလုံး ရွှေဗိမာန်ကြီးအတွင်းသို့ တပျော်တပါး ဝင်ကြည့်ကြတော့သည်။ ပထမဆုံးတွေ့ကြရသော ဧည့်ခန်းမကြီးမှာ ကျယ်လွန်း လှပလွန်းသဖြင့် တစ်ခြားနေရာများကို ဆက်ကြည့်ဖို့ အချိန်မရနိုင်အောင်ပင် ဖြစ်နေကြသည်။

ဧည့်ခန်းမကြီးကိုကြည့်ရှုပြီးကြချိန်မှာပင် အခန်းတစ်ခုထဲမှ စာစာက မိန်းကလေးအသံ ပေါ်ထွက်လာပြန်သည်။

"မောင်ကြီးတို့ ဧည့်ခန်းမကြီးကို ကြည့်ရှုပြီးကြရင် ရေချိုးခန်း၊ စားသောက်ခန်း၊ အလှပြင်ခန်းတို့ကိုလဲ ဆက်လက်ကြည့်ရှုနိုင်ပါတယ်"

သို့သော် ကုန်သည်တို့စိတ်က သက်မဲ့ပစ္စည်းများအပေါ် မရှိတော့ဘဲ သက်ရှိဗိမာန်ပိုင်ရှင် မိန်းကလေးအပေါ်ကို ရောက်သွားကြသည်။

"ဗိမာန်ပိုင်ရှင် နှမငယ်၊ မောင်ကြီးတို့အားလုံးက နှမငယ်ကို တွေ့မြင်စကားပြောချင်နေကြပါတယ်။ ဒါ့ကြောင့် ဗိမာန်အတွင်းမှ ထွက်လာခဲ့ပါ"

"မောင်ကြီးတို့ ကျွန်မ လူမြင်ကွင်းကို ထွက်မလာရဲပါဘူးရှင့်"

"နှမငယ် ဘာ့ကြောင့် ထွက်မလာရဲတာလဲ။ မောင်ကြီးတို့ကို စိတ်မချလို့လား"

"မောင်ကြီးတို့ကို စိတ်မချလို့မဟုတ်ပါဘူးရှင့်။ နှမငယ်ရဲ့ ခန္ဓာကိုယ်မှာ အဝတ်အစားမရှိလို့သာ ဖြစ်ပါတယ်"

"ဖြစ်မှဖြစ်ရလေ နှမငယ်၊ စာစာက ပြောရှာပေါ့။ မောင်ကြီးတို့တစ်တွေမှ အဝတ်အစားအပိုတွေ အများကြီးရှိကြပါတယ်။ နှမရဲ့ အခန်းရှေ့မှာ ပုံထားလိုက်မယ်။ ယူပြီးဝတ်ပါ။ မောင်ကြီးတို့တစ်တွေ တစ်နေရာကို ရှောင်ပေးပါ့မယ်"

"မောင်ကြီးတို့က နှမငယ်ကို အဝတ်အစားရစေချင်ရင် အဲသလို မျိုးပေးလို့မရနိုင်ပါဘူးရှင့်"

"ဘယ်လိုပေးရမှာလဲ နမငယ်"

"မောင်ကြီးတို့ ကုန်သည်တွေထဲမှာ သဒ္ဓါတရားရှိပြီး ရတနာသုံးပါးနဲ့ ငါးပါးသီလမြဲတဲ့ ဗုဒ္ဓရဲ့သာဝကတစ်ဦး ပါပါတယ်။ သူ့ကို အဝတ်အစားတွေလှူပြီး ကျွန်မကို အမျှဝေပေးပါ။ သာဓုခေါ်လိုက်ရတာနဲ့ ကျွန်မမှာ အဝတ်အစားတွေ ရသွားမှာပါ"

ဗိမာန်ရှင် အမျိုးသမီး၏ စကားဆုံးသည်နှင့် ကုန်သည်အားလုံး၏ အကြည့်များက ကိုသီလထံသို့ တိုင်ပင်မထားဘဲ ပြိုင်တူရောက်သွားကြလေသည်။ လှေသူကြီးက -

"ကဲ ... ကိုသီလ၊ ခင်ဗျားရဲ့ ကိုယ်ကျင့်သီလဖြူစင်မှုကိုတော့ လူသူမနီးတဲ့ သမုဒ္ဒရာထဲကပုဂ္ဂိုလ်တွေကတောင် သိလို့နေပါပြီ။ ဒီအမျိုးသမီးကို ကယ်တင်တဲ့အနေနဲ့ ကျွန်တော်တို့ရဲ့ အဝတ်ပုဆိုးများကို အလှူခံပါဗျာ"

သူတို့က ထိုသို့ပြော၍ ကိုသီလက တင်ပလ္လင်ခွေထိုင်၏။ သင်္ဘောသားတွေက အဝတ်အစားပုဆိုးတွေကို စုပုံလှူဒါန်းလိုက်ကြပြီး ဗိမာန်ရှင်အမျိုးသမီးအား အမျှဝေပေးလိုက်ကြလေသည်။ ဗိမာန်ရှင်အမျိုးသမီးထံမှ သာဓုခေါ်သံ သုံးကြိမ်တိတိကို ကြားလိုက်ရပြီးသည်၏ အဆုံးတွင် အခန်းတံခါးလည်းပွင့်သွားကာ ရွှေရောင်အဆင်းဖြင့် နတ်သမီးတမျှ လှပသော ဗိမာန်ရှင်မ ထွက်လာလေသည်။

နညက်ဝင်းပ လှရသည့်အထဲတွင် နက်မှောင်သော ပိတုန်းရောင် ဆံကေသာတို့ကလည်း သာမန်ထက် ကောင်းမွန်လွန်းရကား မတ်တပ်ရပ်နေစဉ်မှာပင် ဒူးဆစ်ရောက်သည်အထိရှည်လျားကာ အဆုံးတွင် အထက်သို့ ကော့ပျံနေလိုက်သည်မှာလည်း အလှတွင် အယဉ်ဆင့်သည်ဟု ဆိုရပါတော့မည်။

ရွှေရောင်ဝင်းနေသောအသားအရေကို သာဓုခေါ်အပြီးမှာ လောလောလတ်လတ်ရထားသော တောက်တောက်ပြောင်ပြောင် နတ်ဝတ်တန်ဆာတို့က

မမြင်သင့်တာမမြင်အောင်၊ မြင်သင့်တာမြင်အောင် ချပ်ချပ်ရပ်ရပ် လှပစွာ နေရာယူထားကြသည်မှာ စိန်ကိုရွေးကွပ်ထားသော စိန်လက်စွပ်ကဲ့သို့ ကြည့်မဝ၊ ရှုမဝအောင်ပင် တင့်တယ်လှပနေပေသည်။

ကုန်သည်များမှာ ဓိမာန်ရှင်မ၏ အလှကျက်သရေတွင် အတော်ကြာအောင် မှင်သက်မိကာ ငေးမောနေမိကြသည်။ ဘယ်သူမှ စကားစ၍မပြောနိုင်ကြ။ ထိုအခါ ဓိမာန်ရှင်မကပင် စကားစရလေသည်။

''မောင်ကြီးတို့၊ ကျွန်မအဖြစ်ကိုကြည့်ပြီး သိပ်အံ့သြနေကြတယ်ထင်ပါရဲ့''

ဘယ်သူမှ စကားမပြန်နိုင်ကြသေးသဖြင့် ကိုသီလကပင် စကားဝိုင်းကို ဦးဆောင်လိုက်ရသည်။

''ဟုတ်ပါတယ် နမငယ်၊ မောင်ကြီးတို့ဘဝတစ်သက်တာမှာ နမငယ်လို လှပတဲ့အမျိုးသမီးကို တစ်ခါမှ မတွေ့ဖူး မမြင်ဖူးကြပါဘူး။ နောင်လည်း တွေ့ရဖို့ လွယ်မှာမဟုတ်ပါဘူး။ ဒါကြောင့် နမငယ်ကို ဘယ်လိုဘုံသားခေါ်တယ်၊ ဘယ်လိုအကြောင်းကံတွေကြောင့် ဒီလိုဘဝကို ရောက်နေရတယ်ဆိုတာ ပြည့်ပြည့်စုံစုံ ရှင်းပြစေချင်ပါတယ်။ မောင်ကြီးတို့တစ်တွေအတွက် စိတ်ဝင်စားစရာ လက်တွေ့တရား တစ်ပုဒ်ဖြစ်သွားနိုင်ပါတယ်''

''မောင်ကြီးတို့၊ ကျွန်မဟာ တစ်ခုသောဘဝမှာ ဗာရာဏသီမြို့သူ တစ်ယောက်ဖြစ်ခဲ့ပါတယ်။ ကံမကောင်း အကြောင်းမလှတဲ့အတွက် ပြည့်တန်ဆာအလုပ်နဲ့ အသက်မွေးခဲ့ရပါတယ်။ ကံကောင်းအကြောင်းလှပြန်တာတစ်ခုက ကျွန်မဟာ ရုပ်ရည်ချောမောလှပတဲ့အပြင် ဆံပင်ဟာ နက်မှောင်ရှည်လျားပြီး ကျက်သရေရှိလှတဲ့အတွက် စိတ်ဝင်စားစရာကောင်းနေတာကြောင့် အမျိုးသားများဟာ ကျွန်မရဲ့ခြံဝန်းထဲမှာ ပြတ်တယ်လို့မရှိပါဘူး။

ဒါကို မနာလိုဖြစ်ကြတဲ့ အိမ်နားနီးချင်း မိန်းမများက ကျွန်မအိမ်က အစေခံမကို လာဘ်ထိုးပြီး ကျွန်မလျှော်မယ့် ခေါင်းလျှော်ရည်ထဲမှာ ဆံပင်ကျွတ်ပြီး ပြန်မပေါက်တော့တဲ့ဆေးများကို ထည့်ထားကြပါတယ်။

ဒါ့ကြောင့် မြို့ပြင်ကမြစ်ထဲ ရေဆင်းချိုးတဲ့အခါ အဲဒီခေါင်းလျှော်ရည်ကို ထည့်လျှော်မိတာကြောင့် ဆံပင်တွေအကုန်လုံး ကျွတ်ကျသွားပါတယ်။ အမွေးနုတ်ခံလိုက်ရတဲ့ခိုမတစ်ကောင်လို ရွံရှာစက်ဆုပ်စရာကြီး ဖြစ်သွားရတာကြောင့် မြို့ထဲကို အတော်နဲ့ပြန်မဝင်ရဲပဲ မြို့ပြင်မှာနေနေရပါတယ်။

ရက်အတော်ကြာမှာ မြို့ထဲသို့ပြန်ဝင်ပြီး မိန္ဒာဝိုင်ဖြစ်တဲ့ သေရည်အရက်ကို ရောင်းစားမိပြန်တယ်။ ဘယ်ယောကျ်ားကမှ စိတ်မဝင်စားကြတော့လို့ ပြည့်တန်ဆာအလုပ်ကိုတော့ မလုပ်ဖြစ်တော့ပါဘူး။ တစ်နေ့မှာ ဆွမ်းခံကြွလာတဲ့ ရဟန္တာတစ်ပါးကို ကြည်ညိုလွန်းလို့ ဆီချည်ထွေးလို့ခေါ်တဲ့ နမ်းမှုန့်ညက်ကြော်ကို ကပ်လှူလိုက်ပါတယ်။

ဆံပင်နဲ့ ခန္ဓာကိုယ်အလှကိုလဲ ပြန်ဆုတောင်းမိပါတယ်။ ရဟန္တာအရှင်မြတ်ကြီးကို လှူခဲ့ရတဲ့ ဒါနကုသိုလ်ကြောင့် အခုလို ရွှေဗိမာန်ကြီးနဲ့ လာပြီးနေရတာပါ။"

"ဒါနဲ့ မောင်ကြီးတို့ရောက်စက နမကိုယ်မှာ အဝတ်မရှိဘူးလို့ဆိုတယ်။ အဲတာကရော ဘယ်လိုအကုသိုလ်ကြောင့်လဲ နမရဲ့"

"အဲတာကတော့၊ ကုသိုလ်အားလုံးရဲ့ မိခင်နဲ့တူတဲ့ သီလကို မစောင့်ထိန်းခဲ့တဲ့ အတွက်ကြောင့်ပါ။ တစ်နေ့မှာ အရက်သမားသုံးယောက် လမ်းပေါ်မှာမူးလဲပြီး အိပ်ပျော်နေကြတယ်။ လောဘတက်မိတဲ့ ကျွန်မဟာ အရက်သမားတွေကိုယ်က အဝတ်အစားတွေကိုချွတ်ပြီး ခိုးယူခဲ့မိတယ်"

# ဘုရားနှစ်ဆူကြားမှ ကိုယ်လုံးတီးဘဝ

"အဲဒီအကုသိုလ်ကံကြောင့် ကျွန်မဟာ ဒီဝိမာန်ကြီးထဲမှာ အဝတ်ကန်းဆာကင်းတဲ့ ဝေမာနိကပြိတ္တာမအဖြစ် ဘုရားနှစ်ဆူပွင့်တဲ့ကာလကြာအောင် နေခဲ့ရပါတယ်။ ကုသိုလ်၊ အကုသိုလ် နှစ်မျိုးလုံး ရောပြုခဲ့တဲ့အတွက် ကောင်းကျိုးဆိုးကျိုးတွေကိုလည်း နှစ်မျိုးတွဲပြီး ခံစားရတာပါ။

"ကျွန်မပြုခဲ့တဲ့ အကုသိုလ်ကံတွေဟာ မကုန်သေးပါဘူး။ နောက်လေးလကြာတဲ့အခါ ဒီဘဝကသေလွန်ပြီး အဝီစိငရဲမှာ သွားခံရဦးမှာပါ"

စကားအဆုံးတွင် ဝိမာန်ရှင်မသည် ရှိက်ကြီးတငင် ငိုယိုလေသည်။ ကုန်သည်များသည် အထူးဆန်းဆုံးသောသူနှင့် သနားစရာအကောင်းဆုံးသောသူကို တစ်ဆက်တည်း တွေ့မြင်ကြရခြင်းပင်ဖြစ်၏။ ဘုရားနှစ်ဆူပွင့်သည်အထိ ကိုယ်လုံးတီးနှင့်နေခဲ့ရသည့်အဖြစ်ကို သနားလို့မှမဆုံးသေးယခုတစ်ဖန် အဝီစိငရဲသို့ ဆက်ကျရဦးမည်ဟု သိလိုက်ရသောအခါ သူတို့၏ရင်ထဲတွင် နင့်ခနဲနေအောင် သနားမိကြသည်။

ထို့ကြောင့်လည်း ဝိမာန်ရှင်မ ငရဲမကျအောင် ကယ်တင်နိုင်မည့်သူကို ရှာဖွေကြည့်ကြသောအခါ ကိုသီလကိုသာ တွေ့ကြပြန်၏။ ကုန်သည်အပေါင်းတို့၏ မျက်လုံးအကြည့်တို့သည် ကိုသီလထံသို့ ဒုတိယအကြိမ်မြောက် ရောက်ရှိသွားကြပြန်လေသည်။ ကုန်သည်တို့နည်းတူ ကိုသီလသည်လည်း ဝိမာန်ရှင်မကို သနားမိသည်သာဖြစ်၏။

ထို့ကြောင့်လည်း ဝိမာန်ရှင်မ ငရဲကျမည့်ဘေးမှ လွတ်မြောက်မည့်နည်းလမ်းများကို မျက်စိမှိတ်ပြီး တွေးနေမိသည်။ ဥပါသကာတစ်ယောက်သာဖြစ်သည့်အတွက် သူကိုယ်ပိုင်ဉာဏ်နှင့်ကား ကြံစည်နိုင်သည်မဟုတ်ပါ။ ဗုဒ္ဓနှင့်သံဃာတော်များထံမှ နာကြားရသော တရားတော်များကိုမှီပြီး စဉ်းစားနေခြင်းပင်ဖြစ်ပါ၏။

ဗိမာန်ရှင်မသည် တစ်ပေါက်ပေါက်ကျဆင်းနေသော မျက်ရည်များကြားမှ မျှော်လင့်အားထားချက်ကြီးစွာဖြင့် ကိုသီလကို လှမ်းကြည့်နေသည်။ ကုန်သည်တို့ကလည်း ကျချင်နေသောမျက်ရည်များကို မျက်တောင်များဖြင့် ပုတ်ခတ်ထုတ်ရင်း ကိုသီလတစ်ယောက် ဘယ်လိုနည်းနှင့်များ ဗိမာန်ရှင်မကို ငရဲမကျအောင် ကယ်တင်လေမည်နည်းဟူသော စိတ်ဇောဆန္ဒ ထက်သန်စွာဖြင့် ကိုသီလကိုပင် စိုက်ကြည့်နေကြသည်။ အယူခြားဆုံးကား ကိုဒေဝတစ်ယောက် ကိုသီလရှိရာသို့ လက်အုပ်ချီလျက် မှားမိသည့်ဝန်တာကို အသံတိတ် တောင်းပန်နေခြင်းပါတည်း။

ခဏအကြာတွင် မှိတ်ထားသောကိုသီလ၏မျက်စိများ ဖြည်းဖြည်းချင်းပွင့်လာပြီး အများမျှော်လင့်နေကြသည့် ဗိမာန်ရှင်မ ငရဲမကျမည့်နည်းများကို ပြောပြပါတော့သည်။

"နှမ၊ ဝမ်းနည်းအားငယ်စိတ်များကို ဖြေဖျောက်လိုက်ပါတော့။ အဝီစိငရဲသို့ မလွတ်တမ်းကျရမယ့် အကုသိုလ်ကံဟာ ခြောက်မျိုးပဲရှိပါတယ်။ နှမပြုခဲ့တဲ့ အကုသိုလ်ကံဟာ အဲဒီခြောက်မျိုးထဲမှာ မပါပါဘူး။ ဒါ့ကြောင့် ငရဲမကျအောင် ကုသိုလ်ကံများနှင့် တားဆီးနိုင်ပါတယ်"

"အဝီစိငရဲသို့ မလွတ်တမ်းဆွဲချမယ့် အကုသိုလ်ကံတွေကို သိခွင့်ရရင် သိချင်ပါတယ် မောင်ကြီးရယ်။ ကျွန်မဟာ ဘုရားနှစ်ဆူ ပွင့်တဲ့ကာလအတွင်းမှာ ဘုရားဟောတဲ့တရားတော်ကို ဒီတစ်ခါပဲ မောင်ကြီးဆီက နာယူဖူးတာပါ။ ဒါကြောင့်မို့လို ဆက်လက်ပြီး နာယူချင်ပါသေးတယ်"

"သိလို့ရပါတယ်နှမ၊ အဝီစိငရဲသို့ မလွတ်တမ်းဆွဲချမယ့် အကုသိုလ်ကံတွေကတော့ -

## အဝိစိဆွဲချမည့် အကုသိုလ်ကံများ

အမေသတ်သော အကုသိုလ်ကံ
အဖေသတ်သော အကုသိုလ်ကံ
ရဟန္တာသတ်သော အကုသိုလ်ကံ
ဘုရားရှင်ကို သွေးစိမ်းတည်အောင်လုပ်သောအကုသိုလ်ကံ
သံဃာသင်းခွဲသော အကုသိုလ်ကံ

ဒါနပြုခြင်း၊ သီလဆောက်တည်ခြင်းဆိုတဲ့ ကုသိုလ်ဆိုတာ မရှိဘူး။ သူ့အသက်ကိုသတ်တဲ့အတွက်၊ ခိုးတဲ့အတွက်၊ အကုသိုလ်ဆိုတာမဖြစ်ဘူး။ ထိုကုသိုလ် အကုသိုလ်တို့ရဲ့ ကောင်းကျိုးဆိုးကျိုးဆိုတာမရှိဘူးလို့ အယူမှားတဲ့ နိယတမိစ္ဆာဒိဋ္ဌိ အကုသိုလ်ကံ။

ဒီကံခြောက်ပါး တစ်ပါးပါးရှိနေရင်တော့ အဝီစိငရဲသို့ မလွတ်တမ်းကျရပါတယ်။ ဒီကံကြီးခြောက်ပါးကိုတော့ လေးလံအားကောင်းလွန်းတဲ့အတွက် ဂရုကံလို့ခေါ်ပါတယ်။ ကျန်တဲ့အကုသိုလ်ကံတွေကိုတော့ ပေါ့ပါးတဲ့အတွက် လဟုကံလို့ခေါ်ပါတယ်။

"အကုသိုလ် လဟုကံလေးတွေကိုတော့ လောကီကုသိုလ်နဲ့တောင် တားဆီးလို့ရနိုင်ပါတယ်။ ဒါကြောင့် နမအနေနဲ့ မသေခင်စပ်ကြားမှာ ကုသိုလ်တွေကို များများပြုလုပ်ရမယ်။ ရေများရေနိုင်၊ မီးများမီးနိုင်ဆိုတဲ့ အတိုင်း ကုသိုလ်တွေကို များများလုပ်နိုင်ရင် အကုသိုလ်တွေက အကျိုးပေးခွင့်မသာဘဲ နောက်ဆုတ်သွားမှာပါ"

"ဒါဆိုရင် ကျွန်မပြုလုပ်လို့ရနိုင်မယ့် ကုသိုလ်တွေကို မောင်ကြီးက သင်ပေးပါ။ ကျွန်မ အချိန်ပြည့် လိုက်နာကျင့်သုံးပါမယ်"

"ပထမဆုံးအနေနဲ့ နမဆီသို့ရောက်လာတဲ့ ဒီကုန်သည်ခုနစ်ရာကို နမရဲ့တန်ခိုးနဲ့ပြီးတဲ့ အစားအသောက်တွေကို ကျွေးမွေးပါ။ အဝတ်အစား

တွေကိုလဲ ပေးကမ်းပါ။ ပြီးတော့ နမကို သရဏဂုံနဲ့ ငါးပါးသီလ ဆောက်တည်ပေးခဲ့ပါ့မယ်။ ဒီသရဏဂုံနဲ့ ငါးပါးသီလကို တစ်သက်ပတ်လုံးစွဲမြဲပါ''

''မောင်ကြီးတို့ သာဝတ္ထိမြို့မှာ ဂေါတမမြတ်စွာဘုရား ပွင့်တော်မူနေပါပြီ။ မြတ်စွာဘုရားကိုရည်မှန်းပြီး သင်္ကန်းတစ်စုံ လှူဒါန်းလိုက်ပါ။ နမကိုယ်စား ဘုရားရှင်ကို ကပ်လှူပေးပါ့မယ်။ ဒီကုသိုလ်ကံတွေနဲ့ ထုံမွမ်းလိုက်ရင် နမဟာ ငရဲဘုံသို့မကျတော့ပဲ နတ်ရွာသုဂတိသို့ ရောက်မှာ အသေချာပဲ''

ကိုသီလ၏စကားအတိုင်း ဗိမာန်ရှင်မသည် အစားအသောက် အဝတ်အထည်များကို ကုန်သည်တို့အားလှူဒါန်းသည်။ ဗုဒ္ဓအတွက်လည်း သင်္ကန်းတစ်စုံ လှူဒါန်းလိုက်သည်။ ကိုသီလတို့လှေကြီးကိုလည်း သူ၏ တန်ခိုးဖြင့် သာဝတ္ထိသို့ ခဏချင်းနှင့်ရောက်သွားအောင် ပို့ပေးလိုက်သည်။ သူသည် သရဏဂုံနှင့် ငါးပါးသီလကိုလည်း စွဲမြဲစွာဆောက်တည်ခြင်းကြောင့် ထိုပြိတ္တာဘဝမှသေသောအခါ လူသက်နှင့် သုံးကုဋေနှင့် အနှစ်ခြောက်သန်း အသက်ရှည်သော တာဝတိံသာ နတ်ပြည်သို့ ရောက်ခဲ့ရလေသည်။

(**မှတ်ချက်**) ပေဝတ္ထုပါဠိတော် ခလ္လာဋိယပေတိဝတ္ထုကို ခေတ်လူများ နားလည်စေမည့်ပုံစံဖြင့် တန်ဆာဆင်ရေးဖွဲ့သည်။

**သဗ္ဘိရေဝ သမာသေထ**
**သဗ္ဘိကုဗ္ဗေထသန္ထဝံ**
**သတံ သဒ္ဓမ္မ မညာယ**
**သေယျောဟောတိ နပါပိယော**

**(သံယုတ်ပါဠိတော်၊ သဗ္ဘိသုတ်)**

သူတော်ကောင်းတို့နှင့်သာ ပေါင်းသင်းဆက်ဆံရာ၏။
သူတော်ကောင်းနှင့် ပေါင်းသင်းခြင်းကိုပြုရာ၏။
သူတော်ကောင်းတို့၏တရားကို သိရ၍

မြင့်မြတ်သည်ထက် မြင့်မြတ်လာ၏။
ယုတ်မာခြင်းဟူ၍ မဖြစ်နိုင်။

◆◆◆ ❖ ◆◆◆

၁၃၆၀ ခုနှစ်၏ တစ်ခုသောရက်တွင် ဒကာတစ်ယောက် ရောက်လာပြီး "မနက်ဖြန် တပည့်တော်အိမ်သို့ သင်္ကန်းအလှူခံရန်နဲ့ နေ့ဆွမ်းဘုဉ်းပေးရန် ကြွတော်မူပါဘုရား"ဟု လျှောက်၏။ ထို့ကြောင့် စာရေးသူမေးလိုက်၏။

"ဘယ်နှစ်ပါးလဲ ဒကာကြီး"

"ဆရာတော်အပါအဝင် ငါးပါးပါဘုရား။ တပည့်တော် အရေးကြီးတာလေးတစ်ခု ကြုံပြီး လျှောက်ထားချင်သေးတယ်"

"ဘာများတုန်း ဒကာကြီး"

"တပည့်တော်တို့မိသားစုမှာ စိတ်ဆင်းရဲစရာလေးတစ်ခု ကြုံနေရပါတယ်ဘုရား။ အဲဒါကတော့ ပြီးခဲ့တဲ့လက တပည့်တော်တို့ မိသားစု ဇာတိရွာကျောင်းသို့ပြန်ပြီး ကထိန်ခင်းကြပါတယ်ဘုရား။ ကထိန်ပွဲအပြီးမှာပဲ အဲဒီရွာထိပ်က ချောင်းထဲမှာ အသက် (၁၇)နှစ်လောက်သာရှိသေးတဲ့ တပည့်တော်ရဲ့သားတစ်ယောက် ရေနစ်လို့ ဆုံးခဲ့ရပါတယ်ဘုရား"

လျှောက်ထားသောစကားများတွင် ဆို့နှစ်ကြေကွဲသံများ ပါလာသဖြင့် စာရေးသူပါ စိတ်မကောင်းဖြစ်သွားရသည်။ ဒကာက ဆက်လက်၍ လျှောက်ပြန်သည်။

"အဲဒီကိစ္စအတွက် တပည့်တော်ရဲ့ ဒကာမကြီးဟာ သားအတွက် မဖြေဆည်နိုင်လောက်အောင် ခံစားနေရပါတယ်ဘုရား။ တပည့်တော်ကတော့ ယောကျ်ားသားကြောင့် သည်းခံနိုင်ပါတယ်။ သားရဲ့အမေကတော့ ငါတို့ မိသားစုဟာ ဒီရပ်ကွက်မှာ ကုသိုလ်အပြုဆုံး၊ ဒါန၊ သီလ၊ ဘာဝနာတွေကို

လည်း အစုံလုပ်တယ်။ အခုလည်း ဒီတောရွာကို ကထိန်ခင်းပြီး ကုသိုလ် လုပ်ရအောင်သွားတာ။

ဒီလောက်ကုသိုလ်တွေလုပ်နေတဲ့ကြားက ငါ့သားဟာ ဘာဖြစ်လို့ အသေဆိုးနဲ့သေရသလဲဆိုတဲ့မေးခွန်းကို လာသမျှပုဂ္ဂိုလ်တိုင်း မေးမေးပြီး ငိုပါတယ်ဘုရား၊ အခုအချိန်ထိ သူ့ကျေနပ်လောက်တဲ့ အဖြေကို မရသေး ပါဘူးဘုရား။ ဆရာတော်က စာရေးကောင်းသလို တရားဟောလည်း ကောင်းတယ်ဆိုလို့ သေချာလာပင့်တာပါဘုရား"

ဒကာကြီး လျှောက်ထားချက်ကို ကြားပြီးကတည်းက ဒါယိကာမကြီး ရဲ့ သောကပြေနိုင်လောက်သော ဟောကွက်၊ ပြောကွက်များကို အချိန်ယူပြီး စဉ်းစားရသည်။ နောက်တစ်နေ့ ဆွမ်းစားကြွသောအခါတွင်လည်း ဟောရမည့် တရားအကြောင်းကိုသာ တွေးနေမိသည်။ ဆွမ်းစားပြီးသည်နှင့် တရားပွဲ စပါလေပြီ။

ကျွန်ုပ်က ညှိုးငယ်သောမျက်နှာနှင့် တရားနာလျက်ရှိသော ဒါယိကာမ ကြီးကို အာရုံပြုလျက် -

"ဒကာမကြီးတို့ရဲ့ ဘဝသံသရာဟာ ရှည်လျားလှပါပြီ။ သတ္တဝါ တစ်ယောက်ရဲ့ဘဝဟာ ဘယ်ကစခဲ့တယ်ဆိုတာကို မသိနိုင်လို့ ဗုဒ္ဓက အနမတဂ္ဂသဒ္ဒါနဲ့ ဟောတော်မူခဲ့တာပါ။ ဒီလောက်ဘဝများစွာ ကျင်လည် ကြစဉ်တုန်းက ကောင်းတဲ့ဘဝလည်း ရောက်ခဲ့ကြပါလိမ့်မယ်။ မကောင်း တဲ့ဘဝလည်း ရောက်ခဲ့ကြရပါလိမ့်မယ်။

ကောင်းတဲ့ဘဝတုန်းက ကောင်းတဲ့ကုသိုလ်တွေပြုခဲ့သလို မကောင်း တဲ့ဘဝတုန်းကလည်း မကောင်းတဲ့အကုသိုလ်တွေကို ပြုခဲ့ကြပါတယ်။ ကုသိုလ်လုပ်လုပ်၊ အကုသိုလ်လုပ်လုပ်၊ ကောင်းကျိုး ဆိုးကျိုးပေးဖို့ စေ (၇)ချက် စောပါတယ်။

အဲဒီ (၇) ချက်ထဲက ပထမဇောစေတနာက အခုဘဝမှာပဲ အကျိုးပေးပါတယ်။ အကျိုးပေးခွင့်မရရင် ပျက်သွားတတ်ပါတယ်။ သတ္တမဇောစေတနာက ဒုတိယဘဝမှာ အကျိုးပေးပါတယ်။ သတ္တမဇောဟာလဲ အကျိုးပေးခွင့်မရရင် ပျက်သွားတတ်ပါတယ်။ ကောင်းကျိုး ဆိုးကျိုးမပေးရပဲနဲ့ ဘယ်တော့မှပျက်မသွားတဲ့ ဇောစေတနာကတော့ အလယ်ဇော (၅) ချက်ပဲ ဖြစ်ပါတယ်။

ဒီအလယ်ဇော (၅)ချက်စေတနာက တတိယဘဝကစပြီး စတုတ္ထဘဝ၊ ပဉ္စမဘဝစသည်အားဖြင့် နိဗ္ဗာန်မရမချင်း မဖြစ်မနေလိုက်ပြီး အကျိုးပေးတတ်ပါတယ်။ အတိတ်ဘဝကပါလာတဲ့ ကံဆိုတာ အဲဒီအလယ်ဇော (၅) ချက်စေတနာကို ပြောတာပဲဖြစ်ပါတယ်။

အခုဘဝမှာ အကျိုးပေးတဲ့ ပထမဇောစေတနာကို ဒိဋ္ဌဓမ္မဝေဒ နီယကံလို့ ခေါ်ပါတယ်။ ဒုတိယဘဝမှာ အကျိုးပေးတဲ့ သတ္တမဇော စေတနာကိုတော့ ဥပပဇ္ဇဝေဒနီယကံလို့ ခေါ်ပါတယ်"

## အလယ်ဇော (၅) ချက်ရဲ့ကျေးကျွန်များ

"တတိယဘဝကစပြီး နိဗ္ဗာန်မရောက်မချင်း ဘဝတစ်ခုခုမှာ ကျန်မှချလိုက်ပြီး အကျိုးပေးတဲ့ အလယ်ဇော (၅) ချက်စေတနာကိုတော့ အပရာပရိယဝေဒနီယကံလို့ ခေါ်ပါတယ်။ ဒီအပရာပရိယ ဝေဒနီယကံကြီးကို ရှင်၊ လူ၊ သတ္တဝါအားလုံး ခေါင်းပေါ်မှာ ရွက်ထားကြရတယ်။

"ကောင်းကံရော၊ ဆိုးကံရော အကုန်လုံး ရွက်ထားကြရတော့ ကောင်းကံအလှည့်ရောက်တဲ့အခါ ကောင်းကျိုးခံစားကြရတာပေါ့။ ဆိုးကံအလှည့်ရောက်တဲ့အခါလဲ ဆိုးကျိုးကိုခံစားကြရပြန်တာပေါ့။ အလယ်ဇော (၅)ချက်ရဲ့ ကျေးကျွန်တွေဆိုရင် မမှားပါဘူး။ ဒါကြောင့်လည်း မန်လည်ဆရာတော်ကြီးက -

ရှင်လူသတ္တဝါ ထိုများစွာကား၊
အပရာပရိယကံကိစ္စနှင့်
ကင်းကြသူဘိ၊ မည်မရှိရှင့်
မသိနိုင်တောင်း၊ ကံဆိုးကောင်းကို၊
ဥကျောင်းရှက်၍၊ အချက်သင့်ရာ၊
ခံရစွာ၏။

လို့ ရေးစပ်တော်မူခဲ့တာပေါ့။ ရှင်လူသတ္တဝါတွေ အပရာပရိယ ဝေဒနီယကံကြီး ပြုသမျှနှနေကြရတဲ့အကြောင်းကို သာဓကတစ်ခုလောက် ထုတ်ပြချင်တယ်။ ဓမ္မပဒမှာလာတဲ့ မဟာကာဠဆိုတဲ့ ဥပသကာကြီး အကြောင်းပါ။ သူဟာ သာဝတ္ထိမြို့သားတစ်ယောက်ပါပဲ။ ဒါန၊ သီလ၊ ဘာဝနာအပြည့်ရှိတဲ့ သူတော်ကောင်းကြီးတစ်ယောက်လည်း ဖြစ်တယ်။

သူရဲ့ကောင်းတဲ့အကြောင်းတွေကို ပြောရရင် ငါးပါးသီလကို ခါးဝတ် ပုဆိုးလို မြဲတယ်။ ရှစ်ပါးသီလကိုလဲ ဝါတွင်းဝါပ ဥပုသ်နေ့တိုင်း စောင့် ထိန်းတယ်။ ဒီလိုနဲ့ ဥပုသ်နေ့တစ်နေ့မှာတော့ ရှစ်ပါးသီလယူပြီး ဇေတဝန် ကျောင်းတော်မှာ တစ်နေကုန်နေတယ်။ ဂုဏ်တော်ပွားလိုက်၊ ဝိပဿနာရှု လိုက်ပေါ့လေ၊ တစ်ချိန်မှ အလကားမနေဘူး။

ညကျပြန်တောလည်း ဘုရားရှင်နဲ့တကွ သံဃာတော်များ ဟောကြား ကြတဲ့ တရားတော်ကို တစ်ညလုံး နာယူတယ်။ မိုးလင်းမှ ကျောင်းတော် ကထွက်လာခဲ့ပြီး ရေကန်ကြီးတစ်ကန်နားမှာ မျက်နှာသစ်ပြီး ကိုယ်လက် သုတ်သင်နေတယ်။ ဒီအချိန်မှာ အိမ်တစ်အိမ်ဝင်ခိုးတဲ့ သူခိုးတစ်ယောက်ကို မြို့လူထုက ဝိုင်းလိုက်ကြတယ်။ အားကုန်ပြေးလာတဲ့သူခိုးဟာ လွတ်ဖို့လမ်း မမြင်တော့တာကြောင့် ပစ္စည်းအထုပ်ကို မဟာကာဠဥပသကာရဲ့အနားမှာ ပစ်ချပြီး ရှေ့ဆက်ပြေးသွားတယ်။

ရေကန်ဘက်မျက်နှာမူနေတဲ့ မဟာကာဠ ဥပါသကာကြီးဟာ ဥစ္စာထုပ်ကြီးကို သူခိုးချထားခဲ့တာ သိတောင်မသိရှာဘူး။ ဒီအချိန်မှာပဲ သူခိုးနောက်က လိုက်လာကြတဲ့လူအုပ်ကြီး အနားရောက်လာကြပြီး ဥစ္စာထုပ်ကိုလည်းတွေ့ရော သူခိုးက ဥပုသ်သည်ယောင်ဆောင်နေတာ ဖြစ်မှာဆိုပြီး ဝိုင်းရိုက်ကြလို့ မဟာကာဠ ဥပါသကာကြီးဟာ ရေကန်နားမှာပင် သေသွားရှာတယ်။

မဟာကာဠ ဥပါသကာရဲ့ အဖြစ်ဆိုးကို သိလိုက်ကြတဲ့ ရဟန်းတော်များဟာ စုပ်တသပ်သပ်ဖြစ်အောင် သနားနေမိကြတယ်။ မဟာကာဠလို သူတော်ကောင်းဥပါသကာမျိုးဟာ ဒီလိုအသေဆိုးနဲ့သေရတာ မသင့်တော်ဘူး။ မလျှောက်ပတ်ဘူးလို့ ဝိုင်းစုပြီး ပြောကြတယ်။ ဒီအချိန်မှာ မြတ်စွာဘုရားကြွတော်မူလာပြီး

"ချစ်သားတို့၊ မဟာကာဠ ဥပါသကာရဲ့ အခုဘဝအခြေအနေနဲ့ ကြည့်မယ်ဆိုရင် ဒီသေခြင်းမျိုးနဲ့ မထိုက်တန်ဘူးလို့ဆိုရပေမယ့် သူ့ရဲ့ အတိတ်ဘဝတစ်ခုအနေနဲ့ ကြည့်မယ်ဆိုရင်တော့ ဒီသေခြင်းဟာ သူ့အတွက် ထိုက်တန်သော သေခြင်းဖြစ်တယ်လို့ မိန့်တော်မူပါတယ်။ ဒီအခါမှာ ရဟန်းတော်များက မဟာကာဠ ဥပါသကာရဲ့ အတိတ်အကြောင်းကို ဟောတော်မူပါလို့ တောင်းပန်ကြလို့ ဗုဒ္ဓက ဆက်လက်ပြီး ဟောကြားတော်မူပါတယ်။

မဟာကာဠ ဥပါသကာဟာ တစ်ခုသောဘဝမှာ ဗာရာဏသီမင်းရဲ့ နိုင်ငံတွင်း၊ တစ်ခုသော ပစ္စန္တရာဇ်ရွာမှာ မင်းခယောကျ်ား ရွာစားကြီး တစ်ယောက် သွားဖြစ်ပါတယ်။ သူ့တာဝန်က ခရီးသည်များ သူပုန်ဘေးက ဝေးရအောင် တောအုပ်တစ်ခုကို ဖြတ်ပြီးပို့ပေးရတာပါပဲ။ တစ်ခါတော့ ညားကာစနီးမောင်နှံနှစ်ယောက်ဟာ ဒီတောအုပ်ကို ဖြတ်ဖို့ လှည်းတစ်စီးနဲ့ ရောက်လာကြပါတယ်။

ရေကန်ဘက်မျက်နှာမူနေတဲ့ မဟာကာဠ ဥပါသကာကြီးဟာ ဥစ္စာထုပ်ကြီးကို သူခိုးချထားခဲ့တာ သိတောင်မသိရှာဘူး။ ဒီအချိန်မှာပဲ သူခိုးနောက်က လိုက်လာကြတဲ့လူအုပ်ကြီး အနားရောက်လာကြပြီး ဥစ္စာထုပ်ကိုလည်းတွေ့ရော သူခိုးက ဥပုသ်သည်ယောင်ဆောင်နေတာ ဖြစ်မှာဆိုပြီး ဝိုင်းရိုက်ကြလို့ မဟာကာဠ ဥပါသကာကြီးဟာ ရေကန်နားမှာပင် သေသွားရှာတယ်။

မဟာကာဠ ဥပါသကာရဲ့ အဖြစ်ဆိုးကို သိလိုက်ကြတဲ့ ရဟန်းတော်များဟာ စုပ်တသပ်သပ်ဖြစ်အောင် သနားနေမိကြတယ်။ မဟာကာဠလိုသူတော်ကောင်းဥပါသကာမျိုးဟာ ဒီလိုအသေဆိုးနဲ့သေရတာ မသင့်တော်ဘူး။ မလျှောက်ပတ်ဘူးလို့ ဝိုင်းစုပြီး ပြောကြတယ်။ ဒီအချိန်မှာ မြတ်စွာဘုရားကြွတော်မူလာပြီး

"ချစ်သားတို့၊ မဟာကာဠ ဥပါသကာရဲ့ အခုဘဝအခြေအနေနဲ့ကြည့်မယ်ဆိုရင် ဒီသေခြင်းမျိုးနဲ့ မထိုက်တန်ဘူးလို့ဆိုရပေမယ့် သူ့ရဲ့အတိတ်ဘဝတစ်ခုအနေနဲ့ ကြည့်မယ်ဆိုရင်တော့ ဒီသေခြင်းဟာ သူ့အတွက် ထိုက်တန်သော သေခြင်းဖြစ်တယ်လို့ မိန့်တော်မူပါတယ်။ ဒီအခါမှာ ရဟန်းတော်များက မဟာကာဠ ဥပါသကာရဲ့ အတိတ်အကြောင်းကို ဟောတော်မူပါလို့ တောင်းပန်ကြလို့ ဗုဒ္ဓက ဆက်လက်ပြီး ဟောကြားတော်မူပါတယ်။

မဟာကာဠ ဥပါသကာဟာ တစ်ခုသောဘဝမှာ ဗာရာဏသီမင်းရဲ့ နိုင်ငံတွင်း၊ တစ်ခုသော ပစ္စန္တရာဇ်ရွာမှာ မင်းခယောကျ်ား ရွာစားကြီး တစ်ယောက် သွားဖြစ်ပါတယ်။ သူ့တာဝန်က ခရီးသည်များ သူပုန်ဘေးက ဝေးရအောင် တောအုပ်တစ်ခုကို ဖြတ်ပြီးပို့ပေးရတာပါပဲ။ တစ်ခါတော့ ညားကာစနီးမောင်နှံနှစ်ယောက်ဟာ ဒီတောအုပ်ကို ဖြတ်ဖို့ လှည်းတစ်စီးနဲ့ ရောက်လာကြပါတယ်။

တာဝန်အရ တောအုပ်ကို ချက်ချင်းဖြတ်ပြီး ပို့ပေးလိုက်ရပါပဲ။ ဒါပေမယ့် သူက ပို့မပေးသေးဘဲ အချိန်မရှိတော့ဘူး။ နောက်နေ့မှ ဖြတ်ပါ၊ နစ်ယောက်စလုံးအတွက် နေဖို့စားဖို့ တာဝန်ယူပါတယ်ဆိုပြီး သူ့နေရာကို ခွတ်ခေါ်သွားတယ်။ ညရောက်တဲ့အခါ ခရီးသည်လင်မယားရဲ့ လှည်းအိမ်ပေါ်မှာ သူ့ရဲ့ပတ္တမြားတစ်လုံးကို ဖွက်ထားလိုက်တယ်။

နောက်တစ်နေ့မနက်ကျတော့မှ တပည့်တွေကို ပတ္တမြားပျောက်တယ်။ လမ်းကဖြတ်လာသမျှလူအားလုံးကို လိုက်ရှာကြလို့ အမိန့်ပေးလိုက်ပါတယ်။ အဲဒီအချိန်မှာ ဘာမှမသိရှာဘဲ လှည်းနဲ့ထွက်လာကြတဲ့ လင်မယားကို ဝိုင်းရှာကြပြီး လှည်းပေါ်မှာ ပတ္တမြားတွေ့တဲ့အခါ ရွာစားအမိန့်နဲ့ ခရီးသွားယောက်ျားကို ရိုက်သတ်လိုက်ကြပါတယ်။

အမျိုးသမီးကိုတော့ မဟာကာဠအလောင်းရွာစားကြီးက သိမ်းယူလိုက်ပါတယ်။ အဲဒီ ပါဏာတိပါတကံ၊ ကာမေသုမိစ္ဆာစာရကံတွေကြောင့် သေတဲ့အခါ အဝီစိငရဲမှာ ကမ္ဘာနဲ့ချီပြီးခံရပါတယ်။ ငရဲကလွတ်တဲ့အခါ ကြွင်းကျန်တဲ့အကျိုးအနေဖြင့် အရာမကဘဝတို့မှာ အခုလို သူတစ်ပါးအရိုက်အနက်ခံပြီးမှ သေခဲ့ရပါတယ်။

တရားနာပရိသတ်များလည်း ဒီအဖြစ်ဆိုးမျိုးနဲ့ ကြုံလာကြရင် မိမိသန္တာန်မှာ အကုသိုလ်မဖြစ်အောင် ဖြေနိုင်ကြပါစေလို့ ဆုတောင်းရင်း တရားကို နိဂုံးချုပ်ပါတယ်''

တရားအဆုံးမှာ ကြည်လင်သွားတဲ့ ဒါယိကာမကြီးရဲ့မျက်နှာကို ထောက်ချင့်သောအားဖြင့် တရားကို သဘောပေါက်၊ နားလည်သွားပြီဆိုတာ ထင်ရှားပါတယ်။ ရေစက်ချပြီးတဲ့အခါမှာတော့ ဒါယိကာမကြီးက ကြည်နူးချမ်းမြေ့စွာနှင့် ဖွင့်ဟပြီး လျှောက်ထားပါတယ်။

''တပည့်တော်ရဲ့ရင်ထဲက သောကဆူးငြောင့်ကြီး ပြုတ်သွားအောင် ဟောပေးတဲ့ ဆရာတော်ကို အထူးကျေးဇူးတင်ပါတယ်ဘုရား။ တပည့်တော်

တစ်ခုတောင်းပန်ချင်တာကတော့ ဥပစ္ဆေဒက အကုသိုလ်ကံနဲ့ သေရမယ့်သူတွေဟာ ဒီလိုပဲ ရင်စည်းခံကြရမလား။ ဒီကံရှိသူတိုင်း ဒီလိုပဲ သေကြရသလား။ ဥပစ္ဆေဒကကံကလွတ်အောင်လုပ်နိုင်တဲ့ ကုသိုလ်ကံတွေ မရှိတော့ဘူးလား။ ရှိရင် ဘယ်လိုကုသိုလ်တွေလဲဆိုတာ သေချာသိချင်ပါတယ် ဘုရား''

''အဲဒီအကြောင်းကတော့ ကျယ်ကျယ်ဝန်းဝန်းပြောမှ ကောင်းမယ်။ ပြည့်လည်းပြည့်စုံမယ်။ နားလည်း လည်ကြမယ်ပေါ့။ ဒီတော့ တစ်ချက်ခုတ်၊ နှစ်ချက်ပြတ်အနေနဲ့ဖြစ်အောင် ''ဘဝနဲ့ရင်းရသော အတွေးအမြင်များ'' စာအုပ်ထဲမှာ ဒီမေးခွန်းရဲ့ အဖြေကို ရေးလိုက်မယ်။ စာအုပ်ထွက်လာမှ ဒါယိကာမကြီး ဖတ်ကြည့်ပေါ့''

သိပ်ကောင်းပါတယ်ဘုရား၊ တပည့်တော် စောင့်ဖတ်ပါမယ်''

ယခုဖော်ပြလတ္တံ့သည်ကား စာရေးသူရေးသားထားသည့် ''ဘဝနှင့်ရင်းရသော အတွေးအမြင်များ'' လက်ရေးမူစာအုပ်မှ သီလနှင့်စပ်ဆိုင်သော ကောက်နုတ်ချက်အချို့ပင် ဖြစ်ပေသည်။

## အင်္ဂလန်ကစိန်ခေါ်ပွဲ

လူနှစ်ယောက်တို့သည် အဖြစ်ဆိုး (ဥပစ္ဆေဒက) ကံနှင့်ကြုံပြီး သေရမည့်ကံ ရှိနေတာလည်းတူ၏။ ထိုကံဆိုးရှိနေကြောင်းကို ကြိုတင်သိရတာလည်း တူ၏။ ထိုသို့ တူကြပါသော်လည်း တစ်ယောက်သောသူကား ထိုကံဆိုးအတိုင်း ဖြစ်သွားရ၏။ တစ်ယောက်သောသူကား အဖြစ်ဆိုးမှ လွတ်သွား၏။ အဘယ်ကြောင့်ပါနည်း။

အင်္ဂလန်ပြည်၊ လန်ဒန်မြို့တစ်နေရာရှိ လက္ခဏာဗေဒပါရဂူ ဆရာကြီး ကိုင်ရို၏ ရုံးခန်းတွင်း အသက် (၃၇)နှစ်အရွယ်ခန့် ဂေါ့ ဖရိုက်စ်ဆင်အမည်ရှိ

အင်္ဂလိပ်လူပျိုကြီးတစ်ယောက်သည် သူ၏လက်ဖဝါးများကို ဆရာကြီးကိုင်ရို ရှေ့ရှိ စားပွဲပေါ်တွင် ပက်လက်လှန်ဖြန့် ချထားလျက်ရှိသည်။

ဆရာကိုင်ရိုက ဂစ်ဆင်၏ လက်ဝါးမှ အရေးအကြောင်းများကို သေချာစူးစိုက်ကြည့်ပြီးလျှင်

"မစ္စတာဂျေါဖရီဂစ်ဆင်၊ (၁) နှစ်အတွင်း ခင်ဗျားဟာ ဒီအင်္ဂလန်နဲ့ အတော်ဝေးကွာတဲ့အရပ်မှာ အိမ်ထောင်ကျလိမ့်မယ်။ ခင်ဗျားတို့ဇနီးမောင်နှံဟာ တစ်နှစ်ပဲ ချစ်ခင်ပေါင်းသင်းရပြီး တစ်နှစ်စွန်းတာနဲ့ ခင်ဗျားဇနီးဟာ သေဆုံးမယ်။ ဇနီးသေဆုံးတာနဲ့ မကြာခင်မှာ ခင်ဗျားလည်း ဆုံးမှာပဲ"

"ဆရာရဲ့ ဟောကြားချက်ကိုသိရရင် ကျွန်တော်မိတ်ဆွေတွေက ဝိုင်းဟားကြမှာပဲ။ ကျွန်တော်မိန်းကလေးတွေ စိတ်မဝင်စားတာကို သူတို့ သေချာသိထားကြတာကိုး။ ကျွန်တော်ကိုယ်တိုင်ကလည်း တကယ့်ကို စိတ်မဝင်းစားတာ၊ ကမ္ဘာကျော်ဆိုပေမယ့် ဒီတစ်ခါတော့ ဆရာဟောတာ မှားလိမ့်မယ်ထင်တယ်"

"တစ်ခါမှတော့ မမှားဖူးသေးဘူး။ ဒီတော့ တစ်နှစ်ပြည့်အောင် စောင့်ကြည့်ဦးပေါ့လေ"

"တိုက်တိုက်ဆိုင်ဆိုင် ဒီမနက်က ကျွန်တော့်ဆီကို စစ်ရုံးက စာတစ်စောင်လာတယ်။ အိန္ဒိယမှာ အလုပ်တစ်ခုလက်ခံဖို့ အကြောင်းပါပဲ။ ကျွန်တော်လက်မခံနိုင်ကြောင်း ပြန်ကြားဖို့ စိတ်ကူးထားတယ်။ အခု ဆရာရဲ့ ဟောကြားချက်က အင်္ဂလန်နဲ့ ဝေးတဲ့တစ်နေရာမှာ အိမ်ထောင်ကျမယ်ဆိုတော့ ဒီဟောကြားချက် မှန်မမှန်သိရအောင် ကျွန်တော်ဒီအလုပ်ကို လက်ခံလိုက်မယ်"

ဂစ်ဆင်တစ်ယောက် ကိုင်ရို၏ ဟောကြားချက်၊ ဟုတ်မဟုတ် သိချင်သောကြောင့် အလုပ်ကိုလက်ခံကာ အိန္ဒိယနိုင်ငံသို့ ထွက်ခွာ လာခဲ့သည်။

ဘာသာရေးအရ ရိုင်းစိုင်းမှုဖြစ်သော သူတစ်ပါး အသက် သတ်ဖြတ်မှုသည် ဂစ်ဆင်တို့ အနောက်တိုင်းသားတွေအတွက်ကား ယဉ်ကျေးမှုဖြစ်နေပြန်သည်။

ထိုလုပ်ရပ်ကား တစ်ပတ်နှစ်ရက် စနေ၊ တနင်္ဂနွေနေ့များတွင် တော ပစ်ထွက်ခြင်းပါတည်း။ ဝမ်းရေးအတွက် မဖြစ်မနေလုပ်ခြင်းလည်း မဟုတ်ဘဲ ယုန်၊ သမင်၊ ဒရယ်စသော တိရစ္ဆာန်တို့၏ အသက်ကို အပျော်သတ်စား ကြခြင်းပင်ဖြစ်ပါ၏။

ကောင်းတာလုပ်လျှင် ကောင်းကျိုးခံစားရမည်။ မကောင်းတာလုပ်လျှင် မကောင်းကျိုးခံစားရမည်ဟူသော ကမ္မဿကတာ သမ္မာဒိဋ္ဌိ အမြင်မှန်မရှိ ခြင်း၏ ရလာဘ်ပင်တည်း။ တစ်နေ့ တောလိုက်ရင်းဖြင့် သူ၏မွေးဖွားရာ ဇာတိဖြစ်သော ဆွန်မာဆတ်နယ်သူ အင်္ဂလိပ်မလေးတစ်ယောက်နှင့် တွေ့ဆုံ ချစ်ကြိုက်ကာ ချက်ချင်းလက်ထပ်လိုက်တော့သည်။

လက်ထပ်ပြီးစ ပျော်ရွှင်စရာကောင်းသောအချိန်မှာပင် ဇနီးသည်လေး မှာ ဂစ်ဆင်၏ မှတ်စုတွင် ရေးထားသော ကိုင်ရို၏ ဟောစာတမ်းကို တွေ့လိုက်ရသည်နှင့် -

"ဆရာကိုင်ရိုဟောတာဆိုရင် မမှားနိုင်ဘူး။ (၁) နှစ်စွန်းတာနဲ့ သေမယ်ဆိုတာတော့ ကျွန်မမီးဖွားတဲ့အချိန် ဖြစ်မယ်ထင်တယ်"

ဟု ပြောလာသဖြင့် ဂစ်ဆင်မှာ မနေသာတော့ဘဲ ဇနီးသည်၏မွေးရက် နာရီတို့ကို အတိအကျရေးကာ ကိုင်ရိုထံပို့ပြီး ဘယ်လိုနည်းနှင့် သေဆုံး နိုင်ကြောင်း မေးမြန်းပါတော့သည်။ ကိုင်ရိုထံမှ စာပြန်လာသည်ကား -

သို့

မစ္စတာဂေါ့ဖရီဂစ်ဆင်

ခင်ဗျားဇနီးမှာ မီးဖွားချိန်တွင် သေဖို့အကြောင်းတစ်စုံတစ်ရာ မရှိပါ။ သေမည်ဘေးအန္တရာယ်မှာ တိရစ္ဆာန်များကြောင့် အများဆုံးဖြစ်နိုင်သည်။ အထူးသဖြင့် မြွေကြောင့် သေရဖို့များသည်။ ဤအန္တရာယ်များမှာ ခင်ဗျားတို့

ဇနီးမောင်နှံ အပတ်စဉ် သတ်ဖြတ်နေကြသော တောလိုက်သည့် အပြစ်များ ကြောင့်ဟု ယူဆရသည်။

ထို့ကြောင့် တိုက်တွန်းလိုသည်မှာ (၁)နှစ်အတွင်း တောကောင်လိုက် ခြင်းမှ ရှောင်ကြဉ်ကြစေချင်ပါသည်။ ထိုသို့ဆိုလျှင် သေရမည့်ကံကြမ္မာသည် ခင်ဗျားတို့ ဇနီးမောင်နှံနှစ်ယောက်ကို ရှောင်ကွင်းပေးပါလိမ့်မည်။

အထူးအားပြင်းမှာချင်သည်မှာ ဇနီးသည် အရင်သေပြီးမှသာ ခင်ဗျား သေရမည်ဆိုသည့် အချက်ပင်ဖြစ်သည်။

**ဆရာကိုင်ရီ**
**အင်္ဂလန်**

ဆရာကိုင်ရီ၏ သတိပေးသည့်ဟောစာတမ်း ရောက်လာသော်လည်း ဂစ်ဆင်တို့ဇနီးမောင်နှံကား ဖတ်ရုံသာဖတ်ပြီး အလေးမထားကြ။ တောလည် ပြီး သတ်ဖြတ်မြဲ သတ်ဖြတ်နေကြသည်။ သည်လိုနှင့် (၁) နှစ်ပြည့်ပြီးစ အချိန်သို့ပင် ရောက်လာခဲ့သည်။ ကိုင်ရီ၏ ဟောစာတမ်းကို မေ့နေကြ ပြီဖြစ်သည့်အတွက်လည်း ကြောက်လန့်စိတ်က လုံးလုံးမရှိ။

မျက်ကန်းတစ္ဆေမကြောက်ဟူသော စကားကဲ့သို့ပါပေ။ တစ်နေ့တွင် အိန္ဒိယတောင်ပိုင်း၊ မဟာရာဂျာမင်းတစ်ပါး၏နယ်ထဲသို့ တောလိုက်ရန် ဇနီးမောင်နှံနှစ်ယောက် သေနတ်ကိုယ်စီဆွဲကာ စောစောထွက်လာကြသည်။ ထိုနယ်ထဲသို့အရောက် တောစပ်တစ်နေရာရှိ ကျောက်တုံးကြီးတစ်တုံးပေါ်တွင် အလျားဆယ်ပေခန့်၊ လုံးပတ်ခြေသလုံးပမာဏရှိ မည်းပြောင်နေသော မြွေဟောက်ကြီးနှစ်ကောင်၊ တစ်ကောင်နှင့်တစ်ကောင် လိမ်ပတ်ပြီး အိပ်ပျော် နေကြသည်ကို တွေ့ရသည်။

ဂစ်ဆင်သည် အချိန်ဆွဲမနေတော့ဘဲ နှစ်လုံးပြူးသေနတ်ဖြင့် ထိုးချိန် ကာ ပစ်ချလိုက်ရာ တစ်ကောင်ထိမှန်သေဆုံးသွားပြီး တစ်ကောင်ကား မြက် တောထဲသို့ ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။ မြွေဟောက်သေကြီးကို

အဝတ်စဖြင့်ထုပ်ကာ မဟာရာဂျာ၏အိမ်တော်သို့ အရင်သွားကြသည်။ မဟာရာဂျာကို အိမ်တော်တွင် အခန့်သားပင် တွေ့ကြရသည်။

"မဟာရာဂျာကို ထူးဆန်းတာပြရဦးမယ်။ ကျွန်မတို့လမ်းမှာ မြွေဟောက်ကြီးနှစ်ကောင်တွေ့လို့ ပစ်ကြတာ၊ တစ်ကောင်ရတယ်။ အရောင်က နက်မှောင်ပြီး သိပ်လှတာပဲ"

"ပြစမ်းပါဦးဗျာ ကြည့်ရအောင်"

မဟာရာဂျာက အဝတ်စအတွင်းမှမြွေကို သေချာကြည့်ပြီးသည်နှင့် -

"မစ္စတာဂေါ့ဖရီဂစ်ဆင်၊ ခင်ဗျားဟာ ကြောက်စရာအကောင်းဆုံးဖြစ်မှုတစ်ခုကို ကျူးလွန်ခဲ့မိပြီ။ ခင်ဗျားကို ပြစ်ဒဏ်ချမယ့်သူက ထွက်ပြေးသွားတဲ့ မြွေထီးပဲ"

"ဒီမြွေမျိုးကို ကျွန်တော်တို့ဆီမှာ တောကြီးမြွေဟောက်လို့ခေါ်တယ်။ သူတို့ကိုစပြီး အန္တရာယ်ပြုခဲ့ရင် မရမကပြန်ပြီး ကလဲ့စားချေနိုင်တဲ့အတွက် နတ်မြွေလို့လဲ ခေါ်တယ်"

"မိတ်ဆွေကောင်းပီပီ အကောင်းဆုံးအကြံပေးရရင် ဒီနေ့ပဲ ခင်ဗျားတို့ အင်္ဂလန်သို့ အရောက်ပြန်သင့်တယ်။ ဒီမြွေဟာ ခင်ဗျားမိန်းမကို ရောက်ရာအရပ်မှာ မသေသေအောင် လိုက်ပေါက်သတ်လိမ့်မယ်"

ဂစ်ဆင်က ရယ်ကျဲကျဲဖြင့် -

"မဟာရာဂျာရယ်၊ ခင်ဗျားတို့ အိန္ဒိယကဖြစ်ရပ်တွေဟာ စိတ်ကူးယဉ်ဆန်တာသာများပါတယ်။ တကယ်မဖြစ်နိုင်ပါဘူး"

ဂစ်ဆင်က ရယ်မောပြောနေသော်လည်း သူ့ဇနီးကား ကြောက်ရွံ့ထိတ်လန့်ကာ တစ်ကိုယ်လုံး တုန်ရီလျက် -

"မဟာရာဂျာပြောတာဖြစ်နိုင်တယ်။ ဆရာကိုင်ရီကလည်း ကျွန်မတို့အိမ်ထောင်သက် (၁)နှစ်စွန်းစမှာ ကျွန်မဟာ မြွေကြောင့် သေနိုင်တယ်လို့

ဟောထားတယ်မဟုတ်လား။ အခု (၁)နှစ်စွန်းနေပြီလေ။ မဖြစ်ဘူး ကျွန်မတို့ ဒီနေ့ပဲ ဘုံဘေကို အရောက်သွားပြီး အင်္ဂလန်ကို မြန်မြန်ပြန်ကြအောင်''

ဇနီးသည်ထုတ်ပြောမှ ဂစ်ဆင်သည် ကိုင်ရို၏ဟောစာတမ်းကို သတိရကာ ကြက်သီးထသွားမိသည်။ ဇနီးသည်အရင်သေပြီးမှ ခင်ဗျား သေရမယ်ဟူသောစာတန်းက သူ့ခေါင်းထဲက ဘယ်လိုမှပျောက်၍မရတော့။ ထို့ကြောင့် ညတွင်းချင်းပင် ထိုဒေသမှ မိုင်နှစ်ရာကျော် ဝေးကွာသော ဘုံဘေမြို့သို့ ရထားဖြင့် ထွက်ခဲ့ကြသည်။

ဂစ်ဆင်၏ ဇနီးသည်ကား ရထားရပ်တိုင်း ကျီးကန်းတောင်းမှောက် ဟိုကြည့်ဒီကြည့် လျှောက်ကြည့်နေတတ်သည်။ စိုးရိမ်ကြောက်လန့်စိတ်က တစ်ကိုယ်လုံးကို ဖုံးလွှမ်းနေသည် မဟုတ်ပါလား။ တိရစ္ဆာန်တို့၏အသက် ပေါင်းများစွာကို သတ်ဖြတ်ခဲ့ပြီး မိမိ၏အသက်တစ်ချောင်းကျမှ သေရမှာ ကြောက်လွန်းနေခြင်းကား အတ္တဆန်သော လူသားတို့၏ သဘာဝတရား တစ်ခုကို လှစ်ပြသလိုပင် ရှိနေပါ၏။

ရောက်ချင်လွန်းလှသော ဘုံဘေမြို့သို့ကား ရောက်ခဲ့ပေပြီ။ သို့သော် ဆင်ပြောင်ကြီး အမြီးကျမှတစ်နေပြန်သည်။ အင်္ဂလန်သို့သွားမည့် သင်္ဘော အားလုံး လူပြည့်နေသဖြင့် နောက်ထပ်သုံးပတ် စောင့်ရဦးမည်ဖြစ်ပါ၏။ ဂစ်ဆင်မှာ အရုပ်ကြိုးပြတ်ဖြစ်သွားသလို ဇနီးသည်မှာလည်း အားငယ်သွားပြီး မျက်ရည်များပင် တွေတွေစီးကျလာလေပြီ။

''ဒီတောကြီးမြေဟောက်ဟာ ကုန်းလမ်းခရီးကတော့ ဘယ်လောက် ဝေးဝေးခဏနဲ့ အရောက်လာပြီး ကလဲ့စားချေတတ်တယ်။ သမုဒ္ဒရာ ပင်လယ်ခြားသွားရင်တော့ မလိုက်နိုင်ကြဘူး''

ဟူသော မဟာရာဂျာ၏ စကားအရ အင်္ဂလန်သို့ ရောက်မှသာ မြေဟောက်အန္တရာယ်မှ တကယ်ကင်းစေနိုင်မည်ဆိုသည်ကို နှစ်ယောက်လုံး သိနေကြသည်မဟုတ်ပါလား။ ဘာမျှမတတ်နိုင်ကြတော့။ ဟိုတယ်တစ်ခုတွင် တည်းခိုရန် ပြင်ဆင်ကြရတော့သည်။

# မြွေဟောက်ကြီး၏ ကလဲ့စား

ဂစ်ဆင်တို့ဇနီးမောင်နှံက သူတို့၏ ဖြစ်ကြောင်းကုန်စင်ကို ပြော၍ အကူအညီတောင်းသောအခါ ဟိုတယ်မန်နေဂျာသည် အားရပါးရ ရယ်မောလိုက်ပြီး-

"ခင်ဗျားတို့ကလည်း အနောက်နိုင်ငံသားတွေဖြစ်ပြီး ဒီလောက်ပဲ ခေတ်နောက်ပြန်နေကြသလား။ မိုင်နှစ်ရာလည်း ဝေးခဲ့ပြီ။ တစ်ခါ ခုနစ်ထပ်ရှိတဲ့ တိုက်အမြင့်ပေါ်မှာလည်း ရောက်နေပြီဆိုတော့ ဒီမြွေ ဘယ်လိုလုပ်လာမလဲဗျာ၊ ဒီတိုက်ပေါ်လည်း ဘယ်လိုတက်မလဲဗျာ၊ စဉ်းစားကြည့်ပါဦး"

"ကျွန်မတို့နှစ်ယောက်လုံးကတော့ ကြောက်နေကြတာ အမှန်ပဲ။ ကျွန်မတို့ အကြောက်ပြေစေမယ့်အရာ တစ်ခုခုတော့ ရှင်ကူညီပါ။"

သို့နှင့် မန်နေဂျာက သူတို့နေကြမည့် အခန်းဘေးက ဝရံတာတွင် မြွေပါတစ်ကောင်ထားပေးပါသည်။ ထိုအခါကျမှ ဂစ်ဆင်တို့ဇနီး မောင်နှံမှာ အနည်းငယ်အကြောက်ပြေလာကြသည်။ သို့သော် စိုးရိမ်စိတ်ကား လျော့မသွား။ ဂစ်ဆင်၏ဇနီးဆိုလျှင် ညသန်းခေါင်ထ၍ပင် ဝရံတာတွင် မြွေပါ ရှိ၊ မရှိ ထွက်ကြည့်တတ်သည်။

စိုးထိတ်စရာရက်များကား တစ်ရက်ခြင်း တစ်ရက်ခြင်း ကုန်ဆုံး၍ လာခဲ့ရာ သုံးပတ်ပြည့်မြောက်ဖို့ တစ်ရက်သာလိုပါတော့သည်။ နက်ဖြန်မနက်ဆိုလျှင် ဂစ်ဆင်တို့ဇနီးမောင်နှံသည် အင်္ဂလန်ပင်လယ်ကူး သင်္ဘောကြီးပေါ်သို့ ရောက်နေပေလိမ့်မည်။

သို့သော် ဖြစ်ချင်တာလည်း မဖြစ်ရ။ မဖြစ်ချင်တာလည်း ဖြစ်ရသည်မှာ မမှုတာတစ်ခု မဟုတ်ပါလား။ ထို့ပြင် သူတို့ ဇနီးမောင်နှံ၏ အပတ်စဉ်

တစ်ပတ်နှစ်ရက် တိရစ္ဆာန်တို့ကို မှန်မှန်သတ်ဖြတ်ခဲ့ဖူးသော အကုသိုလ်ကံများကလည်း အကျိုးပေးရန် အချိန်တန်လေပြီ။

ဂစ်ဆင်၏ ဇနီးသည် ရလာသော သင်္ဘောလက်မှတ်ကို သူ၏ အိပ်ရာဘေးက ခန်းဆီး၌ တွယ်အပ်ဖြင့် မှတ်မှတ်ရရ တွယ်ထားသည်။ မနက်ဖြန်ဆိုလျှင် အန္တရာယ်ဆိုးကြီးမှ လွတ်မြောက်ပြီဟူသော အတွေးဖြင့် ဝမ်းသာအားရ ထုပ်ပိုးပြင်ဆင်နေရာ တော်တော်ညဉ့်နက်မှ ပြီးစီးသည်။

ထုပ်ပိုးပြင်ဆင်ပြီးသည်နှင့် အိပ်ရာပေါ် လှဲချလိုက်ရာ မောနေပြီဖြစ်သဖြင့် ချက်ချင်းအိပ်ပျော်သွားလေတော့သည်။ ဂစ်ဆင်တစ်ယောက် ဇနီးသည်ကို စောင့်ကြည့်နေခဲ့ရသည်မှာ ည (၁၂) နာရီပင် ထိုးပေတော့မည်။ မဟန်နိုင်တော့။ အလွန်အိပ်ချင်နေပြီဖြစ်သော မျက်တောင်များက စင်းကျလာသည်။

ထို့ကြောင့် အခြားအခန်းတစ်ခုထဲရှိ ခုတင်ပေါ် လှဲချလိုက်ရာ ခဏနှင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားပါသည်။ နာရီပြန်တစ်ချက်ကျော်ခန့်အချိန်မှာပင် ပြူတင်းပေါက်ရှိ သံဇကာပေါက်ထဲမှ မည်းပြောင်နေသော မြွေဟောက်ကြီးကား ဖြည်းညှင်းစွာ ဝင်လာလေပြီ။

ဂစ်ဆင်ဇနီးသည်၏ မျက်နှာဘေးတွင် ခဏရပ်ကာ တစ်ချက်စိုက်ကြည့်လိုက်သေးသည်။ ဂစ်ဆင်၏ဇနီးဟုတ်မဟုတ် လေ့လာနေခြင်း ဖြစ်ဟန်တူသည်။ ညသည်ကား အပ်ကျသံကိုပင် ကြားလောက်အောင် တိတ်ဆိတ်လွန်းလှသည်။ မြွေဟောက်ကြီးသည် သေချာသွားသည်နှင့် နောက်သို့ အရှိန်ယူကာ ဂစ်ဆင်ဇနီးသည်၏ မျက်လုံးထဲ အားကုန်ပေါက်ချလိုက်တော့သည်။

"အား" ဟု နာနာကြည်းကြည်းအော်လိုက်သော ဇနီးသည်၏အသံက ဂစ်ဆင်၏နားထဲသို့ စူးခနဲဝင်လာသဖြင့် ဂစ်ဆင်တစ်ယောက် ဇနီးသည်၏ အခန်းထဲသို့ ဒရောသောပါး ပြေးဝင်လာခဲ့ရာ မျက်နှာကို လက်နှစ်ဖက်ဖြင့်

အုပ်လျက်ပြေးထွက်လာသော ဇနီးသည်နှင့် လမ်းခုလတ်မှာပင် ဆုံလိုက်ရသည်။ ဇနီးသည်၏ အခန်းတွင်းသို့ လှမ်းကြည့် သောအခါ နက်ပြောင်နေသော မြွေဟောက်ကြီး၏ အမြီးဖျားလေးကိုသာ သံဇကာကြားမှ မြင်လိုက်ရတော့သည်။

ပြင်းထန်ပြသောမြွေဆိပ်များက ဇနီးသည်၏ ခန္ဓာကိုယ်တစ်ခုလုံးတွင် ပြန့်နှံ့နေပြီဖြစ်ရကား ဂစ်ဆင်၏ရင်ခွင်ထဲမှာပင် ဇနီးသည်ကား အသက်ပျောက်ခဲ့ရလေပြီ။ ဇနီးသည်ဆုံးပြီး လများမကြာမီမှာပင် ဂစ်ဆင်ကိုယ်တိုင်လည်း တဖြည်းဖြည်းလုံးပါးပါးကာ ကွယ်လွန်ခဲ့ရလေသည်။

ကုသိုလ်ကြောင့် လူဖြစ်လာရသည်ဖြစ်၍
လူနှင့်ကုသိုလ်၊ ကုသိုလ်နှင့်လူသည်
ခွဲ၍မရချေ။ ကုသိုလ်လမ်းပျောက်ကွယ်သွားသည်နှင့်
လူသည် လူ့လမ်းကြောင်းမှ ဖယ်ခွာသွားရမည်ဖြစ်သည်။

**(တိပိဋကဓရ၊ ယောဆရာတော်ဘုရား)**

ကုသိုလ်ကိုဘယ်တော့မှ မမေ့ရ
ကုသိုလ်ကို ကိုယ်က မေ့ရင်
ကုသိုလ်က ကိုယ့်ကိုမေ့လိမ့်မည်
ကုသိုလ်က ကိုယ့်ကိုမေ့လျှင်
ဘေးတွေ့လိမ့်မည်။

**(ရွှေဟင်္သာတောရစ်ကျောင်းဆရာတော်)**

# စိတ်သခင်နှင့်စိတ်ကျွန်

လမ်းသည် စုန်လမ်းဆန်လမ်းဟူ၍ နှစ်မျိုးရှိသည်။ ဤ၌ ရေလမ်းခရီးကို ဆိုလိုပါသည်။ စုန်လမ်းကို ဘာမျှ အားစိုက်စရာမလို၊ အသာမျှော ချလိုက်သွားရုံသာရှိသည်။ ဆန်လမ်းကား ချွေးဒီးဒီးကျအောင်လှော်ခတ်ပါမှ နည်းနည်းပဲရွေ့သည်။ စုန်လမ်း၏ နောက်ဆုံးပန်းတိုင်ကား သမုဒ္ဒရာအတွင်း ရောက်၍ နစ်မြုပ်ပျက်စီးရခြင်းတည်း။

ဆန်လမ်း၏နောက်ဆုံးပန်းတိုင်ကား ရေတို့၏ ပထမဆုံးစီးကျရာ တောင်ထိပ်သို့ ရောက်မည်ဖြစ်၏။ ရေသည်ကား မြင့်ရာမှနိမ့်ရာသို့ စီးကျသည် မဟုတ်ပါလား။ ဤကား တင်စားသည့်ဥပမာန၊ ဆိုလိုချင်သည့် ဥပမေယျကား စုန်လမ်းသည် အကုသိုလ် ဒုစရိုက်လမ်း။

ဆန်လမ်းသည် ကုသိုလ်သုစရိုက်လမ်း၊ ပါပသ္မိံရမတိမနော ဟူသော ဓမ္မပဒဒေသနာအရ စိတ်၏ပကတိသဘောကား အကုသိုလ် ဒုစရိုက်မှာသာ ပျော်မွေ့လေ့ရှိပါ၏။ ထို့ကြောင့် စိတ်ကိုလွှတ်ပေးပြီး စုန်လမ်းလိုက်မည်ဆိုလျှင် အပါယ်ငရဲပန်းတိုင်သို့သာ ရောက်ပေလိမ့်မည်။

အပင်ပန်းအဆင်းရဲခံပြီး ကုသိုလ်ဆန်လမ်းသို့ လိုက်ခဲ့မည်ဆိုလျှင်ကား လူ၊ နတ်၊ ဗြဟ္မာ ချမ်းသာကိုသာမက နိဗ္ဗာန်ချမ်းသာကိုပင် ရနိုင်ပေသည်။ လမ်းနှစ်မျိုးသို့ လူနှစ်မျိုးသည် ကိုယ့်လမ်းနှင့်ကိုယ် တစ်စိုက်မတ်မတ် သွားနေကြသည်။ လူသည် လောကီလောကုတ္တရာ နှစ်ဖြာလုံး ဆုတ်ယုတ်ပျက်စီးသွားနေသော စိတ်၏ကျွန်နှင့် လောကီ လောကုတ္တရာ နှစ်ဖြာလုံး ကြီးပွားတိုးတက်အောင်မြင်နေသော စိတ်၏သခင်ဟူ၍ နှစ်မျိုးသာ ရှိသည်။

ကျွန်သည် သခင်နိုင်းတိုင်းလုပ်ရသလို စိတ်နိုင်းတိုင်းလိုက်၍ လုပ်ရ ..သာလူမျိုးကို ကျွန်ဟုဆိုရသည်။ ဤနေရာ၌ စိတ်၏သဘော လက္ခဏာကို .. သချာသိထားဖို့လည်း ဓမ္မပဒ၌ -

ဒုန္နိဂ္ဂဟဿလဟုနော၊
ယတ္ထကာမနိ ပါတိနော။
စိတ္တဿ ဒမထော သာဓု၊
စိတ္တံ ဒန္တံ သုခါဝဟံ။

စိတ်သည် မကောင်းမှုအကုသိုလ်ကို မလုပ်ဖြစ်၊ မပြောဖြစ်၊ မကြံဖြစ်အောင် နိုင်နင်းဖို့ ခဲယဉ်းသောသဘောရှိသည်။

စိတ်သည် တစ်စက္ကန့်လျှင် အကြိမ်ပေါင်း ကုဋေတစ်သိန်း ဖြစ်ပျက်သဖြင့် လျှင်မြန်လွန်းသောသဘောရှိသည်။

စိတ်သည် အာရုံငါးပါး ကာမဂုဏ်တရားကို လှည့်လည်ရှာကြံတတ်သောသဘောတရားရှိသည်။

ထိုစိတ်ကို ဆုံးမနိုင်လျှင်ကား လူ့နတ်ပြဟ္မာ ချမ်းသာကိုသာမက နိဗ္ဗာန်ချမ်းသာကိုထိ ရနိုင်သည်။

ဟူ၍ ဗုဒ္ဓက ညွှန်ကြားထားပေသည်။ ထိုဒေသနာအရ သူ့ကို ကျွန်ခံသူအား စိတ်ကစေခိုင်းမည်မှာ အပျော်အပါးလိုက်စားရမည်၊ မူးယစ်ဆေးဝါးသုံးစွဲရမည်၊ လောင်းကစားမှုနှင့်သမျှ ပြုလုပ်ရမည်၊ မတရားသောနည်းဖြင့်သာ စီးပွားရှာရမည်တို့ ဖြစ်ပေသည်။ စိတ်သည် အကုသိုလ်ပြုလုပ်ဖို့သာ တိုက်တွန်းတတ်သည်မဟုတ်သေး။ ကောင်းမှု ကုသိုလ်ပြုလုပ်မှုကိုလည်း အပြင်းအထန် တားမြစ်တတ်သေးသည်။

ဥပုသ်မစောင့်နဲ့၊ ညစာငတ်တယ်၊ တရားအားမထုတ်နဲ့၊ ညောင်းတယ်၊ တရားမနာနဲ့၊ အချိန်ကုန်တယ်၊ ပုတီးမစိပ်နဲ့၊ တိဗ္ဗီအကြည့်ပျက်တယ်၊ ဒါနမလုပ်နဲ့၊ ကုန်တယ်၊ ငါးပါးသီလမစောင့်နဲ့၊ အပေါင်းအသင်းပျက်တယ်၊ (မေ့ကြွကြွသောက်ရင် လူတောမတိုးဟူသော ဆင်ခြေမျိုး) စသောအားဖြင့် ကုသိုလ်ကောင်းမှုမှန်သမျှကို အကြောင်းကာရဏပြ၍ တားမြစ်ပါလိမ့်မည်။

ထိုကဲ့သို့ စိတ်နိုင်းတိုင်းလိုက်လုပ်ခဲ့ပြီဆိုလျှင် ပစ္စုပ္ပန်ဘဝမှာလည်း မွဲမည်။ ဝေါ်မည်၊ အောက်တန်းကျမည်။ နောက်ဘဝသံသရာမှာလည်း အပါယ်ငရဲသို့ ဆင်းရပေမည်။ ထိုကဲ့သို့မဟုတ်ဘဲ စိတ်ကို မိမိလိုရာ စေနိုင်းနိုင်သော စိတ်၏သခင်ဖြစ်မည်ဆိုလျှင်ကား စိတ်ကလုပ်ချင်နေသော အပျော်အပါး၊ လောင်းကစား၊ မူးယစ်ဆေးဝါး၊ မိစ္ဆာဇီဝမှန်သမျှကို မလုပ်ဖြစ်အောင် တားမြစ်အမိန့်ပေးနိုင်မည်။

ဥပုသ်မစောင့်ချင် ပေစောင့်ခိုင်းမည်။ တရားမထိုင်ချင် ပေထိုင်ခိုင်းမည်၊ ပုတီးမစိပ်ချင် ပေစိပ်ခိုင်းမည်။ တရားမနာချင် ပေနာခိုင်းမည်။ ဒါနမပြုလုပ်ချင် ပေပြုလုပ်ခိုင်းမည်။ ဤသို့ဆိုလျှင် လောကီရေးမှာလည်း ကြီးပွားမည်၊ ချမ်းသာမည်၊ လောကုတ္တရာရေးမှာလည်း မဂ်ဉာဏ်ဖိုလ်ဉာဏ်ကိုရရှိကြမည်။

သံသရာရေးမှာလည်း လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာကိုသာမက နိဗ္ဗာန်ချမ်းသာကိုပါ ရနိုင်ပေသည်။ အချုပ်ဆိုရသော် စိတ်၏ကျွန်ဖြစ်သော လူသားများသည် စုန်လမ်း သို့မဟုတ် ဒုစရိုက် အကုသိုလ်လမ်းသို့သာ လိုက်ကြသည်။ စိတ်၏သခင်ဖြစ်သော လူသားများကား ဆန်လမ်းသို့မဟုတ် သုစရိုက်ကုသိုလ်လမ်းသို့ လိုက်ကြသည်။

ဖော်ပြခဲ့ပြီးသော ဂေါပရိုဂစ်ဆင်တို့ ဇနီးမောင်နှံကား စိတ်၏ကျွန်များသာ ဖြစ်ကြသောကြောင့် စိတ်နိုင်းတိုင်းလိုက်လုပ်ရင်းဖြင့် ယခုဆိုလျှင် အပါယ်ငရဲ၌ နစ်မြုပ်နေကြပေလိမ့်မည်။ ယခုဖော်ပြမည့်သူကား စိတ်၏သခင်၊ ဆန်လမ်းသို့ တက်မည့်သူ။

# လေးလအတွင်း သေမည်သူ

(ယခုဖော်ပြမည့် ဖြစ်ရပ်အကျဉ်းကို သရဏဂုံအစွမ်း စာအုပ်တွင် ဖော်ပြပြီးဖြစ်သည်။ အကျယ်တဝင့် သိသင့်သောအချက်များ ကျန်နေသောကြောင့်သာ ထပ်မံဖော်ပြလိုက်ခြင်းဖြစ်သည်။)

သူ့အမည်ကား စဝ်နွံကြည်၊ ကျိုင်းတုံမြို့သား၊ ရှမ်းအမျိုးသား တစ်ယောက်ပင်ဖြစ်ပါ၏။ သူသည် ယခင်က ရှမ်းသောင်းကျန်းသူ တစ်ယောက်ပင်။ နောက်လက်နက်ချ အလင်းဝင်၍ ကျိုင်းတုံမြို့မှာပင် အခြေတည်ကာ သမှာအာဇီဝဖြင့် လုပ်ကိုင်စားသောက်နေခဲ့သည်။ စဝ်နွံကြည် အလင်းဝင်ပြီး မကြာမီမှာပင် ငယ်ဆရာတော်အား လှူဖွယ်ဝတ္ထုမျိုးစုံဖြင့် သွားရောက် ကန်တော့သည်။

လှူဘွယ်ဝတ္ထုအကပ်ခံသည်နှင့် ဆရာတော် မိန့်တော်မူလိုက်သော စကားတစ်ခွန်းက စဝ်နွံကြည်ရင်ကို ဒိတ်ကနဲဖြစ်သွားစေသည်။

"စဝ်နွံကြည်၊ ဒီလေးငါးလအတွင်းမှာ မင်းအတွက် အသက်အန္တရာယ် ရှိနေတယ်"

ဆရာတော်၏သမာဓိ မည်မျှကြီးမားသည်ကို စဝ်နွံကြည် ငယ်ငယ်ကတည်းက သိထားပြီးသား။ တပည့်ရင်းဖြစ်သည့်အတွက်ကြောင့် ယခုလို ထုတ်ဖော်သတိပေးခြင်းဖြစ်ပေသည်။ စိတ်၏တုန်လှုပ်မှုက အသံထိကူးစက်မလာစေရန် သတိထားပြီး -

"တပည့်တော်ကို စောင့်ရှောက်ကယ်တင်တော်မူပါဘုရား"

"တို့က ကယ်တင်မပေးနိုင်ပါဘူး။ ဘုရားရှင်တောင် သူ့သာကီဝင်မင်းမျိုးတွေကို ဝိဋူဋဘက ကျုပင်ခုတ်၊ ကျုငုတ်ပါမကျန်အောင် သတ်တာကို မကယ်တင်နိုင်ခဲ့ဘူးမဟုတ်လား"

အားကိုးရာမဲ့လေပြီဟူသောအသိကြောင့် တုန်လှုပ်ချောက်ခြားမှုက တစ်ကိုယ်လုံးကို ဝါးမြိုသွားသည်။ ခေါင်းငိုက်စိုက်ကျက နှုတ်ဆိတ်သွားသော

ငယ်တပည့်ကို ဆရာတော်က ကရုဏာမျက်ဝန်းဖြင့် လှမ်းကြည့်ရင်း -

"စိတ်နှံ့ကြည့်၊ အားငယ်မသွားနဲ့၊ မင်းအသက်အန္တရာယ်ကို မင်းကိုယ်တိုင် ပြန်ကယ်လို့ရပါတယ်။ မင်းတို့က တွေးမကြည့်ကြလို့ ရတနာသုံးပါးကိုလှူဒါန်းတဲ့အခါမှာ ရတနာသုံးပါးကလာပြီး မင်းတို့ကို အန္တရာယ်ကင်းအောင်၊ ချမ်းသာအောင် လုပ်ပေးတာမဟုတ်ဘူး"

"ရတနာသုံးပါးအပေါ် ကြည်ညိုတဲ့ မင်းတို့ရဲ့ သဒ္ဓါအကြီးအသေးအလိုက် အန္တရာယ်ကင်းမှု၊ ချမ်းသာမှုလည်း ကွာခြားသွားတာပေါ့။ ဒါ့ကြောင့်ဘယ်ရပ်ပွား၊ ဘယ်စေတီကိုပဲ ရှိခိုး ရှိခိုး မိမိရဲ့ ကြည်ညိုတဲ့သဒ္ဓါစေတ်ကို အကြီးမားဆုံး အသန့်ရှင်းဆုံးဖြစ်အောင် အဓိကထားရတယ်။

ဒါ့ကြောင့် ဒီနေ့ကစပြီး သရဏဂုံသုံးပါးကို အမြဲမပြတ်၊ ရွတ်ဖတ်၊ သရဇ္ဈာယ် ပွားများပါ။ ဘယ်တော့မှ မမေ့ပါနဲ့။ ပြီးတော့ သီဟိုဠ်ကျွန်းက "ဝသဘ" မင်းကြီးရဲ့ နည်းအတိုင်း အသက်ရှည်ရာ ရှည်ကြောင်း ကုသိုလ်တွေကိုလည်း မိမိစွမ်းနိုင်သမျှ ကြိုးစားပြုလုပ် ပါ"

"အဲဒီ မင်းကြီးအကြောင်းကိုလဲ မိန့်တော်မူပါဦးဘုရား"

"အေး ... ပြောမယ်။ ဒီဝသဘ မင်းကြီးနန်းတက်တော့ သူ့အသက်သုံးဆယ်ဝန်းကျင်လောက်ပဲ ရှိကြပါတော့ကွယ်။ အဲဒါ ပုဏ္ဏားဖြူ၊ ပုဏ္ဏားညိုတွေကို သူနန်းစံရမယ့် နှစ်အရေအတွက်ကို တွက်ချက်ခိုင်းတော့ (၁၂) နှစ်လို့ ထွက်လာတယ်။

အသက် (၄၂) နှစ်ရှိရင် သူသေရမယ့် သဘောပေါ့။ အဲဒီမှာ သူကိုးကွယ်တဲ့ သံဃာတော်များ ပင့်ဖိတ်ပြီး အသက်ရှည်ရာ ရှည်ကြောင်း အားပေးထောက်ပံ့တဲ့ ကုသိုလ်များကို မေးမြန်းတဲ့အခါ သံဃာတော်များက ဒီကုသိုလ်တွေကို စွမ်းနိုင်သမျှ ပြုလုပ်ဖို့ အကြံပေးကြတယ်။ အဲဒီ ကုသိုလ်တွေက -

# အသက်ရှည်စေသည့်ကုသိုလ်များ

၁။ ရေစစ်လှူဒါန်းခြင်း၊
၂။ ဆေးဝါးလှူဒါန်းခြင်း၊
၃။ ကျောင်းဘုရား တံတားပျက်တို့ကို ပြုပြင်ခြင်း၊
၄။ ငါးပါးသီလကို အမြဲစောင့်ခြင်း၊
၅။ သီတင်းနေ့တိုင်း ရှစ်ပါးသီလ စောင့်ခြင်း၊
၆။ ကျောင်းသစ်၊ ဇရပ်သစ် ဆောက်လုပ်လှူဒါန်းခြင်းတို့ပဲ

(ဆောင်) ရေစစ်ဆေးကျောင်း။
အဟောင်းပြုပြင်၊ ပဉ္စင်၊ အဋ္ဌ၊
ဤခြောက်ဝ၊ မုချသက်ရှည်ကြောင်း။

"အဲဒီကုသိုလ်တွေ ကြိုးစားအားထုတ်တဲ့အတွက် ဝသဘမင်းကြီးဟာ (၄၄) နှစ်နန်းစံသွားရတယ်။ (၄၂) နှစ်သာ နေရမယ့် အသက်ဟာ (၇၄) နှစ်ထိ နေသွားရတာပေါ့။ အဲဒီတော့ မင်းလဲ ဒီကုသိုလ်ခြောက်မျိုးကို စွမ်းနိုင်သမျှ ကြိုးစားပြုလုပ်၊ ပြီးတော့ သရဏဂုံကိုလည်း ဘယ်တော့မှမမေ့နဲ့"

"ကျေးဇူးကြီးလှပါတယ်ဘုရား၊ ဆရာတော်ဩဝါဒအတိုင်း တသွေမတိမ်း လိုက်နာကျင့်ဆောင်ပါ့မယ်ဘုရား"

ထိုနေ့မှစ၍ စဝ်နွံကြည်တစ်ယောက် ဒါန၊ သီလ၊ ဘာဝနာတွေကို စွဲစွဲမြဲမြဲကြိုးစားလာခဲ့သည်။ စိတ်နိုင်းတာလုပ်နေရသော စိတ်ကျွန်ဘဝမှ စိတ်ကို မိမိလိုရာနိုင်းနိုင်သော စိတ်သခင်ဘဝသို့ ရောက်လာခဲ့သည်။ အသောက်အစား၊ ကစား လုံးလုံးကင်းရှင်းသွားသလို ကုသိုလ်ကံအား အများကြီးကောင်းလာခဲ့သည်။

ကုသိုလ်အားကောင်းလာသဖြင့် စီးပွားကလည်း ဒီရေအလား တိုးတက်လာသည်။ တစ်နေ့သ၊ နေဝင်ရီတရောတွင် လက်စွဲတော် စိပ်ပုတီးကို

ယူ၍ ကျိုင်းတုံမြို့အရှေ့ဘက်၊ ကမ္ဘောဇစေတီဆီသို့ တစ်ယောက်တည်း ထွက်လာခဲ့သည်။ ဘုရားရင်ပြင်ပေါ်ရောက်သည်နှင့် နေလည်းဝင်သွားပေပြီ။

ဆည်းဆာရောင်ဖြင့် လှချင်တိုင်းလှနေသော ရှုမျှော်ခင်းများကို တစ်ဝ ကြီးကြည့်ပြီးသည်နှင့် စေတီတော်ကို ထိခြင်းငါးပါးဖြင့် ရှိခိုးလိုက်သည်။ ထိခြင်းငါးပါးဟူသည်ကား ခြေ၊ လက်၊ နဖူး၊ တံတောင်၊ ဒူး၊ ငါးဦးညီညွတ် စေဟူသော ဆောင်ပုဒ်အတိုင်း ဘုရားရင်ပြင်တော်ကို ခြေဖမိုး၊ လက်ဝါး၊ နဖူး၊ တံတောင်၊ ဒူးတို့ဖြင့် ထိမိအောင် ရှိခိုးခြင်းတည်း။

ပြီးသည်နှင့် သစ်သားကွပ်ပျစ်ပေါ်တွင်ထိုင်ကာ သရဏဂုံသုံးပါးကို ပုတီးစိပ်ပါတော့သည်။ အစိပ်ငွန်ပြည့်၍ လက်ကနာရီကို လရောင်ဖြင့် ကြည့်လိုက်သောအခါ ရှစ်နာရီခွဲပြီးနေသည်ကို တွေ့လိုက်ရသည်။ စေတီ တော်ကြီးကို ဦးသုံးကြိမ်ချလိုက်ပြီး ကွပ်ပျစ်ပေါ် ခဏလှဲလိုက်သည်။ တထိန်ထိန်သာနေသော လရောင်၊ တစိမ့်စိမ့်တိုက်နေသော လေနုအေး။

တငြိမ့်ငြိမ့်ပျံ့လွင့်လာသော စေတီတော်မှ ဆည်းလည်းသံတို့က စဝ်နွံကြည်အား ရင်ပြင်တော်ပေါ်မှ ထွက်ခွာမသွားချင်အောင် ဆွဲဆောင် လျက်ရှိသည်။ အေးချမ်းတိတ်ဆိတ်လိုက်တာ၊ ဒီချမ်းသာမျိုးကို ဒီနေရာ မျိုးမှာသာ ရနိုင်မှာဟူသော အတွေးနှင့်အတူ မျက်လုံးကို အသာအယာ မှိတ်ထားရာမှ ခဏအကြာတွင် စဝ်နွံကြည်တစ်ယောက် အိပ်မောကျ သွားပါတော့သည်။

## စေတီပေါ်ကအသက်လုပွဲ

ထိုအချိန်မှာပင် စဝ်နွံကြည်တစ်ယောက် ကမ္ဘောဇစေတီပေါ် တစ်ယောက်တည်း ရောက်နေကြောင်းသတင်းကို ရသွားသဖြင့် ရှမ်းသူပုန် ခေါင်းဆောင်သည် တပ်ဖွဲ့ဝင်များကိုခေါ်ယူလျက် စေတီတော်ပတ်ဝန်းကျင်ကို ဝိုင်းလိုက်ကြသည်။ အလင်းဝင်သွားသော စဝ်နွံကြည်ကို သူတို့တစ်ဖွဲ့လုံးက

သစ္စာဖောက်အဖြစ် သတ်မှတ်ထားကြသည်။ ထို့ကြောင့် အသေသတ်ရန် ရောက်လာကြခြင်းဖြစ်သည်။

တစ်ချို့ကို လမ်းမှာအစောင့်ထား၊ တစ်ချို့ကို စေတီဘေးပတ်လည်မှာ ဝိုင်းထားခိုင်းပြီး ခေါင်းဆောင်နှင့်ငယ်သားအချို့ သေနတ်ကိုအသင့်ပြင်ကာ ရင်ပြင်ပေါ်သို့ သတိအနေအထားဖြင့် တက်လာကြသည်။ ထိုခဏမှာပင် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေသော စဝ်နွံကြည်သည် သူ့နာမည်ကို တိုးတိုး ခေါ်၍ နှိုးသံလိုလို ကြားလိုက်ရသဖြင့်

"ခင်ဗျာ၊ ကျွန်တော့်ကိုခေါ်သလား" ဟုထူးရင်း မျက်စိကို ဖွင့်ကြည့် လိုက်ရာ ဝတ်ဖြူစင်ကြယ်နှင့် အဘိုးအိုတစ်ယောက်ကို တွေ့လိုက်ရလေသည်။ အဘိုးအိုက -

"မင်းကအိပ်ပျော်နေ၊ ဘုရားအောက်မှာ ရှမ်းသောင်းကျန်းသူ တွေ မင်းကို သတ်ရအောင် ဝိုင်းထားကြပြီ။ မြန်မြန်လာ၊ အဘိုး နောက်လိုက်ခဲ့။ သူတို့ အစောင့်လွတ်တဲ့ လမ်းတစ်လမ်းကို အဘိုးပြမယ်" ဟုပြောပြီး ခေါ်ဆောင်သွားသဖြင့် စဝ်နွံကြည်လည်း ဘာမျှမပြောနိုင် တော့ဘဲ အဘိုးအိုနောက်မှ လိုက်လာခဲ့တော့သည်။

ဘုရားအောက်ရောက်၍ မျက်စေ့ကို ဝေ့ကြည့်လိုက်သောအခါ သေနတ်များကိုယ်စီ ကိုင်ဆောင်ထားကြသော ရှမ်းသူပုန်အတော်များများကို တွေ့ရလေသည်။ သို့သော် သူပုန်များကား စဝ်နွံကြည်ကို တစ်ယောက်မှ မမြင်ကြ။ လမ်းပေါ်ရောက်သည်နှင့် အဘိုးအိုက -

"ကဲ … ဒီလမ်းအတိုင်း အိမ်ကိုရောက်အောင် မြန်မြန်ပြေးပေရော့" ဟု ဆိုလိုက်ရာ စဝ်နွံကြည်လည်း အဘိုးအိုနာမည်ကိုပင် မမေးနိုင်တော့ဘဲ ကျိုင်းတုံမြို့ထဲသို့ သုတ်ခြေတင်ပါတော့သည်။ သူပုန်တို့ကား စဝ်နွံကြည်ကို မတွေ့ရတော့သဖြင့် ဒေါသနှင့် တောက်ခေါက်ကာ တောတွင်းသို့ ပြန်သွား ကြ၏။

သူ့အိမ်ရောက်တော့ ညဉ့်နာရီပြန်တစ်ချက်ခွဲနေပေပြီ။ အိမ်သား တွေကိုပင် မနည်းနှိုးပြီး တံခါးဖွင့်နိုင်းရသည်။ တစ်လမ်းလုံး စဉ်းစားမရခဲ့သော အဖြေတစ်ခုကို ဘုရားကျောင်းဆောင်ရှေ့ရောက်မှပင် အဖြေရခဲ့သည်။ ထို့ကြောင့်လည်း ဘုရား၊ တရား၊ သံဃာကို ရည်မှန်း၍ အရင် ဦးသုံးကြိမ် ချလိုက်သည်။

အသက်အန္တရာယ်ကြားထဲမှ သူ့ကို ခေါ်ထုတ် ကယ်တင်ခဲ့သော အဘိုးအိုကို သူတစ်ခါမျှမမြင်ဖူးခဲ့။ ထို့ကြောင့် ဘယ်သူများဖြစ်လေမလဲဟု တစ်လမ်းလုံးတွေးခဲ့သော်လည်း အဖြေကမရခဲ့။ ယခုတော့ ရပါပြီ။ သရဏဂုံနှင့် သီလမြဲသူအား အမြဲတမ်းစောင့်ရှောက်သည့် နတ်ကောင်းနတ်မြတ်များမှ တစ်ပါး ဘယ်သူဖြစ်နိုင်ဦးမည်နည်း။

## ဘေးမရောက်အောင်နေနည်း

❖ ဓမ္မတရား၊ တိမ်းပါးမမူ၊
တည်သောသူအား၊ ဘေးဟူတုံလတ်၊
ဥပါဒ်အပြစ်၊ မဖြစ်နိုင်ရာ၊
ကင်းစင်စွာ၏။

❖ သမ္မာဉာဏ၊ ပယောဂနှင့်၊
လုံ့လအားထုတ်၊ ကောင်းစွာယူ၍၊
ကောင်းမှုသဖြင့်၊ ကောင်းအောင်ကျင့်က၊
ယခင်အတိတ်၊ နိမိတ်တဘောင်၊
ကိတ်ရောင်ဥပါ၊ ဆိုးမှုယာတို့၊
ထင်လာသမျှ၊ ကောင်းကြသည်ချည်း။
မချွတ်တည်းရှင့်။ **(မဃဒေဝ)**

## အနှစ်ချုပ်သင်ခန်းစာ

ကုသိုလ်အားလုံး၏ မိခင်နှင့်တူသော သီလကို မစောင့်ရှောက်ခဲ့သောကြောင့် ခလ္လာတိယမည်သော ပြိတ္တာမသည် ဘုရားနှစ်ဆူပွင့်ရာ ကာလကြာအောင် ကိုယ်လုံးတီးဖြင့် နေခဲ့ရသည်။ မဟာကာဠ ဥပါသကာသည် သူတစ်ပါး၏ ရိုက်နှက်သတ်ဖြတ်ခြင်းကို ခံခဲ့ရသည်။

ရွှေပြည်သာမှ လူငယ်လေးတစ်ယောက်သည် ဇာတိရွာတွင် ရေနစ်သေခဲ့ရသည်။ ဂေါ်ဖရီဂစ်ဆင်တို့လင်မယားသည် အဖြစ်ဆိုးနှင့် ရင်ဆိုင်ခဲ့ကြရသည်။ ဤဖြစ်ရပ်များကို သင်ခန်းစာယူပြီး ကုသိုလ်အားလုံး၏ မိခင်သဖွယ်ဖြစ်သော ငါးပါးသီလကို စောင့်ထိမ်းစေချင်ပါသည်။

◆◆◆ ❖ ◆◆◆

## ဒုက္ခမြို့တော်

လောကီလူသားမှန်သမျှ အသက်ရှည်လိုကြ၏။ အသက်ကြီးလာလေ အသက်ပိုရှည်ချင်လေပင်ဖြစ်၏။ ထို့ကြောင့် အသက်လေးဆယ်ထိ အရွယ်ဆိုလျှင် ပီယသိဒ္ဓိနှင့်လိမ်လျှင် ပါတတ်သည်။ ကာမဂုဏ်ဖက် အားသန်သောကြောင့်ဖြစ်သည်။ လေးဆယ်မှခြောက်ဆယ်အထိ အရွယ်ဆိုလျှင် ရွှေတုံ၊ ငွေတု စီးပွားရေးနှင့်လိမ်လျှင် ပါတတ်သည်။ စီးပွားဘက် အားသန်သောကြောင့်ဖြစ်သည်။

ခြောက်ဆယ်မှ အထက်အရွယ်ဖြစ်လျှင် အာယုသိဒ္ဓိဖြင့်လိမ်လျှင် ပါတတ်သည်။ အသက်ရှည်ချင်သောအရွယ် ဖြစ်နေသောကြောင့်ပင်။ ယခုခေတ်လူသားတို့ အသက်ရှည်ချင်သော ရမ္မက်မည်မျှလောက်အထိ ကြီးမားကြောင်းကို မြသန်းတင့်ဘာသာပြန်သော သုခမြို့တော်စာအုပ်တွင် ဖတ်လိုက်ရသည်။ အမှန်က ဒုက္ခမြို့တော်ဟု အမည်ပေးသင့်သည်။ အိန္ဒိယနိုင်ငံ

ကလကတ္တားမြို့မှ ဆင်းရဲသားများအကြောင်းကို အသေးစိတ် ရေးသား ထားခြင်းဖြစ်သည်။

ထိုစာအုပ်ရေးသားသောအချိန်ကာလက ကာလကတ္တားမြို့တွင် အိမ်ခြေ၊ ယာခြေမရှိသော ဆင်းရဲသားများ အဆမတန် ပေါများသည်။ မနက်မိုးလင်းသည်နှင့် အမှိုက်ရှင်းရသော မြူနီစပယ်ကားထက် လူသေရှင်းရသော မြူနီစပယ်ကားက အရင်ဆုံးမြို့တွင်းမှာ လှည့်လည်ရသည်။

ဆောင်းတွင်းဆိုလျှင် အအေးလွှင်းရိုက်၍သေရသော အခြေအနေမဲ့များ၊ နွေခါဆိုလျှင် အပူလှိုင်းရိုက်၍သေရသော လူဆင်းရဲများ၊ မိုးခါဆိုလျှင် ရေနစ်၍သေရသော အောက်တန်းစားများ၏ အလောင်းများကို အမှိုက်တင်ကားကြီးများဖြင့်ပင် တိုက်ယူကြရသည်။ ထိုလူဆင်းရဲများသည် အမှိုက်ပုံကြီးများတွင် ခရမ်းသီးများ အာလူးများကို ရှာဖွေ၍ ချက်ပြုတ်စားကြရသည်။

ထိုမြို့တွင် လူအရိုးကို ဝယ်ယူသောကုမ္ပဏီများရှိသည်။ ရောင်းပုံဝယ်ပုံမှာ လူဆင်းရဲတစ်ယောက် ရောဂါဖြင့်သေခါနီးပြီဆိုလျှင် ထိုကုမ္ပဏီသို့သွား၍ သူ့အရိုးကို ရောင်းချင်ကြောင်း ပြောရသည်။ ထိုအခါ ကုမ္ပဏီက အရိုးရောင်းချင်သူ၏ ခန္ဓာကိုယ်ကို သူတို့သတ်မှတ်ထားသော ရက်အတွင်း သေနိုင်မှုရှိမရှိကို စမ်းသပ်စစ်ဆေးကြည့်သည်။

သတ်မှတ်ထားသောရက်အတွင်း သေနိုင်သည်ဟု စစ်ဆေးတွေ့ရှိရသော အခါတွင်မှ ထိုသူ၏ အရိုးအတွက် ကျသင့်သောငွေကို ထုတ်ပေးလိုက်သည်။ သူသည် မသေမီအတွင်း ထိုငွေလေးကို သုံးစွဲရသည်။ သူသေသွားသည်နှင့် အရိုးဝယ်ထားသောကုမ္ပဏီသည် လိပ်စာအတိုင်းလိုက်လာကာ သူ့အလောင်းကို စာချုပ်ပြ၍ သိမ်းယူသွားသည်။ ကုမ္ပဏီသို့ရောက်သောအခါ အရိုးများကို ထုတ်ယူပြီး အမှုန့်ပြုကာ အနောက်နိုင်ငံများသို့ တင်ပို့ကြသည်။ ထိုနိုင်ငံများက အရိုးမှုန့်များကို အသက်ရှည်ဆေး အားဆေးအဖြစ် ထုတ်လုပ်ကြသည်ဟု

ဆိုသည်။ ဆင်းရဲငတ်ပြတ်မှုဒဏ်ကို မခံနိုင်လွန်းသော အချို့အမျိုးသမီးများ ကား တည်ကာစ သန္ဓေသားလေးကို ခွဲထုတ်ပြီး ရောင်းချကြသည်။

ဝယ်သည့် ကုမ္ပဏီများကလည်း ရှိနေသည်။ ထိုတည်ကာစ သန္ဓေသားလေးများကိုလည်း ဖလ်ပုလင်းထဲထည့် ဆေးစိမ်ကာ အသက် ရှည်ဆေးအဖြစ် ဖန်တီးကြပြန်သည်ဟု ဆိုသည်။ ဤကဲ့သို့ နည်းမျိုးစုံသုံး၍ အသက်ရှည်ဆေးများကို ဖန်တီးကြသော်လည်း လူသားတို့၏ အသက်ကား ရှည်မလာဘဲ တို၍လာလေခဲ့သည်။

**အနာရောဂါကင်းသော ကမ္ဘာကြီးဖြစ်လာစေရန် ဆေးမျိုးစုံကို တီထွင်နေကြသော်လည်း ရောဂါများကား နည်းပါးမသွား။ ဘိုးဘိုးအောင်၏ ဝလုံးများကဲ့သို့ တစ်လုံးဖျက် နှစ်လုံးပေါ်သာ ဖြစ်လျက်ရှိလေသည်။ ကင်ဆာရောဂါကို အမြစ်ပြတ်အောင် ကုသနိုင်သောဆေးဝါး မပေါ်မီမှာပင် အေအိုင်ဒီအက်စ်ကဲ့သို့ ဘယ်လိုမှကုသလို့ မရနိုင်သည့် ရောဂါဆိုးကြီးတစ်ခု က ထပ်ဆင့်ပေါ်လာပြန်သည်။ အဘယ့်ကြောင့်နည်း။**

**ယခုခေတ် သိပ္ပံလူသားများသည် အကျိုးတရားကိုသာ ဖြေရှင်းနိုင်၍ အကြောင်းတရားကို ဖြေရှင်းနိုင်စွမ်းမရှိသောကြောင့်ပါတည်း။** ဥပမာပေးပါအံ့။ လူတစ်ယောက်သည် ခွေးတစ်ကောင်ကို ခဲနှင့်ပစ်ရာ ထိုခွေးက သူ့နားကျ လာသော ခဲများကိုသာ ဒေါသကြီးစွာဖြင့် လိုက်ကိုက်သည်။ ပစ်သောသူကို လိုက်ကိုက်ရမှန်းမသိချေ။

ထို့ကြောင့် ခဲများကား တစ်လုံးပြီးတစ်လုံး ဆက်တိုက်ကျလာသည်။ လျော့သွားခြင်းမရှိ။ ထိုနည်းတူ ခေတ်သစ်သိပ္ပံပညာကား ခဲနှင့်တူသော အကျိုးတရားဖြစ်သည့်ရောဂါကိုသာ ကုသနေရာ ရောဂါများက မဆုံးနိုင် အောင်ဖြစ်နေသည်။ ခြင်္သေ့သည်ကား ခဲနှင့်အပစ်ခံရသည်နှင့် ခဲကို ဂရုမစိုက် ဘဲ ပစ်လိုက်သူကိုသာ တွေ့အောင်ရှာပြီး ကိုက်သတ်ပစ်လိုက်သဖြင့် နောက် ထပ် ခဲကျမလာတော့ပေ။

ထိုနည်းတူပင် ဗုဒ္ဓရှင်တော်မြတ်က ရောဂါဖြစ်ရခြင်း၊ အသက်တိုရခြင်း၏ အဓိကအကြောင်းကို ပြုပြင်နိုင်းလိုက်သောအခါ ရောဂါဖြစ်ခြင်း၊ အသက်တိုခြင်းတို့သည် ပျောက်ကင်းသွားခဲ့ရပေသည်။ ဗုဒ္ဓပေးတော်မူခဲ့သော အသက်ရှည်ဆေး၊ ရောဂါကင်းဆေးများကို ဥပရိပဏ္ဏာသပါဠိတော်၊ စူဠကမ္မဝိဘင်္ဂသုတ်တွင် တွေ့ရပါသည်။

# ဘုရားပေးသောသက်ရှည်ကျန်းမာဆေး

သုဘလုလင်က မြတ်စွာဘုရား လူသားချင်းအတူတူဖြစ်ပါလျက် အချို့လူက အသက်တိုပါသည်။ အချို့လူက အသက်ရှည်ပါသည်။ အချို့လူက အနာရောဂါများပါသည်။ အချို့လူက အနာရောဂါကင်း ပါသည်။ ဤကဲ့သို့ ကွဲပြားရသည်မှာ အဘယ်အကြောင်းကြောင့်ပါနည်းဟု မေးမြန်းခဲ့ရာ ဗုဒ္ဓရှင်တော်မြတ်က -

သူတစ်ပါးအသက် သတ်ဖြတ်ခဲ့သူများသည် အသက်တို၍ သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ခဲ့သူများသည် အသက်ရှည်သည်။ သူတစ်ပါးကို ညှင်းဆဲသူများသည် အနာရောဂါပေါများ၍ သူတစ်ပါးကို မညှင်းဆဲဘဲ ဖေးမကူညီ စောင့်ရှောက်ခဲ့သူများသည် အနာရောဂါကင်းရှင်းသည်ဟူ၍ ဖြေဆိုခဲ့ပေသည်။

ဤဒေသနာအရ အသက်ရှည်ကျန်းမာချင်သူများသည် သူတစ်ပါးကို သတ်ဖြတ်ခြင်း၊ ညှင်းဆဲခြင်းမှ ရှောင်ကြဉ်ရမည်ဟူသော အဖြေသည် ပေါ်လွင်လျက်ရှိပေသည်။ ထိုကဲ့သို့ သူတစ်ပါးကို ညှင်းဆဲသတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ခဲ့သည့်အတွက် အသက်ရှည်ကျန်းမာကြသောသူများကို ဘုရားဟော စာတ်တော်များတွင်လည်း တွေ့ရသလို ယခုခေတ်မှာလည်း တွေ့ရသည်။

ဓမ္မပါလဇာတ်တွင် ဘုရားအလောင်း ဓမ္မပါလသတို့သား မွေးဖွားရာ ဓမ္မပါလရွာသည် တစ်ရွာလုံး ငါးပါးသီလ လုံခြုံကြသည်။ ဓမ္မပါလသတို့သား အရွယ်ရောက်သောအခါ တက္ကသိုလ်ပြည်သို့ ပညာသင်သွားသည်။ တစ်ခါတွင် ဒိသာပါမောက္ခဆရာကြီး၏ သားငယ်လေးတစ်ယောက်သည် ကိုးဆယ့်ခြောက်ပါးရောဂါကြောင့် ကွယ်လွန်လေသည်။

ကွယ်လွန်ခြင်းကား အထူးအဆန်းမဟုတ်သော်လည်း ထိုကဲ့သို့ ကလေးငယ်လေးတစ်ယောက်သေခြင်းကို မယုံကြည်နိုင်လောက်အောင် တအံ့တဩဖြစ်နေသော ဓမ္မပါလသတို့သား၏အဖြစ်က အထူးအဆန်း ဖြစ်နေသည်။ နောက်ဆုံးတွင် ဒိသာပါမောက္ခဆရာကြီးကိုယ်တိုင် ဓမ္မပါလသတို့သားကို ခေါ်မေးရသည်။

"အမောင်ဓမ္မပါလ၊ ငါရဲ့သားငယ်လေး သေဆုံးသွားတယ်ဆို တာကို အမောင်မယုံကြည်နိုင်အောင် ဖြစ်နေတယ်ဆိုတာ ဟုတ်ပါသလား"

"ဟုတ်ပါတယ်ဆရာ"

"အမောင်ဓမ္မပါလ၊ လူသားဆိုတာ သေမျိုးမို့သေတာပဲ။ အမောင်က ဘာ့ကြောင့် မယုံကြည်နိုင် ဖြစ်နေရတာလဲ"

"လူဟာ သေမျိုးဆိုတာတော့ ဟုတ်ပါတယ်။ ဒါပေမယ့် အခုလို ငယ်ငယ်ရွယ်ရွယ်နဲ့ မသေကြပါဘူး။ ကျွန်တော်တို့ ဓမ္မပါလ ရွာသူရွာသား အားလုံးဟာ အသက်တစ်ထောင်ပြည့်မှသာ သေကြပါတယ်။ ဒါ့ကြောင့် အခုလို ကလေးအရွယ်လေးနဲ့ သေရတာကို ကျွန်တော် မယုံနိုင်လောက်အောင် ဖြစ်နေတာပါ"

"ကောင်းပြီ အမောင်ဓမ္မပါလ၊ ငါကိုယ်တိုင် သင်တို့ရွာသို့သွားပြီး ဒီအကြောင်းကို သေချာစုံစမ်းပါ့မယ်"

သို့နှင့် သားလေး၏ အသုဘကိစ္စပြီးဆုံးသောအခါ ဒိသာပါမောက္ခ ဆရာကြီးသည် ဆိတ်ရိုးများကို မီးရှို့၍ အိတ်တစ်လုံးတွင်ထည့်ကာ

ဓမ္မပါလရွာသို့ ရောက်သွားလေသည်။ ဓမ္မပါလသတို့သား၏ အိမ်သို့ ရောက်သောအခါ ဆိတ်ရိုးအနည်းငယ်ကို ထုတ်ပြလျက် -

"ကျွန်ုပ်ဟာ ဒိသာပါမောက္ခဆရာကြီးဖြစ်ပါတယ်။ သင်တို့ရဲ့သား ဖြစ်တဲ့ ဓမ္မပါလသတို့သားဟာ ရောဂါတစ်ခုနှင့် ရုတ်တရက် ကွယ်လွန် ားပါတယ်။ သင်တို့မိသားစုကို အကြောင်းကြားရန် အချိန်မရခဲ့ပါ။

"အလောင်းကို ကျွန်ုပ်ကိုယ်တိုင်ဦးဆောင်ပြီး မီးသင်္ဂြိုလ်လိုက်ပါ တယ်။ အသင်တို့ မိသားစုအလွမ်းပြေကြည့်နိုင်ကြရန် မီးကျွမ်းထားတဲ့ အရိုးအချို့ကို ယူလာပါတယ်"ဟု ဆိုကာ အရိုးများကို ထုတ်ပြလိုက်သည်။

ဒိသာပါမောက္ခဆရာကြီးထင်ထားသည်ကား ဓမ္မပါလသတို့သား၏ မိဘနှင့်ညီအစ်ကို မောင်နှမများသည် အရိုးတို့ကို တုန်ရီသောလက်များဖြင့် ကိုင်ကြည့်ကာ ငိုကြွေးကြမည်ဟူ၍ပင်။ တကယ်ဖြစ်လာသည်ကား မိဘ နှစ်ပါးနှင့်ညီအစ်ကိုမောင်နှမများသည် သူပြောသောစကားကို ယုံကြည်ဖို့ နေနေသာသာ ပြက်လုံးတစ်ခုကို နားထောင်ရသူများကဲ့သို့ ရယ်မောနေကြ ခြင်းပင်တည်း။

ထိုအခါ ဒိသာပါမောက္ခဆရာကြီးက "အသင်တို့မိသားစုသည် ဝမ်းနည်းစရာစကားကို အဘယ်ကြောင့် ရယ်မောနေကြပါသနည်း"

"ဆရာကြီး၏စကားကို မယုံကြည်လို့ပါ။ တကူးတကလာ၍ နောက်ပြောင်သည်ထင်ကာ ရယ်မောကြခြင်းဖြစ်သည်။"

"လူသည် သေမျိုးမဟုတ်လော။ အဘယ်ကြောင့် မယုံကြည်ကြ သနည်း"

"သေမျိုးကားဟုတ်ပါသည်။ သို့သော် ကျွန်ုပ်တို့ တစ်ရွာလုံးကား ဤကဲ့သို့ အသက်ငယ်ငယ်နဲ့ တစ်ယောက်မှ မသေဘူးပါ။ ထို့ကြောင့် ဆရာကြီး၏စကားကို မယုံကြည်ခြင်းဖြစ်သည်"

"သင်တို့၏ သားကလည်း ကျွန်ုပ်ကို သည်အတိုင်းသာ ပြောပါသည်။ တကယ်ဟုတ်၊ မဟုတ် သေချာသိချင်သောကြောင့် ကိုယ်တိုင်လာ၍ စုံစမ်းရခြင်းဖြစ်သည်။ သင်တို့သားကား သင်တို့ ထင်သည့်အတိုင်းပင် တကယ်မသေပါ။ ဆိတ်ရိုးများကို ယူလာခြင်းသာ ဖြစ်သည်။ ဤကဲ့သို့ အသက်ရှည်ကျန်းမာအောင် မည်သို့သော တရားတို့ကို လိုက်နာကျင့်ကြံကြပါသနည်း"

"ကျွန်ုပ်တို့ ဓမ္မပါလတစ်ရွာလုံး ကလေးသူငယ်ကစ၍ လူကြီးတိုင်အောင် ငါးပါးသီလ လုံခြုံကြသောကြောင့်သာ ဖြစ်ပါသည်။"

ဤကား ဇာတ်တော်လာသာဓကပြစ်၏။ ယခုခေတ် သာဓကကိုပြဦးအံ့။

# သေခြင်းမရှိသောမြို့

အမရပူရမြို့၏ အဓိပ္ပါယ်မှာ သေခြင်းမရှိသောမြို့ဟု ဖြစ်သည်။ အဘယ်ကြောင့် ထိုအမည်ကို ပေးရသနည်း။ ဘိုးတော်မင်းတရားလက်ထက်အခါက မင်းနှင့်တကွ ပြည်သူပြည်သားအားလုံး ငါးပါးသီလလုံခြုံကြသည်။ ထို့ကြောင့် ပြည်သူပြည်သားအားလုံး အနာရောဂါကင်းရှင်းပြီး မီးစာကုန်ဆီခန်း အသက်ကိုးဆယ်ကျော်၊ တစ်ရာပြည့်မှသာ သေကြသည်။

အသုဘတစ်ခုဖြစ်လျှင် မမြင်ဖူး၍ တစ်မြို့လုံး ဝိုင်းကြည့်ကြရသည်။ အနှစ်ကိုးဆယ်ကျော် တစ်ရာရှိမှသေကြသဖြင့် အသုဘပို့သောမြင်ကွင်းကို အင်မတန်မှ ကြုံခဲလှသည်။ ထိုသို့ အသေနည်းခြင်းကို အကြောင်းပြု၍ **အမရပူရ** = သေခြင်းမရှိသောမြို့ဟု တင်စား ခေါ်ဝေါ်ကြခြင်းဖြစ်သည်။

# ဆရာဝန်မလိုသောနိုင်ငံ

အမေရိကန်နိုင်ငံလုံးဆိုင်ရာ ကင်ဆာရောဂါအဖွဲ့ကြီးမှ အကြီးအကဲဖြစ်သူ ဒေါက်တာဟဲလားက ၁၉၆၄ ခုနှစ်၊ ဧပြီလထုတ် အမေရိကန်သတင်းစာနှင့် ကမ္ဘာ့သတင်းမှတ်တမ်းတွင် သက်သတ်လွတ် အသီးအရွက်သာစားသော ဟွန်ဇာလူမျိုးများနှင့် အသားငါးချည်းသာစားကြသော မြောက်အမေရိကတိုက်ရှိ အက်စကီးမိုးလူမျိုးတို့အကြောင်း နှိုင်းယှဉ်ပြထားသည်မှာ လူတိုင်းမှတ်သားဖို့ ကောင်းလှသည်။

အနောက်ဟိမဝန္တာတောင်စွန်းနှင့် ကာရာကိုရမ် တောင်စွန်းအကြားတွင် ဟွန်ဇာတိုင်းပြည်တည်ရှိသည်။ မြောက်ဘက်လားသော် တရုတ်ပြည်မှ ဆင်တီရန်နယ်နိမိတ်ဖြစ်သည်။ တောင်ဘက်လားသော် ပါကစ္စတန်မှ ဟာဇရာခရိုင်ဖြစ်သည်။ ယင်းဟွန်ဇာတို့၏ နေရာဒေသသို့သွားရန် လမ်းခရီးလည်း အလွန်ကြောက်ဘွယ်ကောင်းအောင် ကြမ်းတမ်းခက်ခဲလှသဖြင့် လူသူအရောက်အပေါက်မရှိသလောက်ပင် ဖြစ်သည်။

၁၉၆၅ ခုနှစ်စာရင်းအရ လူဦးရေ လေးသောင်းကျော်ရှိသည်။ သက်သတ်လွတ် အသီးအနှံများကိုသာ ရာသက်ပန်မှီဝဲကြသဖြင့် အနာရောဂါလုံးလုံးမဖြစ်ကြသည့်အပြင် အသက်ကိုးဆယ်ကျော်သည်အထိ ကျန်းမာရွှင်လန်းစွာဖြင့် အလုပ်ကြမ်းများကို မမောမပန်း လုပ်ကိုင်နိုင်ကြသည်။

အင်္ဂလိပ်အစိုးရလက်ထက်က ဟွန်ဇာနိုင်ငံသို့ စေလွှတ်ခံရသော ဆရာဝန်ကြီး မက်ကာရီဆန်သည် ခုနစ်နှစ်ရှိသော်လည်း ဟွန်ဇာတိုင်းသူပြည်သားအားလုံးတို့ကို ဘာရောဂါမှ ကုသခွင့် မရခဲ့ပေ။ ထိုအကြောင်းများနှင့်ပတ်သက်၍ မက်ကာရီဆန်က အောက်ပါအတိုင်း လူသိရှင်ကြားကမ္ဘာသို့ တအံ့တဩ ကြေငြာခဲ့သည်။

သက်သတ်လွတ်စား ဟွန်ဇာလူမျိုးတို့သည် အခြားလူမျိုးများနှင့်မတူဘဲ အနာရောဂါလည်း တစ်ရံတစ်ဆစ်မျှ မဖြစ်ကြ။ အမြဲတစေ ကျန်းမာဝဖြိုးပြီး ကိုယ်လက်ကြံ့ခိုင် အားအင်သန်စွမ်းလျက်သာရှိကြသည်။

လူပျော့လူပိန် လူစဉ်မမီသူဟူ၍ လုံးဝမရှိ။ တောတောင်အထပ်ထပ်တွင် နေထိုင်သွားလာသူများ ဖြစ်သည့်အလျောက် မတော်တဆ လိမ့်ကျဒဏ်ရာရရှိရန် အကြောင်းများစွာရှိသော်လည်း သူတို့၏လျှင်မြန် ဖြတ်လတ်မှုကြောင့် ထိုအမှုမျိုး ပေါ်ပေါက်လေ့မရှိ။

သူတို့သည် ရိုးသားဖြောင့်မတ်ခြင်း၊ စိတ်ပို့ကိုယ်နှုခြင်း၊ ကိုယ်ခန္ဓာထွားကျိုင်းခြင်းစသော သုခအပေါင်းတို့နှင့် ပြည့်စုံကြသူများဖြစ်ပေသည်။ ထို့အပြင် ရာဇဝတ်မှုမှ ကင်းလွတ်ကြသူများဖြစ်၍ ရဲအမှုထမ်းတို့၏ အစောင့်အရှောက်တစ်စုံတစ်ရာမှ မလိုကြောင်း။

ဟူ၍ ဖြစ်သည်။ ဆယ့်နှစ်ရာသီ ရေခဲအတိဖြစ်နေသော မြောက်အမေရိကတိုက်ရှိ အက်စကီးမိုးလူမျိုးတို့သည် တိရစ္ဆာန်တို့၏ အသားကို ကိုးဆယ်ရာခိုင်နှုန်းမျှ မှီခိုကြသည်။ ထို့ကြောင့် အသက်နှစ်ဆယ့်ငါးနှစ်ထိသာ သန်မာ၍ သုံးဆယ့်ငါးနှစ်အရွယ်ရောက်သော် ခန္ဓာမအီ၊ ကြုံလှီပင်ပန်း စိတ်လက်မချမ်းမသာ ဖြစ်ကြရသည်။

ကိုယ်ခန္ဓာထွားကျိုင်းမှုမရှိ၊ အရုပ်ဆိုးသည်မှာလည်း ပြောစရာမရှိ။ ကမ္ဘာလောကကြီးတစ်ခွင်တွင် ထိုလူမျိုးထက် ဉာဏ်ဖျင်း ဉာဏ်ညံ့

အောက်တန်းကျသူများ ရှိတော့မည်မဟုတ်။ သူတို့၏ ပွမ်းမှုအသက်မှာလည်း နှစ်ဆယ့်ခုနစ်နှစ်ခွဲသာ ရှိသည်။

ရှေးကနဦးအခါက လူအပေါင်းတို့သည် သက်ရှိ သတ္တဝါတို့ကို မသတ်ဖြတ်ကြ။

အသားကိုလည်း မစားကြ။ ဥက္ကာကရာဇ်မင်း လက်ထက်မှစ၍ သတ်ဖြတ်စားသောက်လာခဲ့သည်မှာ ယနေ့လက်ထက်တိုင်ပင်။

တိရစ္ဆာန်တို့၏ အသားကိုစားသုံးသည့် အချိန်မှစ၍ လူ့လောကကြီးကို စောင့်ရှောက်ခဲ့ကြသော သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တို့သည် ရှောင်လွှဲစွန့်ခွာသွားကြတော့သည်။

ထိုအခါမှစ၍ လူတို့အပေါ် ရောဂါဘေးဘယာ အမျိုးမျိုးအထွေထွေ ဖိဆီးနှိပ်စက်လာတော့သည်။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ တိကနိပါတ်)

**တယောရောဂါ ပုရေအာသုံ၊**

**ဣစ္ဆာအနသနံဇရာ။**

**ပသူနဉ္စ သမာရမ္ဘာ၊**

**အဋ္ဌနဝုတိ အာဂမုံ။**

= လောက၌ အသားစားသူတို့မရှိမီက မိမိ၌မရှိသေးသော ဥစ္စာနေကို လိုချင်တောင့်တခြင်း၊ စားချိန်ကျလျှင် မစားရ၍ ဆာလောင်ခြင်း၊ အိုချိန်ကျ၍ အိုရခြင်းဟူသော အရာတို့သာ အနှာရောဂါအဖြစ်ဖြင့် ရှိကြကုန်၏။

တိရစ္ဆာန်သတ္တဝါတို့ကို သတ်ဖြတ်စားသောက်ကြသောအခါ မှပင် (၉၈) ပါးသော အနာရောဂါတို့သည် လူ့လောက၌ ပေါ်ပေါက်လာကုန်သည်။

**(သုတ္တနိပါတ်ပါဠိတော်၊ ဓမ္မိကသုတ်)**

အကယ်၍ လူတစ်ဦးတစ်ယောက်သည် လောကုတ္တရာ ရေးရာအားထုတ်ခြင်း၌ တကယ်စိတ်ပါ ဝင်စားမှုရှိလျှင် ထိုသူ၏ ပထမဦးစွာ ဆောင်ရွက်ရမည့်ဝတ္တရားကား အသားစားမှုမှ ရှောင်ကြဉ်ရန်ပင် ဖြစ်သည်။

အကြောင်းမှာ အသားသည် လူတို့အား စိတ်၏အုပ်ထိမ်းမှုကို အနှောက်အယှက်ပေးသည့်ပြင် လောဘ၊ ဒေါသ၊ ရာဂစသော မလိုလားဘွယ်ရာ တရားများကို တိုးပွားစေလေသည်။

အမှန်မှာ အသားစားမှုသည် သက်ရှိသတ္တဝါတို့အား သတ်ဖြတ်မှုကို ဖြစ်စေသောကြောင့် ဒုစရိုက်မှု ဇကန်ဖြစ်ရလေသည်။

**(တော်စတွိုင်း)**

တပ်မက်မှုရာဂစိတ်များကို ပယ်လိုသူအတွက် တိရစ္ဆာန်အသား၊ အဆီစသည်သည် မသင့်တော်ကြောင်း အတွေ့အကြုံကသင်ပြသည်။ . **(မဟာတ္တမဂန္ဒီ)**

**မေတ္တာရှင် (ရွှေပြည်သာ)၏**

**မေတ္တာအစွမ်း-စာ-၆၂ မှ ၆၆**

◆◆◆ ❖ ◆◆◆

# တိရစ္ဆာန်များအသတ်ခံရခြင်းအဓိကအကြောင်း

အပေါ်ယံကြည့်လျှင် ဟွန်ဇာနိုင်ငံသားများ သက်ရှည်ကျန်းမာခြင်းသည် အသားငါးမစားသောကြောင့် ဖြစ်သည်။ အက်စကီးမိုးလူမျိုးများ ရောဂါများပြီး အသက်တိုခြင်းသည် အသားငါးစားသောက်ခြင်းကြောင့် ဖြစ်သည်ဟုသာ အဖြေထွက်မည်ဖြစ်သော်လည်း အတွင်းသို့ နက်နဲစွာ တွေးခေါ်ကြည့်လျှင်ကား ပါဏာတိပါတသိက္ခာပုဒ်နှင့် ဆက်စပ်နေသည်။

တိရစ္ဆာန်အကောင်တစ်ထောင်သေရသည်ဆိုလျှင် ၉၉၉ ကောင် သည် သူတို့အသားကို စားလိုသော ရသတဏှာကြောင့် အသတ်ခံ ကြရခြင်းဖြစ်သည်။ ဒေါသကြောင့် အသတ်ခံရသော တိရစ္ဆာန်ကား တစ်ထောင်တွင် တစ်ကောင်ခန့်မျှသာ ရှိပေမည်။ ထို့ကြောင့် **ဟွန်ဇာနိုင်ငံသားများသည် တိရစ္ဆာန်တို့၏ အသားကို မစားခြင်းကြောင့် မသတ်ဖြတ်ဖြစ်တော့ပေ။**

**မသတ်ဖြတ်ဖြစ်သဖြင့် ပါဏာတိပါတသိက္ခာပုဒ်ကို အလိုလို စောင့်ထိန်းပြီးသား ဖြစ်သွားလေသည်။ ထို့ကြောင့် သက်ရှည်ကျန်းမာကြခြင်း ဖြစ်သည်။ အက်စကီးမိုးလူမျိုးများကား အသားငါးကိုသာ အဓိကထား စားကြခြင်းကြောင့် တိရစ္ဆာန်တို့ကို နေ့စဉ်နှင့်အမျှ သတ်ဖြတ်နေရပေသည်။ ထို့ကြောင့် ပါဏာတိပါတသိက္ခာပုဒ်ကို နေ့စဉ်ကျူးလွန်နေကြရရာ အဘယ်မှာ သက်ရှည်ကျန်းမာ ဖြစ်နိုင်ပါတော့မည်နည်း။**

ယခုလို ဆုတ်ကပ်ခေတ်အခါတွင် သီလကို တလေးတစား စောင့်ထိန်းသူ နည်းသည်ထက် နည်းလာသည်။ ဒါနပြုဖို့တစ်ခုလောက်သာ အာရုံစိုက်ကြသည်။ တစ်ဦးတည်းနှင့် သိန်းငါးရာ၊ သိန်းတစ်ထောင် ကုန်သည်အထိ လှူဒါန်းသူများကို တွေ့နေရသည်။ ဒါနဘက်က ကြည့်လျှင်ကား ဝမ်းသာအားတက်စရာကောင်း၏။

အရောင်းအဝယ်လုပ်သူများအနေဖြင့် အကောင်းစားငရုပ်သီးမှုန့်များထဲတွင် အညံ့စားငရုပ်သီးမှုန့်များထည့်၍ ရောင်းခြင်း၊ ဈေးကြီးသော ပဲဆီထဲတွင် ဈေးနည်းသောသစ်ရွက်ဆီ၊ စားအုန်းဆီများကို ရော၍ရောင်းခြင်း၊ ဒိတ်အောက်နေသော၊ သုံးမရတော့သည့် ဘိလပ်မြေအခဲများကို အမှုန့်ဖြစ်အောင် ပြန်ကြိတ်ကာ ဘိလပ်မြေအကောင်းစားနှင့် ရောကာဈေးကြီးကြီးဖြင့် ရောင်းခြင်း။

ပရိက္ခရာတိုက်ဆိုင်ကြီးများသည် သင်္ကန်းအဟောင်းများကို အသစ်ပြုလုပ်၍ ဈေးကြီးကြီးဖြင့် ရောင်းခြင်းများသည် ခိုးယူခြင်းသာ ဖြစ်သည်။ ဒါနသာရှိပြီး ကိုယ်ကျင့်သီလမရှိသူများသည် အင်္ကျီသာဝတ်ထားပြီး ပုဆိုးထဘီဝတ်မထားသူများနှင့်သာ တူပေသည်။

ပုဆိုးမပါသူသည် သူလိုလူများနှင့် အတူနေရာ၌ မသိသော်လည်း ပုဆိုးအင်္ကျီအပြည့်အစုံရှိသောသူတို့၏ အလယ်၌ကား ရှက်ဖွယ်လိလိဖြစ်ရသကဲ့သို့ ကိုယ်ကျင့်သီလမရှိသူသည် သူလိုလူများနှင့်အတူနေရာ၌ မသိသာသော်လည်း ကိုယ်ကျင့်သီလပြည့်စုံသူတို့ အလယ်၌ကား လူရာမဝင်တော့ဘဲ မျက်နှာအောက်ချကာ နေရပေသည်။

## ရှောင်မရသည့်ဘေး

ကိုယ့်ကျင့်သီလ ဖောက်ဖျက်ပြီဆိုသည်နှင့် သူတစ်ပါးနစ်နာမှု အကြီးအသေးကိုလိုက်၍ ဘေးကြီးလေးမျိုး ဆိုက်တတ်သည်။ ယင်းတို့ကား -

အတ္တာနုဝါဒဘေး = မိမိကိုယ်ကို စွပ်စွဲကဲ့ရဲ့ခြင်း။

ပရာနုဝါဒဘေး = သူတစ်ပါးက စွပ်စွဲကဲ့ရဲ့ခြင်း။

ဒဏ္ဍဘေး = မင်းပြစ်မင်းဒဏ်သင့်ခြင်း (ထောင်ကျခြင်း)

ဒုဂ္ဂတိဘေး = အပါယ်လေးပါးသို့ ကျရောက်ရခြင်း တို့ ဖြစ်ပေသည်။

ထိုလေးမျိုးတို့တွင် ဟန်ဆောင်ဖုံးကွယ်မှု ကောင်းသောကြောင့် ပရာနုဝါဒဘေးမှ လွတ်နိုင်သည်။ ငွေကြေးလာဘ်ထိုးနိုင်မှု၊ ပရိယာယ်မာယာဖြင့် ဥပဒေလက်တစ်လုံးခြား ရှောင်တတ်မှုတို့ကြောင့် ဒဏ္ဍဘေးမှ လွတ်နိုင်သည်။

အတ္တာနုဝါဒဘေးနှင့် ဒုဂ္ဂတိဘေးမှုကား မည်သို့သောနည်းနှင့်မှ မလွတ်နိုင်ပေ။ **သူတစ်ပါးကိုသာ လိမ်လို့ရမယ်။ မိမိကိုယ်မိမိကား လိမ်လို့မရဟူသော စကားသည် ကိုယ်ကျင့်သီလတစ်ခုခု ဖောက်ဖျက်လိုက်လျှင် သူတစ်ပါးသိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ၊ အတ္တာနုဝါဒဘေးနှင့် ဒုဂ္ဂတိဘေးကား ကေန်မုချဆိုက်မည်ဟု ဆိုလိုခြင်းဖြစ်ပေသည်။**

လူတစ်ယောက်သည် မတရားသောနည်းဖြင့်ရသော ငွေသိန်းတစ်ထောင်ဖြင့် ကျောင်းဆယ်ကျောင်းဆောက်လှူသည်။ တစ်ယောက်သောသူကား ငါးပါးသီလကို အပျက်မခံဘဲ သမ္မာအာဇီဝကျကျ ရှာဖွေကာ သိန်းနှစ်ဆယ်တန် ကျောင်းတစ်ကျောင်းသာ လှူဒါန်းနိုင်သည်။

နောက်ဘဝ အကျိုးပေးသောအခါ မိစ္ဆာဇီဝသူငွေး သိန်းတစ်ထောင် အလှူရှင် ကျောင်းဒကာသည် ရောမတိုက်ကြီးဆယ်လုံးကို ပိုင်ဆိုင်သော

သူဌေးကြီးဘဝသို့ ရောက်ရှိသည်။ သမ္မာဒိဋ္ဌိသူဌေးကား တိုက်တစ်လုံးသာ ပိုင်ဆိုင်သည်။ သို့သော် မိစ္ဆာဒိဋ္ဌိသူဌေးကား ရူမာတွိုက်ကုန်းဘဝရောက်ပြီး ရောဂါမျိုးစုံကို ဆေးကုရနေသဖြင့် စည်းစိမ်ချမ်းသာကို စံစားချိန်မရပေ။

အသက်တိုကာ လူ့ဘဝမှ ခေတ္တခဏဖြင့် ထွက်ခွာသွားရပြန်သည်။ သမ္မာဒိဋ္ဌိသူဌေးကား စောင့်ခဲ့သော သီလကုသိုလ်ကြောင့် သက်ရှည်ကျန်းမာစွာဖြင့် စည်းစိမ်ချမ်းသာကို သက်တမ်းပြည့် ခံစားရသည်။ ဤသူဌေးနှစ်ဦးတွင် ရူမာတွိုက်ကုန်းရောဂါသည် သူဌေးဘဝသို့ မည်သူမှ ရောက်ချင်မည် မဟုတ်ပေ။

သို့အတွက် ဒါနပြုပါ၊ ထိုသို့ ပြုရာတွင် သီလကို အပျက်မခံပါနှင့် မိမိပြုခဲ့သော ဒါန၏ ကောင်းကျိုးကို သက်ရှည်ကျန်းမာစွာဖြင့် ခံစားလို လျှင် ငါးပါးသီလကို လုံခြုံအောင်စောင့်ပါဟု တိုက်တွန်းချင်သည်။

◆◆◆ ❖ ◆◆◆

## ပြင်ရမည့်စကားပုံနှစ်ခု

မြန်မာလူမျိုးကြားတွင် အများကြား အမှန်ဖြစ်နေသော စကားပုံနှစ်ခုရှိ၏။ ပထမတစ်ခုကား "သင်ကောင်းလျှင်ကျွန်ုပ်မဆိုးပါ" အပေါ်ယံကြည့်လျှင် နှစ်သက်ဖွယ်ဟုထင်ရသော်လည်း သေချာတွေးကြည့်လျှင် လူမိုက်အားပေး ဖြစ်နေသည်ကို တွေ့ရ၏။ ထိုစကားပုံ၏ အဓိပ္ပါယ်ကို အကုန်ဖော်ကြည့်လျှင် သင်ကောင်းလျှင် ကျွန်ုပ်လည်းကောင်းမည်။

သင်မိုက်မဲ ဆိုးယုတ်နေလျှင် ကျွန်ုပ်လည်း မိုက်မဲဆိုးယုတ်မည်ဟူသော အဓိပ္ပါယ်ကို ဆောင်နေသည်။ ပါးရိုက်လျှင် နားကိုက်မည်ဟူသော စကားပုံနှင့် အတူတူပင်။ သင်ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ၊ ကျွန်ုပ်ကား ဆိုးလိမ့်မည်မဟုတ်ဟူ၍ ခံယူထားမှ ကိုယ်ကျင့်သီလနှင့် သဘောထားကြီးမှုကို အလေးပေးရာ ရောက်ပေလိမ့်မည်။ ထိုစကားပုံအစား -

**ဥစ္စာဓနဆင်းရဲသော်လည်း စာရိတ္တမဆင်းရဲပါ။**
**ငွေကြေးမွဲသော်လည်း ရိုးသားမှုချမ်းသာသည်။**
**သင်ကောင်းဖို့သည် ဒုတိယ။**
**ကျွန်ုပ်ကောင်းဖို့သည် ပထမ။**
**ခွင့်လွှတ်ခြင်းသည် ကလဲ့စားချေခြင်းထက်**
**နှစ်ဆထိရောက်သည်။** ဟူသော စကားပုံများကို အစားထိုး သုံးစွဲသင့်သည်။ ပြုပြင်သင့်သည့် ဒုတိယစကားပုံကား အူမ,တောင့်မှ သီလစောင့်နိုင်မည်ဟူ၍ ဖြစ်၏။ ဤစကားပုံအရဆိုလျှင် စီးပွားရေး အဆင်ပြေမှသာလျှင် သူတစ်ပါးဥစ္စာကို ခိုးခြင်းမှရှောင်ကြဉ်မည်။ စီးပွားရေး အဆင်မပြေလျှင်ကား ရသမျှခိုးတော့မည်၊ သီလမစောင့်ဟူ၍ ဖြစ်သည်။

ခိုးမှုကို အားပေးသည်သဘောဖြစ်နေ၏။ ပြောင်းလွဲသုံးစွဲသင့်သည်မှာ သီလစောင့်မှ အူမ,တောင့်မည်ဟူ၍ ဖြစ်သည်။ သီလစောင့်မှသာလျှင် မိမိရော နေထိုင်ရာတိုင်းပြည်နိုင်ငံပါ အူမ,တောင့်မည်ဖြစ်သည်။ သီလစောင့်သည့်အတွက် အူမ,တောင့်ရသော မြို့တစ်မြို့နှင့် တိုင်းပြည်တစ်ပြည်ကို တင်ပြချင်သည်။

မြို့ကား အမရပူရမြို့ပင်ဖြစ်၏။ ဘိုးတော်မင်းတရားလက်ထက်က ဘုရင်ရောမြို့သူမြို့သားအားလုံးပါ ဂရုဓမ်တရားလေးပါးကို စွဲမြဲကြသည့်အတွက် မိုးလေဝသကောင်းမွန်ကာ ဆန်ရေစပါးပေါများသော မြို့အဖြစ်သူ့ခေတ်က လွန်စွာထင်ရှားကျော်ကြားခဲ့ပေသည်။

ငါးရာ့ငါးဆယ်ဇာတ်နှင့် စရိယာပိဋကတ်၌လာသော ဂရုဓမ္မဇာတ်၌လည်း ကုရုတိုင်း ဣန္ဒပတ္တနဂိုရ်ပြည်ရှိ ဓနဥ္စယကောရဗျမင်းကြီးနှင့်တကွ တိုင်းသူပြည်သားများသည်လည်း ဂရုဓမ်တရားလေးပါးကို စောင့်ထိန်းလိုက်နာကြသည့်အတွက် တစ်ပြည်လုံး မိုးလေဝသမှန်ကန်ကာ ဆန်ရေစပါးပေါများခဲ့ပေသည်။

တစ်ခါတွင် ကာလိင်္ဂတိုင်း ဒန္တပူရပြည်ကြီးတစ်ခုလုံး မိုးခေါင်ရေရှားကာ အငတ်ဘေးကြီးဆိုက်သည်။ တိုင်းသူပြည်သားများ မင်း၏ ဟစ်တိုင်သို့လာပြီး အငတ်ဘေးကြီး ငြိမ်းအေးပပျောက်အောင်လုပ်ပေးရန် ဟစ်အော်တောင်းဆိုကြသည်။ အများ၏ အကြံပေးချက်အရ မင်းကြီးသည် ဥပုသ်သီလစောင့်ကာ ကျက်သရေရှိသော တိုက်ခန်းသို့ဝင်ပြီး မြေစာမြက်ကို ခင်းအိပ်လေသည်။ သို့သော် မိုးကား ရွာ၍မလာ။

တစ်ဖန် လောကီအယူအဆကို အားသန်ကြသော ဗေဒင်ဆရာတို့က ဣန္ဒပတ္တနိဂိုရ်ပြည် မိုးလေဝသကောင်းမွန်နေခြင်းမှာ အဥ္စနဝဏ္ဏမည်သော မင်္ဂလာဆင်ရှိသောကြောင့် ဖြစ်သည်။ ထိုဆင်ကိုရခဲ့လျှင် ဒန္တပူရမြို့ကြီး တစ်ခုလုံး မိုးလေဝသကောင်းလာမည်ဆိုသဖြင့် မင်္ဂလာဆင်ကို သွားရောက် အလှူခံကြပြန်သည်။

ဆင်ကား ရခဲ့ပါ၏။ မိုးကားရွာမလာ။ နောက်ဆုံး၌ ပညာရှိသူတော်ကောင်းများ၏ အကြံပေးချက်အရ အရိုးဆုံးဖြစ်သော နည်းလမ်းတစ်ခုဖြစ်သည့် ဣန္ဒပတ္တနိဂိုရ်ပြည်မှ ဂရုဓမ်တရားလေးပါးကို ကူးယူကျင့်သုံးသော အခါတွင်မှ မိုးလေဝသ ပြန်ကောင်းကာ သာယာဝပြောခဲ့ပေသည်။

## ဂရုဓမ်တရားလေးပါး

၁။ တိုင်းသူပြည်သားတို့သည် ဝါတွင်းဝါပ
တစ်လလေးသီတင်းဥပုသ်စောင့်ရခြင်း။

၂။ ငါးပါးသီလကို ခါးဝတ်ပုဆိုးလို မြဲမြံရခြင်း။

၃။ ရတနာသုံးပါးကို နေ့ညအမြဲမပြတ် ဝတ်ကပ်ဝတ်တက် ပြု၍ မေတ္တာတရားကို အထူးပွားများရခြင်း။

၄။ မိဘဘိုးဘွားဆရာသမားများကိုလည်းကောင်း၊ အကျင့်သီလနှင့်ပြည့်စုံသော သူမြတ်တို့ကိုလည်းကောင်း၊ မင်္ဂလာတရားတော်နှင့်အညီ ရိုသေမြတ်နိုးရှိခိုးပူဇော်ခြင်း။

မြန်မာပြည်တကောင်းမင်းလက်ထက်တွင် ယင်းဂရုဓမ်လေးပါး ကို အမိန့်ပြန်တမ်းထုတ်၍ တစ်ပြည်လုံးကို လိုက်နာကျင့်သုံးစေခဲ့ ကြောင်း သိရသည်။

## သီလကို အလေးထားသူ ၁၁ ဦး

ဒန္တပူရမြို့မှ ပုဏ္ဏားတို့သည် ဂရုဓမ်တရားလေးပါးကို သီလ စင်ကြယ်သူထံမှ ကူးယူရန် ဆုံးဖြတ်ကြသည်။ ထို့ကြောင့် ပထမဆုံး အနေဖြင့် ဣန္ဒပတ္တနပိုရ်ပြည်ဘုရင် ဓနဥ္စယကောရဗျမင်းထံမှ ဂရုဓမ် တရားကို တောင်းခံယူကြရာ ဓနဥ္စယကောရဗျမင်းက -

"ပုဏ္ဏားတို့ ပြီးခဲ့သည့် တန်ဆောင်မုန်းလက ပွဲသဘင်ကျင်းပ ကြရာတွင် ငါသည် မင်းတို့၏ ကန်ဆာကို အပြည့်အစုံဆင်ယင်လျက် ပန်းအလှဆင်ထားသော မြှားလေးစင်းကို စိတ္တရာဇနတ်ကွန်းမှနေ၍ အရပ်လေးမျက်နှာသို့ ပစ်လွှတ်လိုက်သည်။ ဤကား တစ်နှစ်တစ်ကြိမ် ပြုလုပ်ရသော မင်းတို့၏ အစဉ်အလာပင်ဖြစ်သည်။

"တို့မြှားလေးစင်းတွင် သုံးစင်းကို မည်သူ့ကိုမျှ အထိအခိုက်မရှိ၊ ပြန်လည်ရရှိခဲ့သော်လည်း ရေထဲသို့ကျသော မြှားတစ်စင်းကိုကား ပြန်၍ မရတော့ပေ။ ထိုမြှားသည် ငါးတစ်ကောင်ကောင်၏ ကျောသို့များ ကျလေ သလောဟု ယုံမှားသံသယဖြစ်လျက်ရှိသည်။ ထို့ကြောင့် ငါ့ထံမှ ဂရုဓမ်တရား ကို မယူကြဘဲ ငါ့ထက်သီလပိုပြီးစင်ကြယ်သော မယ်တော်ထံမှာသာ ယူကြပါ" ဟုပြော၏။

ထိုအခါ ပုဏ္ဏားတို့က "အရှင်မင်းမြတ် သေစေလိုတဲ့ စိတ်စေတနာ မပါသည့်အတွက် ပါဏာတိပါတကံ မဖြစ်နိုင်ပါ။ အရှင်မင်းကြီး စောင့်သော ဂရုဓမ်လေးပါးကို ပေးသနားတော်မူပါ။ မယ်တော်ကြီးထံမှ ဂရုဓမ်တရား

ကိုလည်း ကူးယူ၍သွားပါမည်ဟု ပြောဆိုကာ ဘုရင့်မယ်တော်ကြီးထံသို့ ရောက်ရှိကြလေသည်။

ဘုရင့်မယ်တော်ကြီးကလည်း သူ့သီလသူ အားမရဖြစ်နေပြန် သည်။ အကြောင်းကား မင်းတစ်ပါးက အဖိုးတစ်ထောင်ထိုက်တန် သော ရွှေပန်းကုံးတစ်ကုံးကို ဓနဥ္စယကောရဗျမင်းကြီးကို ဆက်သ လာသည်။ မင်းကြီးက အမြတ်နိုးဆုံးအရာဖြစ်သည့်အတွက် မသုံးရက် ဘဲ မယ်တော်ကို ပူဇော်လိုက်သည်။

မယ်တော်ကား ပန်လည်းမပန်၊ နံ့သာလည်းမလိမ်းပေ။ ထို့ကြောင့် ဓနဥ္စယကောရဗျမင်းကြီး၏ မိဖုရားခေါင်ချွေးမကြီးကို ပေးလိုက်၏။ ပေးပြီးသောအခါမှ ငါ့ထက်အသက်ကြီးသောသူများကို ပေးသင့် ပါလျက် ချွေးမကိုသာ ပေးလိုက်မိသည်။ ငါသည် မပြုအပ်သည်ကို ပြုခြင်းကြောင့် သီလပျက်၏ဟု ကုက္ကုစ္စဖြစ်ကြောင်း ရှင်းပြလေသည်။

ထိုအခါ ပုဏ္ဏားတို့က မိမိဥစ္စာကို ပေးလိုသောသူ ပေးနိုင်သည်။ အပြစ်မရှိပါဟု ပြောဆိုပြီး မယ်တော်ထံမှ ဂရုဓမ်တရားကို ကူးယူကာ မယ်တော်က သီလအစင်ကြယ်ဆုံးဟု ညွှန်ပြလိုက်သော ချွေးမတော် ထံသို့ သွားကြပြန်သည်။ ချွေးမတော်က အိမ်ရှေ့မင်းသည် ဆင်းစီး၍ မြို့ကို လှည့်လည်သည်ရှိသော် လေသာပြူတင်းမှ လှမ်းမြင်လိုက်သော မိဖုရားက -

အိမ်ရှေ့မင်းကို အစကတည်းက မိတ်ဆွေဖွဲ့ထားသင့်သည်။ ထိုအခါကျမှ သူ့နောင်တော် ဘုရင်နတ်ရွာစံသောအခါ ငါ့ကိုသိမ်းပိုက် ယူမည်ဟု စိတ်ကူးမိလေသည်။ လင်သားရှိလျက် ထိုအတွေးမျိုး တွေးမိသောကြောင့် ငါ့သီလကို အားမရပါ။ အိမ်ရှေ့မင်းထံမှ သီလကို သာ ကူးယူကြပါဟု ညွှန်ကြားပြန်သည်။

ပုဏ္ဏားတို့က ကြည့်မိရုံမျှဖြင့် သီလမပျက်နိုင်ပါဟု ပြောဆိုပြီး ချေးမတော်ထံမှ ဂရုမမ်တရားကို ကူးယူကာ အိမ်ရှေ့မင်းထံသို့ ဆက်သွားကြလေသည်။ အိမ်ရှေ့မင်းသည် မြင်းရထားစီးပြီး ဘုရင့်ထံသို့ အခစားဝင်လေ့ရှိသည်။ အခြွေအရံများက လမ်းလျှောက်လိုက်ကြရ၏။

အိမ်ရှေ့မင်း နန်းတော်တွင်းဝင်သွားသောအခါ အခြွေအရံများက ရထားဘေးတွင်ရပ်လျက် စောင့်နေကြရသည်။ အိမ်ရှေ့မင်းသည် သင်္ကေတတစ်ခု ပြုထား၏။ ဘုရင့်ထံအိပ်မည်ဆိုလျှင် နှင်တံကို ရထားဦး၌ ထားခဲ့သည်။ ချက်ချင်းပြန်မည်ဆိုလျှင် နှင်တံကို ရထားတွင်း၌ ထားခဲ့သည်။

ထိုသင်္ကေတကိုကြည့်၍ အခြွေအရံများက ရထားဦး၌ နှင်တံ ထားခဲ့သည်ကို တွေ့ရလျှင် အိမ်ရှေ့မင်းသည် ဘုရင့်ထံ၌ အိပ်လိမ့်မည်ဟုသိကာ ကိုယ့်အိမ်ကိုယ်ပြန်ကြပြီး မနက်မှ လာကြိုကြသည်။ ရထားတွင်း၌ နှင်တံကို ထားခဲ့လျှင်ကား ချက်ချင်းပြန်မည်ကို သိကြ သည့်အတွက် ဘယ်မှမသွားကြဘဲ ရထားဘေးမှာသာ ရပ်စောင့်ကြသည်။

တစ်ခါတွင် အိမ်ရှေ့မင်းသည် ချက်ချင်းပြန်ထွက်မည်ဟူသော အကြံနှင့် နှင်တံကို ရထားတွင်း၌ထားခဲ့ကာ ဘုရင့်ထံဝင်လေသည်။ အခြွေအရံများကလည်း ရထားဘေးမှာ စောင့်နေကြသည်။ ဘုရင့်ထံ အခစားဝင်ပြီး မကြာမီမှာပင် မိုးကြီးသည်းထန်စွာရွာလာသဖြင့် ဘုရင်က အိမ်ရှေ့မင်းကို ပြန်ထွက်ခွင့်မပေးဘဲ နန်းတော်မှာပဲ အိပ်ခိုင်းလိုက်သည်။

အိမ်ရှေ့မင်းလည်း အခြံအရံများကို အသိပေးဖို့ သတိမရဘဲ အိပ်လိုက်လေသည်။ အခြံအရံများကား အိမ်ရှေ့မင်းပြန်ထွက်လာမည် ထင်သဖြင့် ဘယ်မှမသွားရဲကြဘဲ မိုးရွာထဲတွင် တစ်ညလုံးရပ်နေကြလေသည်။ မိုးလင်းသောအခါကျမှ သူ့လူများဒုက္ခကို အိမ်ရှေ့မင်း သိရ၏။ ထို့ကြောင့် သူစောင့်ထိန်းသော ဂရုမမ်တရားကို အားမရကြောင်း ပရောဟိတ်ကသာ သူ့ထက်ပို၍ ဂရုမမ်တရားကို ထိမ်းသိမ်းကြောင်း ပြောပြသည်။

ပုဏ္ဏားတို့က အခြံအရံတို့အား ပင်ပန်းစေမည်ဟူသော စိတ်မရှိသည့်အတွက် အိမ်ရှေ့မင်းအား သီလမပျက်ပါဟု ပြောဆိုပြီး အိမ်ရှေ့မင်းထံမှ ဂရုဓမ်တရားကို ကူးယူပြီးလျှင် ပရောဟိတ်ထံသို့ သွားကြလေသည်။

ပုရောဟိတ်သည် တစ်နေ့မင်းထံ အခစားသွားစဉ် မင်းတစ်ပါးက ကောရဗျမင်းကြီးအား ဆက်သလိုက်သော ရထားကြီးတစ်စီးကိုမြင်ရာ ငါသည်အိမ်မင်းပြီ။ မင်းက ဤရထားကို ငါ့အားပေးပါမူ ချမ်းသာစွာ သွားလာရမည်ဟု တောင့်တမိသည်။

နန်းတော်သို့ ရောက်သောအခါ ရှင်ဘုရင်ကလည်း ရထားကို ပုရောဟိတ်အား ပေးလေသည်။ သို့သော် ပုရောဟိတ်ကား လက်မခံတော့ပေ။ သူတစ်ပါးဥစ္စာ၌ တပ်မက်စွဲလမ်းမိသောကြောင့် ငါ့အား ဂရုဓမ်သီလသည် ပျက်ပေပြီဟု ယူဆသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ငါ့ထံမှ ဂရုဓမ်တရားကို မယူကြဘဲ ငါ့ထက်ပို၍ စင်ကြယ်သော ကြိုးတိုင်းအမတ်ထံက ယူကြကုန်လောဟု ညွှန်ပြလိုက်လေသည်။

ပုဏ္ဏားတို့က ပုရောဟိတ်ကြီး စိတ်ထဲက လိုချင်မိရုံမျှဖြင့် သီလမပျက်နိုင်ပါ။ ပုဏ္ဏားကြီးထံမှ ဂရုဓမ်တရားကို ယူပါရစေဟုဆိုကာ ကူးယူကြလေသည်။ ပြီးလျှင် ကြိုးတိုင်းအမတ်ထံသို့ ရောက်ကြပြန်လေသည်။ ကြိုးတိုင်းအမတ်သည် တစ်နေ့သောအခါ လယ်မြေတိုင်းတာပေးရသည်။

အပိုင်းအခြားအမှတ်အသား လုံးတံစိုက်ရမည့်နေရာ၌ ပုစွန်တွင်းတစ်တွင်း ရှိနေသည်။ ပုစွန်တွင်းထဲသို့ တည့်တည့်စိုက်မှ နေရာအမှန်သို့ ရောက်မည်။ ထိုသို့စိုက်လျှင် တွင်းထဲရှိပုစွန်များ သေနိုင်သည်။ ပုစွန်တွင်း၏ သည်ဘက်သို့တိုးစိုက်လျှင် သူကြွယ်၏ဥစ္စာ နစ်နာသွားနိုင်သည်။ ပုစွန်တွင်း၏ ထိုဘက်သို့တိုးစိုက်လျှင် ဘုရင်၏ဥစ္စာ နစ်နာသွားနိုင်သည်။

ကြိုးတိုင်းအမတ်သည် အတော်ကြာ စဉ်းစားရကြပ်နေသည်။ ဘုရင်၊ သူကြွယ်၊ ပုစွန်လုံး သုံးဦးလုံးကို မနစ်နာစေလိုသော သူတော်ကောင်းစိတ်

မာတော်ကြောင့်ဖြစ်၏။

အစဉ်းစားရကြပ်နေသော ကြိုးတိုင်းအမတ်သည် ပုစွန်တွင်းမျက်နှာဝကို သေချာလှေ့လာကြည့်သောအခါ ပုစွန်ရှိသောအခြင်းအရာကို မမြင်ရသဖြင့် တွင်းထဲသို့ လှံတံကို ထိုးစိုက်ချလိုက်သည်။ ထိုအခါ တွင်းထဲမှ ကိရိယှာသော အသံကိုကြားလိုက်ရသဖြင့် ငါ့လှံတံထိုးမိ၍ ပုစွန်များ သေလေပြီလောဟု သံသယဖြစ်ကာ ဂရုမမ်တရားအပေါ် စိတ်မချဖြစ်သွားသည်။

ထို့ကြောင့် ငါ့ထံမှမယူဘဲ ရထားထိမ်းထံမှယူရန် အကြံပေးလေသည်။ ပုဏ္ဏားများက သေစေလိုသော စေတနာမရှိသည့် အတွက် ကြိုးတိုင်းအမတ်၌ အပြစ်မရှိနိုင်ပါဟုပြောပြီး ဂရုမမ်တရားကိုကူးယူကာ ရထားထိန်းဆီသို့ သွားကြလေသည်။

ရထားထိန်းသည်လည်း တစ်နေ့သောအခါ မင်းကို ဥယျာဉ်မှ နန်းတော်သို့ ပြန်ပို့ရသည်။ နေဝင်ချိန်တွင် မိုးရိပ်များတက်လာသဖြင့် ရွာမည့်ဟန်ပြင်သည်ကို တွေ့ရသော ရထားထိန်းက မင်းကြီး မိုးမစိုစေရန် သိန္ဓောမြင်းတို့ကို နှင်တံဖြင့်တို့၍ မြန်မြန်နှင်လေသည်။ သိန္ဓောမြင်းတို့လည်း အပင်ပန်းခံကာ လျှင်မြန်စွာပြေးကြ၏။

ထိုနေ့မှစ၍ သိန္ဓောမြင်းတို့သည် ၄င်းနေရာသို့ ရောက်တိုင်း နှင်တံဖြင့် တို့သည်ဖြစ်စေ၊ မတို့သည်ဖြစ်စေ အားကုန်ပြေးကြရာ ပင်ပန်းခြင်းသို့ ရောက်ကြလေ၏။ မင်းကြီးမိုးစိုသည်ဖြစ်စေ၊ မစိုသည်ဖြစ်စေ ငါ့အားအပြစ်မရှိ။ မစိုးရိမ်သင့်သည်ကိုစိုးရိမ်ပြီး နှင်တံဖြင့်တို့မိသည့်အတွက် သိန္ဓောမြင်းများ မပင်ပန်းသင့်ဘဲ ပင်ပန်းရသည်။

ငါစောင့်ထိန်းသော ဂရုဓမ်သီလကား ပျက်စီးရပြီ။ သို့အတွက် ဂရုဓမ်သီလကို ကျွန်ုပ်ထံကမယူဘဲ သူဌေးကြီးထံမှယူကြပါဟု တိုက်တွန်း၏။ ပုဏ္ဏားတို့က သင်ရထားထိန်းမှာ မြင်းတို့အား ပင်ပန်းစေမည်ဟူသော စိတ်စေတနာမရှိသည့်အတွက် အပြစ်မဖြစ်နိုင်ပါဟုပြောဆို၍ ရထားထိန်းထံမှ ဂရုဓမ်သီလကို ကူးယူကာ သူဌေးကြီးထံသို့ ရောက်ကြ၏။

သူဌေးကြီးသည်လည်း တစ်နေ့သောအခါ သလေးစပါးခင်းသို့သွား၍ ကြည့်ပြီးအပြန်တွင် သလေးစပါးပန်းကိုပန်အံ့ဟု ခူးဆွတ်ကာ ဦးသျှောင်၌ ပန်ဆင်လေသည်။ ပန်ပြီးအခါတွင်မှ ငါသည် ဤလယ်မှ ဆယ်ဘို့တစ်ဘို့တို့ကို မင်းအား မဆက်သွင်းရသေး။ မဆက်သွင်းရသေးသောလယ်မှ စပါးနှံပန်းကို ယူမိသည့်အတွက် ငါ့အား ဂရုဓမ်သီလပျက်ပြီဟု ကုက္ကုစ္စဖြစ်၏။

သို့အတွက် ကျွန်ုပ်ထံမှ ဂရုဓမ်သီလကိုမယူဘဲ တင်းခြင်အမတ်ထံမှသာ ယူပါဟု တိုက်တွန်း၏။ ထိုအခါ ပုဏ္ဏားတို့က ခိုးလိုသောစိတ်မရှိသည့်အတွက် သူဌေးကြီးမှာ အဒိန္နါဒါနအပြစ် မရှိနိုင်ပါ။ သို့အတွက် ဂရုဓမ်တရားကို ပေးပါဟုဆိုကာ ယူခဲ့ကြပြီး တင်းခြင်အမတ်ထံသို့ ရောက်ကြပြန်၏။

တစ်နေ့သောအခါ တင်းခြင်အမတ်သည် သူကြွယ်တစ်ယောက်၏ လယ်မှထွက်သောစပါးတို့ကို အပုံကြီးများပုံစေလျက် ဘုရင့်အဖို့ဖြစ်သော စပါးတို့ကို ခြင်ယူလျက်ရှိ၏။ ထိုအချိန်တွင် မိုးသည်းထန်စွာရွာလာသဖြင့် တင်းခြင်အမတ်သည် အမြန်ရေတွက်မှတ်သားကာ မိုးလွတ်ရာသို့ ပြေးသွား၏။

မိုးစိုမှာစိုးရိမ်၍ အမြန်မှတ်သားရသောကြောင့် မှားယွင်းသွားလျှင် သူကြွယ်ဘက်ကသော်လည်းကောင်း၊ မင်းဘက်ကသော်လည်းကောင်း ထိခိုက်နိုင်လေသည်။ သို့အတွက် ကျွန်ုပ်ထံမှ ဂရုဓမ်သီလကို မယူဘဲ သီလစင်ကြယ်သော မြို့တံခါးစောင့်ထံမှာသာယူပါဟု ပြောလေသည်။ ထိုအခါ ပုဏ္ဏားတို့က နိုးလိုသောစိတ်မရှိသည့်အတွက် အပြစ်မဖြစ်နိုင်ပါဟု ဆိုကာ ကူးယူကြပြီး မြို့တံခါးစောင့်ထံသို့ သွားကြလေသည်။

တံခါးစောင့်သည်လည်း တစ်နေ့သောအခါ မြို့အဝင်နောက်ကျနေသော မောင်နှစ်မနှစ်ယောက်ကို လင်မယားအနေမှာထား၍ ငေါက်ငန်းမိလေသည်။ ထိုအပြစ်ကြောင့် သူ၏ ဂရုဓမ်သီလသည် မစင်ကြယ်နိုင်ပါ။ သို့အတွက် သီလစင်ကြယ်သော ပြည့်တန်ဆာမထံမှယူပါဟု ပြော၏။ ပုဏ္ဏားတို့က မသိ၍ ပြောခြင်းသည် အပြစ်မရှိနိုင်ပါဟုဆိုကာ မြို့တံခါးစောင့်ထံမှ ဂရုဓမ်သီလကိုကူးယူပြီး ပြည့်တန်ဆာမထံသို့ လာခဲ့ကြသည်။

ပြည့်တန်ဆာမသည်လည်း တစ်နေ့သောအခါ သိကြားမင်းသည် လုလင်ယောင်ဖန်ဆင်း၍ ငွေတစ်ထောင်ပေးကာ ပျော်ပါးမည့်နေ့ကိုမပြောဘဲ နတ်ပြည်သို့ ပြန်သွားလေသည်။ ပြည့်တန်ဆာမသည် နောက် ပျော်ပါးမည့် ယောက်ျားကိုလက်မခံဘဲ စောင့်မျှော်နေသည်မှာ သုံးနှစ် ကြာသွား၏။

တစ်ယောက်သောသူထံမှ ငွေကိုလက်ခံပြီးလျှင် ထိုသူ၏ ခေတ္တမယား ဖြစ်သွားသည်။ ထိုသူနှင့်ကိစ္စမပြီးသေးဘဲ တစ်ခြားသူနှင့် ဆက်ဆံလျှင် ကာမေသုမိစ္ဆာစာရကံ ပျက်သည်။ ထိုသို့ မပျက်လိုသည့်အတွက် သိကြားမင်းကို သုံးနှစ်ကြာအောင် စိုးပွားပျက်ခံပြီး စောင့်နေခြင်းဖြစ်၏။

သုံးနှစ်ရှိ၍ မလာသောအခါ စားသောက်စရာမရှိတော့လောက်အောင် ဆင်းရဲနေပြီဖြစ်၍ တရားဆုံးဖြတ်သောအမတ်များထံ အဆုံးအဖြတ်ခံရာ အမတ်များက သုံးနှစ်စေ့၍မျှမလာလျှင် တစ်ခြားယောကျ်ားနှင့် ဆက်ဆံနိုင်သည်ဟု ဆုံးဖြတ်ပေးသောကြောင့် အိမ်သို့ပြန်ခဲ့လေသည်။

အိမ်ရောက်လျှင် အသင့်စောင့်နေသော ယောကျ်ားတစ်ယောက်က ပျော်ပါးခွင့် ငွေတစ်ထောင်ကိုပေးလေရာ လက်ခံရန် လှမ်းလိုက်စဉ်မှာပင် သုံးနှစ်အလွန်က ငွေပေးထားသော ယောကျ်ားသည် ပေါ်လာ၏။ ထိုအခါ ပြည့်တန်ဆာမသည် သီလအပျက်မခံလိုသဖြင့် ငွေယူရန် ဆန့်ထားသော လက်ကို ပြန်ရုတ်သိမ်းလိုက်လေသည်။

ထိုအခါ ပြည့်တန်ဆာမ၏ သီလဂုဏ်ကို ပေါ်လွင်စေလိုသော သိကြားမင်းသည် ကောင်းကင်၌ နေလုလင်ကဲ့သို့ ထွန်းပစေပြီးလျှင် စုရုံးလာကြသော ပြည်သူများအား ပြည့်တန်ဆာမကို မံနမူထား၍ ငါးပါးသီလ ဂရုဓမ်ကို စောင့်ထိမ်းကြရန် ဩဝါဒပေး၍ ဖဲခွာသွားလေ၏။

ပြည့်တန်ဆာမ၏ အိမ်ဝိုင်းတစ်ခုလုံးကိုလည်း သီလကိုပူဇော်သည့် အနေဖြင့် ရတနာခုနစ်ပါး အပြည့်ထည့်ပေးခဲ့လေ၏။

ထိုကဲ့သို့ ဒုတိယလူပေးသော ငွေကိုယူရန် လက်လှမ်းမိခဲ့သည့်အတွက် မိမိ၏ဂရုဓမ်သီလကို အားမရပါဟုဆိုကာ ပြည့်တန်ဆာမက ဂရုဓမ်သီလကို ပေးရန် ငြင်းဆန်နေ၏။ ထိုအခါ ပုဏ္ဏားတို့က အံ့ဩဘွယ်ရှိလေစွ။ မယူမိသေးဘဲကိုလျှင် ယူမိသကဲ့သို့ ကုက္ကုစ္စဖြစ်ကြ၏။ ထိုသို့သောသူများအတွက် သီလကို ကိုယ်ထိလက်ရောက် လွန်ကျူးဖို့အတွက် ဘယ်လိုမှမဖြစ်နိုင်တော့ပေ။

ဟု ပြောဆိုပြီး ပြည့်တန်ဆာမထံမှလည်း ဂရုဓမ်သီလကို ကူးယူကာ စောင့်ထိန်းကြသောကြောင့် ဒန္တပူရတစ်မြို့လုံး မိုးလေဝသ ကောင်းကာ ဆန်ရေစပါးပေါများသွားလေသည်။ ငါးပါးသီလကို စောင့်ထိန်းခြင်းဖြင့် ပစ္စက္ခဘဝတွင် မိုးလေဝသမှန်ကန်ကာ တစ်တိုင်းတစ်ပြည်လုံး ဆန်ရေစပါး

ပေါ်များလာသော ကောင်းကျိုးကိုသာမက သံသရာတွင်လည်း လူချမ်းသာ၊ နတ်ချမ်းသာနှင့် နိဗ္ဗာန်ချမ်းသာအထိ လွယ်လွယ်ကူကူနှင့် ရနိုင်ပေသည်။

## ငါးပါးသီလကုသိုလ်ကြောင့် ရဟန္တာဖြစ်သူ

ငါးပါးသီလ ကုသိုလ်လောက်နှင့် ရဟန္တာဖြစ်ပြီး နိဗ္ဗာန်ရောက်သည် ဆိုသည်မှာ ဟုတ်လောက်ပါ့မလားဟု သံသယဝင်နိုင်သူများအတွက် ထေရာပါဒါန် ပါဠိတော် သုဘူတိဝဂ်လာ ပဉ္စသီလသမာဒါနိယမထေရ် အကြောင်းကို အနည်းငယ် တင်ပြပါမည်။ ထိုမထေရ်သည် လွန်ခဲ့သော (၉၁) ကမ္ဘာက ပွင့်တော်မူခဲ့သည့်အနောမဒဿီမြတ်စွာဘုရား လက်ထက် အခါက စန္ဒဝတီပြည်တွင် အခစားကျွန်ယောက်ျားတစ်ယောက် ဖြစ်ခဲ့ရသည်။

၉၈ ပါးသော ရောဂါတို့ပေါက်ဖွားရာ ခန္ဓာကိုယ်၊ ကိုးပေါက်သော ဒွါရတို့မှ အပုပ်ရည်တို့ အမြဲယိုစီးရာ ခန္ဓာကိုယ်၏ အနှစ်သာရကား သီလ တရားသာဖြစ်၏ဟု သိသွားသော ကျွန်ယောက်ျားသည် အနောမဒဿီ မြတ်စွာဘုရား၏ လက်ယာတော်ရံ အရှင်နိသဘ မထေရ်ထံမှ ငါးပါးသီလ ခံယူပြီး တစ်သက်လုံး လုံခြုံအောင် စောင့်ထိန်းခဲ့သည်။

> ငါးပါးသီလကို တစ်ဘဝတာ စောင့်ထိန်းခဲ့ရသောကုသိုလ် ကြောင့် ကိုးဆယ့်တစ်ကမ္ဘာ အပါယ်တံခါးပိတ်ခြင်း၊ သိကြားမင်းဘဝ အကြိမ်သုံးဆယ်ဖြစ်ရခြင်း၊ စကြာဝတေးမင်း ဘဝ (၇၅)ကြိမ်ဖြစ်ရခြင်း၊ ပဒေသရာဇ်မင်းအဖြစ် မရေမတွက် နိုင်အောင်ဖြစ်ရခြင်း၊ ဖြစ်ရာဘဝတွင် အသက်ရှည်သူ၊ အနာ ရောဂါကင်းသူ၊ စည်းစိမ်ဥစ္စာပေါများချမ်းသာသူ၊ ထက်မြက်သော ဉာဏ်ပညာရှိသူသာ ဖြစ်ရခြင်း။

ဟူသော ကောင်းကျိုးတို့ကို ခံစားပြီးလျှင် နောက်ဆုံးဘဝ၌ ဂေါတမမြတ်စွာဘုရားသာသနာတွင် မဟာသာလသူဌေးမျိုး၌ လာဖြစ်ရသည်။ ငါးနှစ်သားအရွယ်မှာပင် မိဘများနှင့်အတူ ငါးပါးသီလ ဆောက်တည်ပြီး သည့်၏အဆုံး၌ လေးမင် လေးဖိုလ်ရပြီး ရဟန္တာ ဖြစ်တော်မူရလေသည်။

ငါးပါးသီလစောင့်ထိန်း၍ရသော ကောင်းကျိုးများတွင် ဘဝဆက်တိုင်း ဉာဏ်ပညာထက်မြက်သူဖြစ်ခြင်းဟူသော ကောင်းကျိုးကို သတိထား ကြည့်စေချင်သည်။ မည်သူ့ကိုမေးမေး ဉာဏ်ကောင်းသူသာ ဖြစ်ချင်၏။ ဉာဏ်ထိုင်းသူ မဖြစ်ချင်ပေ။ သို့သော် ဉာဏ်ကောင်းသူထက် ဉာဏ်မကောင်း သူကများ၏။ အကြောင်းကား ငါးပါးသီလ မလုံခြုံခဲ့သောကြောင့်ဟု အဖြေ ထွက်၏။

ထို့ကြောင့် ဘဝအဆက်ဆက် ဉာဏ်ထက်မြက်ဖို့အတွက် ငါးပါးသီလ စောင့်ကြပါဟု တိုက်တွန်းချင်ပေသည်။ မြန်မာပြည်တွင် သံဃာတော်ပေါင်း လေးသိန်းခန့်ရှိသော်လည်း ပိဋကတ်သုံးပုံကို အာဂုံ၊ ရေးဖြေ နှစ်မျိုးလုံး အောင်မြင်သော ဆရာတော်များမှာ ကိုးပါးသာပေါ်သေးသည်။ ထိုဆရာတော် များကို မှတ်မိသမျှ အစဉ်အတိုင်း ဖော်ပြရလျှင် -

၁။ မင်းကွန်းတိပိဋကတ်ဓရဆရာတော်ဘုရားကြီး ဦးဝိစိတ္တ သာရာ ဘိဝံသ (မြင်းခြံ)

၂။ ပခုက္ကူဆရာတော် ဦးနေမိန္ဒ

၃။ ပြည်ဆရာတော် ဦးကောသလ္လ

၄။ ဦးသုမင်္ဂလာလင်္ကာရ (ရွှေဘိုနယ်) (နှစ်ဆယ့်ခုနစ်နှစ် အရွယ်တွင် အောင်မြင်၊ တိပိဋက ဆရာတော်များတွင် အသက်အငယ်ဆုံးနှင့် အောင်မြင်ခြင်း)

၅။ ယောဆရာတော် ဦးသိရိန္ဒာဘိဝံသ

၆။ ရေစကြိုအရှင် ဝါယာမိန္ဒာဘိဝံသ
၇။ မော်ကျွန်းအရှင် သီလက္ခန္ဓာဘိဝံသ
၈။ မြင်းမူအရှင် ဝံသပါလာလင်္ကာရ
၉။ အရှင် ဂန္ဓာမာလာ (မြင်းခြံ)တို့ ဖြစ်ကြပေသည်။

တိပိဋကဆရာတော်များကို ပိုမိုကြည်ညိုရန် ၎င်းတို့ကျက်မှတ်ကြည့်ရှုကြရသော ကျမ်းစာအရေအတွက်ကို ရှင်းပြပါမည်။ တစ်လက်မသာသာခန့်ထူသော ဝိနည်းငါးကျမ်း ငါးအုပ်၊ သုတ်ကျမ်းသုံးအုပ်၊ အဘိဓမ္မာခုနစ်ကျမ်းဆယ့်နှစ်အုပ်။ စုစုပေါင်းစာအုပ် နှစ်ဆယ်တိတိကို အစအဆုံး ပြန်ဆိုနိုင်မှ တိပိဋကဓရ၊ ပိဋကတ်သုံးပုံကို အာဂုံဆောင်နိုင်သူဟူသော ဘွဲ့ကိုရရှိသည်။ တိပိဋက ကောဝိဒ၊ ပိဋကတ်သုံးပုံကို ကျွမ်းကျင်တတ်မြောက်ကြသူဟူ၍ မသတ်မှတ်သေးပေ။

ကုန်းလမ်း၊ ရေလမ်း၊ လေလမ်း အခမဲ့ ခရီးသွားလာနိုင်သော လက်မှတ်ကို မဆက်ကပ်သေးပေ။ ထိုအာဂုံပြန်ထားသော ပါဠိတော်စာအုပ်ပေါင်း နှစ်ဆယ်၊ ထိုနှစ်ဆယ်ကို အကျယ်ဖွင့်ပြသော အဋ္ဌကထာ၊ ဋီကာ၊ အနုဋီ၊ စာအုပ်ပေါင်း ရှစ်ဆယ်ကျော်၊ ၎င်းစာအုပ်ပေါင်း တစ်ရာကျော်ထဲမှ အနက်အဓိပ္ပါယ်များကို သူ့ဆိုင်ရာ ကျမ်းဂန်အလိုက် အမှတ်တစ်ရာပိုးမေးလျှင် အမှတ်ခြောက်ဆယ်ကျော်ခန့်ရမှ ရေးဖြေအောင်သည်ဟု သတ်မှတ်၏။

အာဂုံလည်းပြန်နိုင်၊ ရေးဖြေလည်းရမှ တိပိဋကဓရ၊ တိပိဋက ကောဝိဒဟူသော ဘွဲ့တံဆိပ်တော်ကို ရရှိသည်။ ထိုအခါကျမှ အစိုးရပိုင် ပြည်တွင်း ကုန်းလမ်း၊ ရေလမ်း၊ လေလမ်းများကို အခမဲ့စီးနင်းခွင့်ရသည်။ စာရေးသူ အသက် (၂၅) နှစ်ခန့် စာချဘုန်းကြီးအရွယ်တွင် ဝိနည်း ပိဋကတ်တစ်ပုံ

တော့ အောင်အောင်မြေမည်ဟူသောရည်ရွယ်ချက်ဖြင့် ဝိနည်း ငါးကျမ်းအနက် ပထမဆုံးဖြစ်သော ပါရာဇိကဏ် ပါဠိတော်ကို စကျက်သည်။

မနက်လင်းမှ မိုးချုပ်ထိကျက်လျှင် အလွန်ဆုံး သုံးရွက်သာ ရသည်။ စာမျက်နှာအားဖြင့် ခြောက်မျက်နှာသာ။ ဤသည်ကား တူသော ဝါကျများပါမှ လွယ်မှုရခြင်းဖြစ်သည်။ ထိုသို့ ကျက်နေရင်းဖြင့် စာအုပ်၏ သုံးပုံပုံ တစ်ပုံ ခန့်လောက်အရောက်တွင် မင်းကွန်းတွင် တိပိဋက ကျက်နေသော ရဟန်းတော်တစ်ပါးကျောင်းတွင် ခဏဝင်တည်းသည်။

တောင်ငူမှ ဦးစန္ဒောဘာသဟု မှတ်မိလျက်ရှိသည်။ သူက ပြောပြသည် မှာ ဉာဏ်မကောင်းဟု သတ်မှတ်ခံရသော တိပိဋက စာသင်သားသည် တစ်နာရီကျက်လျှင် ငါးရွက် ဆယ်မျက်နှာရသည်။ ဉာဏ်ကောင်းသည်ဟု သတ်မှတ်ခံရသူသည် တစ်နာရီကျက်လျှင် ဆယ်ရွက်၊ မျက်နှာ နှစ်ဆယ်ရ သည်ဟု ရှင်းပြရာ -

(၁၅) နာရီခန့်ကျက်မှ သုံးရွက်၊ ခြောက်မျက်နှာသာရသော စာရေးသူ ၏ဉာဏ်သည် ပိဋကတ်မြေဖို့ အဆင့်မမီသေးဟု ကိုယ့်ကိုယ်ကို သုံးသပ်မိ သဖြင့် ဆက်မကျက်ဖြစ်တော့ပါ။ နောက်ဘဝအတွက် ပါရမီဆည်းပူးထား ဖို့သာရှိသည်။ ဤစကားတို့ဖြင့် ငါးပါးသီလစောင့်ခြင်းသည် ဉာဏ်ကောင်း ခြင်း၏ အကြောင်းတစ်ခုဖြစ်သည်ဟု သိထားစေလိုပါသည်။

ပဥ္စသီလသမာဒါနိယမထေရ်သည် ငါးပါးသီလစောင့်ထိန်းခဲ့မှုကြောင့် ပဒေသရာဇ်ကရာဇ်မင်းဘဝကို အကြိမ်ပေါင်း မရေမတွက်နိုင်အောင် ဖြစ်ခဲ့ရသည်ဟူသော ဟောကြားချက်သည် လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်က ဟောကြားချက်ဖြစ်၏။ ယခုခေတ်အချိန်တွင်ကား မှန်နိုင်ပါဦး မည်လောဟု စောဒကတက်လိုသူများအတွက် ပုဂံခေတ်က ကွမ်းဆော်မင်း အကြောင်းကို အနည်းငယ်တင်ပြချင်ပေသည်။

# သီလတန်ခိုးကြောင့် ပုဂံမှာမင်းဖြစ်ရသူ

သက္ကရာဇ် (၁၆၈) ခုနှစ်တွင် စလေငခွေးက တန်နက်မင်းကို လုပ်ကြံ၍ ပုဂံထီးနန်းကို သိမ်းယူသည်။ မြန်မာသမိုင်းတွင် ဘုရင်ကိုသတ်နိုင်လျှင် ဘုရင်ဖြစ်စတမ်း အယူအဆသည် နှစ်ပေါင်းအတော်ကြာ လွှမ်းမိုးခဲ့၏။ အဝမ္မက ဓမ္မကို အနိုင်ယူသောခေတ်၊ လောဘက သီလကို အနိုင်ကျင့်သောခေတ်ဟု ဆိုရမည်။

ထိုအယူအဆသည် ဝိသမလောဘအတွင်း သက်ဝင်သောကြောင့် ကမ္ဘာကြီးတစ်ခုလုံး ဒုန္တိက္ခန္တရ အင်္ကတ်ဘေးကြီးဆိုက်ရောက်ခြင်း၊ ရေများ လွှမ်းမိုး၍ ကမ္ဘာလောကကြီးပျက်စီးခြင်းဟူသော ဆိုးကျိုးများကို ဖြစ်စေနိုင်သောကြောင့် ပြည်သူအားလုံးက ဝိုင်းဝန်းဆန့်ကျင်ရပေမည်။

အဓာတသတ်မင်းလက်ထက်မှစ၍ သားများသည် အဖေကိုသတ်၍ နန်းတက်ကြရာ လုပ်ကောင်းသောစနစ်တစ်ခုလို ဖြစ်နေ၏။ နောက်ဆုံးမင်းဆက်တစ်ခုတွင်ကား ပြည်သူများက သည်းမခံနိုင်တော့ဘဲ အဖသတ်မင်းကို ဝိုင်းဝန်းသုတ်သင်ပြီး အမတ်တစ်ယောက်ကို နန်းတင်သောအခါတွင်မှ အဖသတ်မင်းဆက် နိဂုံးချုပ်သွားရသည်။

ယခုလည်း လုပ်ကြံသတ်ဖြတ်ခံရသော တန်နက်မင်း၏ မိဖုရားတစ်ယောက်သည် သူဆင်းရဲမယောင်ဆောင်၍ ထွက်ပြေးလွတ်မြောက်သွားကာ ရွာပုဒ်တစ်ခုတွင် မထင်မရှားနေလေသည်။ မွေးလာသောသားလေးသည် မင်းသွေးပါသူပီပီ ငယ်ရွယ်စဉ်ကတည်းက မင်းဖြစ်ချင်ကြောင်းကိုသာ မိခင်ကို ပူဆာလေ့ရှိ၏။

ဘုရင်သတ်မှ ဘုရင်ဖြစ်ရသော စနစ်ကို စက်ဆုပ်ရွံမုန်းသော မိခင်နှင့် ဆရာဘုန်းကြီးတို့က ငါးပါးသီလကိုသာ လုံခြုံအောင် စောင့်ထိန်းနိုင်း၏။

ဣန္ဒြိယ်တိက္ခအ သီလဝတော စေတော ပဏ္ဍိဝိသုဒ္ဓတ္တာ (အဂုတ္တိုရ်ပါဠိတော်) ရဟန်းတို့ သီလလုံခြုံသူအား စင်ကြယ်သည့်အတွက်ကြောင့် အလိုဆန္ဒမှန်သမျှ တစ်ခဏခြင်းပြည့်ရသည်ဟူသော ဘုရားဟောရှိနေသည် မဟုတ်ပါလော။

လူငယ်လေးကလည်း သီလကို လုံခြုံအောင် စောင့်ထိန်း၏။ အရွယ် ရောက်သောအခါ ပုဂံမင်းထံ သွားခစား၏။ သီလတန်ခိုးကြောင့် ဘုရင့်၏ အခွန်ဘဏ္ဍာတို့ကို အချိန်မှန်မှန်ဆက်သွင်းရန် ဆော်သြရသော ကွမ်းဆော် ရာထူးကိုရ၏။ မိမိတာဝန်ကို စေတနာအပြည့်ဖြင့် ကျေပွန်အောင်ထမ်းရင်း သီလကို ဖြည့်ဆည်းနေရာ -

ကုသိုလ်အားပြည့်သောအခါတွင်ကား ပုဂံမြို့တွင် ကောလဟာလသတင်း ကြီးတစ်ခုထွက်လာ၏။ ထိုသတင်းကား တူရွင်းတောင်ခြေတွင် မင်းလောင်း ပေါ်နေပြီဟူသော သတင်းပင်ဖြစ်၏။ တပ်မတော်သား မင်းမှုထမ်းများနှင့် ပြည်သူပြည်သား အားလုံးတို့သည် ညှိနှိုင်းခြင်းမရှိဘဲ တစ်စုတစ်ဝေးကြီး တူရွင်းတောင်ခြေသို့ သွားနေကြသည်။

ထိုသတင်းကို မင်းဖြစ်ချင်သော သူငယ်လေးက ပို၍စိတ်ဝင်စား၏။ တူရွင်းတောင်ခြေသို့ မင်းလောင်းသွားကြည့်ခါနီးတွင် မုန့်နှင့် စားဦးစားဖျား တင်နေကျ စောင်းချမ်းပင်အောက်ရောက်သွား၏။ မေတ္တာပို့၍ မိမိ၏ဒါန၊ သီလကုသိုလ်တို့ကို အမျှပေးအပြီးမှာပင် စောင်းခြမ်းပင်စောင့်နတ်သည် ကိုယ်ထင်ပြကာ -

သင်စောင့်သော သီလကုသိုလ်ကြောင့် ဤပုဂံပြည်တွင် မင်းဖြစ်လိမ့် မည်။ သီလကို ယခုထက်ပို၍စောင့်ပါဟုပြောပြီး ထွက်သွားလေသည်။ ဤနေရာ၌ ဗုဒ္ဓဘာသာဝင်များသည် ကိုးကွယ်ခြင်းနှင့် ပသခြင်းကို ခွဲခြား ထားတတ်ကြရမည်။ ကိုးကွယ်ရမည်ကား ဘုရား၊ တရား၊ သံဃာ ရတနာ သုံးပါးသာ ဖြစ်၏။ ဘာမှလာရောရှက်မရပေ။

မမြင်အပ်သော စတုမဟာရာဇ်အနွယ်ဝင် ဘုမ္မစိုး၊ ရုက္ခစိုး၊ အာကာသစိုးနတ်များအား မိတ်ဆွေများကို ကျေးမွေးခြင်းသဘောမျိုး ကဲ့သို့ ပသနိုင်လေသည်။ မမြင်ရသော ပုဂ္ဂိုလ်များကို မေတ္တာပို့ခြင်း၊ အမျှဝေခြင်းကား အကောင်းဆုံး၊ အထိရောက်ဆုံး၊ အကျိုးအရှိဆုံး၊ မိတ်ဆွေဖွဲ့နည်းပင်ဖြစ်ပါ၏။

လူငယ်လေးသည် စိတ်ဝင်တစားဖြင့် တူရွင်းတောင်ခြေသို့ သွားနေစဉ်မှာပင် အဘိုးအိုတစ်ယောက်က မြင်းတစ်စီးကိုပေးပြီး တက်စီးခိုင်းသည်။ သူ၏ခေါင်းကိုလည်း ရတနာမျိုးစုံစီချယ်ထားသော မကိုဋ်ကိုလည်း ဆောင်းပေးလိုက်သည်။ ရတနာကျောက်စီလုံ တစ်ချောင်းကိုလည်း လက်ထဲထည့်ပေးလိုက်ရာ လူငယ်လေးကိုယ်တိုင် မင်းလောင်းဖြစ်သွား၏။

လူငယ်လေးကား သတိမထားမိသေး။ တန်ဆာကို ဆင်ယင်ပေး သူမှာ တန်ခိုးကြီးနတ်တစ်ပါးပင်ဖြစ်၏။ တူရွင်းတောင်ခြေကို ရောက် သောအခါ လူငယ်လေးကို တွေ့ရသည်နှင့် လူထုကြီးက "ကဲ .. မင်းလောင်းလာပြီ ရှိခိုးကြ၊ မင်းလောင်းလာပြီ ရှိခိုးကြ" ဟူသော အသံကြီးနှင့်အတူ ဝိုင်းဝန်းရှိခိုးကြ၏။ ထိုအခါကျမှ မင်းလောင်းဆိုသည် မှာ သူကိုယ်တိုင်ဖြစ်နေကြောင်း လူငယ်လေးသိသွားလေသည်။

ပုဂံပြည်သူများနှင့် ငါးပါးသီလလုလင်တို့ကား ပုဂံနန်းကြီးကို သိမ်းပိုက်ရန် တူရွင်းတောင်မှ နန်းတော်ဆီသို့ လာနေကြပြီ။ ထိုအချိန်က ပုဂံနန်းကို စိုးစံနေသည်မှာ တောင်သူကြီးမင်း၊ သခွားစိုက်ပြီး တောင်သူ လုပ်နေစဉ် ပုဂံမင်းတစ်ပါးက သူ့ထံမတောင်းဘဲ သခွားခင်းထဲဝင်ပြီး သခွားသီးများကို ခိုးစားသည်။

ထိုအချိန်က ပုဂံဘုရင်သည် အဖော်များနှင့်ကွဲပြီး တစ်ယောက်တည်း ရောက်လာခြင်းဖြစ်သည်။ ထိုသို့ မင်းဖြစ်သည်ကိုမသိသော တောင်သူကြီးက သူ့သခွားသီးများကို ခိုးစားရပါမည်လောဟုဆိုကာ သူရှင်းပြားဖြင့် မင်းကို ရိုက်သတ်လိုက်သည်။

ဘုရင်သတ်လျှင် ဘုရင်ဖြစ်သောစနစ်အရ တောင်သူကြီးကို မိဖုရားကြီး ကိုယ်တိုင် မင်းချင်းများကို တိတ်တိတ်ခေါ်ယူစေပြီး မင်းမြှောက်ထားခြင်း ကြောင့် တောင်သူကြီးမင်းဟု ခေါ်ကြခြင်းဖြစ်သည်။ လက်ရှိဘုရင်သည် သူတစ်ပါးအသက်ကိုသတ်ပြီးမှ မင်းဖြစ်လာသူ -

နန်းသိမ်းရန်လာနေသော လူငယ်ကား ငါးပါးသီလကို စောင့်ထိန်းသူ။ သီလရှိသူနှင့် သီလမဲ့။ ဓမ္မနှင့် အဓမ္မတို့၏ တိုက်ပွဲကား စကြလေပြီ။ တောင်သူကြီးမင်းက ငါရှိနေပါလျက် မင်းလောင်းပေါ် ရပါမည်လောဟု ဒေါသဖြစ်ကာ သန်လျက်ကိုဆွဲပြီး နန်းတော်ထက်မှ ဆင်းလာသည်။

ငါးပါးသီလလုလင်ကလည်း နန်းတော်ဝင်းထဲသို့ မြင်းဖြင့်ဝင်လာသည်။ တောင်သူကြီးမင်း နန်းတော်လှေကားအဆုံးအရောက်မှာပင် အလှထုထား သော ကျောက်ရုပ်ကြီး၏ လက်တစ်ဖက်က သူ့ခေါင်းပေါ် ပြုတ်ကျသဖြင့် မည်သူမျှမသတ်ရဘဲ အလိုလိုသေသွားလေသည်။

ထို့ကြောင့်လည်း သက္ကရာဇ် ၃၂၆ ခုနှစ်တွင် ငါးပါးသီလလုလင် သည် ကွမ်းဆော်မင်း ဟူသောအမည်ဖြင့် ပုဂံနန်းကို စိုးစံခဲ့ပေသည်။ ကွမ်းဆော်မင်းကား မြန်မာပြည်သားအားလုံးတို့၏ ကျေးဇူးရှင် အနော်ရထာ မင်းစော၏ ခမည်းတော်ပင် ဖြစ်ပါ၏။

## သီလစောင့်က လိုတာရ

**သီလံရက္ခေထ မေဓာဝီ၊**
**ပတ္ထယာနော တယော သုခေ။**
**ပသံသံ ဝိတ္တ လာဘဉ္စ၊**
**ပစ္စသဂ္ဂေစ မောဒနံ (ထေရဂါထာပါဠိတော်)**

ရဟန်း၊ ရှင်၊ လူတို့၏ စစ်မှန်သော အချီးအမွမ်းကို ခံချင်လျှင် ရဟန်းရှင်လူတို့က မည်သူမှမတိုက်တွန်းရဘဲ ပစ္စည်းလေးပါးဖြင့် လှူဒါန်းလာစေလိုလျှင် သေပြီးနောက်ဘဝ၌ နတ်ပြည်တွင် ပျော်ရွှင်မွေ့လျော်လိုလျှင် ပညာရှိသည် သီလကိုသာ စောင့်ထိန်းရာ၏။

## ဓမ္မနှင့် အဓမ္မစစ်ပွဲ

☆ လောက၌ ပုဂ္ဂိုလ်လည်းရှိ၏။ သတ္တဝါလည်းရှိ၏။ စစ်ခင်းမှုလည်းရှိ၏။ ထို့ကြောင့် လောကနှင့်ပတ်သက်လျှင် အထူးဆိုဘွယ်ရှိ၏။ အမှန်အားဖြင့် လောက၌ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်သတ္တဝါဖြစ်ဖြစ် မိမိတို့၏ဘဝကို တည်ငြိမ်စေချင်ကြသည်ချည်းဖြစ်၏။

☆ ဘဝတည်ငြိမ်ဖို့အတွက် လောကတည်ငြိမ်ဖို့လို၏။ လောကတည်ငြိမ်ဖို့အတွက် လောကစစ်မြေပြင်တွင် ဓမ္မအင်အားစုများက အဓမ္မအင်အားစုများအပေါ် အနိုင်ရဖို့လို၏။ ဓမ္မအင်အားစုတွင် ငါးပါးသီလသည် အခြေခံအကျဆုံး ဖြစ်၏။

အကယ်၍သာ လူတို့သည် ငါးပါးသီလကို လိုက်နာ ကျင့်ကြံကြမည်ဆိုလျှင် လောကသည်လည်း တည်ငြိမ်မည်ဖြစ်၏။ လူတို့၏ဘဝများသည်လည်း တည်ငြိမ်မည်ဖြစ်၏။

**(ဘဝအမြင်သစ်-စာ-၁၅-၁၆)**

# အခန်း (၂)

## ပါဏာတိပါတသိက္ခာပုဒ်

**ပါဏ** = အသက်ကို၊ **အတိပါတ** = လျှင်မြန်စွာချခြင်းဟု ပုဒ်ခွဲရသည်။ ရှင်းအောင်ပြန်သောအခါ သူ့အသက်ကိုသတ်ခြင်းဟုပင် ဖြစ်သွားသည်။ အကြောင်းတစ်ခုခုကြောင့် သတ္တဝါတစ်ကောင်ကောင် သေသွားသောအခါ ပါဏာတိပါတကံထိုက်၊ မထိုက်ဆုံးဖြတ်နိုင်ရန် အင်္ဂါငါးချက်ရှိသည်။ ယင်းတို့မှာ -

- သတ္တဝါတစ်ကောင်ကောင်ဖြစ်ခြင်း
- သတ္တဝါဟူသော အမှတ်သညာရှိခြင်း
- သေစေလိုသော စိတ်စေတနာရှိခြင်း
- သေဖို့ရန်ကိုယ်၊ နှုတ်တစ်ခုခုဖြင့် လုံ့လပြုခြင်း
- သေသွားခြင်း။ (ခုဒ္ဒက။ ၄။ ၂၂)

တို့ဖြစ်ပေသည်။ အရေးတကြီးသိသင့်သော အဆုံးအဖြတ်တစ်ခုမှာ ရောဂါဒဏ်ကို မချိမဆန့် ခံစားနေရသော လူနာတစ်ယောက်ကို မကြည့်ရက်ပါဘူးဆိုကာ မြန်မြန်သေဆေးထိုးပေးသူမှာ အပြစ်ရှိသည်ဟူသော ဆုံးဖြတ်ချက်ပင်ဖြစ်၏။ အပေါ်ယံကြည့်လျှင် ရောဂါခံစားနေရတာကို မကြည့်ရက်လို့ ကရုဏာစိတ်နှင့်လုပ်ပေးလိုက်တာ ပါဏာတိပါတကံမမြောက်လောက်ပါဘူးဟု ထင်စရာပင်ဖြစ်နေ၏။

အမှန်ကား သေဆေးထိုးသနိုက်တွင် သနားသောစိတ်ခေတ္တ ပျောက်သွားပြီး မြန်မြန်သေစေလိုသော သိမ်မွေ့လှသည့် ဒေါသစိတ်က ကာယကံရှင်သတိမထားလိုက်မိသောအချိန်မှာပင် ဖြစ်သွား၏။ ထို့ကြောင့် လူနာကို မြန်မြန်သေအောင် ဆေးထိုးပေးလျှင် ကိုယ်တိုင်ထိုးပေးသော ဆရာဝန်ရော၊ ထိုးခိုင်းသောလူနာရှင်ပါ ပါဏာတိပါတ ကံထိုက်လေသည်။

## ပဉ္စာနန္တရိယကံထိုက်သောအမှား

**သေဆေးအထိုးခံရသူမှာ မိဘဖြစ်နေလျှင် ထိုးနိုင်းသောသားသမီးများမှာ ပဉ္စာနန္တရိယကံထိုက်သည်။** အသတ်ခံရသူ၏ သီလ၊ သမာဓိ၊ ပညာ၊ အကြီးအသေးအလိုက် သတ်သူမှာလည်း အကုသိုလ်အကြီး အသေးကွာခြားသွားသည်။ သီလ၊ သမာဓိ၊ ပညာကြီးမားသူကိုသတ်လျှင် အပြစ်ကြီး၍ သီလ၊ သမာဓိ၊ ပညာနည်းသူကိုသတ်လျှင် အပြစ်သေးသည်ဟု မှတ်ရမည်။

## ပါဏာတိပါတ၏ဆိုးကျိုးများ

ပါဏာတိပါတ်၊ သူ့သက်သတ်က
ချို့တတ်အင်္ဂါ မွဲပြာရုပ်သွင်
အားအင်ချို့ယွင်း လျှင်ခြင်းလည်းဝေး
ဘေးကိုကြောက်တတ်၊ အသက်ခံရာ
အနှာများလျက်၊ ခွဲရံပျက်၍
အသတ်တိုလျ၊ ပြစ်များစွသည်၊
ရှောင်ကအပြန် အကျိုးတည်း။

ဖော်ပြပါလင်္ကာအရ သူ့အသတ်ကိုသတ်သူများသည် ဖြစ်ရာဘဝတွင် မိခင်ဝမ်းတွင်းကတည်းက ကိုယ်လက်အင်္ဂါအပြည့်မစုံ ဖြစ်လာတတ်သည်။ ရုပ်ရည်မှာ ကြည့်မရလောက်အောင် မွဲပြာနေတတ်သည်။ အားအင်ခြောက်ခန်းပြီး ချိနဲ့နေတတ်သည်။

လျှင်မြန်ဖျတ်လတ်မှုမရှိဘဲ လေးလံထိုင်းမှိုင်းနေတတ်သည်။ အမြဲတန်းကြောက်ကြောက်ရွံ့ရွံ့ တုန်တုန်ခိုက်ခိုက်နေရတတ်သည်။ သူတစ်ပါး အသတ်ကိုခံရသည်။ သူတစ်ပါးက လာမသတ်လျှင် မိမိကိုယ်မိမိ ပြန်သတ်

ရသည်။ အဆိပ်သောက်သေသူများ၊ ရေထဲခုန်ချသေသူများ၊ ရထား အကြိတ်ခံသေသူများသည် ပါဏာတိပါတကံ ပါလာသူများဖြစ်ကြ၏။

သူတစ်ပါးက လာမသတ်၍ မိမိကိုယ်မိမိ ပြန်သတ်ရခြင်းဖြစ်၏။ နောက်ဆိုးကျိုးများမှာ အနာရောဂါများခြင်း၊ အခြွေအရံပျက်ခြင်း၊ အသက်တိုခြင်းတို့တည်း။ အကယ်၍ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်မည် ဆိုလျှင် ယခုဆိုးကျိုးများ၏ ဆန့်ကျင်ဘက် -

- ဖြစ်ရာဘဝကိုယ်လက်အင်္ဂါပြည့်စုံစွာဖြစ်ရခြင်း။
- ရုပ်ရည်ချောမောလှပ ကျက်သရေရှိခြင်း။
- ခွန်အားဗလကြီးခြင်း။
- လျှင်မြန်ဖျတ်လတ်ခြင်း။
- ရဲရဲရင့်ရင့် တန့်လှုပ်မှုကင်းစွာ နေနိုင်ခြင်း။
- မိမိကို သူတစ်ပါးက မလုပ်ကြံနိုင်ခြင်း။
- မိမိကိုယ်မိမိ သေကြောင်းမကြံခြင်း။
- အနာရောဂါကင်းဝေးခြင်း။
- အခြွေအရံများခြင်း။
- အသက်ရှည်ခြင်း =

ဟူသော ကောင်းကျိုးများကို ပြန်လည်ရရှိမည်ဖြစ်သည်။ လူသားတို့တွင် သက်တမ်းဆုတ်သောကပ်၊ တက်သောကပ်ဟူ၍ နှစ်မျိုးရှိသည်။ သီလမရှိမှုကြောင့် ဆုတ်ကပ်ဖြစ်ရပြီး သီလရှိမှုကြောင့် တက်ကပ်ဖြစ်ရသည်။ ယခုအချိန်ကို ဆုတ်ကပ်အချိန်ဟုဆိုရသည်။ မရေမတွက်နိုင်အောင် အသက်ရှည်သော အသေင်္ချေယတန်းမှစ၍ ဆုတ်လာခဲ့ရာ (၇၅) နှစ်တန်းအချိန်သို့ပင် ရောက်လာပေပြီ။

သီလတွေပျက်ပြီး ကရုဏာကင်းလိုက်ကြသည်မှာလည်း ဆိုဘွယ်ရာမရှိ။ နိုင်ငံခြားဟိုတယ်များတွင် မြွေ၊ ငါး၊ လိပ်၊ မျောက်စသော သတ္တဝါများကို အရှင်ပြထားသည်။ စားချင်ရာ လက်ညှိုးထိုးပြလိုက်သည်နှင့် ထိုသတ္တဝါကို ချက်ချင်းသတ်ကာ ချက်၊ ပြုတ်၊ ကြော်၊ လှော် ကျွေးကြသည်။

မျောက်ကလေးများအဖြစ်ကား ပို၍ဆိုး၏။ မည်သူက ချောက်တွန်းလိုက်သည်မသိ။ မျောက်ဦးနှောက် လတ်လတ်ဆတ်ဆတ်စားလျှင် အသက်ရှည်သည်၊ အင်အားကိုလည်းဖြစ်စေသည်ဟူသော သတင်းထွက်လာသည်နှင့် မျောက်များ မချိမဆန့်ဝေဒနာကိုခံစားပြီး သေကြရသည်။

မျောက်ကို ချိန်းသားကျအပေါက်ဖောက်ထားသော စားပွဲအလယ်မှ အပေါက်ထဲသို့ အောက်ဘက်မှ ခေါင်းထိုးသွင်းပြီး မလှုပ်နိုင်အောင် တုပ်ချည်ထားလိုက်သည်။ စားပွဲအပေါ်ပိုင်းမျက်နှာတွင်ကား မျောက်၏ နောက်စေ့လေးက အပေါ်ထွက်လျက်ရှိသည်။

စားပွဲပေါ်တွင်ကား ဓားတစ်ချောင်း၊ ဇွန်းခက်ရင်းအရက်နှင့် ဖလ်ခွက်တို့က အသင့်ရှိနေသည်။ မျောက်ဦးနှောက်ကို စားတော့မည်ဆိုသည်နှင့် အသင့်ချပေးထားသောဓားဖြင့် ပေါ်နေသော မျောက်ဦးခေါင်း၏ သုံးပုံတစ်ပုံကို လှီးပစ်လိုက်သည်။ လှီးပြီးသော ဦးခွံကို ဖယ်လိုက်သည်နှင့် အရှင်လတ်လတ် မျောက်၏တလှုပ်လှုပ်ဖြစ်ဆဲ ဖွေးဖွေးဖြူနေသော ဦးနှောက်များက ပေါ်လာသည်။

ထိုဦးနှောက်များကို ဇွန်းခက်ရင်းဖြင့် ယူစားကြသည်။ လူသားသည် လောက၌ အသိဉာဏ်ပညာ အကြီးမားဆုံးဖြစ်၏။ ထိုအသိဉာဏ်ကို ကရုဏာမေတ္တာနေရာတွင် အသုံးမချဘဲ လောဘ၊ ဒေါသနေရာတွင် အသုံးချလိုက်သောအခါ အရက်စက်ဆုံး၊ အယုတ်မာဆုံးသရဲဖွယ်သည် လူသား၏ခေါင်းပေါ်သို့ပင် ပြန်ရောက်သွားရသည်။

# မိုးမွှသံပြာပေါ်ကဘဲကလေး

အားအပြည့်ပါသော ဘဲခြေထောက်ကင်ဟူသော အစားအစာတစ်ခုကလည်း ရက်စက်သောလူသားများ၏ တီထွင်ချက်တစ်ခုပင် ဖြစ်၏။ အနံ့တစ်ပေခွဲ၊ အ ျားဆယ်ပေခန့်ရှိသော သံပြားထူထူတစ်ခု၏ ဘေးနှစ်ဘက်နှင့် အပေါ်ပိုင်းကို သံဆန့် ကစိပ်စိပ် အုပ်ပေးထားသည်။ သံပြားပေါ်တင်ပေးလိုက်သောဘဲသည် ဘေးနှစ်ဖက်သို့လည်းကောင်း၊ အပေါ်သို့လည်းကောင်း ပျံမပြေးနိုင်စေရန်ဖြစ်သည်။

အောက်မှ အပူပေး၍ သံပြားကြီးရဲလာသောအခါ ဘဲတစ်ကောင်ကို သည်ဘက်အစွန်းမှ သံပြားပေါ်တင်လိုက်ပြီး ဟိုဘက်အစွန်းသံပြားထိပ်သို့ ထွက်ပြေးအောင်ခြောက်လှန့်ရိုက်နှက်လိုက်သည်။ ဘဲ ရဲရဲဝှဲဝှဲပြေးလာစေရန် ဟိုဘက်အစွန်းမှလူက ဘဲမမြင်အောင် တစ်နေရာက ကွယ်စောင့်နေသည်။

အပူဒဏ်ကို မခံနိုင်သဖြင့် ဟိုဘက်အစွန်းသို့ အားကုန်ပြေးသော ဘဲ၏ ခြေဖဝါးက သံပြားမှာကင်သွားသလိုဖြစ်နေသည်။ ဟိုဘက်အစွန်း ရောက်သည်နှင့် အသင့်စောင့်နေသူက ဘဲကိုဆွဲယူပြီး ခြေထောက်ကို ခုတ်ဖြတ်ကာ ဟင်းလျာတစ်ခွက်ဖြစ်အောင် လုပ်လိုက်လေပြီ။

ထိုရက်စက်သော အပြုအမူများသည် မြန်မာပြည်သို့ ဝင်လာကြပြီ။ ပွဲတော်အချို့တွင် ငုံးများကိုခြင်းထဲထည့်ပြထားပြီး စားမည့်သူများ လက်ညှိုးထိုးပြသောအကောင်ကို ချက်ချင်းထုတ်သတ်ကာ ကြော်ချက်ပေးကြသည်။ ထိုမျှအထိ ရက်စက်ကြသောလူသားများကို တိရစ္ဆာန်များက အပြစ်မပေးနိုင်ကြ။ ဒဏ်မခတ်နိုင်ကြ။

ထိုအခါ သဘာဝနိယာမတရားကြီးက လူသားတို့ကို တိရစ္ဆာန်တို့ ကိုယ်စားအပြစ်ပေးဒဏ်ခတ်တော့သည်။ ကင်ဆာ၊ အေအိုင်ဒီအက်စ်၊ ကိုးမားစသော ကုသ၍မရနိုင်သည့် ရောဂါမျိုးစုံတို့ဖြင့် ဒုက္ခပြန်ပေးသည်။

ရက်စက်သောလူသားတို့၏ သက်တမ်းကိုလည်း တဖြည်းဖြည်း ဆုတ်ပေးနေရာ နောင်ဆိုလျှင် ဆယ်နှစ်တန်းထိ ဆုတ်မည်။ ထိုဆယ်နှစ်တန်း အချိန်သည်ကား လူသားတို့သည် တိရစ္ဆာန်တို့ အပေါ်တင်ခဲ့သော သွေးကြွေးများကို အကျေအလည် ပေးဆပ်ရသောအခါပင် ဆိုထိုက်၏။

ဂျပန်တို့မိုးကောင်းစဉ်အခါက ဖမ်းမိသော သုံ့ပန်းစစ်သားများကို နည်းမျိုးစုံဖြင့် ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ကြသည်။ မြေကြွက်ကြီးကို နှစ်ရက်သုံးရက်ခန့် အစာငတ်အောင် ထားလိုက်၏။ မြေကြွက်ကြီး ဆာလောင်မွတ်သိပ်ပြီး တွေ့ကရာကို ကိုက်ဖြတ်စားသောက်ပစ်ချင်သောအချိန်ကျမှ အိုးထဲထည့်၍ အဝတ်ဖြင့်ပိတ်ကာ ယူလာခဲ့သည်။

သူတို့သတ်ချင်သောသုံ့ပန်းကို ပက်လက်လှန်ကာ မလှုပ်နိုင်အောင် ကြိုးတုပ်ထားလိုက်သည်။ ထို့နောက် သုံ့ပန်းကိုယ်မှ အင်္ကျီ၊ ဘောင်းဘီများကို ချွတ်ပစ်ကာ ဗိုက်တွင်သွေးများလိမ်းပေးလိုက်သည်။ ပြီးလျှင် ကြွက်ထည့်ထားသောအိုးကို သုံ့ပန်းဗိုက်ပေါ်မှောက်ပြီး ကြိုးနှင့်ချည်ပေးထားလိုက်သည်။

အိုးထဲက မြေကြွက်သည် သွေးညှီနံ့ရသည်နှင့် သုံ့ပန်း၏ ဝမ်းဗိုက်ကို ကိုက်ဖောက်တော့သည်။ အရေပါးမှ အရေထူ၊ အရေထူမှ အကြော၊ အကြောမှ အသား၊ အသားမှအူကလီစာထိအောင် ကိုက်ဖောက်စားသောက်ခြင်းကိုခံရသော သုံ့ပန်းသည် မျက်လုံးကြီးပြူးပြီး မျက်နှာကြီးရှုံ့မဲ့ကာ သေသည်အထိ ငယ်သံပါအောင် အော်ဟစ်သည်ကို ဂျပန်စစ်သားတို့က အရသာခံကာ ကြည့်ကြသည်။

တစ်ခါတစ်ရံ ရှေ့တန်းမှ သုံ့ပန်းအမိနည်း၍ သတ်ဖြတ်သည့်အလုပ်ကို မလုပ်ရလျှင် ဂျပန်စစ်သားများ မနေတတ်မထိုင်တတ် ဖြစ်နေသည်။ ထိုအခါ နောက်တန်းမှာ ထောင်ချထားသော သုံ့ပန်းများကို သူတို့ အာသာပြေ သတ်ဖြတ်ဖို့အတွက် တောင်းကြသည်။ ထောင်ထဲမှ ထုတ်ပေးလိုက်သော သုံ့ပန်းများကို သုံးယောက်တစ်တွဲ လေးယောက်တစ်တွဲချည်ကာ မြေကြီးပေါ် လှဲထားသည်။

ပြီးလျှင် သွေးဆာနေကြသော ဂျပန်စစ်သားများက ဘက်နက်နှင့် အဆက်မပြတ် ထိုးလိုက်၊ လိမ့်သွားအောင် ကန်လိုက်နှင့် ရက်စက်ယုတ်မာစွာ သတ်ဖြတ်ကြသည်။ ဆိုလိုသည်မှာ ဂျပန်စစ်သားများသည် လူကို သတ်ဖြတ်နေကျဖြစ်သောကြောင့် မသတ်ဖြတ်ရလျှင် မနေနိုင်ဖြစ်လာသလို ဆယ်နှစ်တန်းရောက်လျှင်လည်း လူသားများသည် တိရစ္ဆာန်များကိုသာမက လူအချင်းချင်းကိုပင် မသတ်ဖြတ်ရလျှင် မနေနိုင်အောင် ဖြစ်လာသည်။

## မြက်ကလျဲ့ဖြစ်ရသောထိုအချိန်

ထို့ကြောင့် လူချင်းတွေ့လျှင် ဒေါသစိတ်ဖြင့် မြက်ပင်ကိုဆွဲနှုတ်လိုက်လျှင် လှံဖြစ်သွားသည်။ ငှက်ပျောဖက်လို အရွက်ကို ဆွဲယူလိုက်လျှင် ဓားဖြစ်သွားသည်။ ထိုဓားလှံတို့ဖြင့် အချင်းချင်းထိုးခုတ်ရင်း သီလမရှိသော လူသားများအားလုံး သေဆုံးကြရသည်။ ထိုအချိန်ကမှ လူမိုက်တို့ကို ကြောက်သဖြင့် တောထဲတွင်ပုန်းအောင်းနေသော သူတော်ကောင်းများ အပြင်ထွက်လာကြသည်။

သီလကင်းမဲ့မှုကြောင့် အသေဆိုးဖြင့် သေကြရသောလူသားများကိုကြည့်ကာ တရားပါရလာပြီး သီလကို ပိုစောင့်ကြသည်။ အချင်းချင်း မေတ္တာကရုဏာ ပိုထားလာကြသည်။ ထို့ကြောင့် ဆယ်နှစ်တန်းရှိ မိဘက မွေးသောသားသမီးများသည် အနှစ် နှစ်ဆယ် သက်တမ်းရှည်ကြသည်။

နှစ်ဆယ်တန်းရှိ မိဘကမွေးသော သားသမီးများသည် အနှစ်လေးဆယ် သက်တမ်းရှည်ကြသည်။ ထိုသို့ သီလတန်ခိုးကြောင့် သက်တမ်းသည် ခေါက်ချိုးတက်လာလိုက်ရာ လူသားသည် နတ်ပြဟ္မာတို့ထက် သက်တမ်းရှည်သော အသင်္ချေယျတန်းသို့ ရောက်သွားသည်။

အသေင်္ချေယတန်းဟူသည် မရေမတွက်နိုင်အောင် အသက်ရှည်သော အတန်းဟု အဓိပ္ပါယ်ရသည်။ မန္ဓာတုစကြာမင်းကြီးတို့ခေတ်က လူတို့၏ သက်တမ်းသည် အသင်္ချေယတန်းပင်ဖြစ်၏။ ထို့ကြောင့် တာဝတိံသာ နတ်ပြည်သို့တက်ပြီး နတ်စည်းစိမ်ကို ခံစားနေသော မန္ဓာတုစကြာမင်းကြီး သည် နှစ်ပေါင်းသုံးကုဋေနှင့် အနှစ်ခြောက်သန်း အသက်ရှည်သော သိကြားမင်းပေါင်း (၃၅)ယောက် သေသော်လည်း သူက မသေခြင်းကို ထောက်သောအားဖြင့် အသေင်္ချေယတန်း၏ သက်တမ်းကို ခန့်မှန်းကြည့်နိုင် ပေသည်။

(မှတ်ချက်) မန္ဓာတုစကြာမင်းကြီးအကြောင်း အပြည့်အစုံကို စာရေးသူရေးသားသော ယုံမှတ်လို့ပုံအပ်မိသူများအကြောင်း(၂) စာအုပ်တွင် ဖတ်ရှုနိုင်သည်။

ထိုအသင်္ချေယတန်းတွင်လည်း အရိမေတ္တေယျဘုရား မပွင့်သေးပါ။ သက်တမ်းရှည်လွန်းအားကြီး၍ အိုခြင်း၊ နာခြင်း၊ သေခြင်းတို့မှာ မထင်ရှား သဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တစသည်တို့ကို မမြင်နိုင်သောကြောင့် ဘုရား မပွင့်ခြင်းဖြစ်သည်။ အိုခြင်း၊ နာခြင်း၊ သေခြင်းကို မတွေ့ရသဖြင့် လူသားများ မှာ ဗြဟ္မစိုရ်ကင်းကာ သီလကို ပြန်လည် ချိုးဖောက်လာကြသည်။

ထို့ကြောင့် သက်တမ်းများပြန်ဆုတ်လာပြီး တစ်သိန်းတန်း အရောက် ကျမှ အရိမေတ္တေယျဘုရားရှင်ပွင့်မည်ဖြစ်သည်။ ဤ၌ သင်ခန်းစာ ထုတ်ယူ စေလိုသည်မှာ လူသားများမှာ ကိုယ်ကျင့်သီလ ရှိနေကြလျှင် တက်ကပ် ဖြစ်သည်။ လူသားများမှာ ကိုယ်ကျင့်သီလ ရှိမနေလျှင် ဆုတ်ကပ်ဖြစ်သည် ဟု သိရမည်။

ထို့ကြောင့် ယခုလိုသက်တမ်း (၇၀) ကျော် ဆုတ်ကပ်ခေတ်ကြီးထဲတွင် အသက်တစ်ရာကျော်သောသူ အတော်များများကို တွေ့နေရခြင်းဖြစ်သည်။

တစ်ခြားနိုင်ငံ၊ တစ်ခြားမြို့ရွာများကို အသာထား၍ စာရေးသူတို့ ရွှေပြည်သာမြို့၌ပင် အသက်တစ်ရာကျော်သည်အထိ ကျန်းမာသူများ ရှိနေကြသည်။

ပြီးခဲ့သည့်သုံးနှစ်ခန့်က ဒုလ္လဘရဟန်းခံပွဲ တစ်ခုပြုလုပ်ရာ အလှူရှင်များပင့်သဖြင့် ရန်ကုန်မြို့ထဲမှ အသက် (၇၀) အရွယ်ခန့် ထင်ရသော ဆရာတော်ကြီးတစ်ပါး ရွှေပြည်သာသို့ ကြွလာသည်။ စာရေးသူတို့က ဦးချမည်ပြုသောအခါ ထိုဆရာတော်က ပြုံးရွှင်စွာဖြင့်

သက်တော်က ခြောက်ဆယ်

ဝါတော်က လခွဲ၊

တို့ဘုန်းမော် စာတော်ကိတ်ရယ်၊

မှန်းစိတ်နှင့်လွဲ။

ဆိုတဲ့ လင်္ကာအတိုင်း တပည့်တော်‌ တောထွက်ပါဘုရား ကြီးမှဝတ်တာပါ။ ဝါသိပ်မရသေးပါဘူး။ မကန်တော့ကြပါနဲ့။

ဟု တောင်းပန်တားမြစ်နေရာ စာရေးသူက "အသက်ဘယ်အရွယ်က ရဟန်းပြုတာလဲဘုရား" ဟု မေးလိုက်ရာ မထေရ်ကြီးက

"အသက်ကိုးဆယ်ကျော်မှ ဝတ်ဖြစ်တာပါဘုရား" ဟု ဖြေလိုက်သဖြင့် သံဃာတော်များရော ဧည့်ပရိသတ်များပါ အံ့သြသွားကြသည်။ သူ့ထက်သူ လူစွမ်းကောင်းဟူသော စကားအတိုင်း နောက်ထပ်အမေးအဖြေ စကား၏အဆုံးတွင်ကား အံ့သြလွန်းအားကြီးသဖြင့် ပါးစပ်အဟောင်းသား ဖြစ်သွားမိကြသည်။ စာရေးသူက -

"ဒါဆို ဦးပဉ္စင်းကြီး အခုဘယ်နှစ်ဝါရပြီလဲဘုရား"

"ဆယ့်လေးဝါ ရပါပြီဘုရား"

ထိုဆရာတော်ကြီးကား ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နယ် ၄/၄ ရပ်ကွက်၊ အင်ကြင်းပန်းခြံမှ ဦးကျော်ဝင်း + ဒေါ်လှလှဝင်း၊ ရွှေပြည်သာ

အ.ထ.က (၁) တို့၏ ဖခင်ပင်ဖြစ်သည်။ ယခုအခါ ထေရဝါဒ တက္ကသိုလ် အဲ့က ကျောင်းတစ်ကျောင်းတွင် သီတင်းသုံးနေထိုင် ကြောင်း သိရသည်။

သူ၏ လူ့ဘဝက နေ့စဉ်လည်း (၉၈) နှစ်အရွယ်ဖြင့် အင်ကြင်း ပန်းခြံတွင် နေထိုင်လျက်ပင်ရှိသည်။ သက်တမ်း (၇၀)ကျော် ဆုတ်ကပ်ကြီး အတွင်းတွင် သီလတန်ခိုးကြောင့် ထူးထူးခြားခြား အသက်တစ်ရာကျော် အထိ နေရသူများရှိသကဲ့သို့ သီလမရှိမှုကြောင့် (၇၀)ပင် မပြည့်ဘဲ ထူးထူးခြားခြား သေကြရသူများလည်း ရှိသည်။

## ထူးထူးခြားခြားသေရသူငါးဦး

ပထမတစ်ခုမှာ ၁၉၉၈ ခုနှစ်အတွင်းက အမေရိကန်နိုင်ငံမှ ဖြစ်ရပ် ဆန်းလေးတစ်ခု ဖြစ်၏။ မြို့တော်သတင်းစာတွင် ဖတ်ရခြင်း ဖြစ်သည်။ အမေရိကန် နေ့မောင်နှံတွင် ပန်းသီးဟုအမည်ပေးထားသော (၁)နှစ်အရွယ် ကလေးမလေးတစ်ယောက် ရှိ၏။ သူတို့သည် (၁၂)နှစ်အရွယ် အိမ်ဖော်မ လေးတစ်ယောက်ကို ငှားရမ်းထားကြသည်။

တစ်နေ့ လင်မယားနှစ်ယောက်စလုံး ရုံးသို့ အလုပ်သွားကြသည်။ ကလေးမှာ အိမ်ဖော်နှင့် နေခဲ့ရ၏။ ရုံးသို့ရောက်မှ ညှိခန်းစားပွဲပေါ်တွင် တင်ထားခဲ့မိသော ပန်းသီးများကို ရေခဲသေတ္တာထဲ မထည့်မိခဲ့ကြောင်း သတိရကြ၏။ ထို့ကြောင့် အိမ်ဖော်ထံ ဖုန်းဆက်ပြီး ပန်းသီးတွေကို ရေခဲ သေတ္တာထဲထည့်ထားရန် အမိန့်ပေးလိုက်သည်။

အိမ်ဖော်မလေး၏အသိဉာဏ်က တကယ့်ပန်းသီးဆီကို ရောက်မသွား။ ပန်းသီးအမည်နှင့် ကလေးမလေးဆီသို့သာ ရောက်သွားသည်။ ထို့ကြောင့် လည်း ကလေးလေးကို ရေခဲသေတ္တာထဲထည့်လိုက်သဖြင့် နေ့မောင်နှံ

ပြန်လာသောအခါတွင် သမီးလေး၏အလောင်းကား အအေးဒဏ်ကြောင့် တောင့်၍ပင်နေလေပြီ။

ပဌာန်းကျမ်းကို သင်ယူစဉ်က နားထောင်ခဲ့ရသော ဖြစ်ရပ်တစ်ခုမှာ မိန်းကလေးတစ်ယောက်သည် ကြိုးဆွဲချသေလိုသဖြင့် ညသန်းခေါင်အချိန်တွင် ကြိုးတစ်ချောင်း၊ ကုလားထိုင်တစ်လုံးကိုယူ၍ အိမ်နောက်ဘက်သစ်ပင်တစ်ပင်ဆီသို့ ထွက်လာခဲ့သည်။ ဆန့်ထွက်နေသော ကိုင်းတစ်ကိုင်းတွင် ကြိုးစတစ်ဖက်ကို ချည်လိုက်သည်။

ကျန်ကြိုးစတစ်ဖက်ကို သူမ၏လည်ပင်းတွင် ချည်ခါနီးတွင် ကျန်ရစ်သူများအတွက် စာရေးပြီး မှာစရာရှိသည့်အတွက် အိမ်တွင်းသို့ ခဏပြန်ဝင်သွားသည်။ ထိုအချိန်မှာပင် သူခိုးတစ်ယောက်သည် ထိုအိမ်နောက်ဖက်သို့ ရောက်လာပြီး သစ်ပင်တွင် တွဲလောင်းချထားသောကြိုးကို တွေ့လေသည်။

ခိုးရာပါပစ္စည်းများကို ချည်နှောင်ရန် အသုံးကျမည်ဟုတွေးပြီး ကြိုးစကို ဖြုတ်ယူရန် အနားသို့သွား၏။ ထိုသူခိုးအနားသို့ရောက်သည်နှင့် ကြိုးစသည် မြွေသဏ္ဌာန်ဖြစ်သွားပြီး သူခိုးကိုပေါက်သတ်ရန် ပါးပြင်းထောင်သကဲ့သို့ ဖြစ်လာ၏။

ထိုအခါ သူခိုးသည် တကယ့်မြွေထင်ကာ ကြိုးကိုမယူရဲတော့ပဲ ထွက်ပြေးလေသည်။ ကြိုးသည် သူခိုးမျက်စေ့ထဲ၌ အဘယ့်ကြောင့် မြွေသဏ္ဌာန်ထင်သွားရသနည်း။ ထိုမိန်းမသည် အတိတ်က သူတစ်ပါးကို သတ်ဖြတ်ခဲ့သော ပါဏာတိပါတအကုသိုလ် ပါလာ၏။

ထိုကံကြောင့် သူတစ်ပါးသတ်တာကို ခံရမည်။ သူတစ်ပါးက လာမသတ်လျှင် မိမိကိုယ်မိမိ သတ်သေရမည်။ အကယ်၍ သူခိုးက ကြိုးကို ခိုးသွားလျှင် သတ်သေမှုမအောင်မမြင်ဖြစ်သွားနိုင်သည်။ သို့သော် သူမပြုခဲ့

သော ပါဏာတိပါတ အကုသိုလ်ကံက ထိုကဲ့သို့အဖြစ်မခံ ကြိုးစကို မြွေသဏ္ဍာန်ဖြစ်စေပြီး သူခိုးကို ကြောက်လန့်ပြေးစေလိုက်သည်။

ထို့ကြောင့် အိမ်ထဲမှ ပြန်ထွက်လာသော မိန်းမသည် ကုလားထိုင်ပေါ်တက်ကာ လည်ပင်းကို ကြိုးကွင်းစွပ်ပြီး ကုလားထိုင်ကို ဖယ်ထုတ်လိုက်သည်နှင့် ကြိုးဆွဲချပြီးသား ဖြစ်သွားလေသည်။

အဠသာလိနီ အဋ္ဌကထာ၌လာသော ဗုဒ္ဓလက်ထက်တော်က ဖြစ်ရပ်သုံးခုရှိ၏။ သီတင်းကျွတ်လျှင် ရဟန်းတော်များသည် ဝါဆိုရာအရပ်မှ ဘုရားရှင်ထံမှောက်အရောက်လာပြီး မိမိတို့ရသောတရားကို လျှောက်ထားကြ၊ ရှိခိုးပူဇော်လေ့ရှိကြသည်။

တစ်ခါသော် ရဟန်းတော်သုံးဦးတို့သည် လမ်းသုံးလမ်းဖြင့် ဗုဒ္ဓထံအရောက်သွားကြရာ ပထမတစ်သုတ်သည် ရွာတစ်ရွာ၌ ထူးခြားသောသေခြင်းတစ်ခုကို တွေ့ကြရ၏။ ရွာကို မီးလောင်ရာ မြက်ခြောက်ကွင်းတစ်ကွင်းသည် မီးလောင်ရင်းတန်းလန်း လေ၏အဟုန်ဖြင့် ကောင်းကင်သို့ တက်သွားသည်။

ကောင်းကင်တွင် ပျံသန်းနေသော ကျီးများအနက် တစ်ကောင် သောကျီး၏ ဦးခေါင်းကို စွပ်မိသဖြင့် ထိုကျီးမှာ ကောင်းကင်မှာပင် မီးလောင်ပြီးသေဆုံးခဲ့ရသည်။

နောက်တစ်ခုသည်ကား သင်္ဘောတစ်စီးဖြင့် ရေလမ်းကို ဖြတ်ကြရသည်။ သမုဒ္ဒရာထဲရောက်သောအခါ သင်္ဘောသည် စက်ချွတ်ယွင်းမှုမရှိဘဲ မောင်းမရဖြစ်သွားလေသည်။ နည်းမျိုးစုံဖြင့် ရွေ့လျားအောင် ကြိုးစားကြသော်လည်း သင်္ဘောကား တုတ်တုတ်မျှမလှုပ်။

အတွေ့အကြုံရှိသော လှေသူကြီးက သင်္ဘောပေါ်ရှိ လူအားလုံးကို လူယုတ်မာမဲစာရင်းချသည် မဲလိပ်တစ်လိပ်တွင် လူယုတ်မာဟုရေးပြီး

ကျန်မဲလိပ်များကိုကား ဗလာထားကာ လူအားလုံး နှိုက်ယူကြသည်။ ဗလာကျ မှ အသက်ဘေးက လွတ်မည်။

လူယုတ်မာမဲစာရင်းကျသူကား ပင်လယ်ထဲပစ်ချပြီး အသတ်ခံရမည်ဖြစ်သည်။ ထို့ကြောင့် ရဟန်းတော်များအပါအဝင် လူအားလုံး ရင်တထိတ်ထိတ်ဖြင့် မဲနှိုက်ကြရသည်။ လှေသူကြီးက ရဟန်းတော်များကို ချန်ခဲ့သေးသည်။ ရဟန်းတော်များက တရားနည်းလမ်းကျအောင် အချန်မခံဘဲ ဝင်နှိုက်ကြခြင်းဖြစ်သည်။

ဤသည်ကား တကယ့်သူတော်ကောင်းစိတ်ဓာတ်ဖြစ်၏။ စံနမူနာပြု သူတော်ကောင်းအဖြစ် သမိုင်းတွင်ကျန်ရစ်သောသူမှန်သမျှသည် အနာခံသောသူများသာ ဖြစ်ကြသည်။ အသာစံသောသူများ မဟုတ်ကြပေ။ ထူးခြားသည်ကား ထိုတစ်လိပ်တည်းသော သူယုတ်မာမဲကို ချောချောလှလှ နုနုငယ်ငယ် လှေသူကြီးကတော်ချည်း သုံးကြိမ်တိုင်တိုင် နှိုက်မိခြင်းပါတည်း။

အများအတွက် တစ်ယောက်ကို မညှာတော့ပြီ။ လူကို စတေးနေကျ သင်္ဘောသားများက အိုးတစ်လုံးထဲတွင် သဲများကို အပြည့်ထည့်လိုက်ကြသည်။ ပြီးလျှင် ကြိုးတစ်ချောင်းကိုယူ၍ တစ်စကို အိုးလည်ပင်းမှာချည်၊ ကျန်တစ်စကို ကြောက်လန့်တကြား ငိုယိုရှန်းကန်နေသော လှေသူကြီးကတော်၏လည်ပင်းမှာချည်ကာ ပင်လယ်တွင်းသို့ ပစ်ချလိုက်တော့သည်။

အံ့သြစရာကောင်းသည်ကား လှေသူကြီးကတော် ပင်လယ်ထဲ ကျသွားသည်နှင့် သင်္ဘောကြီးသည် လေးညှို့မှပစ်သော မြားကဲ့သို့ လျှင်မြန်စွာ ထွက်ခွာသွားခြင်းပါတည်း။

တတိယမြောက် (၇)ပါး ရဟန်းစုသည်ကား တောလမ်းခရီးဖြင့် လာခဲ့ကြသည်။ တောကျောင်းတစ်ကျောင်းသို့ ရောက်ချိန်တွင် ညဉ့်နက်

သွားသဖြင့် တစ်ညတာတည်းခိုခွင့်ပြုရန် တောရဘုန်းကြီးကို ခွင့်တောင်းကြသည်။ တောရဘုန်းကြီးက အသင့်ကျိန်းစက်၍ရသော အနီးအနားမှ ကျောက်လိုဏ်ဂူကြီးတစ်ဂူကို ညွှန်ပြလိုက်သည်။

လိုဏ်ဂူထဲသို့ ဝင်လိုက်သောအခါ ခုနစ်ပါးစာ နေရာထိုင်ခင်းများ ပြင်ထားသည်ကိုပင် အံ့သြဘွယ်ရာ တွေ့ကြရသည်။ မောမောနှင့် ကျိန်းစက်လိုက်ကြရာ မိုးမလင်းမီမှာပင် အိမ်တစ်လုံးခန့်ကြီးမားသော ကျောက်တုံးကြီးတစ်တုံး တောင်ပေါ်မှလိမ့်ကျလာပြီး လိုဏ်ဂူကို ပိတ်သွားသည်။

လိုဏ်ဂူကို ကျောက်တုံးကြီးပိတ်သွားသောအသံကို ကြားလိုက်ရသဖြင့် တောရဘုန်းကြီးသည် အနီးအနားရွာမှ လူများကိုခေါ်ကာ တစ်နေကုန်တစ်နေခန်း ကျောက်တုံးကြီးကို ဖယ်ထုတ်ကြလေသည်။ လူများ ရာနှင့်ချီကာ ဝိုင်းဝန်းဖယ်ထုတ်ကြသော်လည်း ခြောက်ရက်ကြာသည်အထိ ကျောက်တုံးကြီးကား တုတ်တုတ်မျှမလှုပ်။

(၇) ရက်ပြည့်သောနေ့တွင်ကား မည်သူမျှ မဖယ်ရှားရပါဘဲနှင့် ကျောက်တုံးကြီးသည် သူ့အလိုအလျောက် ပွင့်ကျသွားလေသည်။ အထဲသို့ဝင်ကြည့်ကြသောအခါ ဟောန်းတော်ခုနစ်ပါးမှာ အသက်မသေကြသေးသော်လည်း အစာရေစာပြတ်မှုဒဏ်ကို အတော်ခံလိုက်ရသဖြင့် အရိုးပေါ်အရေတင် ယုံယုံသာကျန်တော့သည်။

နာလန်ထူအောင် အတော်ဆေးကုသပြီးမှ ဘုရားရှင်ထံမှောက်သို့ ရောက်အောင် လာနိုင်ခဲ့ကြသည်။ ထူးခြားဖြစ်ရပ်ငါးခုတွင် ရှေ့နှစ်ခုကား ဗုဒ္ဓလက်ထက်က မဟုတ်သောကြောင့် ကာယကံရှင်တို့၏ အတိတ်အကြောင်းကို ဟောပြောနိုင်ခဲ့သူမရှိ၍ မသိရပေ။ နောက် ဖြစ်ရပ်သုံးခုကား ဗုဒ္ဓ၏ ပြန်လည်ဟောကြားချက်ကြောင့် သိကြရသည်မှာ -

## လေဟုန်စီး၍ သေရခြင်းအကြောင်း

ကောင်းကင်တွင် မီးကွင်းစွပ်မိကာ သေရသောကျီးမှာ အတိတ်ဘဝ တစ်ခုက လယ်သမားတစ်ဦးဖြစ်ခဲ့၏။ တစ်နေ့တွင် နွားတစ်ကောင်သည် လယ်မထွန်ချင်သဖြင့် မြေကြီးပေါ်လှဲအိပ်ပြီး ပေကပ် ဆန္ဒပြနေသည်။ ဘယ်လိုရိုက်ရိုက် မထပေ။ ထိုနွားမျိုးကို နွားကပ်ဟုခေါ်သည်။

ထိုအခါ လယ်သမားသည် စိတ်ဆိုးပြီး ကောက်ရိုးကွင်းကြီးလုပ်ကာ နွားလည်ပင်းကို စွပ်ပေးလိုက်သည်။ ပြီးလျှင် ထိုကောက်ရိုးကွင်းကြီးကို မီးရှို့လိုက်ရာ အရှိန်များသဖြင့် နွားကြီးမှာ လည်ပင်းမီးလောင်ပြီး သေသွား သည်။ ထိုအကုသိုလ်ကြောင့် ကောင်းကင်မှာပျံနေသော်လည်း မီးကွင်းစွပ်မိ ကာ သေရခြင်းဖြစ်သည်။

လှေသူကြီးကတော်သည် အတိတ်ဘဝတစ်ခုက အမျိုးသမီးတစ်ဦး ဖြစ်ခဲ့သည်။ ထိုဘဝက ခွေးထီးတစ်ကောင်သည် သူမအပေါ် ချစ်ခင်နှစ်သက် သော စိတ်အားကြီးသောကြောင့် သူမသွားရာနောက်သို့ တကောက်ကောက် လိုက်နေသည်။ ထိုခွေးသည် ဘဝတစ်ခုက သူမ၏ လင်ယောကျ်ား ဖြစ်ခဲ့ ဖူးသောကြောင့် ဖြစ်သည်။

ထိုအခါ လူငယ်များက ခွေးမုဆိုးမကြီးလာပြီ စသည်ဖြင့် စကြ၊ နောက်ကြသည်။ သူမသည် ရှက်သဖြင့် ထိုခွေးကို ရိုက်နှက်မောင်းနှင်၏။ ခွေးသည် ရိုက်တုန်းခဏသာသွားသည်။ ပြီးလျှင် ပြန်၍သာလိုက်ပြန်သည်။ ဒေါသဖြစ်လာသော အမျိုးသမီးက တစ်နေ့တွင် ခွေးကို မြစ်ဆိပ်သို့ ခေါ် သွားသည်။

အကြောင်းမသိသောခွေးကား သူ့ကို အရေးတယူခေါ်ငင်သည်ကို ဝမ်းသာအားရဖြစ်လျက် ပျော်ရွှင်မြူးတူးစွာ လိုက်သွားသည်။ မြစ်ဆိပ် တံတားပေါ်ရောက်သောအခါ အိုးတစ်လုံးထဲ သဲအပြည့်ထည့်လိုက် သည်။

ပြီးလျှင် ကြိုးတစ်ချောင်း၏ အစတစ်ဘက်ကို အိုးလည်ပင်းမှာချည်။ ကျန် အစတစ်ဘက်ကို ခွေးလည်ပင်းမှာချည်ကာ မြစ်တွင်းသို့ ပစ်ချသတ်ခဲ့ လေသည်။

ထိုအကုသိုလ်ကြောင့် ယခုဘဝတွင် ပစ်ချအသတ်ခံရခြင်းဖြစ်သည်။ လိုဏ်ဂူထဲတွင် ကျောက်တုံးကြီး ပိတ်ဆို့ခံကြရသော ရဟန်းတော်ခုနစ်ပါး သည်လည်း အတိတ်ဘဝတစ်ခုက နွားကျောင်းသား ၇ နစ်ယောက် ဖြစ်ခဲ့ ဖူးသည်။

တစ်နေ့တွင် ဖွတ်တစ်ကောင်ကို လိုက်ကြရာ ကျင်းထဲဝင်သွားသဖြင့် မမိကြတော့ပေ။ ထိုကျင်းကိုတူးရန်အတွက် မူလအပေါက်နှင့် ဂယ်ပေါက် များကို လိုက်ပိတ်ကြသည်။

ထိုအချိန်မှာပင် မိုးချုပ်သွားသဖြင့် နောက်နေ့မှ ဆက်တူးကြရန် ပြန်ခဲ့ကြသည်။

နွားကျောင်းသားခုနစ်ယောက်သည် တစ်ခြားကစားနည်းများဖြင့် ပျော်ပါးနေကြသည်။ ဖွတ်ကျင်းတူးရန် ခုနစ်ရက်တိတိမေ့နေကြသည်။ ခုနစ်ရက်ပြည့်သောအခါတွင်မှ ဖွတ်ကျင်းကိုတူးရန် သတိရကြပြီး အားလုံး ရောက်လာကြသည်။

ပိတ်ထားခဲ့ကြသော အပေါက်များကို ဖွင့်ပစ်လိုက်ကြစဉ် ခုနစ်ရက် တိတိအစာရေစာပြတ်နေသော ဖွတ်ကြီးသည် အရိုးပေါ်အရေတင်ဖြစ်ကာ တုန်တုန်ချိချိ ဖြည်းညှင်းစွာ ထွက်လာလေသည်။ ညှိုးနွမ်းပိန်ချိနေသော ဖွတ်ကြီးကိုကြည့်ကာ နွားကျောင်းသားများ သနားသွားပြီး မသတ်တော့ဘဲ လွှတ်ပေးလိုက်ကြသည်။

ဖွတ်ကြီးကို ကျင်းထဲတွင် (၇) ရက်ပိတ်ခဲ့သော အကုသိုလ်ကြောင့် ယခုဘဝတွင် ကျောက်တုံးကြီးက ဖွတ်ကြီးကိုယ်စား (၇)ရက်တိတိ လာ

ပိတ်ခြင်းဖြစ်သည်။ ထိုထူးခြားသောဖြစ်ရပ်သုံးခုကိုအကြောင်းပြု၍ ဗုဒ္ဓက အောက်ပါဂါထာကို ဟောကြားတော်မူခဲ့သည်။

## ဝဋ်ကြွေးကြွေးမှာမလွတ်သာ

**နအန္တလိက္ခေ၊ နသမုဒ္ဒလိက္ခေ**
**နပဗ္ဗတာနံ၊ ဝိဝရံ ပဝိဿ။**
**နဝိဇ္ဇ တေ သော ဇဂတိပ္ပဒေသော၊**
**ယတ္ထဋ္ဌိ ဋ္ဌိတော မုစ္စေယျ ပါပ ကမ္မာ။**

ကောင်းကင်၌ တည်သောသူ၊
သမုဒ္ဒရာအလယ်၌ တည်သောသူ၊
ကျောက်လိုဏ်ဂူတွင်း၌ တည်သောသူ၊
ဖြစ်သော်လည်း သူပြုခဲ့ဖူးသော
အကုသိုလ်၏ ဆိုးကျိုးမှ မလွတ်နိုင်။
အကုသိုလ်ဆိုးကျိုးမှ လွတ်မြောက်ရာ နေရာဒေသဟူ၍ မရှိချေ။

## အရေးမယူနိုင်သော လူ့သတ်မှုများ

ရဟန်းတော်များ စောင့်ထိန်းရသော သိက္ခာပုဒ်များကို အကျဉ်းချုပ်လိုက်လျှင် ၂၂၇ ပုဒ်ရှိသည်။ ထိုတွင် ၂၂၃ ပုဒ်သည် ကျူးလွန်မိလျှင် ပြေပျောက်၍ရသောနည်းရှိသည်။ ကျန်လေးပုဒ်ကား ကျူးလွန်မိလျှင် ပြေပျောက်သောနည်းမရှိ။ အပြီးအပိုင်လူထွက်မှ ထိုအပြစ်က လွတ်သည်။ တစ်သက်လုံးလည်း ရဟန်းပြန်ဝတ်ခွင့်မရတော့။ ထိုလေးခုမှာ -

၁။ မေထုံမှိုင်ခြင်း
၂။ ငွေတစ်မတ်ကိုဖြစ်စေ၊ တစ်မတ်တန်သောပစ္စည်းကို ဖြစ်စေ၊ ခိုးယူခြင်း။
၃။ လူ့အသတ်ကိုသတ်ခြင်း
၄။ ဈာန်မဂ်ဖိုလ်ကိုမရဘဲ ရပါတယ်ဟု လူများကို လိမ်ပြောခြင်း တို့ဖြစ်သည်။

ထိုတွင် **လူမသတ်ရဟူသော တတိယသိက္ခာပုဒ်အရ ဗုဒ္ဓက သန္ဓေသားကို ဖျက်ချမှုကိုပင် လူသတ်မှုဟု သတ်မှတ်သည်။ သန္ဓေဖျက်ချလျှင် တရားဥပဒေအရ အရေးမယူနိုင်သော်လည်း သဘာဝဥပဒေကား အရေးယူနိုင်သည်။**

**အမျိုးသမီးများအဖြစ်များသော ရင်သားကင်ဆာ၊ သားအိမ်ကင်ဆာ၊ အုနှင့်သားအိမ်တွင် အကျိတ်အလုံးများတည်ကာရောဂါတို့သည် အသတ်ခံရသော သန္ဓေသားတို့ကိုယ်စား သဘာဝဥပဒေက ယခုဘဝမှာပင် အရေးယူ အပြစ်ပေးနေခြင်းဖြစ်၏။ အနာဂတ်ဘဝတွင် အပါယ်ငရဲကျခြင်း၊ အသက်တိုခြင်း၊ ရောဂါများခြင်းကို ဖြစ်အောင်လည်း သဘာဝဥပဒေက ဆက်လက်အရေးယူပေဦးမည်။**

## အတ္တဆန်သောဤလောက

လူဆိုသည်မှာ အတ္တသမား
ကိုယ့်အတွက်တော့ တစ်ကွက်ထား
သူများမှားတာမြင်ပါလျှင်
မေးငေါ့မဲ့ရွဲ့အပြစ်တင်
ကိုယ့်မှာပင် မှားပြန်က
ဖုံးလိုက်ဖိလိုက်ကြ
အတ္တဆန်သော ဤလောက
အံ့သြဘွယ်ရှိစွ။
(အရှင်တေဇောဘာသ)

## ကိုယ်ဝန်ဖျက်ပြိတ္တာမ

ပေတဝတ္ထုပါဠိတော်တွင် ကိုယ်ဝန်ဖျက်ချသော ပြိတ္တာမအကြောင်းကို ဟောကြားထားသည်။ တစ်ခါတွင် ရဟန်းတော်တစ်စု ဘုရားဖူးရန် လာကြရာ သာဝတ္ထိမြို့နားအရောက်တွင် ရင်နင့်စရာကောင်းသော ပြိတ္တာမတစ်ယောက်ကို တွေ့ကြရသည်။ ထိုပြိတ္တာမသည် အသားမရှိဘဲ အရိုးပေါ်အရေတင်မျှသာရှိသည်။ ဝမ်းက အူကလီစာများကို အပြင်ကမြင်နေကြရသည်။ ပုပ်ညှိဟောင်နေသော အနံ့ဆိုးကြီးများကလည်း သူ့ကိုယ်မှ တထောင်းထောင်းထလျက်ရှိသည်။

ရင်နှင့်စရာကောင်းသောမြင်ကွင်းကား ထိုပြိတ္တာမသည် ဘာအစား အစာမှမစားရဘဲ အမြဲတမ်း ဆာလောင်မွတ်သိပ်လျက်ရှိသည်။ ထူးခြား သည်ကား ပြိတ္တာမသည် တစ်နေ့လျှင် သားငါးယောက်မွေးသည်။ ထို့ထက် ပို၍ထူးခြားသည်ကား သူမွေးသော သားငါးယောက်ကို သူကိုယ်တိုင်ပြန်၍ စားပစ်ခြင်းပင်။

ရဟန်းတော်တို့က မေးသဖြင့် ပြိတ္တာမက ပြန်ဖြေသည်မှာ သူသည် အရင်ဘဝက အမျိုးသမီးတစ်ယောက်ဖြစ်ခဲ့သည်။ အမျိုးသားတစ်ယောက်နှင့် အိမ်ထောင်ကျသောအခါ နှစ်အတန်ကြာသည်အထိ သူက ကလေးမရပေ။ အမြုံဖြစ်နေခြင်းပင်။ ထို့ကြောင့် အမျိုးသားက နောက်ထပ်မယားတစ်ယောက် ထပ်ယူသည်။

မယားငယ်ကား မမြုံသောကြောင့် (၁) နှစ်အတွင်းမှာပင် ကိုယ်ဝန်ရ၏။ မယားငယ် သားရလျှင် ငါမျက်နှာငယ်တော့မည်ဟူသောအတွေးဖြင့် မယား ငယ်၏ကိုယ်ဝန်ကို ပရိယာယ်ဖြင့် အစာထဲဆေးထည့်ကျွေးပြီး ဖျက်ချလိုက် လေသည်။

နှစ်ကြိမ်တိုင်တိုင် အဖျက်ခံရသောအခါ မယားငယ်က ရိပ်မိသွားပြီး ဘတိယအကြိမ် ကိုယ်ဝန်ရှိသောအခါ မယားကြီးကို အသိမပေးတော့ပေ။ ကိုယ်ဝန်အတော်ကြီးရင့်မှ မယားကြီးရိပ်မိသွားရာ ရှေ့နည်းအတိုင်းပင် အစာထဲဆေးထည့်ပြီး ဖျက်ချပြန်သည်။

ဗိုက်ထဲဆေးရောက်သွားသောအခါ မယားငယ်သည် ကိုယ်ဝန်ပျက် မကျတော့ဘဲ အမေရောသားပါ သေသွားကြလေသည်။ မယားငယ်၏ဆွေမျိုး သားချင်းများက စစ်မေးကြသောအခါ မယားကြီးသည် ပါဏာတိပါတက် အပြင် လိမ်ညာသည့်မုသာဝါဒကံကိုပါ ဆက်ကျူးလွန်သည်။

မယားငယ်၏သန္ဓေသားကို ငါဖျက်မချပါ။ ဖျက်ချခဲ့လျှင် နောင်ဘဝ တွင် နေ့စဉ် ကိုယ်ကမွေးသော သားငါးယောက်ကို ကိုယ်ပြန်စားသော

ပြိတ္တာမကြီးဖြစ်ရပါလို၏ဟု ကျိန်ဆိုခဲ့ဘူးလေသည်။ ထိုကဲ့သို့ သန္နေဖျက်ခဲ့သော အကုသိုလ်ကံ၊ လိမ်ညာခဲ့သော အကုသိုလ်ကံတို့ကြောင့် နေ့စဉ်ကိုယ်မွေးသော သားငါးယောက်ကို ကိုယ်ပြန်စားရသည့် ပြိတ္တာမကြီး ဖြစ်နေရသည်မှာ နှစ်ပေါင်း ၂၅၄၆ နှစ် ကျော်ခဲ့လေပြီ။

**မှတ်ချက်** - တည်လာသောကိုယ်ဝန်ကို ဖျက်ချမှသာ ပါဏာတိပါတကံထိုက်သည်။ သားအိမ်ပရိုတော့၍ ကိုယ်ဝန်မတည်ခြင်းကား ပါဏာတိပါတကံ မထိုက်ပေ။

## လောကငြိမ်းချမ်းစေချင်ရင်

အမှန်အားဖြင့် မြတ်စွာဘုရား၏ အလိုတော်အရ လူတိုင်းတွင် အနစ်နာခံဖို့ တာဝန်လည်းရှိ၏။ သူတစ်ပါးအကျိုးကို ဆောင်ရွက်ဖို့ တာဝန်လည်းရှိ၏။

ထိုတာဝန်နှစ်ရပ်ကို မိမိတို့စွမ်းနိုင်သမျှ ဆောင်ရွက်မှသာ လောကဦ ဓမ္မကြီးစိုး၍ လောကသည် ငြိမ်းချမ်းမည်ဖြစ်၏။

လောကဦ ဓမ္မကြီးစိုးခြင်းဟူသည်မှာ မိမိတို့၏ ကိုယ်ကျင့်သိက္ခာကို စည်းစိမ်ဥစ္စာတို့နှင့်လည်းကောင်း၊ ရာထူးဌာနန္တရတို့နှင့်လည်းကောင်း၊ ဂုဏ်ပကာသနတို့နှင့်လည်းကောင်း မလဲခြင်းပင်ဖြစ်ပါသည်။ **(ဦးရွှေအောင်၏ ဘဝအမြင်သစ်-စာ-၃၄)**

ခါးဝတ်ပုဆိုး ကျွတ်သွားပါက လောကတွင် ရှက်ဘွယ်ဖြစ်သကဲ့သို့ ငါးပါးသီလမမြဲပါကလည်း လောကတွင်ရှက်ဘွယ်ဖြစ်၏။ သို့ရာတွင် လူတို့အနေဖြင့် ပုဆိုးကျွတ်ခြင်းကိုသာ လောကတွင် ရှက်ဖွယ်အဖြစ် မှတ်ယူတတ်ကြပြီး ငါးပါးသီလမမြဲခြင်းကိုမူ၊

လောကတွင် ရက်ဖွယ်အဖြစ် မမှတ်ယူတတ်ခြင်းက ပို၍ မိုက်မဲရာကျ၏။ တိရစ္ဆာန်တို့၏အမြင်နှင့် မထူးခြားရာလည်းကျ၏။

အမှန်အားဖြင့် တိရစ္ဆာန်တို့သည် ခါးဝတ်ပုဆိုးမရှိခြင်းကို ရှက်စရာဟူ၍ မထင်မှတ်ကြသလို လူမိုက်တို့သည်လည်း ငါးပါး သီလ မပြဲခြင်းကို ရှက်စရာဟူ၍ မထင်မှတ်ကြ။

(ဘဝအမြင်သစ်-စာ-၄၅)

# အခန်း (၃)

# အဒိန္နာဒါန သိက္ခာပုဒ်

## ပေးတိုင်းမယူတာ သူတော်ကောင်းလက္ခဏာ

အဒိန္နာဒါနအရ ပေးသောပစ္စည်းကိုယူရာတွင် ယူဖို့အတွက် ထိုက်တန်သောအရည်အချင်း မိမိတို့၌ ရှိသည်ဆိုစေဦး ရသမျှကို အကုန်ယူသည်မဟုတ်။ ယူသင့်သမျှကိုသာယူ၏။ ဤသည်ကိုပင် ယထာဗလသန္တောသဟုဆို၏။

ယထာဗလသန္တောသ ဟူသည်မှာ ရသင့်သလောက်ထဲက ယူသင့်သလောက်ဖြင့် ရောင့်ရဲခြင်းဖြစ်၏။ နောက်ထပ် ရောင့်ရဲ ခြင်းတစ်မျိုး ရှိသေး၏။ ယင်းရောင့်ရဲခြင်းကို ယထာသာရုပ္ပ သန္တောသဟု ခေါ်၏။

ယထာသာရုပ္ပသန္တောသ ဟူသည်မှာ ယူသင့်သလောက် ထဲက သင့်လျော်သလောက်ဖြင့် ရောင့်ရဲခြင်းဖြစ်၏။ အဒိန္နာဒါန သိက္ခာပုဒ်ကို စောင့်ထိန်းရာတွင် သန္တောသသုံးမျိုးဖြင့်သာ စောင့်

သိန်းရမည်ဆိုပါက ထိုနိုင်ငံ ထိုလူမျိုးသည် ဤကမ္ဘာမြေအပြင်
တွင် အငြိမ်းချမ်းဆုံးသော နိုင်ငံနှင့်လူမျိုး ဖြစ်ပေလိမ့်မည်။

(ဘဝအမြင်သစ်-စာ-၉၄)

**မှတ်ချက်** - ပေးခွင့်ရှိသူက မိမိတို့အပေါ် စေတနာထား၍ ပေးစေကာမူ မိမိနှင့်တန်ရာတန်ရာကိုသာ ကြည့်၍ယူခြင်းကို ယထာလာဘသန္တောသဟု ခေါ်၏။

**အဒိန္န၊** မပေးသောဥစ္စာကို။ **အာဒါန**၊ ယူခြင်း။ အပြည့်အစုံ အဓိပ္ပာယ်ပြန်လိုက်သောအခါ ပိုင်ရှင်သည် ကိုယ်နှုတ်နှစ်ပါး တစ်ပါးပါးဖြင့် မပေးသောဥစ္စာကို ယူခြင်းဟုဖြစ်သည်။ အိမ်ရှင်များ အိပ်မောကျနေချိန် တက်ခိုးမှ ခိုးခြင်းမြောက်သည်မဟုတ်။

# ခိုးခြင်းမျိုးစုံ အဖုံဖုံ

အဲယားကွန်းတပ်ဆင်ထားသောအခန်းထဲတွင် စတိုင်နှင့်ထိုင်၍ အလုပ်သမား လေးရာရှိသည်ကို ငါးရာရှိသည်။ တစ်လလျှင် စက်ဖောင်းဆီ ပီပါ ရှစ်ဆယ်ကုန်သည်ကို ပီပါတစ်ရာကုန်သည်ဟု စာရင်းပိုပြပြီး ငွေယူသော နည်းသည်လည်း ခိုးခြင်းတစ်မျိုးပင်ဖြစ်၏။

အရာရှိမှန်သမျှ လက်ဆောင်ဖြစ်စေ၊ ငွေဖြစ်စေ၊ တစ်မျိုးမျိုးပေးမှ လက်မှတ်ထိုးပေးခြင်းသည်လည်း ခိုးခြင်းပင်ဖြစ်၏။ ဆေးရုံဝန်ထမ်းများသည် လူနာရှင်များထံမှ မသမာသောနည်းဖြင့် ရယူသော ငွေကြေး၊ ပစ္စည်းမှန်သမျှသည်လည်း ခိုးယူခြင်းဖြစ်၏။

ပြည်သူများသည် မီတာမတက်ရန် မီတာပေါက်ကို ပြုပြင်ထားခြင်း၊ ပေးသင့်သောအခွန်ကိုမပေးဘဲ ရှောင်လွှဲခြင်းများသည်လည်း ခိုးခြင်းပင်ဖြစ်

၏။ နိုင်ငံ၀န်ထမ်းများသည် လခရိက္ခာ အပြည့်ယူထားပါလျက် ရုံးတက်နောက်ကျလွန်းခြင်း၊ ရုံးဆင်းစောလွန်းခြင်းများသည်လည်း ခိုးခြင်းတစ်မျိုးဖြစ်၏။

အချိန်ခိုးရုံနှင့် အဘယ်ကြောင့် အဒိန္နာဒါနကံထိုက်သနည်းဆိုငြားအံ့။ ထိုသို့ ၀န်ထမ်းများ အချိန်ခိုးလိုက်သည့်အတွက် တစ်လအတွင်း ပြီးရမည့်အလုပ်များ မပြီးတော့ဘဲ နှစ်လလုပ်ရသည်။ ထို့ကြောင့် တစ်လစာသာ ကုန်ရမည့်ငွေသည် ၀န်ထမ်းများ အချိန်ခိုးမှုကြောင့် နှစ်လစာကုန်သွားရသည်။ ထို့ကြောင့် ခိုးမှုမြောက်ခြင်းဖြစ်၏။

ကျောင်းဆရာ၊ ဆရာမများသည် ကျောင်း၀င်ကြေး တရား၀င်ငွေအပြင်အပိုပေးမှ ကျောင်းသားလက်ခံခြင်း၊ စားပွဲအတွက်၊ ကုလားထိုင်အတွက်ဟုဆိုကာ ကျောင်းသားများထံကငွေတောင်းပြီး ကိုယ်ရေးကိုယ်တာ သုံးပစ်ခြင်းတို့သည် ခိုးခြင်းပင်ဖြစ်၏။

နိုင်ငံပိုင်ပစ္စည်းတစ်ခုခုကိုဖြစ်စေ၊ ပုဂ္ဂလိကပိုင်ပစ္စည်းကစ်ခုခုကိုဖြစ်စေ ဖျက်ဆီးခြင်းသည် ခိုးခြင်းတစ်မျိုးပင်ဖြစ်၏။ ထိုခိုးခြင်းမျိုးကို ကင်္ခါအဋ္ဌကထာ၌ ပသယှာဟာရဟု အမည်တပ်ထား၏။

မီးရထား၀န်ထမ်းများသည် အပင်ပန်းခံပြီး စီတန်း၀ယ်ယူသူများကို မရောင်းဘူးဟု အပြောလွှတ်ရုံ ဆယ်ပုံပုံ တစ်ပုံသောက်သာ ရောင်းပြီး ကျန်ကိုးပုံကို သုံးဆခန့်ဈေးတင်၍ မှောင်ခိုရောင်းခြင်းသည် ခိုးခြင်းပင်ဖြစ်၏။

စပါး၊ ပဲကုန်သည်များသည် မိမိကဝယ်သောအခါ တစ်တင်းကျော်ဆန့်သော တင်းတောင်းဖြင့်ချိန်ယူပြီး မိမိကပြန်ရောင်းသောအခါ တစ်တင်းမပြည့်သောတောင်းဖြင့် ချိန်ရောင်းခြင်းသည် ခိုးယူခြင်းပင်ဖြစ်၏။

တရားသူကြီးများ၊ ဥပဒေအရာရှိများသည် လာဘ်စားပြီး ငွေများမှတရားနိုင်ပေးခြင်းသည် ခိုးယူခြင်းပင်ဖြစ်၏။ ပေတဝတ္ထု ပါဠိတော်တွင် တရားသူကြီးပြိတ္တာဟူ၍ ထူးထူးခြားခြားပါရှိသည်။ ထိုပြိတ္တာသည် အိုးပမာဏလောက် ကြီးမားသော မိမိ၏ဝှေးစေ့ကြီးကို ထမ်းနေရသည်။

ငှင်းတများ၊ ကျီးငှက်များက သူ၏ဝှေးစေ့ကြီးကို လိုက်လံကိုက်ဖောက်စားသောက်နေကြသောကြောင့် သက်သက်သာသာနေရသည်မရှိဘဲ ပြေးလွှားအော်ဟစ်၍သာနေရသည်။ သူသည် အတိတ်ဘဝ တရားသူကြီးဖြစ်စဉ်အခါက အမှုသည်များထံမှ မတရားလာဘ် စားခဲ့ဖူးသော အကုသိုလ်ကြောင့် ယခုလိုဒုက္ခကို ခံစားနေရခြင်း ဖြစ်သည်။

ဈေးသည်များသည် ငါးပိညံ့ကို ငါးပိကောင်းနှင့်ရောပြီး ဈေးတင်ရောင်းခြင်း၊ ဆန်အညံ့ကို ဆန်ကောင်းနှင့်ရောပြီး ဈေးတင်ရောင်းခြင်း၊ ကြံသကာကို ကြံချက်ကာ ငါးပိနှံ့ထည့်၍ ငံပြာရည်အတု လုပ်ရောင်းခြင်းတို့သည် ခိုးခြင်းပင်ဖြစ်၏။

ခိုးနည်းများကိုကား တင်ပြ၍၊ ရေး၍ကုန်နိုင်ဘွယ်မရှိ။ အချုပ်အားဖြင့် မသမာမှုမျိုးစုံကြောင့် ရသောဥစ္စာကြေးငွေမှန်သမျှကို ခိုးယူခြင်းဟုမှတ်ရမည်။

# ခိုးမှုမြောက်မည့်အင်္ဂါ

ခိုးမှုတည်းဟူသော အဒိန္နာဒါနကံမြောက်ဖို့အတွက် အင်္ဂါ ငါးချက်ရှိ၏။ ခိုးမှုကံမြောက်၊ မမြောက် သိနိုင်ရန် ဤအင်္ဂါငါးချက်ဖြင့် စိစစ်ရမည်။ ယင်းကား -

- သူတစ်ပါးဥစ္စာဖြစ်ခြင်း
- သူတစ်ပါးဥစ္စာဟုသိခြင်း
- ခိုးယူလိုသောစိတ်ရှိခြင်း
- ခိုးယူမှုဖြစ်သော ကိုယ်မှု၊ နှုတ်မှု၊ လုံ့လတစ်ခုခုကိုပြုခြင်း
- ခိုးယူမှုအောင်မြင်ခြင်း **(ခုဒ္ဒက၊ အဋ္ဌသာလိနီ၊ ၄၊ ၁၄၁)**

တို့ ဖြစ်ပေသည်။ ခိုးမှုကျူးလွန်သောသူများ ခံစားရမည့် ဆိုးကျိုးများကား -

အဒိန္နာဒါ၊ ခိုးမိပါမူ၊
ဥစ္စာနည်းမွဲ၊ ဆင်းရဲငတ်ဘိ၊
လိုရှိမရ၊ ဘောဂပျက်စီး၊
ရေမီးသူခိုး၊ မွေခံဆိုးနှင့်၊
မင်းဆိုးအပြား၊ ရန်မျိုးငါးကြောင့်၊
ပျက်ပြားဥစ္စာ၊ ပြစ်များစွာသည်၊
ရှောင်ခါအပြန် အကျိုးတည်း။

ဟူသော လင်္ကာအတိုင်း ဖြစ်ပေသည်။ သူ့ဥစ္စာ ခိုးသူများသည် ဘဝအဆက်ဆက် လူဖြစ်လျှင် ဥစ္စာနည်းပါးပြီး မွဲတတ်သည်။ ဆင်းရဲ ပြီး ငတ်နေရတတ်သည်။ မိမိအလိုရှိသောအရာကို ဘယ်သောအခါမှ မရတတ်ပေ။ ဥစ္စာစည်းစိမ်များ ကြံဖန်၍ ပျက်စီးတတ်သည်။

ရှာထားသမျှ ဥစ္စာ ပစ္စည်းများကို မီး၊ မင်း၊ ရေ၊ ခိုးသူ၊ မချစ်မနှစ်သက်သော အမွေခံဆိုးဟူသော ရန်သူမျိုးငါးပါးက ဖျက်ဆီးသည်။ သူ့ဥစ္စာကို ခိုးခြင်းမှ ရှောင်ကြဉ်လိုက်လျှင် ဖြစ်ရာဘဝတွင် -

- ဥစ္စာစည်းစိမ်ပေါ်များခြင်း
- ငွေကြေးချမ်းသာခြင်း
- အလိုရှိတာ အကုန်ရခြင်း
- စည်းစိမ်ဥစ္စာ ခိုင်မြဲခြင်း
- ရန်သူမျိုးငါးပါး မဖျက်ဆီးနိုင်ခြင်းဟူသော ကောင်းကျိုးတွေကို ပြန်ရပေသည်။ လူ့သိက္ခာဟူသည် ငါးပါးသီလကို ဆိုခြင်းဖြစ်သည်။ မည်မျှပင် ပစ္စည်းဥစ္စာချမ်းသာစေ၊ မည်မျှပင် ရာထူးအာဏာကြီးစေ၊ ကိုယ်ကျင့်သီလမရှိလျှင် သိက္ခာမရှိဟုပင် ဆိုရ၏။

ငရဲကျသူ တစ်ရာတွင် ၉၉ ယောက်မှာ ဝမ်းရေးကြောင့် ကျရသူများဖြစ်ကြောင်း ဘုရားဟောရှိသည်။ ငါးပါးသီလတွင်လည်း ဝမ်းရေးနှင့်ပတ်သက်လာလျှင် အဒိန္နာဒါန သိက္ခာပုဒ်ကို အများဆုံး ကျူးလွန်မိတတ်ကြသည်၊ လောဘ၏အဟုန်ကို တန့်နိုင်သူဆိုသည်မှာလည်း ရှာမှရှား၏။

ထို့ကြောင့် သားအတွက်၊ သမီးအတွက်၊ မယားအတွက်၊ ဆွေအတွက်၊ မျိုးအတွက် ပင်စင်နားချိန်အတွက် စသည်ဖြင့် မရပ်မနား ခိုးနေမိကြရာ အလုပ်ကထွက်မှပင် အခိုးရပ်တော့၏။ မိသားစုအားလုံးအတွက် ရှာဖွေနေရသော အိမ်ထောင်ဦးစီးများကို အထူးသတိပေးချင်ပါ၏။

မိမိနည်းမျိုးစုံဖြင့် ခိုးဖွက်ရလာသမျှသော ဥစ္စာများကို သုံးဆောင်ခံစားကြလျှင်တော့ ဆွေမျိုးသားချင်း မိသားစုအားလုံး ပါကြမည်ပင်။ သို့သော် ထိုအဒိန္နာဒါနကံ၏ဆိုးကျိုးကို ငရဲ၌ခံစားရမည်ဆိုလျှင် ဘယ်သားမယားမှမပါတော့ဘဲ မိမိတစ်ယောက်တည်းသာဖြစ်ကြောင်း သတိထားရမည်။

တရားသဘော ဘယ်လိုပြောလည်း

လိပ်ကျောကြောင်ကော်၊ ပြောင်ချော်ချော်နှင့် -

ဟူသော မဃဒေဝလင်္ကာအတိုင်း စေတနာဖြင့် ဘယ်လိုပင်သတိပေးပေး အရေးမလုပ်သူများလည်း ရှိမည်သာဖြစ်၏။ ဟီရိ၊ ဩတ္တပ္ပဟူသော အရှက် အကြောက်ရှိသူများအတွက်ကား ဤစာသည် တန်ဘိုးရှိပေလိမ့်မည်။

အတွေးအခေါ် ပညာရှိသူများသည် သူတစ်ပါးအမှားကိုမြင်လျှင် ကိုယ့်အမှားမဖြစ်အောင် သခ်ိန်းစာယူတတ်ကြသည်။ ထိုသူများအတွက် ဗုဒ္ဓ လက်ထက်တော်က ဝတ်ပန်းသူခိုးအကြောင်းနှင့် ပေတာဝတ္ထုလာ ဈေးသည် ပြိတ္တာမလေးယောက်တို့အကြောင်း တင်ပြချင်ပေသည်။

ဆင်းရဲသောလင်မယားနှစ်ယောက်ရှိကြရာ တစ်နေ့တွင် သူတို့ မြို့၌ နက္ခတ်ပွဲသဘင် ဆင်ယင်ကျင်းပ၏။ မိန်းမသည် ထဘီလှလှ ဝတ်ချင်၏။ ပိတ်စအဖြူကားရှိ၏။ ဆိုးစရာဆေးရည်မရှိ။ ယခုခေတ်လို ဆေးဆိုးပန်းရိုက် အထည်များ ရှိဟန်မတူ။

ထို့ကြောင့် ဘုရင့်ဥယျာဉ်ထဲတွင်ရှိသော ဝတ်ပန်းပွင့်ကို ခိုးယူပေးရန် လင်အားပူဆာလေ၏။ မယားမျက်နှာတစ်ခုသာကြည့်တတ်သော ယောက်ျား သည် ဝတ်ပန်းပွင့်ကို ညအခါ သွားခိုးလေသည်။ အစောင့်များမိသွားသော အခါ ဥပဒေအရ တံကျင်လျှိုပြီးသတ်ရန် သေဒဏ်အချခံ၏။

ဝတ်ပန်းခိုးယောက်ျားအား သုဿန်ထုတ်၍ ချွန်ထက်နေသော သံတံကျင်ဖြင့် စအိုဝမှ ခေါင်းအထိပေါက်အောင် ထိုးသွင်းလေသည်။ သေ လောက်သော ဒဏ်ရာဖြစ်သောကြောင့် နာကျင်သည့်ဝေဒနာကို မချိမဆန့်ခံ ရ၏။ မိုက်မဲသောယောက်ျားသည် ဝေဒနာကို ခံစားရင်း မိန်းမကိုသာ တ,လျက်ရှိသည်။ မိန်းမကား တစ်ချက်မှပေါ်မလာ။

နောက်ဆုံး "ကျုပ်မယားလေး ဝတ်ပန်းထဘီ ဝတ်မသွားရလေခြင်း" ဟု ငြီးငြူကာ အသက်ပျောက်သွား၏။ မိမိအတွက် ယောက်ျားကို ခိုးခိုင်း

ဖွတ်နိုင်သော မိန်းမမျိုးသည် အရင်ကသာရှိခဲ့သည်မဟုတ်။ ယခုခေတ်အချိန်၌လည်း ရှိသည်သာဖြစ်၏။

*ယောက်ျားဖြစ်သူ မတရားသောနည်းဖြင့် ငွေရှာနေသည်ကို သိလျက်မိမိဝတ်ရ၊ စားရပြီးရော သဘောထားပြီး ယောက်ျားကို ဘာမှ သတိမပေးဘဲနေသော မိန်းမများသည်လည်း ဝတ်ပန်းနိုးနိုင်သော မိန်းမနှင့်သိပ်မထူးပေ။*

*ထို့ကြောင့် လင်ယောက်ျားများ သူခိုးဘဝကလွတ်ရေးတွင် မိန်းမများသည် အရေးကြီးသောနေရာက ပါဝင်နေပေသည်။* ယောက်ျားက ကိုယ်ကျင့်တရားဖောက်ဖျက်ပြီး မသမာသောနည်းဖြင့် လုပ်ကျွေးသည်ကို မသိချင်ယောင်ဆောင်မနေဘဲ ပွင့်ပွင့်လင်းလင်း ပြောဆိုတားမြစ်သည့် မိန်းမမြတ်တစ်ယောက်ကို တွေ့ခဲ့ရဖူးသည်။

## အမရပူရက ဇော်ဝင်မိန်းမမြတ်

သူတို့လင်မယားနှစ်ယောက်သည် အမရပူရမြို့ နန်းတော်ရာ စံပြကွက်သစ်ရပ်ကွက်တွင် နေထိုင်ကြသည်။ ဦးထိ+ဒေါ်သိန်းရင် ဆိုလျှင် တစ်ရပ်ကွက်လုံးသိကြသည်။ ဦးထိက ပန်းရံလုပ်သည်။

တစ်နေ့တွင် ဆောက်လုပ်ရေးလုပ်ငန်းတစ်ခုက ခိုးထုတ်လာသော ဘိလပ်မြေ အိတ်နှစ်ဆယ်ကို လျှော့ဈေးနှင့်ဝယ်ယူရန် လူတစ်ယောက်က လာစပ်သည်။ ပြန်ရောင်းလျှင် ခေါက်ချိုးမြတ်မည်ကို တွက်မိထားသော ဦးထိက ယူမည်ဟုပြောသဖြင့် လာစပ်သူသည် ဘိလပ်မြေအိတ်များကိုသယ်ရန် ပြန်ထွက်သွားသည်။

ထိုအချိန်မှာပင် ဦးထိကို ဒေါ်သိန်းရင်က မေးခွန်းထုတ်သည်။

"ကိုထိ - ခိုးလာတဲ့ ဘိလပ်မြေအိတ်တွေကို ပြန်ဝယ်မလို့လား"

"အေး-ဟုတ်တယ်။ ဘာဖြစ်လို့လဲ၊ မင်းက ဘာများပြောမလို့လဲ"

ကိုထီ၏ စကားသံက နေရာတကာဝင်ပါသော မိန်းမဟုယူဆပြီး ဒေါသစွက်နေသည်။ ဒေါ်သိန်းရင်က လေအေးနှင့်ဆက်ပြောသည်။

"ကိုထီ၊ ကျွန်မတို့တစ်တွေကို ဖြူဖြူစင်စင်ပဲရှာကျွေးပါ။ မလောက်ရင် ဆားဖြူးစားရင်လဲ စားရပါစေ။ ခိုးဖွက်ပြီး မတရားတဲ့နည်းနဲ့တော့ ရှာမကျွေးပါနဲ့"

ဒေါ်သိန်းရင်၏စကားကို ဦးထီ အဓိပ္ပာယ်ကောက်လွဲသွားသည်။ အိမ်ထောင်ဦးစီးအပေါ် ဆရာလုပ်သည်ဟု ယူဆခြင်းပါတည်း။ ထို့ကြောင့်လည်း -

"မင်းက ကြီးကြီးကျယ်ကျယ်စကားတွေ ပြောမနေစမ်းပါနဲ့။ လင်လုပ်ကျွေးတာကို အေးအေးဆေးဆေး စားမှာစားစမ်းပါ။ ငါ့အလုပ်ကို ငါသိပါတယ်"ဟု ပြောချလိုက်သည်။

သို့အတွက်ကြောင့်ပင် ဒေါ်သိန်းရင် စိတ်မကောင်းဖြစ်သွားမိ၏။ သူမ၏စေတနာကို လင်ဖြစ်သူ နားမလည်သေး။ သံသရာနှင့်ပါသက်ဆိုင်သော ကိစ္စဖြစ်သောကြောင့် လင်ဖြစ်သူနားလည်အောင် ရှင်းပြဖို့သူမှာ တာဝန်ရှိလာသည်။

"ကိုထီ၊ အခုစကားတွေဟာ ရှင့်အတွက်ပြောနေတာနော်။ မယားနဲ့ သားမီးတွေအတွက် ရှင် သူခိုးသူဝှက်ဘဝ ရောက်မှာစိုးလို့ အမုန်းခံပြီး ရှင်းပြနေတာပါ၊"

ကိုထီ စဉ်းစားကြည့်ပါ။ ဒီခိုးလာတဲ့ ဘိလပ်မြေအိတ်တွေ အစိုးရ သိသွားရင် ရှင်ပဲထောင်ကျမှာ။ ကျွန်မတို့တစ်တွေ ထောင်မကျဘူး။ ဒီ အဒိန္နာဒါနကံကြောင့် အပါယ်ငရဲကျရင်လဲ ရှင်ပဲကျမှာ။ ကျွန်မတို့ မကျဘူး။

ကျွန်မတို့ သားမယားတွေဆိုတာက စားရင်သာ အတူတူစားကြမှာ ထောင်တို့၊ ငရဲတို့ကျတော့ ရှင်တစ်ယောက်တည်း ခံရမှာ။ ဒါကြောင့်

ရှင့်အတွက် စေတနာထားပြီးပြောနေတာဆိုတာကို နားလည်စေချင်တယ်''

ဦးထီသည် မည်းသောမျက်နှာကြီးနှင့် ခဏကြာအောင်ငြိမ်နေပြီးမှ မိန်းမပြတ်အလီမွှာသည် သူ့အတွက်ပြောနေခြင်းဖြစ်ကြောင်းကို ကောင်းစွာ သဘောပေါက်သွား၏။ ထို့ကြောင့် တစ်ချက်မျှ ပြုံးလိုက်ပြီး -

''ကျေးဇူးတင်ပါတယ် သိန်းရင်ရာ၊ ငါ လောဘ တစ်ဘက်စွန်း ရောက်သွားမိတာကြောင့် အဲဒါတွေကို တစ်ခုမှ သတိမထားမိလိုက်ဘူး။ ဒါကြောင့်ပါ။ ကဲ ကဲ ငါဘိလပ်မြေအိတ်တွေ မယူတော့ဘူးဆိုတာ ပြန်ပြော လိုက်ပါမယ်''ဟု ချိုသာသောစကားစုဖြင့်ဆိုကာ မယားပြတ်အလီမွှာ၏ ပုခုံးကို လက်နှင့်ပုတ်ရင်း ကျေးဇူးတင်စကား ပြန်ပြောရလေသည်။

မိမိ၏လင်ယောကျ်ားအပေါ် တကယ်ချစ်မြတ်နိုးသော မိန်းမမျိုးဆိုလျှင် ဒေါ်သိန်းရင်လိုသာဖြစ်သင့်၏။

## ဈေးသည်ပြိတ္တာမလေးယောက်

ဘုရားရှင်လက်ထက်တော်က ဈေးသည်မလေးယောက် ရှိသည်။ အမြတ်ငွေများများရရန် ချိန်စဉ်းလဲ၊ တောင်းစဉ်းလဲဖြင့် ခိုးဖွက်ကာရောင်းချပြီး လင်နှင့် သားသမီးတို့ကိုလုပ်ကျွေး၏။ လူ့လတ်ပိုင်းအရွယ်မှာပင် ရောဂါရကာ လေးယောက်စလုံး ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်ကြသည်။

ပြိတ္တာဘဝတွင် အငတ်ငတ်အပြတ်ပြတ်ဖြစ်နေရသော်လည်း အရင် ဘဝက လင်သားများကို သတိရသဖြင့် ချောင်းမြောင်းကြည့်ရှုကြရာ ကျန်ရစ်ခဲ့ကြသော လင်သားများသည် နောက်အိမ်ထောင်ပြုကာ မယား အသစ်များနှင့် သူတို့ ခိုးဝှက်စုဆောင်းထားခဲ့ကြသော ဥစ္စာပစ္စည်းများကို ပျော်ပါးစွာသုံးစွဲလျက်ရှိသည်ကို တွေ့ရ၏။

ထိုအခါ ပြိတ္တာမများသည် ခိုးဝှက်ကျွေးမွေးခဲ့ရသည်ကို နောင်တကြီးစွာရပြီး မြို့ရိုးပေါ်တက်ကာ သူတို့အဖြစ်ကို လင်သားနှင့် နောက်မိန်းမများ ကြားသိကြရန် အသံနက်ကြီးများနှင့် အော်ဟစ်ကြ၏။

**ပြိတ္တာမများအော်ဟစ်ကြသောဂါထာမှာ -**

**မယံ ဘောဂေ သံဟရိမှ၊**
**သမေန ဝိသမေနစ။**
**တေအညေ ပရိဘုဉ္ဇန္တိ၊**
**မယံ ဒုက္ခဿ ဘာဂိနီ။**

ငါတို့သည်၊ စီးပွားဉစ္စာကို တရားသောနည်း၊
မတရားသောနည်းတို့ဖြင့် ရှာဖွေမိခဲ့ကြပြီ။
ငါတို့ ရှာဖွေခဲ့သော ဉစ္စာတို့ကို
နောက်မယားနှင့် သားသမီးတို့က သုံးစွဲနေကြပြီ။

ထိုဉစ္စာတို့ကို မတရားနည်းဖြင့် ရှာဖွေခဲ့မိသော ငါတို့မှာကား ပြိတ္တာဘဝရောက်ပြီး ဆင်းရဲခြင်းသာ အဖတ်တင်၏ဟူ၍ဖြစ်၏။

သားမယားလင်သားတို့အတွက် မတရားသဖြင့် စီးပွားရှာသောသူများ သတိထားဘွယ်ပင်ဖြစ်၏။ ကျူးလွန်ခဲ့သည် သေးသည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ၊ ရေသို့ချလျှင် နစ်မြုတ်သည်သာဖြစ်၏။ ထို့အတူ အကုသိုလ်သည်လည်း သေးသည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ ပြုလုပ်သူအား အပါယ်လေးပါးသို့ ဆွဲချသည်သာဖြစ်၏။

ထိုသဘောတရားကို သတိမထားမိသောကြောင့် သေးငယ်သော အကုသိုလ်လေးကိုအကြောင်းပြုပြီး ပြိတ္တာဘဝရောက်ခဲ့ရသော ဈေးသည်တစ်ယောက်အကြောင်းကို တင်ပြပါဦးမည်။ ထိုအချိန်က ဝေသာလီပြည်တွင် အမ္ဗသက္ကရလိစ္ဆဝီမင်း အုပ်ချုပ်နေ၏။ ထိုမင်းသည် တစ်လောကလုံးတွင်

သူ့မျက်စေ့ဖြင့်မြင်ရသော လူနှင့်တိရစ္ဆာန်သာရှိသည်ဟု ယုံကြည်သူဖြစ်၏။

ယခုခေတ် အသုံးအနှုန်းဖြင့်ပြောရလျှင် တမလွန်ဘဝကို မယုံကြည်သော ရုပ်ဝါဒီ ကွန်မြူနစ်တစ်ယောက်ပင်ဖြစ်၏။ နောက်ဘဝရှိသည်ဟု ယုံကြည်သူနှင့်မရှိဟု ယုံကြည်သူတို့၏ ထူးခြားချက်ကို ဗုဒ္ဓက သဘာဝကျကျဟောထားသည်မှာ အတွေးအခေါ် အမြော်အမြင်ရှိသူတိုင်း သဘောကျစရာကောင်း၏။ ဗုဒ္ဓဟောထား သည်မှာ -

## ဗုဒ္ဓဖွေးဒေါ်ပြု နောက်ဘဝအယူအဆ

နောက်ဘဝရှိသည်ဟု ယုံကြည်သူသည် မကောင်းကျိုးခံစားရမည်ကိုကြောက်သဖြင့် မကောင်းမှုမှန်သမျှ မလုပ်ဖြစ်တော့ပေ။ ကောင်းကျိုးခံစားရမည်ကိုသိသဖြင့် ကောင်းမှုမှန်သမျှ ပြုလုပ်ဖြစ်၏။

ကောင်းတာမှန်သမျှလုပ်ဖြစ်ခြင်း၊ မကောင်းတာမှန်သမျှရှောင်ကြဉ်နိုင်ခြင်းတို့ကြောင့် ပညာရှိသူတော်ကောင်းတို့၏ အချီးအမွမ်းကိုခံရခြင်းသည် နောက်ဘဝရှိသည်ဟု ယုံကြည်သူများ ယခုဘဝ ခံစားရသော သေချာပေါက် ကောင်းကျိုးဖြစ်၏။

သေပြီးသည့်နောက်တွင်လည်း နောက်ဘဝရှိခဲ့လျှင် ကောင်းတာကိုလုပ်ခဲ့သည့်အတွက် ကောင်းသောဘုံသို့သာ ရောက်ရမည်ဖြစ်၏။ နောက်ဘဝမရှိခဲ့လျှင်လည်း သူ့အတွက် ဘာမှမဆုံးရှုံးပေ။

နောက်ဘဝကိုလက်မခံသောသူသည်ကား မကောင်းမှုမှန်သမျှကို ရဲရဲဝံ့ဝံ့ လုပ်ရဲ၏။ ကောင်းမှုကုသိုလ်ကိုကား အားနာပါးနာပင် မလုပ်ချင်။ ထို့ကြောင့် ပညာရှိသူတော်ကောင်းတို့၏ ကဲ့ရဲ့ရှုပ်ချခံရခြင်းသည် နောက်ဘဝလက်မခံသူတို့ ယခုဘဝခံစားရသော သေချာပေါက် ဆိုးကျိုးဖြစ်၏။

သေပြီးနောက်၊ နောက်ဘဝမရှိခဲ့လျှင် တော်ပါသေး၏။ နောက်ဘဝရှိခဲ့လျှင်ကား သူသည် မကောင်းမှုကိုသာလုပ်ခဲ့သော ကြောင့် မကောင်းသောဘုံကို ရောက်ရမည်ဖြစ်၏။ ထို့ကြောင့် နောက်ဘဝကို မယုံကြည်သူသည် ပစ္စက္ခ၊ သံသရာ၊ နှစ်မျိုးလုံး နစ်နာ၏။ **(အပဏ္ဏကသုတ်)**

ယခုလက်တွေ့အားဖြင့်လည်း လိစ္ဆဝီမင်းသည် နောက်ဘဝကို မယုံကြည်သူဖြစ်သောကြောင့် တိုင်းခန်းလှည့်လည်ရင်းတွေ့ခဲ့ရသော သူဌေး တစ်ယောက်၏မယားကို မတရားသိမ်းပိုက်ရန် ကြံစည်လျက်ရှိ၏။

ပထမဆုံးပေါ်လာသောအကြံအစည်အရ သူဌေးကို သူနားတွင် အနီးကပ် ခစားနိုင်းထား၏။ အပြစ်တွေ့လျှင် ချက်ချင်းသတ်ပစ်နိုင်ရန်ဖြစ်သည်။ မင်း၏အကြံကိုရိပ်မိသောသူဌေးက သတိထားကာ အပြစ်မရှိအောင် ခစား သည့်အတွက် ကော်အတန်ကြာသည်အထိ သတ်ခွင့်မရသေး။

စိတ်မရှည်နိုင်သောဘုရင်သည် ဒုတိယအကြံအစည်အရ ဝေသာလီမြို့ နှင့် မိုင်လေးဆယ်ကျော်ခန့်ဝေးသော ရေကန်ကြီးတစ်ကန်သို့ မနက်အစော ကြီးကတည်းက သူဌေးကြီးကို စေလွှတ်လိုက်သည်။ သူဌေးလုပ်ရမည်က ဘီလူးစောင့်သော ထိုရေကန်ကြီးအလယ်တည့်တည့်က ကြာပန်းနှင့် ရေ အောက်က မြေနီမြေညက်ကို ယူလာရမည်ဖြစ်၏။

ထိုသို့ယူဆောင်လာရာ၌လည်း ညနေလေးနာရီ မြို့တံခါးမပိတ်မီ အရောက် လာရမည်ဖြစ်သည်။ ဘုရင်၏ ယုတ်မာသောအကြံအစည်က သူဌေးသည် ကန်စောင့်ဘီလူးသတ်၍သေမည်။ သို့တည်းမဟုတ် ရေနစ်သေမည်။ ထိုသို့ မသေဘဲ စောစောရောက်လာလျှင်လည်း မြို့တွင်းသို့ဝင်၍မရအောင် လုပ် ထားမည်ဟူ၍ဖြစ်သည်။

သူဌေးသည် ယောက်ျားတို့လုံ့လ သေခါမှလျှော့မည်ဟူသော စွဲနှင့် မနက်အစောကြီးကတည်းက ပြေးသွားခဲ့ရာ ဘီလူးစောင့်သော ကန်သို့

ခပ်စောစောကပင် ရောက်သွားသည်။ သူသည် မမြင်ရသောပုဂ္ဂိုလ်များ၏ မေတ္တာကို အထက်တန်းစား ဗုဒ္ဓဘာသာနည်းဖြင့် ရအောင်လုပ်တတ်၏။

ထို့ကြောင့် ရေကန်များရောက်သည်နှင့် ရေကန်စောင့်ဘီလူးနှင့်တကွ တောစောင့်နတ်၊ တောင်စောင့်နတ်များပါမကျန် မေတ္တာပို့၏။ ပြီးလျှင် ပါလာသော ထမင်းထုပ်ကိုပြည်စားပြီး ကြွင်းကျန်သော ထမင်းဟင်းများကို ရေကန်တွင်းရှိ ငါးလိပ်တို့အား ကျွေးမွေးလိုက်၏။

ထို့နောက် သိတတ်သောအချိန်မှစ၍ ယခုအချိန်တိုင်အောင် သူပြုခဲ့သမျှသော ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်များကို မြင်အပ်၊ မမြင်အပ် သတ္တဝါအပေါင်းတို့အား အမျှပေးဝေ၏။

ကန်စောင့်ဘီလူးနှင့်တကွ တောစောင့်နတ်၊ တောင်စောင့်နတ်များသည် သာဓုခေါ်လိုက်ရသည့်အတွက် သူတို့၏စည်းစိမ်မှာ နှစ်ဆတိုးသွား၏။ သူဌေးအပေါ်လည်း မေတ္တာသက်ဝင်သွားကြ၏။ ထို့ကြောင့် ကန်စောင့်ဘီလူးကိုယ်တိုင် သူဌေးလိုချင်သော ကန်လယ်ကမြေနီမြေညက်နှင့် ကြာပန်းများကို ယူပေးလိုက်လေ၏။

သူဌေးသည် ဝမ်းသာအားရနှင့် ဝေသာလီမြို့သို့ ပြန်ပြေးခဲ့ရာ ညနေလေးနာရီမထိုးမီ ရောက်ပါ၏။ သို့သော် လိစ္ဆဝီမင်းက အကောက်ကြံပြီး မြို့တံခါးကို အစောကြီး ပိတ်ထားလေသည်။ သူဌေးကားမလျှော့၊ ပိတ်ထားသော မြို့တံခါးဝကရပ်၍ သူသည် မင်းပေးလိုက်သောတာဝန်ကို ကျေပွန်အောင်ထမ်းဆောင်ကြောင်း၊ မြို့တံခါးကို အစောကြီးပိတ်ထားခြင်းဖြစ်၍သာ သူဝင်၍မရခြင်းဖြစ်ကြောင်းတို့ကို သုံးကြိမ်တိုင်တိုင် ဟစ်ကြွေးပြီး ကြာပန်းနှင့် မြေနီမြေညက်တို့ကို တံခါးခုံပေါ်တင်ကာ မိုးလင်းသည်အထိ ထိုင်စောင့်နေခဲ့သည်။

မိုးလင်း၍ သူဌေးကို ရှေ့တော်သွင်းစေပြီးလျှင် အမွှသဏ္ဍာရလိစ္ဆဝီမင်းက ``မောင်မင်း ကြာပန်းနဲ့မြေနီကို ငါ့ထံ အချိန်မီရောက်အောင် မဆက်သနိုင်တဲ့အတွက် သေဒဏ်ချမယ်``ဟုပြောလိုက်ရာ-

သူဌေးက ``ကျွန်တော်မျိုးသည် ဝေသာလီမြို့သို့ အချိန်မီရောက်ပါသည်။ မြို့တံခါး အစောကြီးပိတ်ထားရှိသော ဝင်မရခြင်းဖြစ်ပါသည်``ဟု လျှောက်ထားလိုက်၏။

ထိုအခါ မင်းက ``မောင်မင်း ဝေသာလီမြို့သို့ အချိန်မလင့်မီ ရောက်ရှိကြောင်း သက်သေရှိသလား``ဟု ဆက်မေး၏။

``ရှိပါတယ်``

``ဒါဆိုရင် အခု ရှေ့တော်သွင်းစေ``

``မှန်လှပါ ကျွန်တော်မျိုး၏သက်သေသည် လူမဟုတ်သည့်အတွက် ရှေ့တော်သို့ လာမရပါ``

``လူမဟုတ်ရင် တိရစ္ဆာန်လား``

``တိရစ္ဆာန်လည်း မဟုတ်ပါ``

``မောင်မင်း ရူးနေသလား၊ လောကမှာ လူနဲ့တိရစ္ဆာန်အပြင် တစ်ခြားဘာသတ္တဝါများ ရှိသေးလို့လဲ``

``မှန်လှပါ၊ ကျွန်တော်မျိုးလည်း နာမည်အတိအကျ မတပ်နိုင်ပါ။ အရှင်မင်းကြီးကိုယ်တိုင် လိုက်တွေ့ပြီး သေချာမေးမြန်းနိုင်ပါသည်``

``ကောင်းပြီ၊ လက်တွေ့ဆိုရင်တော့ ယုံရမှာပေါ့။ မောင်မင်းရဲ့ သက်သေကို ဘယ်အချိန်မှာ တွေ့ရမလဲ``

``ညသန်းခေါင်ယံအချိန်မှာ တွေ့နိုင်ကြောင်းပါ``

* * * * *

လကွယ်ညမို့ ဝေသာလီမြို့ပြင်တစ်ခွင်တွင် အမိုက်လွှမ်းလျက်ရှိသည်။ လိစ္ဆဝီမင်းနှင့် သူဌေးတို့ ရပ်စောင့်နေကြရာတစ်ဝိုက်၌သာ ကညင်ဆီမီးရောင်ကြောင့် အလင်းရောင်မှိန်မှိန်မျှရှိသည်။ ညဉ့်နက်လာသည်နှင့်အမျှ ဆွဲဆွဲငင်ငင်အူလိုက်သော ခွေးသံတို့က ခပ်စိပ်စိပ် ဖြစ်လာသည်။

မိုးအုံ့နေသဖြင့် လျှပ်စီးကလည်း မကြာခဏလက်၏။ လျှပ်စီးတစ်ချက်လက်လျှင် ဝေသာလီမြို့ပြင်ရှိ သုသာန်ကြီးတစ်ခုလုံး လင်းထိန်သွား၏။ ထိုသို့လင်းထိန်သွားသော်လည်း ကြောက်စိတ်ကိုကား မလျှော့ပါးစေ။ အကြောင်းက သုသာန်တစ်ပြင်လုံးတွင် ခြေလက်များကိုသံမှိုရိုက်၍ ကားစင်တင်ထားခြင်းခံနေကြရသော ရာဇဝတ်သားများ အများအပြား ရှိနေသောကြောင့်ပင်။

ထိုရာဇဝတ်သားများကား သေဒဏ်ချခံနေကြရသူများပင်ဖြစ်၏။ သို့သော်ချက်ချင်းမသေစေဘဲ အစာငတ်ရေငတ်ဖြစ်ပြီးသေစေရန် ခြေနှင့်လက်တို့ကိုသံမှိုရိုက်ပြီး ကားစင်တင်ထားခြင်းဖြစ်၏။

လျှပ်စီးလက်လိုက်သည့်အခါတွင် ကားစင်ပေါ်၌ ဇက်ကျိုးကျလျက်သေနေကြသော ရာဇဝတ်သားများ၊ မသေသေးသော်လည်း အစာရေစာပြတ်သည့်ဒဏ်နှင့် နာကျင်သည့်ဝေဒနာကို မချိမဆန့်ခံနေကြရသော ရာဇဝတ်သားများ၏မျက်နှာများကို ခြောက်ခြားဖွယ်ရာ တွေ့နေရသောကြောင့်ပါတည်း။

## ကောင်းကင်မှလာသော တရားခံသက်သေ

ညသန်းခေါင်အချိန်သို့ ရောက်လာသည်နှင့် ကောင်းကင်က ဖြူဝင်းနေသော လမင်းကြီးတစ်စင်း အောက်သို့ တဖြည်းဖြည်း နိမ့်ကျလာသည်ကို မြင်ကြရ၏။ လကွယ်ညကြီးမှာ ဘာလို့လမင်းကြီးက ပေါ်လာရတာပါလိမ့်ဟု အမ္ဗသက္ကရ လိစ္ဆဝီမင်းကြီး မတွေးတတ်အောင်ပင် ဖြစ်နေ၏။ အမွှေးရနံ့များလည်း မြို့တစ်ပြင်လုံး ကြိုင်သင်းလာသည်။

ဖြူဝင်းနေသော လမင်းကြီးသည် အမွှသက္ကရ လိစ္ဆဝီမင်းနှင့် သူ့ဌေးတို့ စောင့်ကြည့်နေကြရာ သုသာန်ထဲသို့ပင် ဆင်းသက်လာ၏။ အံ့ဩလွန်းလှသဖြင့် လိစ္ဆဝီမင်းကြီးသည် ပြုတ်ကျလာသော လမင်းကြီး၏အနားသို့ ခပ်မြန်မြန် လျှောက်သွားမိ၏။

ခပ်လှမ်းလှမ်းရောက်၍ သေချာမြင်ရသောအခါတွင်ကား လိစ္ဆဝီမင်းကြီးသည် ပါးစပ်အဟောင်းသား ဖြစ်သွားလေတော့၏။ အကြောင်းကား နိမ့်ဆင်းလာသောအရာသည် လမင်းကြီးမဟုတ်တဲ့ ဖြူဝင်းတောက်ပြောင်သည့် နတ်မြင်းပျံကြီးတစ်ကောင်နှင့် ကိုယ်လုံးတီး အမျိုးသားတစ်ယောက် ဖြစ်နေသောကြောင့်ပင်။

ကိုယ်လုံးတီးအမျိုးသားကြီးသည် နိုးမှုဖြင့် ကားစင်တင်ထားသော ရာဇဝတ်သားတစ်ဦးထံသို့သွားကာ ''ငါ့ဂူ မသေအောင် အားတင်းထားပါ။ မင်းမှာ ခိုးဝှက်ခဲ့တဲ့ အကုသိုလ်ကံတွေ ရှိနေတယ်။ ဒီကံတွေက ငရဲသို့ ဆွဲချလိမ့်မယ်။ ငရဲဘုံဟာ အဆင်းရဲဆုံးဖြစ်တယ်'' ဟု ပြောပြနေ၏။

ထိုအချိန်မှာပင် တရွေ့ရွေ့နှင့် အနားရောက်လာသော လိစ္ဆဝီမင်းက ကိုယ်လုံးတီးကြီးကို သူသိချင်ရာ အမြန်ဆုံး မေးလိုက်၏။

''အို - နတ်မြင်းပျံပိုင်ရှင်ပုဂ္ဂိုလ်ကြီး အသင့်ကို ဘယ်လိုလူမျိုးဟု ခေါ်ပါသနည်း၊ အမြန်သိလိုပါတယ်''

''မင်းကြီး၊ ကျွန်ုပ်ကို ဝေမာနိကပြိတ္တာလို့ ခေါ်ပါတယ်''

''သင်ဟာ ပြိတ္တာဖြစ်လျက် အဘယ့်ကြောင့် နတ်မြင်းပျံကြီးကို ရရှိပါသနည်း''

''ကျွန်ုပ်သည် ဤဝေသာလီမြို့က ဈေးသည်တစ်ယောက်ပင် ဖြစ်ပါသည်။ ကျွန်ုပ်ဆိုင်ရှေ့တွင် ခြေနစ်လှမ်းတာခန့် ရွှံ့ဗွက်အိုင်တစ်အိုင်ရှိသည်။ ရှောင်သွားလို့မရသဖြင့် လူများသည် ခြေထောက်အပေခံပြီး ရွှံ့ထဲမှဆင်းသွားကြရသည် -

ထိုအခါ ကျွန်ုပ်သည် လမ်းဘေးချုံဖုတ်ထဲက နွားခေါင်းရိုးတစ်ရိုးကိုယူပြီး ရွှံ့ဗွက်အိုင်ထဲသို့ ချပေးခဲ့သည်။ ဤခြေတစ်လှမ်းစာ တံတားကုသိုလ်ကြောင့် ဤနတ်မြင်းပျံကြီးကို ရရှိခြင်းဖြစ်သည်။

"အသင်လာသောအခါ မြို့ပြင်တစ်ခုလုံးလင်းထိန်သွားပြီး မွှေးရနံ့များကြိုင်လာသည်မှာကား အဘယ်ကုသိုလ်ကြောင့်ပါနည်း"

"အမျက်ဒေါသမထွက်ခြင်း၊ အမြဲကြည်လင်သောစိတ်ရှိခြင်း၊ နူးညံ့သောစကားနှင့် လူတို့ကို ချဉ်းကပ်ပေါင်းသင်းခြင်းတို့ကြောင့် ကိုယ်ရောင်ကိုယ်ဝါများ လင်းထိန်တောက်ပခြင်းဖြစ်ပါတယ်။ တရားရှုတဲ့သူများကို ချဉ်းကပ်ပြီး လေးစားကြည်ညိုတဲ့စိတ်ရှိတာကြောင့် ကိုယ်ခန္ဓာက ရနံ့မွှေးကြိုင်ခြင်းဖြစ်ပါတယ်"

"အသင့်ခန္ဓာကိုယ်မှာ အဘယ်အကုသိုလ်ကြောင့် အဝတ်အစားမရှိဘဲ ဖြစ်နေရတာလဲ"

"ကျွန်ုပ် လူ့ဘဝရှိစဉ်တုန်းက မိတ်ဆွေများနဲ့အတူ မြစ်ထဲမှာ ရေကစားကြပါတယ်။ ကျွန်ုပ်ကအရင်ပြီးတော့ ကုန်းပေါ်အမြန်တက်ပြီး မိတ်ဆွေတွေရဲ့ အဝတ်အစားတွေကို ကျီစယ်နောက်ပြောင်လိုတဲ့အနေနဲ့ ခိုးဝှက်ပြီး ဖွက်ထားမိပါတယ် -

မိတ်ဆွေများဟာ ရေချိုးပြီးတဲ့အခါ အဝတ်အစားများမရှိတဲ့အတွက် မြို့ထဲမသွားရဲကြဘဲ ကမ်းစပ်မှာ ဟိုပြေးဒီပြေးဖြစ်နေတာကို ကြည့်ပြီး ဟားတိုက်ရယ်မောခဲ့ပါသည်။ ရယ်လို့အားရမှ အဝတ်အစားတွေကို ထုတ်ပေးခဲ့ပါတယ်။ အဲဒီမဖြစ်စလောက် အကုသိုလ်ကံလေးကြောင့် အခုဘဝမှာ အဝတ်အစားမရှိ ဖြစ်နေရတာပါ"

သေးငယ်သော အကုသိုလ်ကံပင်ဖြစ်လင့်ကစား မကောင်းကျိုးပေးနိုင်ကြောင်း လက်တွေ့မြင်သွားရသော လိစ္ဆဝီမင်းကြီးသည် အတော်ထိတ်လန့်သွား၏။ ပြိတ္တာကြီးကိုလည်း သနားသွား၏။ ထို့ကြောင့် -

''အသင့်ကို အဝတ်အစားများ ပေးလိုပါတယ်''

''ဒီအတိုင်းပေးလို့မရပါ။ ဝေသာလီမြို့ထဲက ဆရာတော် တစ်ပါးပါးထံ အဝတ်သင်္ကန်းများလှူပြီး ကျွန်ုပ်ကိုရည်မှန်း၍ အမျှပေးပါ။ သာဓုခေါ်ရလျှင် ကျွန်ုပ် အဝတ်အစားများရပါမည်''

''မသေရန်အားပေးနေသော ရာဇဝတ်ကောင်သည် အသင်နှင့် ဘယ်လိုတော်စပ်ပါသနည်း''

''ကျွန်ုပ်၏ တူတော်ပါသည်။ သူသည် အပေါင်းအသင်းမှားပြီး သူခိုးဘဝ ရောက်သွားခဲ့သည်။ တစ်နေ့တွင် မင်းကြီး၏ဘဏ္ဍာတိုက်ကိုဖောက်ပြီး ခိုးယူလာခဲ့သည်။ ထိုပစ္စည်းများကို ကျွန်ုပ်အိမ်မှာ လာထားသည်။ ကျွန်ုပ်ကား သတိမထားမိ -

သတိထားမိနေကြသော မင်းချင်းများက ကျွန်ုပ်ကို ခိုးရာပါပစ္စည်း လက်ခံမှုနဲ့ ဖမ်းခဲ့တဲ့အတွက် အခုလို သေဒဏ်ချမှတ်ခြင်း ခံရပါတယ်။ တူတော်မောင်ကိုလည်း မိသွားပြီး အခုလို ကားစင်တင်ခံရ ခြင်းဖြစ်ပါတယ်''

ထိုသို့ နောက်ဘဝအကြောင်းကို သေချာသိသွားသော အမ္ဗသက္ကရ လိစ္ဆဝီမင်းကြီးသည် အကုသိုလ်ကို မလုပ်ဝံ့တော့ဘဲ သူ့ခွေးကိုလည်း သူ့မယားထံ ပြန်လွှတ်လိုက်သည်။ သူခိုးကိုလည်း အပြစ်မှ ချမ်းသာပေးလိုက်ရာ ပစ္ဆိမဘဝိကပုဂ္ဂိုလ်ဖြစ်သဖြင့် ရဟန်းဝတ်ပြီး တရားအားထုတ်ရာ ရဟန္တာ ဖြစ်သွား၏။

ရဟန်းတော်များကို သင်္ကန်းလှူပြီး အမျှပေးလိုက်သည့်အတွက် သာဓုခေါ်ရသော ဝေမာနိကပြိတ္တာကြီးမှာ အဝတ်အစားများရသွား၏။ အမ္ဗသက္ကရ လိစ္ဆဝီမင်းကြီးသည်လည်း တစ်သက်လုံး ငါးပါးသီလလုံခြုံသူ ဖြစ်သွား၏။

**(ပေတဝတ္ထုပါဠိတော်)**

# စလင်းမြို့ကတာခဲ

ဘာသာရေးမဂ္ဂဇင်းတစ်အုပ်တွင် အထက်ပါခေါင်းစဉ်ဖြင့် ရေးသား ဖော်ပြထားသော ဖြစ်ရပ်လေးမှာ အဒိန္နာဒါန သိက္ခာပုဒ်ဖြင့် တိုက်ရိုက် ဆက်စပ်နေသည်။ ထို့ကြောင့် မှတ်မိသမျှ ပြန်လည်ဖော်ပြလိုက်ပါသည်။

စလင်းမြို့သားလေး မောင်လှလှသည် နာမည်နှင့်လိုက်အောင် မွေး ကတည်းက ချောမောလှပသူဖြစ်၏။ ထူးခြားသည်ကား ကလေးအရွယ် ကတည်းက အင်္ကျီ၊ ဘောင်းဘီ အဝတ်မခံခြင်းပင်ဖြစ်၏။ ဖွတ်ဝတ်ပေးလျှင် ဓားနှင့်အထိုးခံရသည့်အတိုင်း တက်မတတ်၊ ချက်မတတ်ငိုသည်။ ထို့ကြောင့် လက်လျှော့ထားကြရသည်။ ကြီးလာလျှင် ဝတ်လိမ့်မည်ဟုသာ ထင်ထား ကြသည်။

သို့သော် မောင်လှလှ ဆယ်နှစ်သားကျော်အထိပင်ရှိလာပြီ အဝတ်အစား ဝတ်ပေးလို့မရသေး။ အဝတ်မဝတ်သဖြင့် ကျောင်းလည်းမနေရ။ မိဘတို့မှာ လည်း တွေးမရအောင်ဖြစ်ကာ စိတ်ဆင်းရဲနေကြရ၏။ ဆယ့်ငါးနှစ်ကျော်၍ လူပျိုပေါက်အရွယ်ရောက်သောအခါတွင်ကား မောင်လှလှတစ်ယောက် လူသူ မရှိသော တောထဲသို့ ထွက်ပြေးသွားတော့သည်။

ေ ာထဲ ေင် ကိုယ်လုံးတီးကြီးဖြင့် ဖြစ်သလိုနေ၊ ဖြစ်သလိုစား၏။ စားစရာလုံးဝမရသောအခါတွင် သူ့အိမ်သို့ ညအခါပြန်လာပြီး ထမင်းဟင်း များကို လူများအလစ်တွင်ယူစားပြီး တောထဲသို့ ပြန်ပြေးလေသည်။

သူ့သတင်းမှာလည်း စလင်းမြို့နယ်တစ်ခုလုံးပျံ့နှံ့နေသဖြင့် မိဘများမှာ မျက်ရည်နှင့်မျက်ခွက်သာ ဖြစ်နေကြရသည်။

ကလေးဘဝမှစ၍ အသက်နှစ်ဆယ်ကျော်သည့်တိုင်အောင် အဝတ်အစား တစ်ခါမှမဝတ်သဖြင့် တာခဲ - တာခဲ ဟုခေါ်ရင်းက စလင်းမြို့ကဖြစ်၍ စလင်းမြို့ကတာခဲဟု ဖြစ်သွားရသည်။ သားအတွက် ရင်ထုမနာဖြစ်နေရသော

သူဖခင်သည် အကြောင်းစုံကို သေချာသိချင်သဖြင့် တာဓံအလာကို ညစဉ် စိတ်ရှည်ရှည်စောင့်၏။

တစ်ညတွင်ကား တောထဲတွင် စားစရာမရသဖြင့် တာဓံတစ်ယောက် ညသန်းခေါင်အချိန်တွင် သူ့အိမ်သို့ဝင်လာသည်။ သူ့အဖေကား အိပ်ရာထဲတွင် အိပ်ချင်ယောင်ဆောင်နေ၏။ လူတွေ့မခံရဲသဖြင့် တောထဲမှာနေရသောတာဓံမှာ ဆံပင်ညှပ်ချိန်၊ ဖြတ်ချိန်မရ။ ထို့ကြောင့် ဆံပင်များမှာ ကျောနှင့်ကုပ်ပေါ်တွင် ဖားလျားကျလျက်ရှိ၏။

နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးများမှာလည်း အဆီးအတား မရှိ၊ ရှည်ချင်တိုင်းရှည်နေရာ တာဓံကို ရုတ်တရက်တွေ့ရသူ အဖို့ ဘီလူး သို့မဟုတ် သူရဲတစ်ကောင်ဟုပင် ထင်သွားနိုင်ပေသည်။ ဖခင်သည် ခြေသံ မကြားအောင် ထလိုက်သွားပြီး မီးဖိုတံခါးဘေးနားတွင် ကပ်ရပ်လိုက်၏။

တာဓံမှာ ဆာရှာလွန်းသဖြင့် ထမင်းကို ယန်းကန်ထဲသို့ပင် ခူးမထည့် နိုင်ဘဲ အိုးလိုက်အောက်ချပြီး ပလုပ်ပလောင်း စားနေ၏။ ထမင်းနှင့်မတွေ့ ရတာကြာပြီဖြစ်သော အကျင့်ပျက်နေသည့်လည်ချောင်းက သေချာမဝါးနိုင် ဘဲ မျိုချလိုက်သဖြင့် ကျလာသော ထမင်းစေ့များကို အလျှင်မီအောင် မျိုမချ နိုင်ဘဲ နင်နေပြန်သည်။

ငတ်မရှက်ဟူသော စကားအတိုင်း ဆာလွန်းအားကြီးနေသောအခါ မရှက်နိုင်တော့ဘဲ လက်တစ်ဘက်က လည်ပင်းကိုသပ်ချလျက်၊ ကျန်လက် တစ်ဘက်က ထမင်းလုတ်ကို အဆက်မပြတ်အောင် ပါးစပ်ထဲ ထည့်ပေးနေ သည်။ သားအဖြစ်ကိုကြည့်ရင်း ဦးမြင့်သူတစ်ယောက် ရင်ထဲတွင်နင့်သွား၏။

ဖြစ်ရလေသားရယ်ဟု စိတ်ထဲကရေရွတ်ရင်း မျက်ရည်များ တွေ တွေကျရှာ၏။ သားဖြစ်သူ ထမင်းဝလောက်ပြီဟုယူဆရသော အခါတွင်မှ ဦးမြင့်သူမှ အသံပေးလိုက်၏။

``သား - လူကလေး၊ မောင်လှလှ``

ဖအေ့အသံကို ကြားလိုက်ရသည်နှင့် မောင်လှလှတစ်ယောက် လန့်ပြီး ထခုန်၏။ တောထဲနေပြီး လူသားများနှင့်အတွေ့မခံတာ ကြာပြီဖြစ်သော ကြောင့် လူဆိုလျှင်အလိုလိုလန့်နေသည်မဟုတ်ပါလား။ ပြီးလျှင် ခရေသောပါး ဦးမြင့်သူဘေးမှ အတင်းတိုးပြီး ထွက်ပြေး၏။

ဦးမြင့်သူကလည်း အလွတ်မခံ။ သားဖြစ်သူ၏ကိုယ်လုံးကို အတင်း ဖက်ထား၏။ သားကရုန်း အဖေကဖက်ထားနှင့် ကြမ်းပြင်တွင် တဝုန်းဝုန်း ဖြစ်နေကြသည်။ ကြောက်လန့်တကြားရုန်းကန်နေသည့် သားလူရိုင်းကြီးကို ဦးမြင့်သူက မိဘမေတ္တာဖြင့် ချော့မော့ပြောရှာ၏။

``သားရယ်၊ တအားမရုန်းပါနဲ့၊ အဖေ ဘာမှမလုပ်ပါဘူး။ သားနဲ့ စကားလေး ခဏပြောချင်လို့ လနဲ့ချီပြီးစောင့်နေတာ ကြာပါပြီကွယ်``

ထိုအခါကျမှ တာခံ ရုန်းကန်မှုရပ်သွားသည်။ ငိုရှိုက်သံများလည်း ပေါ်လာသည်။ သူ့အဖေရင်ခွင်မှာ မျက်နှာအပ်ပြီး ချုံးပွဲချငိုရှာ၏။ ထိုအချိန် မှာပင် တစ်ဝုန်းဝုန်းအသံကြောင့် တာခံ၏အမေနှင့် နှမများပါ နိုးလာကြပြီး ``ကိုမြင့်သူ ဘာဖြစ်တာလဲ``ဟူသော အသံနှင့်အတူ ဖယောင်းတိုင်ထွန်းကာ မီးဖိုနားလာကြ၏။

ထိုအခါ တာခံက ငိုသံပါကြီးနှင့်``အမေတို့ မီးဖိုထဲမဝင်လာကြပါနဲ့ဗျာ။ မြင်လို့ မသင့်တော်ပါဘူး``ဟု အော်ပြော၏။ လူ့ဘဝချင်း တူကြပါလျက် အကြောင်းအမျိုးမျိုးကြောင့် ခွဲခွာနေကြရသော သူတို့မိသားစုဘဝပါ တကား။

ဦးမြင့်သူက ``မစိန်မေရော၊ သမီးတို့ပါ အပြင်ကပဲ နေကြပါ။ ငါတစ်ယောက်တည်းပဲ သားကို သိချင်တာမေးပါ့မယ်``ဟု ပြောလိုက်၏။ ထို့နောက် စိတ်ကိုငြိမ်သက်အောင်ထားကာ သားအား မေး၏။

"သား ဘာကြောင့် အစတ်အစားမဝတ်ချင်ဖြစ်နေရတာလဲ။ အမေ့ကို ပြောနိုင်ရင် ပြောပြပါလားကွယ်"

"ဝတ်လို့မရဘူးအမေ၊ အဝတ်အစားဝတ်လိုက်ရင် ကျွန်တော့် တစ်ကိုယ်လုံး ပူလောင်လာတယ်"

"အဲဒ် ငါ့သားအတိတ်တာဝက မကောင်းတဲ့ဝဋ်ကြွေးကြောင့် ဖြစ်ရမယ်။ ဘာ့ကြောင့်လဲဆိုတာ ငါ့သား မမှတ်မိဘူးလား"

"မှတ်မိပါတယ် အမေ၊ အရင်ဘဝက တရားအားထုတ်နေတဲ့ တောရ ရဟန်းတစ်ပါးရဲ့သင်္ကန်းကို ကျွန်တော် ခိုးယူခဲ့ဖူးတယ်။ ဒီ ဝဋ်ကြွေးကြောင့် ကျွန်တော့်ကိုယ်ပေါ် အဝတ်တင်လို့မရလောက် အောင် ဖြစ်နေရတာပါ"

"သားရယ်၊ ဝဋ်ကြွေးကုန်တဲ့အခါကျရင်တော့ ဝတ်လို့ရလာမှာပေါ့။ အခုလို တောထဲမှာ အငတ်ငတ်အပြတ်ပြတ်နဲ့ သွားမနေပါနဲ့၊ အိမ်မှာပဲ အခန်း တစ်ခန်းနဲ့ သီးသန့်နေပါ"

"ကျွန်တော်ပြုခဲ့တဲ့ အကုသိုလ်ကံက ဒီတစ်ဘဝလုံး ပေးဆပ်တောင် ကျေချင်မှကျေမှာအမေ။ ဒါကြောင့် ကျွန်တော်မြန်မြန်သေချင်တယ်။ တကယ် သတ်သေဖို့ကျတော့လည်း ဒီလောက်ဆိုးဝါးတဲ့ဘဝကြီးကို တပ်မက်တဲ့ တဏှာက ရှပ်နေတယ်အမေ။ ဒါ့ကြောင့်လည်း ငတ်သေခါနီးရင် ကျွန်တော် အိမ်မှာ လာလာခိုးစားနေတာပါ"

"ကျွန်တော့်ကို အိမ်မှာထားဖို့တော့ စိတ်မကူးပါနဲ့အမေ။ ကျွန်တော် တောထဲမှာနေတာတောင် အမေတို့ သိက္ခာကျလှပါပြီ။ အမေတို့မိသားစုရော၊ ကျွန်တော်ပါ ဒီစိတ်ဆင်းရဲမှုမျိုးကြီးက လွတ်မြောက်ဖို့ နည်းတစ်ခုတော့ ရှိတယ်အမေ"

ဦးမြင့်သူက ဝမ်းသာအားတက်သောအမူအရာဖြင့် "ဘယ်နည်းလဲသား၊ ဘယ်လိုနည်းမျိုးလဲ၊ အမေ့ကို မြန်မြန်ပြောစမ်းပါကွယ်" ဟု မေးလိုက်သည်။

အကွယ်က နားထောင်နေကြသော မိခင်နှင့်နမများကလည်း တာခံ့စကား ကို မျှော်လင့်ချက်ကြီးစွာနှင့် နားစွင့်လိုက်ကြသည်။

"အဲဒါကတော့ တောထဲမှာ လူမသိ၊ သူမသိ ကျွန်တော် မြန်မြန်သေ သွားတာပဲ အဖေ"ဟုပြောပြီး မောင်လူလှသည် သူ့အဖေဆီက အတင်းရုန်း ထွက်ကာ အမှောင်ထဲသို့ တိုးဝင်သဖြင့် ချက်ချင်းပျောက်ကွယ်သွားလေသည်။

မိဘများမှာ "ဖြစ်ရလေသားရယ်" ဟုသာပြောနိုင်ပြီး မျက်ရည် တွေတွေကျ၍ ကျန်ခဲ့ကြ၏။ ငယ်ရွယ်သော နမများမှာကား အစ်ကိုဖြစ်သူ အတွက် ဝမ်းနည်းပက်လက်ဖြစ်ကာ ငိုရှိုက်ကြလေသည်။

ထိုနေ့မှစ၍ တာခံသည်လည်း အိမ်သို့ မည်သည့်အခါမျှ ပြန်မလာ တော့ပေ။ တာခံခေါ် မောင်လူလှ၏ အဒိန္နါဒါန အကုသိုလ်ကံများ အမြန် ကုန်ပါစေသော် ....

မှတ်ချက် - မောင်လူလှသည် သီလ၊ သမာဓိ၊ ပညာကြီးမားသော ရဟန်းသူတော်ကောင်း၏ပစ္စည်းကို ခိုးမိသောကြောင့် လူစင်စစ်ဖြစ်ပါလျက် ပြိတ္တာဒုက္ခမျိုးကို ခံစားနေရခြင်းဖြစ်သည်။ မောင်လူလှသည် ဇာတိဿရ ဉာဏ်ရှိသောကြောင့် သူ၏အတိတ်ဘဝက အကုသိုလ်ကံကို ပြန်ပြောနိုင် ခြင်းဖြစ်သည်။

ထိုဇာတိဿရဉာဏ်သည် ကျင့်ယူရသည်မဟုတ်ဘဲ လူတစ်ထောင်လျှင် သူ့ကုသိုလ်ကံအလျောက် တစ်ယောက်ခန့် အလိုလိုပင် ရနေ၊ သိနေတတ် ခြင်းဖြစ်သည်။ စာရေးသူလည်း အတိတ်ဘဝတစ်ခုကို ပြန်၍ အမှတ်ရပါ သည်။ ထိုအမှတ်ရပုံအကြောင်း အပြည့်အစုံကို "ဘဝနှင့်ရင်းရသော အတွေးအမြင်များ"စာအုပ်တွင် အကျယ်ရေးထားသည်။ ထိုစာမူ စာအုပ်ဖြစ် လာသောအခါ ဖတ်ရှုရပ်မည်။

## ကျောက်ခဲနှင့်တူသော အကုသိုလ်

**သီဒန္တေ ဝလေခိတ္တာ**
**သီလာ မဟာဝ ခုဒ္ဒကာ။**
**ပတန္တာ ခုဒ္ဒကော နေဝ၊**
**အပါယံ ပါပ ကမ္မုနာ။**

ကျောက်ခဲအသေးလေးကို ရေထဲပစ်ချလျှင် ကျောက်ခဲအကြီးကဲ့သို့ နစ်မြုပ်တတ်သည်သာဖြစ်၏။

ထို့အတူ အကုသိုလ်ကံ အသေးလေးကြောင့်လည်း (အကုသိုလ်ကံအကြီးကြီးရှိသကဲ့သို့) အပါယ်လေးပါးသို့ ကျနိုင်၏။

## တကယ်ရိုးသားသူဆိုတာ

(လူသည် တကယ်တမ်းရိုးသားသူဖြစ်ပါက မိမိ၏ အရည်အချင်းကို မိမိကသိပါ၏။ အိုင်စတိုင်းကို အစ္စရေးနိုင်ငံ၏ သမ္မတအဖြစ် ဆောင်ရွက်ပါရန် တိုက်တွန်းသောအခါ မိမိ၌ သမ္မတအရည်အချင်းမရှိပါကြောင်း အိုင်စတိုင်းက ငြင်းပယ်သည်ဟု ကြားဖူး၏။

ထို့ကြောင့် မိမိ၏အရည်အချင်းကို မသိဘူးဆိုပါလျှင် မရိုးသားသူသော်လည်း ဖြစ်နိုင်၏။ မောဟဂတိ လိုက်ကဲ့သူသော်လည်း ဖြစ်နိုင်၏။ သို့မဟုတ်ပါက မည်သူမဆို မိမိ၏အရည်အချင်းကို မိမိက သိရမည်ပင်ဖြစ်၏။

အမှန်အားဖြင့် ပုထုဇဉ်တို့၏ဓမ္မတာအတိုင်း လူသည် မရိုးမဖြောင့်ဖြစ်သောအခါ၊ သို့မဟုတ် မောဟဂတိ လွှမ်းကဲသောအခါ လောက၌ မိမိနှင့် မထိုက်တန်သောအရာ ဘာမျှမရှိဟု ထင်လေ၏။ ထိုအထင်ကြောင့်ပင် ထိုပုဂ္ဂိုလ်မျိုး ကြီးစိုးရာဒေသသည် မငြိမ်းမချမ်းဘဲရှိ၏။ **(ဘဝအမြင်သစ်-စာ-၉၄)**

# အသွင်နှင့်အနှစ်သာရ

ရူပက္ခန္ဓာသဘောအရ စီးပွားရေးနယ်ပယ်၌ အရင်းတစ်ကျပ်တန်ပစ္စည်းကို ငါးကျပ်အမြတ်တင်၍ ရောင်း၏။ ဝယ်သူကလည်းဝယ်၏။ အဒိန္နာဒါနသိက္ခာပုဒ်အရ ဘာအပြစ်ရှိသနည်း။ သာသနာပနည်းအရ သိက္ခာပုဒ်၏ အဓိပ္ပာယ်ကိုယူလျှင် ဘာမျှအပြစ်မရှိ။

နှစ်ဦးသဘောတူ သူကြိုက်၍သူဝယ်ခြင်းဖြစ်ရာ အဒိန္နာဒါနသိက္ခာပုဒ်ကို ကျူးလွန်ရာမရောက်။ သို့ရာတွင် သာသနာတွင်းနည်းအရ သိက္ခာပုဒ်၏အဓိပ္ပာယ်ကိုယူလျှင်မူ ရောင်းသူသည် မတရား အမြတ်စားသူဖြစ်၏။ အမြတ်ကို ယူသင့်သည်ထက် ပိုယူသူဖြစ်၏။

ထို့ကြောင့် သူသည် အဒိန္နာဒါန သိက္ခာပုဒ်ကို အသွင်အားဖြင့် လိုက်နာသည်ဟု ဆိုနိုင်သော်လည်း အနှစ်သာရအားဖြင့် လိုက်နာသည်ဟု မဆိုနိုင်ချေ။)

**(ဘဝအမြင်သစ်-စာ-၆၂)**

# အခန်း (၄)

# ကာမေသုမိစ္ဆာစာရသိက္ခာပုဒ်အဖွင့်

**ကာမေသု**၊ ကာမဂုဏ်တရားတို့၌ **မိစ္ဆာစာရ** = မှားယွင်းစွာကျင့်ခြင်းဟု အနက်ထွက်သည်။ သိလွယ်အောင် မြန်မာမှုပြုလိုက် သောအခါ သူတစ်ပါး သားမယားကို ပြစ်မှားလွန်ကျူးခြင်းဟု ဖြစ် သွားသည်။ မသွားလာ မကျူး လွန်ထိုက်သောမိန်းမ နှစ်ဆယ်ရှိသည်။

## မကျူးလွန်ရသော မိန်းမနှစ်ဆယ်

၁။ မိခင်အုပ်ထိန်းသောမိန်းမ

၂။ ဖခင်အုပ်ထိန်းသောမိန်းမ

၃။ မိဘနှစ်ပါးလုံး အုပ်ထိန်းသောမိန်းမ

၄။ မောင်ကြီး မောင်ငယ် အုပ်ထိန်းသောမိန်းမ

၅။ အစ်မ ညီမ အုပ်ထိန်းသောမိန်းမ

၆။ ဆွေမျိုးသားချင်း အုပ်ထိန်းသောမိန်းမ

၇။ အမျိုးအနွယ် အုပ်ထိန်းသောမိန်းမ

၈။ တရားကျင့်ဖော် အုပ်ထိန်းသောမိန်းမ

ဤရှစ်ယောက်သော မိန်းမတို့ကား အပျိုများသာဖြစ်သည်။ သူတို့၏ ကာမကို ပိုင်ဆိုင်သူမရှိ၊ စောင့်ရှောက်သူသာရှိသည်။ ထို့ကြောင့် ယောကျ်ား တစ်ပါးတို့နှင့် ကျူးလွန်ပျော်ပါးလျှင် ထိုအမျိုးသမီး ရှစ်ယောက်တို့မှာ ကာမေသုမိစ္ဆာစာရ မဖြစ်။ ကျူးလွန်သောယောကျ်ားမှာသာ ကာမေသုမိစ္ဆာစာရ ဖြစ်သည်။

သို့သော် ထိုအမျိုးမရှစ်ယောက်တို့သည် ငါတို့မှာ ကာမသုမိစ္ဆာစာရ မဖြစ်ဟုဆိုပြီး အညာလွယ်ကြမည်ဆိုလျှင် လောကအငယ် အရှက်တကွဲ အကျိုးနည်းဖြစ်ပြီး လင်ကောင်းသားကောင်း ရတော့မည် မဟုတ်ပေ။ အကြောင်းကား ယောက်ျားတို့၏သဘာဝသည် အညာလွယ်သောမိန်းမများကို "တစ်ခြားယောက်ျားလည်း ဒီလိုပဲ လိုက်လျှောနေတာနေမှာ" ဟုယူဆပြီး အထင်အမြင်သေးကာ အပျော်သာ ကြံတတ်ကြသောကြောင့်တည်း။

## သမီးပျိုတို့အတွက် တစ်သက်တာနီတိ

လူတို့သည် သောက်ရေအိုးစင်ကရေကို သောက်ရုံသာ သောက်ကြ၏။ ဘယ်တော့မှ ခြေမဆေး။ ခြေဆေးရေအိုးကရေကို လည်း ခြေဆေးရုံသာ ဆေးကြ၏။ ဘယ်တော့မှ မသောက်ကြ။

ထို့အတူ ယောက်ျားအများစုတို့သည် ကိုယ်ကျင့်သီလနှင့် ပြည့်စုံ၍ ဣန္ဒြေရှိသောမိန်းကလေးကို ရာသက်ပန် အတည်သာ ကြံ၏။ အပျော်မကြံ။

အညာလွယ်၍ ကိုယ်ကျင့်သီလမရှိသောမိန်းမကို သာယာမှု ရှာရုံ အပျော်သာကြံ၍ ရာသက်ပန် အတည်မကြံကြပေ။

ဆက်လက်ဖော်ပြမည့် မိန်းမ ၁၂ ယောက်တို့သည်ကား ကာမပိုင် ယောက်ျားရှိသော အဓိမ္များဖြစ်သည်။ ယင်းတို့ကား -

၉။ ကိုယ်ဝန်တည်ကတည်းက မှတ်သားသိမ်းဆည်းခံရ သောမိန်းမ

၁၀။ ဤမိန်းမကိုသွားလာလျှင် ဒဏ်သင့်စေဟု မင်းမိန့်ထုတ် ထားသောမိန်းမ

၁၁။ ဥစ္စာဖြင့် ဝယ်ယူပေါင်းသင်းနေသော မိန်းမ။ ယောက်ျား တစ်ယောက်ယောက်က တစ်ပတ်ဖြစ်စေ၊ တစ်လဖြစ်စေ ငွေပေး၍ ပျော်ပါးနေသော ပြည့်တန်ဆာမကို ဆိုလို သည်။ ထိုရက် ထိုလအတွင်း တစ်ခြားယောက်ျား တစ်ပါးသူနှင့် ပျော်ပါးလျှင် ထိုပြည့်တန်ဆာမရော၊ ပျော်ပါးသော ယောက်ျားပါ ကာမေသု မိစ္ဆာစာရဖြစ်သည်။ ဤစာအုပ်၌ ဖော်ပြခဲ့ပြီးသော သီလကို အလေးထားသူ (၁၁)ဦး ခေါင်းစဉ်အောက်၌ ပြည့်တန်ဆာ အကြောင်းကို ပြန်ကြည့်နိုင်သည်။

၁၂။ အလိုတူ၍ ပေါင်းသင်းနေသောမိန်းမ

၁၃။ ဥစ္စာစည်းစိမ်အပ်နှံ၍ ပေါင်းသင်းနေသောမိန်းမ

၁၄။ အဝတ်တန်ဆာပေး၍ ပေါင်းသင်းနေသောမိန်းမ

၁၅။ လူကြီးစုံရာနှင့် လက်ထပ်ပေါင်းသင်းနေသောမိန်းမ

၁၆။ ထင်းခွေ၊ ရေခပ် လုပ်ကိုင်နေသောမိန်းမအား ထိုအလုပ်ကို မလုပ်စေဘဲ ပေါင်းသင်းနေသောမိန်းမ

၁၇။ မယားပြုထားသောမိန်းမ

၁၈။ မယားပြုထားသော အလုပ်သမ

၁၉။ မယားအဖြစ် ပေါင်းသင်းနေသော သုံ့ပန်းမိန်းမ

၂၀။ ခေတ္တငှားရမ်းပေါင်းသင်းနေသောမိန်းမ တို့ ဖြစ်သည်။

ယင်းမိန်းမ (၁၂)ယောက်တို့သည် ကာမပိုင်ယောက်ျားများ ရှိကြသောကြောင့် ယောက်ျားတစ်ပါးနှင့်ပျော်ပါးလျှင် နှစ်ဦးလုံး ကာမေသုမိစ္ဆာစာရ ဖြစ်သည်။ မသွားလာကောင်းသော မိန်းမနှစ်ဆယ်ကိုသာ ဟောကြားပြီး မသွားလာကောင်းသော ယောက်ျားနှစ်ဆယ်ကို အဘယ်ကြောင့် မဟောသနည်း။

အပြေကား ကာမေသုမိစ္ဆာစာရကံကို မိန်းမတို့ ဦးဆောင်ကျူးလွန်၍ မဖြစ်နိုင်ဘဲ ယောကျ်ားတို့က ဦးဆောင်ကျူးလွန်မှ ဖြစ်နိုင်သောကြောင့်ပေတည်း။ ထိုကာမေသုမိစ္ဆာစာရကံထိုက်ရန် အင်္ဂါလေးချက်ရှိ၏။ ယင်းတို့ကား-

- မသွားလာအပ်သော မိန်းမနှစ်ဆယ်ဖြစ်ခြင်း
- ထိုမိန်းမ၌ မှီဝဲလိုသောစိတ်ရှိခြင်း
- လုံ့လပြုခြင်း
- သာယာခြင်း

တို့ ဖြစ်ပေသည်။ ကာမေသုမိစ္ဆာစာရကံကို ကျူးလွန်ကြသူများ ခံစားရမည့်ဆိုးကျိုးနှင့် ရှောင်ကြဉ်လျှင် ခံစားရမည့် ကောင်းကျိုးများမှာ -

မိစ္ဆစာရ ကျူးလွန်ကလည်း၊
မုန်းကြသူများ၊ ရန်သူပွား၍၊
ရှားပါးလာဘ်တိတ်၊ ချမ်းသာဆိတ်၏။
ဣတ္ထိပဏ္ဍုတ်၊ မျိုးယုတ်ခါခါ၊
မျက်နှာမလှ၊ အရှက်ရလျက်၊
လက္ခဏာညှိုးနွမ်း၊ ယွင်းသွေချို့သိမ်၊
စိုးရိမ်များစွာ၊ ချစ်သူကွာသည်၊
ရှောင်ကာအပြန် အကျိုးတည်း-

ဟူသော လင်္ကာအတိုင်း ကာမေသုမိစ္ဆစာရကံကို ကျူးလွန်သူများသည်-

- လူမုန်းများမည်။
- ရန်သူများမည်။
- ပစ္စည်းလာဘ်လာဘ ရှားပါးမည်။
- ဆင်းရဲမွဲတေမည်။
- မိန်းမ၊ သို့မဟုတ် ပဏ္ဍုတ်သာဖြစ်ရမည်။

ထိုပဏ္ဍုတ်သည်လည်း ငါးမျိုးရှိသည်။ ယင်းတို့ကား -

- သူတစ်ပါးသုတ်ကိုစုပ်ယူပြီး မေထုန်ပြုလိုစိတ်ကို ပြေပျောက်စေသော အာသိတ္တကပဏ္ဍုတ်၊
- သူတစ်ပါး မေထုန်ပြုသည်ကိုကြည့်ရှုပြီး မေထုန်ပြုလိုစိတ်ကို ပြေပျောက်စေသော ဥဿူယပဏ္ဍုတ်၊
- ဝှေးစေ့ထုတ်ပစ်ခံထားရသော ဩပက္ကမိကပဏ္ဍုတ်၊ လဆန်းပက္ခ၌ဖြစ်စေ၊ လဆုတ်ပက္ခ၌ဖြစ်စေ၊ ပက္ခတစ်ခုခု၌ မေထုန်ပြုကျင့်ရမှ နေသာထိုင်သာရှိသူကို ပက္ခပဏ္ဍုတ်။
- ယောကျ်ားအင်္ဂါ၊ မိန်းမအင်္ဂါ၊ နှစ်မျိုးလုံး ထင်ရှားစွာမပါသော နပုံးပဏ္ဍုတ်တို့တည်း။

**မှတ်ချက်** ။ လဆန်းတစ်ရက်မှ လပြည့်နေ့အထိကို လဆန်းပက္ခ၊ ဆုတ်တစ်ရက်မှ လကွယ်နေ့အထိကို လဆုပ်ပက္ခဟု ခေါ်သည်။

- လူဖြစ်လျှင် ယုတ်ညံ့သောအမျိုး၌ ဖြစ်ရသည်။
- အရုပ်ဆိုး အကျည်းတန် ဖြစ်ရသည်။
- အရှက်တကွဲအကျိုးနည်း ဖြစ်ရသည်။
- ယောကျ်ားလက္ခဏာ မိန်းမလက္ခဏာနှင့်
- မျက်စေ့၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဟူသော ဣန္ဒြေခြောက်ပါး
- ချို့ယွင်းတတ်သည်။
- စိုးရိမ်သောကဖြစ်နေရတတ်သည်။
- ချစ်သောသူနှင့် ကွေကွင်းရတတ်သည်။

## ကာမေသုမှ ရှောင်ကြဉ်လျှင်

ကာမေသုမိစ္ဆာစာရမှ ရှောင်ကြဉ်မည်ဆိုလျှင်ကား -

- ချစ်သူပေါများမည်။
- ပစ္စည်းလေးပါး လာဘ်လာဘ ပေါများမည်။
- စည်းစိမ်ဥစ္စာ ချမ်းသာမည်။
- မြင့်မြတ်သော ယောကျ်ားသာ ဖြစ်ရမည်။
- အမျိုးမြတ်သာ ဖြစ်ရမည်။
- ရုပ်ရည်ချောမောလှပမည်။
- လက္ခဏာကွန်ချွန် ပြည့်စုံမည်။
- စိတ်အေးချမ်းသာစွာ နေရမည်။
- ချစ်သောသူနှင့် ပေါင်းသင်းရမည်ဟူသော ဆိုးကျိုးနှင့် ဆန့်ကျင်ဘက် ကောင်းကျိုးများကို ပြန်လည်ခံစားရမည်။

## ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်

ယူဇနာခြောက်ဆယ်ရှိသောတော၊ ယူဇနာသုံးဆယ်ရှိသောတောတို့ကို ဖြတ်သန်းအောင်မြင်ခဲ့ပြီး ယခု ၁၅ ယူဇနာရှည်သော တောကိုဖြတ်ပြီးလျှင် အကြောပေါင်းတစ်ထောင်ချီဆိမ့်သည့် သရက်ပင်ရှိရာသို့ရောက်မည်။ ထို သရက်သီးစိပ် နစ်စိပ်လောက်စားလိုက်သည်နှင့် အသက်ခြောက်ဆယ်ကျော် ထောင်သားအဘိုးအိုကြီး ဆယ့်ခြောက်နှစ်အရွယ်ခန့် နုပျိုလှပသွားသည်ကို ယခု ခရီးကြမ်းကြီးတစ်လျှောက် ဖြတ်သန်းလာသူ တာရာဏာသီမင်းကြီး ကိုယ်တိုင် တွေ့လိုက်ရသည်မဟုတ်လော။

ဒါ့အပြင် နတ်သမီးများလို ချောမောလှပသည့် အမျိုးသမီးငါးရာလည်း ထိုသရက်တောအနီးမှာရှိပြန်သတဲ့။ သရက်သီးတွေစားလိုက်၊ မိန်းမချော ငါးရာတို့နှင့်ပျော်ပါးလိုက်။ ဒီလိုသာဆိုရင် ငါ့စည်းစိမ်ကို သိကြားမင်းတောင် မှီမှာမဟုတ်ဘူးဟူသော အတွေးနှင့်အတူ ဗာရာဏသီမင်းကြီး၏ ခြေလှမ်းတို့ က ပို၍သွက်လာသည်။

ခြေလှမ်းများက ရှေ့သို့မြန်မြန်လှမ်းနေသလောက် အတွေးများက နောက်သို့ ပြန်ရောက်နေပြန်သည်။ ဗာရာဏသီမင်းကြီးဟု ခေါ်နေ ကြသော်လည်း တကယ်တော့ သူ့အသက်သည် သိပ်ပြီးကြီးသေးသည်မဟုတ်။ သုံးဆယ်ကျော်ရုံမျှရှိသေးသည်။ တစ်နေ့ သူမြစ်ဟဲရေကစားနေစဉ် အန္တရာယ် ကိုကာကွယ်ရန်တားထားသော ပိုက်ကွန်ထဲသို့ လှပ၊ ထွားကျိုင်း မွှေးကြိုင် လှသော သရက်သီးတစ်လုံး ကပ်လာသည်။

သရက်သီးမှန်းသိသော်လည်း ဤမျှလောက် လှပ၊ ထွားကျိုင်း၊ မွှေးကြိုင်လှသော သရက်သီးကို မမြင်ဖူးသဖြင့် မစားရဲသေးဘဲ သေဒဏ်ကျ နေသည့် အသက်ခြောက်ဆယ်ကျော် ထောင်သားကြီးတစ်ယောက်ကိုခေါ်ကာ နစ်စိပ်ခန့် လှီးကျွေးလိုက်သည်။ ပြီးတော့ အတန်ကြာအောင်စောင့်ကြည့်၏။

ထောင်သားကြီးကား ဘာမှမဖြစ်သည့်အပြင် ဆယ့်ခြောက်နှစ်ခန့် လုလင်ပျိုလောက်နီးပါးချောမောလှပသွားခဲ့သည်။ ထိုအခါကျမှ ဗာရာဏသီ မင်းကြီးကိုယ်တိုင် စားကြည့်သည်။ ကောင်းလိုက်သည့် အရသာ၊ ဘုရင်သာ ဖြစ်နေသည်၊ ဤမျှကောင်းသောသရက်သီးမျိုး တစ်ကြိမ်တစ်ခါမျှမစားဖူးခဲ့။

ထို့ကြောင့်လည်း မုဆိုးတစ်ယောက်ကိုခေါ်ကာ ထိုသရက်ပင်ရှိရာ အရပ်ကို တွေ့အောင်ရှာခိုင်းခဲ့သည်။ မုဆိုးသည် ဟိမဝန္တာတောနက်ကြီးအတွင်း မိုင်ပေါင်းတစ်ထောင်ကျော်လောက်ပေါက်အောင် တောနင်းရှာဖွေမှ သရက်ပင် ကို တွေ့ခဲ့သည်။ ထို့ကြောင့် ယခု ထိုမုဆိုးပြသည့်လမ်းအတိုင်း ဗာရာဏသီ မင်းကြီး လိုက်လာခြင်းဖြစ်သည်။

နောက်ဆုံး ၁၅ ယူဇနာ၊ မိုင်တစ်ရာငါးဆယ်ခရီးကား အကြမ်းတမ်းဆုံးဖြစ်၏။ တောတောင်များ၊ လျှိုမြောင်များ၊ ရေစီးကြမ်း ချောင်းများ အတန်တန်ဖြတ်ရ၏။ လူတစ်ကိုယ်စာသာ သွားလို့ရသည်။ ဘာကောင်မှ စီး၍မရ။ ငါးရက်ခန့် ခရီးပြင်းနှင်လိုက်သည်နှင့် မိုင်တစ်ရာငါးဆယ်ခရီးသည် ဆုံးခန်းတိုင်ပြန်ပြီ။

မင်းကြီးသည် လေးနှင့်မြားကို အသင့်ပြင်ဆင်ထား၏။ ကိုယ့်ကိုယ်ကိုသာ အားကိုးရတော့မည်မဟုတ်ပါလော။ မျက်စေ့နှင့်နားကိုသာမက နှာခေါင်းကိုပါ အသုံးချကြည့်၏။ ရတ်တရက်ရလိုက်သော အနံ့တစ်ခုကြောင့် မင်းကြီး၏ရင်ထဲတွင် ဒိတ်ခနဲနေအောင် ဝမ်းသာသွား၏။

တစ်ခြားဟုတ်ပါရိုးလား။ အကြောပေါင်းတစ်ထောင် ချိုဆိမ့်သော သရက်သီးနံ့ကို မင်းကြီး ရှူရှိုက်မိသွားသည်မဟုတ်ပါလား။ ထပ်ဆင့်အံ့သြစရာကား သုတိသာယာလှသော မိန်းကလေးအသံတစ်သံ ပေါ်ထွက်လာခြင်းပါတည်း။

"မောင်တော် နှမတော်တို့ လာခဲ့ပါပြီ။ မောင်တော်ရဲ့ လေးကြီးကို အသာချထားလိုက်စမ်းပါ။ နှမတော်တို့ဟာ မောင်တော့်ကို အမြဲတမ်း စောင့်မျှော်နေကြတဲ့ မိတ်ဆွေတွေပါ"

ထိုအသံနှင့်အတူ မင်းကြီးတစ်သက်တာတွင် တစ်ခါမှမမြင်ဖူးသည့် အချောဆုံး၊ အလှဆုံး၊ အမျိုးသမီးငါးရာသည် သူ့ထံသို့ မပြေးရုံတမယ် လျှောက်လာကြသည်။ အနားရောက်သည်နှင့် ခေါင်းဆောင်ဖြစ်ဟန်တူသော အလှဆုံးအမျိုးသမီးက လက်အုပ်ချီကာ -

"မောင်ဘုရား၊ နောက်တော်က အေးချမ်းစွာဖြင့် လိုက်တော်မူခဲ့ပါ။ နှမတော်တို့စံရာ နန်းတော်ဟာ ရှေ့နားမှာပဲ ရှိပါတယ်"ဟု ဆိုပြီး ရှေ့မှ ဦးဆောင်ခေါ်သွား၏။

# တောထဲက ရွှေနန်းတော်

အံ့သြစရာကောင်းလှ၏။ ခြေလှမ်းငါးလှမ်းခန့် လှမ်းလိုက်ရုံဖြင့် မိုးထိလုနီးပါး ကြီးမားကျယ်ပြန့်သော ရွှေနန်းတော်ကြီးတစ်ခုအတွင်းသို့ ရောက်သွား၏။ အထဲရောက်သည်နှင့် မင်းကြီးကို ရေမိုးချိုးပေးကြကာ နှုးညံ့ပြီး မွှေးပျံ့ကြိုင်သင်းသော အစားအစာတို့ကို ကျွေး၏။

ထိုအစားအစာတို့၏ ကောင်းမွန်မှုကြောင့် မင်းကြီး အကောင်းဆုံး ဟုထင်သော သရက်သီးကိုပင် သတိမရတော့။ စားသောက်ပြီးသည်နှင့် အိစက်ညက်ညောသောအိပ်ရာပေါ်သို့ တင်ပေးလိုက်ရာ မင်းကြီးသည် တစ်ခဏအတွင်း အိပ်ပျော်သွားလေတော့၏။

မင်းကြီး အိပ်ရာမှနိုးလာသောအခါ အားအင်ပြည့်ဖြိုးပြီး လန်းဆန်းကြည်လင်လျက်ရှိ၏။ ခေါင်းဆောင် ဘုရင်မနှင့်တူသူ အလှဆုံးအမျိုးသမီးကား မင်းကြီးကို လေယပ်ခတ်ပေးလျက်ရှိသည်။ မင်းကြီး နိုးလာသည်ကိုတွေ့သည်နှင့် ဗိမာန်ရှင်မက -

"မင်းကြီး စိတ်ချမ်းသာသလို စံနေတော်မူပါ။ ရုံရွှေတော်ငါးရာတို့ဟာ မြင်နေရတဲ့အခန်းငါးရာမှာ အသီးသီးရှိနေကြပါတယ်။ မင်းကြီးအလိုရှိရာအခန်းသို့ ကြွဝင်နိုင်ပါတယ်"ဟုပြော၏။ မင်းကြီးက သူသိချင်တာကိုသာ မေး၏။

"နမတော်ရဲ့အခန်းကရော"

ဗိမာန်ရှင်မသည် ရှက်သွေးဖြန်းသောအမူအရာနှင့် ပြုံးလိုက်ကာ "ဒီအခန်းပဲလေ"ဟု ဖြေ၏။

လှပလွန်းသော သူမ၏အပြုံးဒဏ်ကို မင်းကြီးမခံနိုင်။ ဗိမာန်ရှင်မ၏လက်ထဲကယပ်တောင်ကို ဘေးနားအသာဆွဲချပြီး သူမ၏ကိုယ်လုံးကို သိမ်းကြုံးဖက်ကာ မျက်နှာအနှံ့ နမ်းရှုပ်လေတော့သည်။ တစ်ခါမှမကြုံဖူးသော

အတွေ့အထိကြောင့် မင်းကြီးသည် ခဏအကြာမှာပင် အိပ်ပျော်သကဲ့သို့ ဖြစ်သွားလေသည်။

* * * * *

ဤဗိမာန်ကြီးထဲသို့ မင်းကြီးရောက်နေခဲ့သည်မှာ နှစ်ပေါင်း (၁၅၀)ပင် ကျော်လာခဲ့ပြီ။ သူမတို့၏ အစားအစာနှင့် သူမတို့၏တန်ခိုးကြောင့် ယခုလို အသက်ရှည်နေခြင်းဖြစ်၏။ တစ်ညသန်းခေါင်ယံတွင် မင်းကြီး ရုတ်တရက် နိုးလာပြီး သူ့ဘေးက ဗိမာန်ရှင်မကိုစမ်းကြည့်ရာ မတွေ့သဖြင့် ချက်ချင်း အပြင်ထွက်ကာ အပြေးလိုက်ရှာမိသည်။

သူ့ရှေ့ အမှောင်တွင်းမှ တရွေ့ရွေ့သွားနေသော ဇနီးသည်ဗိမာန်ရှင်မကို တွေ့လိုက်ရ၏။ လှမ်းခေါ်လိုက်မည်ပြုပြီးမှ စိတ်ကူးတစ်ခုပေါက်ကာ မခေါ်တော့ဘဲ နောက်မှ အသာလိုက်သွား၏။ ဗိမာန်နှင့် ခပ်လှမ်းလှမ်းတွင်ရှိသော ရေအိုင်ကြီးနားအရောက်တွင် သူမသည် မြေကြီးပေါ် ထိုင်ချလိုက်သည်။

ထို့နောက် ကြောက်လန့်တကြား ပြူးကျယ်ဝိုင်းစက်သော မျက်လုံးများဖြင့် ရေအိုင်ကြီးထဲသို့ စိုက်ကြည့်နေသည်ကိုသာ တွေ့ရ၏။ ထိုအချိန်မှာပင် ရေအိုင်ထဲမှ နွားပေါက်ပမာဏလောက်ရှိသည့် နားရွက်ပြတ်နေသော ခွေးနက်ကြီးတစ်ကောင်ပေါ်လာပြီးလျှင် သူမထံသို့ တရွေ့ရွေ့သွားနေ၏။

မင်းကြီးသည် အံ့သြလွန်းမက အံ့သြလှသဖြင့် မင်သက်မိကာ စိုက်ကြည့်နေမိသည်။ တားဖို့၊ ဆီးဖို့၊ ကယ်ဆယ်ဖို့ လုံးလုံးသတိမရ။ သူမနားရောက်သည်နှင့် ခွေးနက်ကြီးသည် သူမ၏လည်ပင်းကို ဆတ်ကနဲကိုက်ကာ မြေကြီးပေါ်သို့လှဲချလိုက်၏။ နာကြည်းစွာ အော်ဟစ်နေသော သူမ၏အသံနှင့် အစာမာန်ဖီကာ ဟိန်းဟောက်နေသော ခွေးနက်ကြီး၏အသံက တစ်တောလုံး ပွဲ့နှံ့နေ၏။

ခွေးနက်ကြီးသည် သူမ၏အသားများကို တစ်စမကျန် ကိုက်ခဲ စား သောက်ပစ်၏။ အရိုးသာကျန်တော့မှ ခွေးနက်ကြီး၏စားသောက်ခြင်းကိစ္စ ပြီး၏။ စားပြီးသည်နှင့် ခွေးနက်ကြီးသည် အရိုးများကို အိုင်ကြီးအတွင်း ယက်ချလိုက်ပြီး သူပါ အိုင်အတွင်း သက်ဆင်းပျောက်ကွယ်သွားလေ၏။

မင်းကြီးသည် ချုံအတွင်း ထိုင်နေရင်းက စိတ်အမျိုးမျိုး ပြောင်းနေ၏။ ခွေးနက်ကြီးက သူမအား ကိုက်ခဲစားသောက်ကိုမြင်ရလျှင် အံ့ဩစိတ်နှင့် ကြောက်လန့်သောစိတ်တို့ တစ်လှည့်စီ ဖြစ်နေ၏။

ခွေးနက်ကြီးက စားသောက်ပြီး၍ အိုင်ထဲဆင်းသွားသောအခါတွင်ကား သူမကို ကိုယ်ချင်းစာ၊ သနားသောစိတ်များပေါ်လာသဖြင့် မျက်ရည်များပင် စို့လာ၏။ ထိုအချိန်မှာပင် အထူးဆန်းဆုံးသော အခြင်းအရာကို မြင်ရပြန်ပြီ။

ဗိမာန်ရှင်မသည် ဘာမှမဖြစ်သကဲ့သို့ ပြုံးရွှင်ရယ်မောစွာဖြင့်အိုင်ကြီးထဲမှ တက်လာခြင်းပါတည်း။ ငါမြင်နေတာတွေ တကယ်ဟုတ်ရဲ့လား၊ ငါ ရူးများရူးနေပြီလား ဟူသောအတွေးနှင့်အတူ မင်းကြီးသည် ဗိမာန်အတွင်း အရင်ရောက်အောင် ပြန်ပြေးခဲ့၏။ သို့သော် ထိုညသည် မင်းကြီးအတွက် အိပ်မပျော်သောညပင်ဖြစ်ပါ၏။

# လေးနှင့်ခွင်းရသောအကုသိုလ်

နောက်တစ်နေ့ညတွင်ကား မင်းကြီးသည် လေးမြှားကို အသင့်ပြင်ဆင်ပြီး အိပ်ချင်ယောင်ဆောင်နေ၏။ သန်းခေါင်ရောက်သည်နှင့် ဗိမာန်ရှင်မသည် ထ၍ သွားပြန်လေသည်။ မင်းကြီးက လေးနှင့်မြှားကိုဆွဲကာ နောက်မှလိုက်၏။ အိုင်ကြီးနားရောက်သည်နှင့် ဗိမာန်ရှင်မသည် မြေကြီးပေါ် ထိုင်ချပြီး ငိုကြွေး ပြန်သည်။

မင်းကြီးကား လေးတွင်မြားတံတပ်ကာ ခွေးနက်ကြီးပေါ်လာမည့်နေရာကို သေချာချိန်ထား၏။ ဟော - ခွေးနက်ကြီးကား ပေါ်လာပါလေပြီ။ မင်းကြီးအချိန်မဆိုင်းတော့။ ခွေးနက်ကြီး ကုန်းပေါ်ရောက်သည်နှင့် ပထမဆုံးမြားတံကို အားကုန်ဆွဲကာ ချိန်ပစ်လိုက်၏။

မြားသည် အရှိန်ပြင်းလှသဖြင့် ခွေးနက်ကြီး၏လည်ပင်းကို ဖောက်သွား၏။ ခွေးကြီးသည် မြေကြီးတွင်လိမ့်နေကာ တကိန်ကိန်အော်ဟစ်၏။ ခွေးကြီး၏အော်သံသည် ကျားဟိန်းသံတမျှ ကျယ်လှသဖြင့် တောတစ်ခုလုံးပဲ့တင်ထပ်လျက်ရှိ၏။

နောက်ထပ် မြားလေးစင်းခန့် ချိန်လွှတ်ပြီးသောအခါတွင်ကား ခွေးနက်ကြီး အသက်ပျောက်သွားပေပြီ။ မင်းကြီးသည် အံ့သြငေးမောနေသော ဗိမာန်ရှင်မ၏လက်ကိုဆွဲယူကာ သွေးပျက်ဘွယ်ရေအိုင်ကြီးနားမှ ခပ်မြန်မြန်ထွက်လာခဲ့လေ၏။

နန်းတော်တွင်းရောက်သည်နှင့် မင်းကြီးက အချိန်ဆွဲမနေတော့ဘဲ သိချင်နေသောအရာကို ဗိမာန်ရှင်မအား ချက်ချင်းမေး၏။

"နမ - မင်းတို့ဟာ လူတွေလား နတ်တွေလား"

"နှစ်မျိုးစလုံးမဟုတ်ပါဘူး မောင်တော်"

"ဒါဆိုရင် ဘာတွေလဲ"

"လူ့ဘဝတုန်းက ကုသိုလ်၊ အကုသိုလ် နှစ်မျိုးလုံးလုပ်ခဲ့လို့ နေ့အခါမှာ နတ်စည်းစိမ်ခံစားရပြီး ညအခါမှာ ငရဲခံနေရတာပါ"

"အဲသလောက်ပြောရုံနဲ့ မောင်တော် နားမရှင်းသေးဘူး။ အစအဆုံးလိပ်ပတ်လည်အောင် ရှင်းပြပါ"

"နားထောင်ပါ မောင်တော်၊ အရင်ဘဝက နမတော်နဲ့ ဟောဒီရဲ့ရွှေတော်ငါးရာတို့ဟာ မိတ်ဆွေတွေပါ။ အိမ်ထောင်အသီးသီးကျကြတဲ့အခါကျတော့လည်း ဒါန၊ သီလ၊ ဘာဝနာတွေကို အတူတူပဲ ကြိုးစားပြီး

လုပ်ကြပါတယ်။ ရလာကြတဲ့ ယောက်ျားငါးရာဟာလည်း သူတော်ကောင်းတွေချည်းပါပဲ။

ယောက်ျားငါးရာနဲ့ မိန်းမငါးရာတို့ဟာ ကျောင်းသွားလည်းအတူတူ၊ ဘုရားသွားလည်းအတူတူနဲ့ မြို့ထဲမှာ သူတော်ကောင်း ဇနီးမောင်နှံတွေအဖြစ် ထင်ရှားခဲ့ပါတယ်။ နှမတို့ကိုမြင်တွေ့နေကျ အရက်သမားတွေဟာ တစ်နေ့မှာ အလောင်းအစားတစ်ခု ပြုလုပ်ကြပါတယ်။

အဲဒီအမျိုးသမီးငါးရာဟာ ကိုယ်ကျင့်သီလကောင်းတယ်။ ဒီ ငါးရာထဲက တစ်ယောက်ယောက်ကို ကာမေသုမိစ္ဆာစာရကံ ဖျက်အောင် ဘယ်သူဖျက်နိုင်မလဲ၊ ဖျက်နိုင်သူကို ငွေတစ်ထောင်ပေးမယ်လို့ ဆိုပါတယ်။

ဒီအခါမှာ စောင်းတီးတတ်တဲ့ အရက်သမားတစ်ယောက်ဟာ စောင်းကိုဗန်းပြပြီး နှမတို့နဲ့ ရင်းနှီးအောင်လုပ်ပါတယ်။ နောက်ဆုံး နှမဟာ အဲဒီ အရက်သမားနဲ့ မှောက်မှားမိပါတယ်။ နိုင်သွားတဲ့ စောင်းသမားအရက်သမားကို ငွေတစ်ထောင်ပေးလိုက်ရတဲ့ အရက်သမားတွေဟာ ဒီအကြောင်းတွေကို နှမရဲ့ခင်ပွန်းထံ လာတိုင်ကြပါတယ်။

နှမဟာ ဒီတစ်ကြိမ်သာ တစ်ဖက်ကဆွဲဆောင်လွန်းလို့ မှားမိတာပါ။ ဒါကြောင့် ခင်ပွန်းက ဟုတ်မဟုတ်မေးတဲ့အခါ မဟုတ်ဘူးလို့ လိမ်ညာခဲ့မိတယ်။ ကာမေသုမိစ္ဆာစာရ အကုသိုလ်ကံအပြင် မုသာဝါဒ အကုသိုလ်ကံပါ တစ်ခုထပ်တိုးသွားခဲ့တာပေါ့။

ကိုယ့်အပြစ်ကို ဝန်မခံရဲသူဟာ အကုသိုလ်တစ်ခုကနေ နှစ်ခုဖြစ်တတ်တာဟာ နှမတော်ရဲ့ကိုယ်တွေ့ပါပဲ မောင်တော်။ အဲဒီလိုလိမ်ပြောတာတောင် ခင်ပွန်းက ယုံကြည်တဲ့အမူအရာမပြပါဘူး။ ဒါကြောင့် နားရွက်ပြတ်ကြီးနဲ့ အနားမှာထိုင်နေတဲ့ ခွေးနက်ကြီးတစ်ကောင်ကို လက်ညှိုးထိုးပြီး ကာမေသုမိစ္ဆာစာရကံကျူးလွန်မိရဲ့သားနဲ့ မကျူးလွန်ဘူးလို့ လိမ်ပြောခဲ့ရင် နောက်ဘဝမှာ ဒီခွေးနက်ကြီးဟာ ငါ့အသားကို ကုန်အောင်ကိုက်စားပါစေလို့ ကျိန်လိုက်မိပါတယ်"

"ကျွန်တဲ့သီတင်းသည်မများကလည်း နမကိုသနားကြဟာနဲ့ ခင်ပွန်းကို ဝိုင်းလိမ်ပြောကြပြီး မဟုတ်တာပြောမိရင် ဒီညီမနဲ့အတူတူ နေရပါစေလို့ ကျိန်ဆိုကြပါတယ်။ ဒါကြောင့် ဒီမှာ အတူတူလာဖြစ်နေကြရတာပါ"

"ဒီမှာဖြစ်နေကြတာ ဘယ်လောက်ကြာသွားပြီလဲ နမတော်"

"နှစ်ပေါင်း ငါးရာငါးဆယ် ရှိနေပါပြီ"

"နမတော် သီလဖောက်ဖျက်ခြင်းကား အပြစ်ကြီးလှ၏။ မောင်တော် လည်း ဒီမှာ ဆက်မနေလိုတော့ပါ။ လူ့ရပ်၊ လူ့ရွာနေသို့ ပြန်ပြီး ငါးပါးသီလ လုံခြုံအောင်စောင့်ထိန်းပါတော့မယ်" ဟုဆိုကာ ဇာရာဏာသိမင်းကြီးသည် ဗိမာန်ရှင်မ မျက်ရည်စက်လက်နှင့် ဟားနေသည့်ကြားကပင် ဗာရာဏသီပြည် သို့ပြန်ကာ တိုင်းသူပြည်သားများနှင့်အတူ ငါးပါးသီလကို လုံခြုံအောင် စောင့် ထိန်းလေတော့၏။

လေ့အတွင်း အမျိုးအစားကောင်းသောငါးများ အပြည့်အသိပ်ပါသော် လည်း ခဏနှင့်ပုပ်တတ်သော ငါးခုံးမတစ်ကောင်ပါလာလျှင် ကျန်ငါးများပါ သုံးမရအောင် ပုပ်တတ်၏။ ထို့ကြောင့် ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံး ပုပ်ဟူသော စကားပုံ ဖြစ်ပေါ်လာရ၏။

ယခု ဗိမာန်ရှင်မသည်လည်း တခြားကုသိုလ်များစွာပြုရင်းဖြင့် ငါးခုံးမ နှင့်တူသော ကာမေသုမိစ္ဆာစာရကံတစ်ခု ပါလာခဲ့၏။ ထို့ကြောင့် ကျန်ကုသိုလ် များသည် ငါးကောင်းများပုပ်သွားသကဲ့သို့ အကျိုးပေးအား နုန့်နေးသွားသဖြင့် ပြိတ္တာဘုံသို့ ရောက်ရခြင်းပင် ဖြစ်သည်။ အကုသိုလ်ကံကို သေးသေးလေးဆိုပြီး မထေမဲ့မြင် မပြုမိကြရန် သင်ခန်းစာတစ်ခုပင်ဖြစ်၏။

**မှတ်ချက်** = ပေတဝတ္ထုပါဠိတော် - ကဏ္ဍမုဏ္ဍပေတိဝတ္ထု ကို ခံစား ရေးဖွဲ့သည်။

## မထေမဲ့မြင်မပြုသင့်သောအရာ

**မာဝမညေဝပါပဿ၊**
**နမန္တံ အာဂမိဿတိ။**
**ဥဒဗိန္ဒု နိပါတေန၊**
**ဥဒကုမ္ဘောပိ ပူရတိ။**
**ပူရတိ ဗာလောပါပဿ၊**
**ထောကံ ထောကံပိ အာစိနံ**

**(ဓမ္မပဒ)**

အကုသိုလ်သည် အသေးလေးသာဖြစ်သည်။ မကောင်းကျိုး ပေးမည်မဟုတ်ဟူ၍ မထေမဲ့မြင်မပြုရာ။ သေးငယ်သော မိုးရေ ပေါက်သည် တစ်ပေါက်စီကျခြင်းဖြင့် ရေအိုးကြီးပြည့်သကဲ့သို့ လူမိုက်သည် မကောင်းမှုကို နည်းနည်းစီပြုရင်းဖြင့် အပါယ် လေးပါးကျအောင် အကုသိုလ်ကံဖြင့်ပြည့်၏။

## မိန်းမဖြစ်ရခြင်းအကြောင်းနှစ်ခု

ဘုရားအလောင်းကို ဇနီးမယားအဖြစ်နှင့် ပါရမီဖြည့်ချင်သောကြောင့် ယသောဓရာသည် အမျိုးသမီးဘဝကိုသာ ဆုတောင်းခဲ့သည်။ ထိုကဲ့သို့ မိမိ ဆုတောင်း စိတ်ညွတ်မှုကြောင့်လည်း မိန်းမဘဝ ရောက်ကြရသည်။ ကာမေသုမိစ္ဆာစာရကံကို ဖောက်ဖျက်မှုကြောင့်လည်း မိန်းမဘဝ ရောက်ကြ ရသည်။

ဒုတိယအကြောင်းကြောင့် မိန်းမဘဝသို့ ရောက်ကြသူ ပိုများသည်။ ညီတော်အာနန္ဒာအလောင်းသည် ရွှေပန်းထိမ်သည်သားဘဝက ကာမေသု

မိစ္ဆာစာရကံကို ကျူးလွန်ခဲ့မိ၏။ ထိုအကုသိုလ်ဝင်ကြွေးကြောင့် သေသောအခါ ငရဲသို့ကျသည်။ ထိုငရဲမှလွတ်သောအခါ ဘိန္နာဂတတိုင်းတွင် သင်းကွပ်ခံရသော ဆိတ်ထီးကြီးဖြစ်ရသည်။

ထိုဘဝကသေသောအခါ မျောက်သွားဖြစ်ရသည်။ မျောက်ထီးဖြစ်သော်လည်း ဖခင်မျောက်ကြီးက ကိုက်ဖောက်ပစ်လိုက်သောကြောင့် သင်းကွပ်ပြီးသား ဖြစ်သွားရပြန်သည်။ မျောက်ဘဝက သေပြန်သောအခါ သုဒဿနတိုင်း၌ သင်းကွပ်ခံရသောနွားထီးကြီး ဖြစ်ရပြန်သည်။ ထိုဘဝမှသေသောအခါ ဝဇ္ဇီတိုင်း၌ ယောကျ်ားမဟုတ်၊ မိန်းမမဟုတ် နပုံးဖြစ်ရ၏။

ထိုဘဝကသေသောအခါ သိကြားမင်း၏မိဖုရား ၄ သးဘဝ ဖြစ်ရသည်။ ထို့နောက် ဧဝနနတ်သား၏မိဖုရားတစ်ကြိမ်၊ ရုစာမင်းသမီးအဖြစ်တစ်ကြိမ်၊ တာဝတိံသာက နတ်သားတစ်ယောက်၏မယားတစ်ကြိမ် ဖြစ်ခဲ့ရသည်။ အမျိုးသားများ မခံစားရဘဲ အမျိုးသမီးများသာ သီးခြားခံစားရသည့် အာဝေဏိကဒုက္ခများရှိ၏။ ယင်းတို့ကား-

ဥတုပန်းပွင့်ရခြင်း၊ ကိုယ်ဝန်ဆောင်ရခြင်း၊ မီးဖွားရခြင်း၊ သျှောင်နောက်ဆံထုံးပါ ဟူသောစကားအတိုင်း ခင်ပွန်းနောက်သို့လိုက်နေရခြင်း၊ ယောကျ်ားတို့၏ကာမကို အလိုလိုက်ပေးရခြင်းတို့ ဖြစ်ပေသည်။ ထို့ကြောင့် အမျိုးသမီးများ အမျိုးသားဘဝသို့ရောက်လိုကြလျှင် ဒါန၊ သီလ၊ ကုသိုလ်ပြုသောအခါ ယောကျ်ားဘဝကို ဆုတောင်းကြရမည်။ မိမိ၏လင်ယောကျ်ားကို ရိုသေမြတ်နိုးစွာ ပြုစုပေးရမည်။ (**ဓမ္မပဒ အဋ္ဌကထာ၊ ၁။ ၂၁၈၊ သောရေယျဝတ္ထု**)

**ယောဏ္ဏေ ပုရိသော ဟောတုံ၊**
**ဇာတိ ဇာတိ ပုနပ္ပုနံ။**
**ပရဒါရံ ဝိဝ ဇ္ဇေယျ၊**
**ဓောတပါ ဒေါဝ ကဒ္ဒမံ။**

ဟူသော နာဒရဇာတ်တော်ဒေသနာအရ အမျိုးသားများသည် ဘဝ ဆက်တိုင်း အမျိုးသားဘဝသို့သာ ရောက်လိုလျှင် သူတစ်ပါး သမီးမယား များကို ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်ရမည်ဖြစ်ကြောင်း တင်ပြအပ်ပေသည်။

## အနှစ်သာရအရောက် ဆောင်ရှောက်ပါ

ကာမေသုမိစ္ဆာစာရအရ သူတစ်ပါး၏ သားမယားကို ပြစ်မှား ခြင်းမှ ကြဉ်ရှောင်ခြင်းသည် ဤသိက္ခာပုဒ်၏ တိုက်ရိုက်အနက် အဓိပ္ပာယ်ဖြစ်၏။ သွယ်ဝိုက်အနက်အဓိပ္ပာယ်အရ ဆိုပါလျှင် လူမှုဆက်ဆံရေး နယ်ပယ်၌ မိမိတို့၏ ဆိုင်ရာဆိုင်ရာ လုပ်ငန်း များအတွက် အကျိုးအမြတ်ကိုရယူသောအခါ စည်းလွတ်ဘောင် လွတ်မယူဘဲ စည်းနှင့်ဘောင်နှင့် ယူရန်ဖြစ်၏။

ရာထူးကိုရယူရာ၌လည်းကောင်း၊ ပစ္စည်းကို ရယူရာ၌လည်း ကောင်း၊ မိမိတို့၏အတိုင်းအတာကိုသိပြီးမှ ထိုအတိုင်းအတာနှင့် လျော်စွာ ယူရန်ဖြစ်၏။

လိုချင်သလောက်ယူခြင်းသည် ကာမေသုအရ ကာမဂုဏ်တို့ အပေါ် မှားယွင်းစွာကျင့်ခြင်းဖြစ်၏။ ရသင့်သလောက် ယူခြင်းသာ လျှင် ကာမေသု၌ ကာမအရ ကာမဂုဏ်တို့အပေါ် မှန်ကန်စွာကျင့် ခြင်းမည်ပါ၏။

ထို့ကြောင့် ကာမေသု၌ ကာမအရ သူတစ်ပါးသားမယား၌ ပြစ်မှားခြင်းကို အသွင်သဏ္ဍာန်အားဖြင့်ယူ၍ ငါးဖြာအာရုံ ကာမဂုဏ် တို့၌ သင့်လျော်သော အတိုင်းအတာထက် ပိုလွန်၍ယူခြင်းကို အနှစ်သာရအားဖြင့် ယူသင့်ပါ၏။

ထိုသို့ ယူပါမှလည်း ကာမေသုမိစ္ဆာစာရ ဝေရာမဏီ၏ အနက်အဓိပ္ပာယ်သည် လောကဌ် ငြိမ်းချမ်းသာယာမှုကို ဖြစ်စေနိုင်လိမ့်မည်။ (ဘဝအမြင်သစ်-စာ-၁၁၉)

* * * * *

# အခန်း (၄)

## မုသာဝါဒသိက္ခာပုဒ်အမြင့်

ငွေလာချေးသည်ကို မချေးချင်၍ မရှိဟုလိမ်ခြင်း၊ သူငယ်ချင်းတစ်ယောက်ကို ဆရာကမခေါ်ဘဲ ခေါ်သည်ဟုလိမ်ခြင်းတို့၌ မုသာဝါဒကံပျက်မပျက် မေးလာခဲ့လျှင် ပျက်သည်ဟုဖြေရမည်။

- မဟုတ်မမှန်ပြောသောအကြောင်းအရာဖြစ်ခြင်း၊
- မဟုတ်မမှန် ပြောလိုစိတ်ရှိခြင်း၊
- ပြောလည်းပြောခြင်း၊
- လိမ်လည်သည့်အတိုင်း သူတစ်ပါးက ယုံကြည်သွားခြင်း၊

သည်အင်္ဂါလေးချက်နှင့်ညီသောကြောင့်ဖြစ်သည်။ တစ်ချို့က သူတစ်ပါးအကျိုးစီးပွားပျက်မှ မုသာဝါဒကံပျက်သည်ဟု ယူဆမိကြသည်။ မဟုတ်ပေ။ သူတစ်ပါးအကျိုးစီးပွား ပျက်စီးသည်ဖြစ်စေ၊ မပျက်စီးသည်ဖြစ်စေ၊ လိမ်ပြောသည်နှင့် မုသာဝါဒကံ ပျက်၏။

သူတစ်ပါးအကျိုးစီးပွား ပျက်စီးလျှင် အကုသိုလ်ကြီးမည်။ မပျက်စီးလျှင် အကုသိုလ်သေးမည်။ ဤမျှသာကွာခြားချက်ရှိသည်။ ထို့ကြောင့် ဗုဒ္ဓက ရာဟုလောဝါဒသုတ်တွင် -

"ချစ်သား ရာဟုလာ၊ မုသားကို ရယ်စရာအဖြစ်ပင် မပြောအပ်၊ အဘယ်ကြောင့်နည်း၊ မုသားပြောသောသူ မလုပ်ရဲသည့် အကုသိုလ် မရှိသောကြောင့်ပင်ဖြစ်၏။ ဤသို့ ဟောကြားခဲ့သည်၊

ဗုဒ္ဓကိုယ်တော်တိုင် ဘဝပေါင်းများစွာ ကျင်လည်စဉ်အခါကတည်းက တစ်ခြားသီလများကို ဖောက်ဖျက်ခဲ့မိသော်လည်း မုသာဝါဒကံကို တစ်ရံတစ်ခါမျှ ဖောက်ဖျက်ခဲ့ခြင်းမရှိကြောင်း အမရပူရမြို့၊ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး ရေးသားသည်ကို မှတ်သားကြည်ညိုခဲ့ရဖူးသည်။

မုသားပြောသူများ ခံစားရမည့် ဆိုးကျိုးများမှာ -

မုသားစကား ပြောဆိုငြားမူ၊
- စကားမပီ၊ သွားမညီတည်း၊
- ပုပ်ညှီပါးစပ်၊ ခြောက်ကပ်ကိုယ်ရေ၊
- ဣန္ဒြေနှောက်၊ ပုံယွင်းဖောက်၏။
- မရောက်သြဇာ၊ နှုတ်လျှာကြမ်းထော်၊
- လျှပ်ပေါ်လော်လီ၊ စိတ်မတည်သည်၊
ရှောင်ကြဉ် အပြန်အကျိုးတည်း။

ဟူသော လင်္ကာအတိုင်း မုသားပြောသောသူများသည် ဘဝတိုင်း စကားမပီမသ ဖြစ်တတ်သည်။ သွားများ မညီမညွတ် ပေါက်တတ်သည်။ ပါးစပ်က အပုပ်နံ့ထွက်တတ်သည်။ ခန္ဓာကိုယ် ခြောက်ခန်းတတ်သည်။ ဣန္ဒြေဖောက်ပြန်တတ်သည်။ သြဇာအာဏာ ကင်းတတ်သည်။ နှုတ်လျှာကြမ်းတတ်သည်။ စိတ်ကစဥ့်ကလျား ဖြစ်တတ်သည်။

မုသားမှ ရှောင်ကြဉ်ခဲ့လျှင် စကားပီခြင်း၊ သွားညီခြင်း၊ သြဇာအာဏာရှိခြင်း စသော ဆန့်ကျင်ဘက်ကောင်းကျိုးများကို ပြန်ရမည်။ မုသားကို အသေးစား အကာသိုလ်လေးပါ၊ ဥပဒေနှင့် အရေးယူလို့ရတာမဟုတ်ပါဘူး ဆိုပြီး အထင်မသေးအပ်။

## ကောင်းဂုဏ်အားလုံး၏ ခေါင်းချုပ်

ကြက်၏ ဝမ်းတွင်းကလီစာ၌ပါသော သည်းခြေသည်၊ အသေးလေးသာ ဖြစ်၏။ သို့သော် ကြက်သားချက်သောအခါ သည်းခြေပါမလာအောင် အထူးဂရုစိုက်ရ၏။ သူပါသွားသည်နှင့် ကြက်သားဟင်းတစ်အိုးလုံး စား၍မရအောင် ခါးသွားသည်။

ထို့အတူ လူတစ်ယောက်တွင် တစ်ခြားကောင်းကွက်များ မည်မျှ ရှိစေကာမူ မုသားပြောတတ်သည်ဆိုသည်နှင့် ဘယ်နေရာမှ မသုံးကြတော့ပေ။ မုသားနှင့်ပတ်သက်၍ အတွေးအခေါ်ပါသော ကာတွန်းလေးတစ်ပုဒ်ကို ဖတ်ဖူးသည်။ သားမက်လောင်းနှင့် ယောက္ခမလောင်းတို့ အကြိုတွေ့ဆုံပွဲတွင် သားမက်လောင်းက သူ၏ ကောင်းကွက်တွေကို ပြောပြ၏။

သူ အရက်မသောက်ကြောင်း၊ ဖဲမရိုက်ကြောင်း၊ အပျော်အပါး မလိုက်စားကြောင်းများကို စေ့စေ့ဆာဆာပြောပြီးသည့်နောက် ကျွန်တော့်မှာလိမ်တတ်တဲ့အကျင့်တစ်ခုတော့ ရှိပါတယ်ဟု ပြောလိုက်ရာ ယောက္ခမလောင်းက တစ်ခါတည်း အထင်သေးသွားသောပုံလေးဖြစ်၏။ လိမ်တတ်သည်ဆိုသည်နှင့် ရှေ့က သူကောင်းကြောင်း ပြောထားသည့်စကားအားလုံးမှာ အလကားဖြစ်သွားသည် မဟုတ်ပါလော။

မုသားအကုသိုလ်သည် အသေးလေးဟု ထင်ရသော်လည်း မိမိ၌ရှိသမျှ ကောင်းဂုဏ်အားလုံးကို ဖျက်ဆီးနိုင်စွမ်းရှိကြောင်း သတိပြုအပ်ပါ၏။ မုသားစကားကိုရှောင်သူသည် သစ္စာစကားကို ဆောင်ရမည်ဖြစ်၏။ လောက၌ ဓမ္မက အဓမ္မကို လွှမ်းမိုးနိုင်ဖို့ သူတစ်ပါး နှစ်သက်သည်ဖြစ်စေ၊ မနှစ်သက်သည်ဖြစ်စေ မှန်ကန်ပြီး အကျိုးရှိသောစကားကို ရဲဝံ့စွာ ပြောသင့်၏။

မိမိ၏တပည့်သားမြေးများကိုလည်း မုသားမပြောတတ်ကြစေရန် ငယ်ရွယ်စဉ်ကတည်းက ပြတ်သားစွာ ဆုံးမထားသင့်သည်။ ငယ်ရွယ်စဉ်က

ရလာသည့် ကောင်းသောအကျင့်သည် တစ်သက်လုံး စွဲမြဲတတ်ပေသည်။

ရွှေပြည်သာမြို့က ပြန်/ဆက်အရာရှိ ဘာသာပြန်စာရေးဆရာ တင်ထွေးဆက်၏အတွေ့အကြုံလေးမှာ မိဘဆရာတိုင်း သိထားသင့်သဖြင့် သူပြောပြသည့်အတိုင်း ရေးသားလိုက်ပေသည်။

"တပည့်တော်ကိုယ်တိုင်မုသားမပြောတော့ သားမယားမိသားစုအားလုံး မုသားမပြောကြဘူးဘုရား။ ဒါ့ကြောင့် အိမ်မှာ ဘာဖြစ်ဖြစ် ဖြေရှင်းရလွယ်ကူတယ်။ အမှန်ကိုပဲ ပြောနေကြတာကိုး၊ အမှန်ကိုသာ ပြောနေကြရင် လေးငါးလကြာ စစ်ဆေးနေရတဲ့ တရားရုံးကအမှုတွေဟာ လေးငါးရက်နဲ့ပြီးသွားမှာပါ။

အမှန်ကိုပြောတဲ့အကျင့်ရအောင် ငါ့ကို ဘယ်သူသင်ပေးခဲ့သလဲဆိုတာ သေချာပြန်တွေးကြည့်လိုက်တော့ တန်းကျောင်းက ဆရာတစ်ယောက်ဆိုတာ ပေါ်လာတယ်။ မုသားရဲ့ဆိုးကျိုး၊ သစ္စာရဲ့ တန်ဘိုးကို အခွင့်သင့်တိုင်း ပြောပြတယ်။

လက်တွေ့အားဖြင့်လည်း မုသားပြောသူကို နှိပ်ကွပ်ပြီး အမှန်ပြောသူကို ချီးမြှောက်တယ်။ တစ်ခါတော့ ဆရာက စိတ်ပါလက်ပါစာသင်ပေးနေတယ်။ ဒီအချိန်မှာ ကျော်ဝင်းနဲ့ တင်အောင်ဆိုတဲ့ ကျောင်းသားနှစ်ယောက် ငိုက်နေကြတယ်။

ဆရာက အတော်ကြာစိုက်ကြည့်နေပြီး ငိုက်နေတာကို သေချာသိသွားမှ စာသင်ကိုခဏရပ်လိုက်ပြီး သူတို့နှစ်ယောက်ကို ကျော်ဝင်းနဲ့တင်အောင် ငိုက်နေတာမဟုတ်လားလို့ လှမ်းမေးလိုက်တယ်။

ကျော်ဝင်းက မငိုက်ဘူးဆရာ၊ မှတ်စုစာအုပ်ကို ငုံ့ကြည့်နေတာပါလို့ပြောပြီး လိမ်လိုက်တယ်။ တင်အောင်ကတော့ ငိုက်မိပါတယ်ဆရာ။ ကျွန်တော် ညက အိပ်ရေးပျက်လို့ပါလို့ အမှန်အတိုင်း ပြောတယ်။

ဒီအခါမှာ ဆရာက ကျော်ဝင်းနေရာသို့ ခပ်သွက်သွက်သွားပြီး နားရင်းကို ရိုက်ပစ်လိုက်တယ်။ တင်အောင်ကိုတော့ ဘာမှမလုပ်ဘူး။ သူ့နေရာပြန်ရောက်မှ ဆရာက တစ်တန်းလုံးကြားအောင် ပြောတယ်။

မောင်ကျော်ဝင်း မင်းကို ဆရာရိုက်တာ ငိုက်တဲ့အတွက်ကြောင့်မဟုတ်ဘူး။ လိမ်ညာပြောတဲ့အပြစ်ကြောင့်ရိုက်တာ။ အိပ်ငိုက်တာဟာ ရိုက်လောက်တဲ့အပြစ် မဟုတ်ဘူး။ အမှန်ကိုပြောရင် စာသင်ချိန်မှာ မငိုက်နဲ့လို့ဆုံးမပြီး စာဆက်သင်ဖို့ပဲ။

အခုတော့ မောင်ကျော်ဝင်းဟာ ဘာမှမဟုတ်တဲ့အကြောင်းလေးမှာ တောင် လိမ်နေရင် နောင်တစ်ချိန်မှာဆို ပိုပြီးတော့လိမ်မှာ။ ဒါ့ကြောင့် ရိုက်ပြီးဆုံးမလိုက်ရတာပဲ။ ကိုယ်လုပ်မိတဲ့အပြစ်ကို အမှန်အတိုင်းပြောပြီး ဝန်မခံရဲရင် အပြစ်ဟာ နှစ်ဆတိုးလာတတ်တယ်ဆိုတာ မောင်ကျော်ဝင်းက တစ်တန်းလုံးကို သက်သေပြလိုက်ပြီ။ မောင်ကျော်သင်းကို လိမ်ညာမှုကြောင့် ရိုက်ဆုံးမတာနဲ့ပတ်သက်ပြီး နည်းနည်းရှင်းပြချင်တယ်။ ၅၅၀ မှာ တိလမုဋ္ဌိ ဆိုတဲ့ ဇာတ်တစ်ခု တယ်။

## ဘုရင့်သားနှင့် နှမ်းတစ်ဆုပ်

အတိုချုပ်ပဲပြောပြမယ်။ ဒိသာပါမောက္ခဆရာကြီးထံမှာ အတတ်ပညာသင်ယူနေကြတဲ့အထဲက ဘုရင့်သားတော်တစ်ပါးဟာ မြစ်ဆိပ်သို့ ရေချိုးသွားရင်း နေလှမ်းထားတဲ့ နှမ်းတွေကိုမြင်တယ်။

လူငယ်ဆိုတော့ စိတ်ကစားချင်တယ်ဆိုတာနဲ့ လက်ကရောက်သွားပြီး ပိုင်ရှင်ကိုမတောင်းဘဲ နှမ်းလက်တစ်ဆုပ်ကို ကောက်စားမိသွားတယ်။ ဒါကိုမြင်သွားတဲ့ပိုင်ရှင်က ဒိသာပါမောက္ခဆရာကြီးကို သွားတိုင်တာပေါ့။

စစ်ဆေးမေးမြန်းကြည့်လို့ ခိုးစားတယ်ဆိုတာပေါ်တာနဲ့ ဆရာကြီးက မင်းသားကို တုတ်နဲ့ရိုက်ပြီး ဆုံးမတယ်။ နောက် ခိုးမစားအောင်ပေါ့။ ဒါကို

မင်းသားက ရန်ငြိုးထားတယ်။ ငါလိုမင်းသားကို ရိုက်တဲ့ဆရာကြီး ငါ ဘုရင်ဖြစ်ရင် ငါ့တိုင်းပြည်ခေါ်ပြီး သတ်မယ်ပေါ့။

သူလည်းဘုရင်ဖြစ်ရော ဆရာကြီးကို ကျေးဇူးဆပ်ချင်လို့ပါလို့ပြောပြီး လိမ်ခေါ်တော့ ဆရာကြီး လိုက်လာတာပေါ့။ ဆရာကြီးကိုလည်းတွေ့ရော ငါ့ကိုရိုက်နှက်တဲ့ဆရာကြီး အခု ကလဲ့စားချေရတော့မယ်။ သင်ဘာတတ်နိုင် သေးတုန်းလို့ ပြောတဲ့အခါ ဆရာကြီးက ရဲရဲဝံ့ဝံ့ ပြန်ပြောလိုက်တယ်။

တပည့်၊ သင် နမ်းတစ်ဆုပ်ခိုးစားစဉ်က ငါသာရိုက်ပြီး မဆုံးမခဲ့ရင် အခုအချိန်မှာ သင်ဟာ သူခိုးဘဝရောက်ပြီး မင်းပြစ်မင်းဒဏ်သင့်လို့ သေနေ လောက်ပါပြီ။ အဲဒီတုန်းက ငါ့ရဲ့အဆုံးအမကို ရခဲ့ပေလို့သာ သင် အခုလို ဘုရင်ဘဝကို ရောက်နေရခြင်းဖြစ်တယ်လို့ ရှင်းပြလိုက်တယ်။

အဲဒီတော့မှ သူ့အမှားသူမြင်၊ ဆရာကြီးရဲ့ကျေးဇူးတွေကိုလည်းသိသွား ပြီး ထိုက်တန်စွာ ပူဇော်ကန်တော့သတဲ့။ အခုလည်း မောင်ကျော်ဝင်း ကြီးပြင်းလာတဲ့အခါမှာ လူလိမ်၊ လူညာကြီးဘဝ မရောက်ဖို့အတွက် ဆရာ က ကြိုတင်ဆုံးမပေးတာပါ။

**ကောင်းကျိုးမပြုတဲ့ ချုံနွယ်လိုသစ်ပင်မျိုးတွေကို ငယ်ရွယ်စဉ် ကတည်းက နှုတ်ပစ်ရတယ်။ ကြီးလာမှဆိုရင် ရှင်းပစ်ဖို့ မလွယ်တော့ဘူး။ ထို့အတူပဲ မကောင်းတဲ့အကျင့်ဆိုးတွေကို ငယ်ရွယ်စဉ်ကတည်းက ဖျောက် ပစ်ရယ်။ ကြီးမှဆိုရင် ဖျောက်ဖို့မလွယ်ဘူး တပည့်တဲ့။**

လက်တွေ့ကျတဲ့ ဆရာရဲ့သြဝါဒလေးဟာ တပည့်တော်တို့ စိတ်ထဲမှာ အခုအရွယ်ထိ စွဲနေတုန်းပဲ။ နောက်တစ်ခု မှတ်မိသေးတယ်ဘုရား။ တစ်ခါ တော့ မောင်ကျော်ဝင်းဟာ စာသင်နေရင်းတန်းလန်းက အပြင်ဘက်သို့ ခပ်ကြာကြာလှမ်းကြည့်နေတယ်။

ဒါကိုမြင်သွားတဲ့ဆရာက မောင်ကျော်ဝင်း အပြင်ဘက်ကို ဘာလှမ်း ကြည့်နေတာလဲလို့ မေးလိုက်တယ်။ ဒီအခါတော့ မောင်ကျော်ဝင်း

မလိမ်တော့ဘူး။ အမှန်အတိုင်း ပြေလိုက်တယ်။ စာသင်ခန်းဘေးက ဖြတ်သွားတဲ့ ကောင်မလေးတစ်ယောက်ကို လှလို့ ကြည့်မိတာပါတဲ့။

အမှန်အတိုင်း ပေါ်တင်ကြီးဖြေရဲတဲ့ မောင်ကျော်ဝင်းကို ဆရာက စိတ်မဆိုးတဲ့အပြင် ပြုံးပြီးပြောတယ်။ အေး အဲဒီလို အမှန်အတိုင်းပြောတာကို ဆရာကြိုက်တယ်။ မောင်ကျော်ဝင်း ထပ်ကြည့်ချင်သေးတယ်ဆိုရင်တောင် လိုက်ပြီးကြည့်ချေ။ ဆရာ ဆယ့်ငါးမိနစ် အချိန်ပေးတယ်တဲ့။

လိမ်တာကိုမကြိုက်ပဲ အမှန်အတိုင်းပြောတာကိုကြိုက်တဲ့ ဆရာဆိုတာ ထင်ရှားပြတာပေါ့။ လိမ်ရင်လဲ အချိန်မဆိုင်းဘဲ ချက်ချင်းဆုံးမတော့တာ။ အဲဒီအဆုံးအမတွေကြောင့်လည်း တပည့်တော်တို့ဟာ အခုအချိန်ထိ မုသားပြောတဲ့အလေ့အထ မရှိတော့တာပါပဲဘုရား''

ဦးတင်ထွေး (တင်ထွေး/ဆက်)သည် သူ့အတွေ့အကြုံနှင့်သူ မုသားစကား မပြောခြင်းအကြောင်းကို အဆုံးသတ်လိုက်၏။ မှတ်သားစရာကောင်းသော အကြောင်းအရာဟု ယူဆမိပါသည်။

ထို့ကြောင့် ဤသာဓကကိုထောက်၍ တပည့်သားသမီးများကို ငယ်ရွယ်စဉ်ကတည်းက မုသားမပြောအောင် ဆုံးမထားသင့်၏။ မုသားစကားကို ရှောင်ကြဉ်သောသူသည် ဝစီဒုစရိုက်ချင်းတူသော **ပိသုဏာဝါစာ** = ကုံးတိုက်စကားပြောခြင်း။ **ဖရုသဝါစာ** = ရုန့်ရင်း ကြမ်းတမ်းသောစကားကို ပြောခြင်း။ **သမ္ဖပ္ပလာပဝါစာ** = အကျိုးမရှိသောစကားတို့ကိုပြောခြင်းမှပါ ရှောင်ကြဉ်ရမည်။

ဝစီဒုစရိုက်လေးပါးတွင် သမ္ဖပ္ပလာပ အကုသိုလ်ကို အများဆုံး ကျူးလွန်မိတတ်ကြ၏။ စကားများများပြောမိပြီဆိုလျှင် သတိထားကြည့်ရ၏။ ငါပြောသောစကားသည် မှန်ကန်အကျိုးရှိသောစကား မဟုတ်ဟုသိလျှင် ချက်ချင်းရပ်ပစ်သင့်၏။

ဤကဲ့သို့ ကျင့်ပါများလာလျှင် ဝစီဒုစရိုက်လေးပါး တဖြည်းဖြည်းနှင့် ကင်းစင်သွားပေလိမ့်မည်။ ဝစီဒုစရိုက် ကင်းစင်သည်နှင့် ထိုသူသည် တစ်ခြားနည်းဖြင့် ဘယ်လိုမှ ဖြေရှင်းမရသော အခက်အခဲ အကျပ်အတည်းများကို သစ္စာပြု၍ ဖြေရှင်းနိုင်သည်။ သာဓကနှစ်ခုပြပါအံ့။

## ဘာသာခြားကြားက သစ္စာစကား

ယခုအချိန်တွင် မြန်မာရဟန်းတော်များ အင်္ဂလိပ်စာပေကို အနှောင့်အယှက်မရှိ သင်ယူနိုင်ကြခြင်းမှာ လွန်ခဲ့သောနှစ်ပေါင်း ရှစ်ဆယ်ကျော်က အရှင်အာဒိစ္စဝံသနှင့် တပည့်ဖြစ်သူ အရှင်သေဋ္ဌိလတို့၏ ရှုပ်ရှုပ်ချွန်ချွန် ရဲရဲဝံ့ဝံ့ တိုက်ပွဲဝင်ခဲ့ကြမှုကြောင့်ပင် ဖြစ်၏။

ထိုအချိန်က မြန်မာပြည်သည် အင်္ဂလိပ်လက်အောက်မှာပင်ရှိသေး၏။ ခေတ်မမီကြသေး။ အမြင်မကျယ်ကြသေး။ ထို့ကြောင့်လည်း အရှင်သေဋ္ဌိလ မထေရ် အင်္ဂလန်သို့ သာသနာပြုကြွရန် အင်္ဂလိပ်စာသင်ယူနေသည်ကို ဒကာ၊ ဒကာမ အများစုက မကူညီသည့်အပြင် နှောင့်ယှက်ကြသည်။

ပိဋကတ်မှတစ်ပါး တစ်ခြားစာပေကိုသင်ယူလျှင် မိစ္ဆာဒိဋ္ဌိဖြစ်သည် ဟူသော အစွဲကြီးကြောင့်ပင်ဖြစ်၏။ ဘုရားဖြူဆရာတော်နှင့် မြန်မာတစ်ပြည်လုံးနီးပါးက ရဟန်းတော်များ အင်္ဂလိပ်စာမသင်ကောင်းသည့်ဘက်ကနေ၍ အရှင်အာဒိစ္စဝံသအား အဖတ်ဆည်မရအောင် ဝေဖန်ရှုတ်ချကြ၏။ စာအုပ်များလည်း ထုတ်ကြ၏။

အရှင်အာဒိစ္စဝံသကလည်း အလျှော့မပေး။ ရဟန်းတော်များ ပါဠိစာပေ တစ်ခုတည်းတတ်ရုံဖြင့် ကမ္ဘာမှာသာသနာပြု၍မရ။ အင်္ဂလိပ်စာပေပါတတ်မှ ဗုဒ္ဓသာသနာ ကမ္ဘာသို့ပြန့်မည်ဟုဆိုကာ ရဟန်းတော်များ အင်္ဂလိပ်စာပေ

သင်ယူသင့်ကြောင်း အကိုးအထောက် မျိုးစုံပြကာ ကျမ်းစာအုပ်ထုတ်ဝေပြီး ထုချေရှင်းလင်းသည်။

ထိုစဉ်အခါကား အများညီလျှင်ဤကိုကျွဲဖတ်ဟူသော စကားပုံအတိုင်း နောက်က တစ်ပြည်လုံးနီးပါးပါနေသော ဘုရားဖြူဆရာတော်ဘက်က မှန်သကဲ့သို့ ဖြစ်နေ၏။ ယခုလို နှစ်ပေါင်းများစွာ ကြာလာသောအခါတွင်ကား အရှင်အာဒိစ္စဝံသအဆိုက မှန်ကန်နေကြောင်း မည်သူမျှ မငြင်းနိုင်တော့ပေ။

ထို့ကြောင့် ပြဿနာတစ်ခု၏ အမှားအမှန်ကို အဂတိမလိုက်စားဘဲ မှန်မှန်ကန်ကန် ဆုံးဖြတ်ပေးမည့် တရားသူကြီးကား အချိန်အခါသာဖြစ်၏။ အရှင်သေဋ္ဌိလသည် အမြင်လွဲနေကြသည့် ဒကာ၊ ဒကာမများ၏ အထောက်အပံ့ကိုလည်းမရ။

ဘာသာခြားဖြစ်နေသည့် အင်္ဂလိပ်အစိုးရ၏ ကူညီလှူဒါန်းမှုကိုလည်း မခံရဘဲ ဆရာတပည့်နှစ်ပါး၏ ရှိစုမဲ့စုငွေလေးဖြင့်ပင် အင်္ဂလန်ပြည်သို့ သာသနာပြု ကြွခဲ့ရ၏။ လန်ဒန်ရောက်သောအခါ နေရေး စားရေး ဒုက္ခရောက်တော့၏။

ဆွမ်းခံစားဖို့လည်းမလွယ်၊ ဆွမ်းခံလျှင် သူတောင်းစားဥပဒေနှင့် ဖမ်းချုပ်ခံရမည်။ ဝမ်းစာရအောင်ကလည်း ပေါင်ငွေမရှိ။ ပေါင်ငွေရအောင် ဝိနည်းတရားတော်က ရဟန်းတော်များအား စီးပွားရေး လုပ်ခွင့်မရ။ အရှင်သေဋ္ဌိလသာ အားငယ်စိတ်ပျက်တတ်သူဆိုလျှင် မြန်မာပြည်သို့ ချက်ချင်းပြန်ပြေးလာမှာ သေချာ၏။

သို့သော် ဆရာတော်ကား သာသနာတော်အတွက် အသက်စွန့်ထားသော ရဲရဲတောက်၊ အာဇာနည် သာသနာပြုပုဂ္ဂိုလ်တစ်ပါးသာဖြစ်၏။ ထို့ကြောင့်လည်း စီးပွားရေးမလုပ်ရဘဲ နေရေးစားရေး စရိတ်ရအောင်၊ သာသနာပြုပြီးသားလည်းဖြစ်အောင်၊ အခန်းကျယ်ကျယ်တစ်ခန်းငှားပြီး ပါဠိသင်တန်းနှင့် အဘိဓမ္မာသင်တန်းဖွင့်ပြီး အင်္ဂလိပ်လို ပို့ချ၏။

သင်တန်းကြေးပေးသည့်ငွေများဖြင့် နေစရိတ် စားစရိတ် အလျှင်မိအောင် ရှင်းရသည်။ ထိုသင်တန်းတက်ရင်းဖြင့် သဘောပေါက်ပြီး ဗုဒ္ဓဘာသာဖြစ်လာသူတွေလည်း ရှိလာကြ၏။ သာသနာပြုလုပ်ငန်းလေး အရှိန်ရလာစမှာပင် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာပြန်၏။

ဂျာမန်လေယာဉ်များက လန်ဒန်မြို့ပေါ်သို့ နေ့ရောညပါ ဗုံးမိုး ရွာချလာသည်။ လန်ဒန်တွင်ရှိသော ပြည်ပနိုင်ငံသားများအားလုံး ကိုယ့်နိုင်ငံကို သင်္ဘော၊ လေယာဉ်၊ ရရာဖြင့် ပြန်ကြရသည်။ ပညာတော်သင် မြန်မာကျောင်းသားများက ဦးသေဋ္ဌိလကို မြန်မာပြည်ပြန်လိုက်ရန် တာဝန်ခံပြီး ခေါ်ကြသည်။ ဦးသေဋ္ဌိလက မလိုက်။

အသက်သေလိုက သေပါစေ။ အင်္ဂလန်မှာ ဗုဒ္ဓဘာသာ အမြစ်မတွယ်သေးသမျှ ဘယ်လိုအခက်အခဲရှိရှိ မြန်မာပြည်သို့မပြန်ဟု အဓိဋ္ဌာန်ထား၏။ စစ်ပွဲရက်ကြာလာသည်နှင့်အမျှ နေစရိတ်၊ စားစရိတ်ငွေက နည်းနည်းလာပြီး သင်တန်းကိုလည်း ပိတ်ထားလိုက်ရသဖြင့် ဝင်ငွေက မရှိတော့။

ထိုနေ့ကား နေစရိတ်၊ စားစရိတ်ကုန်သောရက်ပင်ဖြစ်၏။ နောက်ရက်မှစ၍ အခန်းလခ၊ ထမင်းလခ ပေးစရာငွေမရှိတော့။ စစ်အတွင်းဖြစ်၍ ဘယ်သူ့ကိုမှ အားကိုး၍မရနိုင်။ ဘယ်လိုပင်နေရ နေရ၊ အင်္ဂလန်မှမပြန်ရလျှင်တော်ပြီဟု သဘောပိုက်ထား၏။ စဉ်းစားရင်း ခေါင်းသာခြောက်လာသည်။ အခက်အခဲ ပြေလည်စရာ လမ်းကြောင်းကို တွေးမရ။

ခေါင်းရင်းက ဗုဒ္ဓဆင်းတုတော်ကိုဖူးမြော်ရင်း ပါရမီဆယ်ပါးအကြောင်း စဉ်းစားရာက သစ္စာပါရမီသို့ရောက်သည်နှင့် အသိဉာဏ်တစ်ခု လင်းလက်သွား၏။ ငါ့မှာ သစ္စာမှတစ်ပါး အားထားစရာ မရှိတော့ပါလားဟူသော အတွေးနှင့်အတူ အောက်ပါအတိုင်း သစ္စာပြု၏။

"ကျွန်ုပ်သည် အခက်အခဲ အကြပ်အတည်းကြားထဲက အင်္ဂလန်သို့ သာသနာပြုကြွလာရခြင်းဖြစ်သည်။ အသက်သေလိုကသေစေ၊ အင်္ဂလန်တွင် ဗုဒ္ဓသာသနာ အမြစ်မတွယ်က မြန်မာပြည်သို့ ဘယ်တော့မှပြန်မကြွဟု အဓိဋ္ဌာန်ထားပါသည်။

ဤသဝဏ်စကား မှန်ကန်ပါက ယခုကြုံတွေ့နေရသော အခက်အခဲမှ လျင်မြန်စွာ လွတ်မြောက်ရပါလို၏။"

အံ့ဩစရာကောင်း၏။ ဆရာတော်၏ သစ္စာအဆုံး၌ တံခါးခေါက်သံပေါ်လာသဖြင့် သွားဖွင့်ပေးလိုက်ရာ တစ်ချိန်က လမ်းလျှောက်ရင်း စကားပြောခဲ့ကြဖူးသော ခရစ်ယာန်ဘုန်းကြီးတစ်ပါး ဖြစ်နေ၏။ အကြောင်းစုံသိသွားသော ခရစ်ယာန်ဘုန်းကြီးက ဘာသာချင်းမတူသော်လည်း ဦးသေဋ္ဌိလ၏ သာသနာပြုစိတ်ဓာတ်ကို လေးစားသဖြင့် စစ်ပြီးသည့်အထိ သူ့နယ်သို့ ခေါ်သွားပြီး ကျွေးမွေးစောင့် ရှောက်ထားလေသည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးသောအခါ ဆက်လက်သာသနာပြုသဖြင့် အင်္ဂလန်တွင် ဗုဒ္ဓသာသနာ အထိုက်အလျောက် ထွန်းကားလာခဲ့ခြင်းဖြစ်သည်။

## ငမောက်ဈေးထဲက သစ္စာစကား

၁၉၉၈ ခုနှစ်ခန့်ကဖြစ်၏။ ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့၊ အမှတ် (၉) ရပ်ကွက်ရှိ ငမောက်ဈေးအတွင်း၌ စက်ချုပ်ဆိုင်တစ်ဆိုင်တွင် အမျိုးသမီးနှစ်ယောက်သည် ချုပ်ထည်များ များများကျလာချိန်ဖြစ်သဖြင့် အလုပ်များနေကြ၏။

အသက် (၅၅) နှစ်ခန့်ရှိ အမျိုးသမီးကြီးမှာ အမေဖြစ်ပြီး အသက်နှစ်ဆယ်ခန့်ရှိသူ အမျိုးသမီးလေးမှာ သမီးဖြစ်သည်။ အမျိုးသမီးကြီး၏အမည်ကို ဒေါ်လှမြင့်ဟုခေါ်၏။ သားနှစ်ယောက်၊ သမီးနှစ်ယောက်ရှိသည့်အနက်

သားနှစ်ယောက်မှာ အိမ်ထောင်ကျသွားပြီး သမီးကြီးမှာ သီလရှင်ဝတ်ကာ မွှာစရိယတန်းပင် ရောက်နေပြီ။

ခင်ပွန်းမှာ အလုပ်က ပင်စင်ယူပြီးဖြစ်သဖြင့် ဝင်ငွေမရှိပေ။ ယခု သမီးအငယ်ဆုံးလေး စက်ချုပ်ခဖြင့် ဝမ်းကျောင်းနေကြရခြင်း ဖြစ်သည်။ ထို့ကြောင့်လည်း တစ်လတွင် ရက် (၂၀)ခန့်လောက် သမီးငယ်၏အလုပ်ကို ဒေါ်လှမြင့် ဝင်ကူပေးနေခြင်းဖြစ်သည်။

ကျန်ဆယ်ရက်ကား သားသမီးကို ကူနိုင်ဖို့နေနေသာသာ ဒေါ်လှမြင့် အိမ်မှာပင်မရှိပေ။ အမှတ် (၆)ရပ်ကွက်ရှိ ဟင်္သာတ ကျောင်းတိုက်တွင် တစ်လတစ်ကြိမ် (၇)ရက်တရားစခန်းဖွင့်ရာ ဒေါ်လှမြင့်တစ်ယောက်တည်းက ချက်ရေးပြုတ်ရေးတာဝန်၊ ယောဂီထိန်းသိမ်းစောင့်ရှောက်ရေးတာဝန်များကို အပတ်စဉ် ယူထားသည်။

တရားစခန်းမှာ ပင်မဟုဒ္ဓဝါဒီနည်းအတိုင်း ပြသခြင်းဖြစ်သည်။ ဒေါ်လှမြင့် သည် ထိုနည်းအတိုင်း နှစ်များစွာ အားထုတ်ခဲ့ဖူးသူဖြစ်သဖြင့် ဟင်္သာတ ကျောင်းဆရာတော်ကို အဘက်ဘက်က အကူအညီပေးနိုင်ခြင်းဖြစ်သည်။ ယောဂီငါးဆယ်ခန့်အတွက် အရုဏ်ဆွမ်း၊ နေ့ဆွမ်းကို တစ်ယောက်တည်း အဆင်ပြေအောင် ချက်ပြုတ်နိုင်သည်မှာ အံ့သြဘွယ်ရာတစ်ခုပင်ဖြစ်၏။

တရားစခန်းသည် ခုနစ်ရက်သာဖြစ်သော်လည်း စခန်းမစမီ ကြိုတင် ပြင်ဆင်ရခြင်း၊ တရားစခန်းပြီးသည့်နောက် ပစ္စည်းပစ္စယများကို သိမ်းဆည်း ရခြင်းတို့ကြောင့် တစ်လလျှင် ဆယ်ရက်ခန့်ကား ကျောင်းမှာပင်ကုန်သွား၏။ ထို့ကြောင့် သမီးငယ်ကို တစ်လလျှင် ရက်နှစ်ဆယ်သာ ကူညီနိုင်ခြင်းဖြစ်၏။

ဒေါ်လှမြင့်ကား အသပြာမရှိသော်လည်း သဒ္ဓါရှိသူဖြစ်၏။ ထို့ကြောင့် သမီးလေး၏ဝင်ငွေတစ်ခုတည်းသာရှိသည်ဖြစ်၍ အိမ်မှာ ခနိမိုးထရံကာ ယိုင်နဲ့နေသော်လည်း အလှူအတန်းကား ပြတ်သည်ဟူ၍မရှိ။ သူတို့နေရာ

(၈)ရပ်ကွက်၊ ဝက်ဘာယန်းခြံသည် ဘုန်းကြီးကျောင်းများနှင့် ဝေးသည်ဖြစ်၍ သက်ကြီးရွယ်အိုများ၊ ဥပုသ်စောင့်ရန် အခက်အခဲတွေ့ကြရ၏။

ထိုအခက်အခဲကို ဒေါ်လှမြင့်က ဖြေရှင်းပေးသည်။ ဥပုသ်နေ့တိုင်း သူ့အိမ်မှာ သံဃာတစ်ပါး ဆွမ်းကပ်ပင့်လိုက်သည်။ သီလယူချင်ကြသော အဘိုးအဘွားများကိုလည်း အိမ်သို့လာကြရန် ဖိတ်ခေါ်လိုက်သည်။ ရောက်လာကြသော ဥပုသ်သည်အားလုံးအတွက် အကျွေးအမွေးကို ဒေါ်လှမြင့်က တာဝန်ယူသည်။ ထမင်း၊ အချိုပွဲ၊ ပြည့်စုံအောင် လှူဒါန်းသည်။

တရားစခန်း (၇)ရက်အတွင်း အရုဏ်ဆွမ်း၊ နေ့ဆွမ်း မပေါ်လျှင်လည်း ဒေါ်လှမြင့်ကသာ လှူဒါန်းသည်။ ယောဂီငါးဆယ်ခန့် ကျွေးမွေးရန် ပန်းကန်ခွက်ယောက်များကို နည်းနည်းချင်း ဝယ်စုလှူခြင်းဖြင့် ပြည့်စုံသွားသည်။ သာသနာကို မရှိသည့်ကြားက အငတ်ခံ၍ လှူဒါန်းလိုခြင်းသည် သာသနာတော်၏ကျေးဇူးကို သိထား၍ဖြစ်၏။

## အလှူခံမဝင်ရ

ငါရှိသည်ဟူသော အစွဲဒိဋ္ဌိနှင့် သို့လော၊ သို့လော တွေးတောခြင်း၊ ဝိစိကိစ္ဆာတို့ မရှိတော့ခြင်း၊ ငါးပါးသီလကို ဖောက်ဖျက်ချင်သော စိတ်စေတနာတို့ ချုပ်ငြိမ်းသွားခြင်း၊ ရတနာသုံးပါး၏ဂုဏ်ကျေးဇူးကို တစ်ကယ်သိသွား၍ ယခင်ကထက် ပို၍ ကြည်ညိုလာခြင်း၊ ပို၍ လှူဒါန်းလာခြင်း၊ ဤအင်္ဂါသုံးချက်သည် သောတာပန်မှာသာ ရှိသည်။

ဗုဒ္ဓလက်ထက်တော်က အိုးထိန်းသည်လင်မယားသည် သောတာပန်တည်သွားပြီးဖြစ်၍ သာသနာကို အရင်ပုထုဇဉ်ဘဝထက် ပို၍ကြည်ညိုလာ၏။ ထို့ကြောင့်လည်း ဘုရားကျောင်းတော်မှ သံဃာငါးရာကျော်ကို သပိတ်လိုက သူတို့ဆီ အလှူခံကြရန် ဖိတ်မန်ကြသည်။ သူတို့သည် သဒ္ဓါတရားရှိလွန်း၍

သာ ဖိတ်မန်ကြခြင်းဖြစ်သည်။ ဥစ္စာခနအနေဖြင့် တစ်နေ့လုပ်မှတစ်နေ့စား အဆင့်လောက်သာရှိ၏။

ဒကာက ထိုသို့ ဖိတ်မန်ထားလျှင် ရဟန်းများအနေဖြင့် လိုသလောက် အလှူခံကောင်းသည်ဖြစ်ရာ ရဟန်းငါးရာကျော်တို့သည် ဝိုင်း၍ အလှူခံကြလေတော့သည်။ တစ်ရာနှင့်တစ်ယောက်မဟုတ်ဘဲ ငါးရာနှင့်တစ်ယောက် ဖြစ်ရာ အိုးထိန်းသည်လင်မယားမှာ စားဝတ်နေရေးအတွက် အိုးမဖုတ်နိုင်ကြတော့ဘဲ ရဟန်းတော်များအတွက် သပိတ်ချည်း ဖုတ်ပေးနေရတော့သည်။

ရက်ကြာလာသောအခါ အိုးထိန်းသည်လင်မယားမှာ ဝင်ငွေမရှိသဖြင့် ငတ်ပြတ်ဆင်းရဲလာကြ၏။ သူတစ်ပါးထံက ချေးငှားစားပြီး ရဟန်းများ လိုအပ်သော သပိတ်များကို ဝမ်းပန်းတသာ ဖုတ်ပေးနေဆဲပင်။ သောတာပန်တို့၏သဒ္ဓါတရားကား အံ့ဩွယ်ရှိစွ။ ပုထုဇဉ်များ ဘယ်လိုမှလိုက်မမီနိုင်ပါပေ။

ထိုအကြောင်းကို ဗုဒ္ဓသိတော်မူသောအခါ ရဟန်းများကို ခေါ်ယူတား မြစ်ပြီး ထိုအိုးထိန်းသည်လင်မယားကဲ့သို့ ဥစ္စာခနနည်းပြီး သဒ္ဓါတရား များ ပြားကြသူများထံမှ မတရားသဖြင့် အတိုင်းအရှည်မသိ အလှူမခံရ။ အလှူခံက ပါဋိဒေသနီ အာပတ်သင့်စေဟု ပညတ်တော်မူခဲ့ရသည်။ ခေတ်စကားဖြင့် ပြောရလျှင် အလှူခံမဝင်ရဟူ၍ ဆိုင်းဘုတ်ချိတ်ပေးလိုက်ခြင်းပင်။

ယခုလည်း ဒေါ်လှမြင့်၏ သဒ္ဓါတရားကား သောတာပန်တစ်ယောက်၏သဒ္ဓါတရားမျိုး ဖြစ်နေ၏။ သောတာပန်ဟုတ် မဟုတ်ကား ဘုရားရှင်သာ သိနိုင်သောအရာဖြစ်၏။ ဝိပဿနာတရား နာကြားအားထုတ်နေသူတစ်ယောက် ဖြစ်သောကြောင့် သောတာပန်ဖြစ်မည်ဆိုလျှင် ဖြစ်နိုင်သည်သာ။

ထိုဒေါ်လှမြင့်ပြနေသော ဒါနစွမ်းအားကြောင့် သမီးငယ်၏ စက်ချုပ် လုပ်ငန်းမှာ သူများထက် အောင်မြင်ခြင်းဖြစ်၏။ သို့သော် အသိဉာဏ်နုနယ်ရှာ သေးသော သမီးငယ်မှာ "ညည်းအမေက အထိန်းအကွပ်မရှိ၊ လှူချင်တိုင်း

လှုံနေတာ၊ ညည်းတို့ အိမ်ကောင်းကောင်းနဲ့ ဘယ်တော့မှနေရမှာမဟုတ်ဘူး။ တစ်ကယ်ဆို ညည်းရဲ့ တစ်ရက်ဝင်ငွေက နည်းတာမဟုတ်ဘူး''

ထိုသို့ သမီးနှင့်အမိကြား မလိုအပ်သော ဂုံးတိုက်စကားများကြောင့် မိခင်အပေါ် မကျေမနပ် ဖြစ်လာခဲ့သည်။ သို့သော် ဘာသာရေးနှင့် ပတ်သက်နေ၍ ပြောလည်းမပြောရဲ။ ပြောရမည့်အခွင့်အလမ်းကိုသာ ရှာနေသည်။ ယနေ့ကား ထိုပြောရမည့်အခွင့်အလမ်းကြီး ဆိုက်ရောက်လာလေပြီ။ ဒေါ်လှမြင့်သည် လက်ဖက်ရည်ချိုတစ်ခွက်နှင့် အီကြာကွေးတစ်ခုဝယ်လာပြီး ဘေးနားချကာ ချုပ်ထည်တစ်ခုကို ကူညုပ်ပေးနေ၏။

ထိုအချိန်မှာပင် တရားစခန်းဝင်ဖူးသော ယောဂီတစ်ဦး ဈေးဝယ်ရင်းပြင် ဒေါ်လှမြင့်ဆိုင်ရှေ့ရောက်လာကာ ''ဒေါ်လှမြင့် နောက်အပတ် တရားစခန်း ကျွန်မ ဆက်ဝင်မှာနော်။ စာရင်းသွင်းပေးထားပါ''ဟု ပြောလိုက်၏။

ဒေါ်လှမြင့်ကလည်း ''အေး သွင်းထားမှာပေါ့။ ဘယ်လိုလဲ၊ တရား အားထုတ်ပြီးတော့ စိတ်တွေအေးပြီး အားလုံး အဆင်ပြေသွားတယ်မဟုတ် လား''ဟု ပြန်မေးလိုက်၏။

''မှန်လိုက်တာ ဒေါ်လှမြင့်ရယ်။ တရားထိုင်လိုက်တော့ စိတ်တွေ ငြိမ်းချမ်းသွားတယ်။ ဒါနပြုတာ၊ သီလဆောက်တည်တာကိုလည်း စိတ်ပါ လက်ပါလုပ်ဖြစ်လာတယ်။ ဒါ့ကြောင့်ထင်ပါရဲ့။ အခုဆို ကျွန်မတို့ စီးပွား ရေးတွေလည်း အများကြီးအဆင်ပြေလာတယ်'' ဟု ဝမ်းသာအားရနှင့် ပြောပြနေ၍ ဒေါ်လှမြင့်ကလည်း ထောက်ခံလိုက်သည်။

''အဲဒါ တရားတော်ရဲ့တန်ခိုးတွေပေါ့။ ဒါ့ကြောင့် ဘုရားက **ဓမ္မောဟဝေရက္ခတိဓမ္မစာရီ** = တရားကျင့်သူကို တရားက ပြန်စောင့်ရှောက် တယ်လို့ ဟောတော်မူတာပေါ့။ အခု ကျွန်မတို့မိသားစုလည်း ကြည့်ပါလား တစ်ခြားဘာစီးပွားရေးမှ ရှိတာမဟုတ်ဘူး။ ဒီသမီးလေး စက်ချုပ်တာ ပဲရှိတယ်''

''ကျွန်မက တရားလည်းထိုင်၊ တရားခန်းလည်းလုပ်အားပေး၊ တတ်နိုင်သလောက်လည်းလှူဆိုတော့ အခု ကျွန်မတို့ကို တရားတော်က ပြန်စောင့်ရှောက်တာပေါ့''

ယောဂီဟောင်းက ပြုံးပြီးခေါင်းညိတ်ကာ ထွက်သွား၏။

မပြုံးနိုင်ဘဲ မျက်နှာကိုမဲ့ကာ ဒေါ်လှမြင့်အား ကြည့်နေသူတစ်ယောက်ရှိ၏။ ထိုသူကား စက်ချုပ်နေသော သမီးငယ်ပင်ဖြစ်ပါ၏။ သာသနာက သူတို့အား စောင့်ရှောက်သည်ဆိုခြင်းကို သူမလက်မခံနိုင်။ သူ့အမေက သာသနာကို တအားလှူနေ၍သာ သူတို့မှာ အိမ်ကောင်းကောင်းနှင့်မနေရခြင်းဟု ယုံကြည်နေသည် မဟုတ်ပါလား။

ထို့ကြောင့်လည်း အမေ့ကိုလက်တွေ့ပညာပေးချင်သဖြင့် လက်ဖက်ရည်ချိုသောက်ရန် နောက်ဘက်လှည့်လာသော ဒေါ်လှမြင့်နားမှ လက်ဖက်ရည်နှင့်အီကြာကွေးကို သူမဘက်သို့ယူလိုက်ပြီး

''ကဲ .. အမေ၊ တရားကိုကျင့်ရင် တရားကပြန်စောင့်တယ်လို့ အမေက ပြောတယ်။ အခု အမေသောက်မယ့် လက်ဖက်ရည်ချိုနဲ့ အီကြာကွေးကို သမီးယူလိုက်ပြီ။ အမေစောင့်ခဲ့တဲ့ တရားက လက်ဖက်ရည်တစ်ခွက်နဲ့ မုန့်တစ်ခုပေးအောင် လုပ်ပြစမ်းပါ။ သမီးလက်တွေ့ ကြည့်ချင်ပါတယ်'' ဟုပြောလိုက်၏။

မည်မျှခက်လိုက်သော ပြဿနာပါနည်း။ ဤနေရာ၌ အသိဉာဏ်မရှိသော တရားလည်းမရှိသည့် မိခင်သာဆိုလျှင် သမီးငယ်ကို ရိုက်နှက်ဆဲဆိုပေလိမ့်မည်။ ရိုက်နှက်ဆဲဆိုလျှင် သမီးငယ်နာကျင်၍ အရှက်ရရုံသာရှိမည်။ သာသနာကို ကြည်ညိုလာမည်မဟုတ်။

ထိုအခါကျမှ ဒေါ်လှမြင့်မှာ သမီးငယ်က သူ့ချွေးနည်းစာထဲမှ လှူဒါန်းနေသည်ကို မကြိုက်မှန်း ရိပ်မိလိုက်တော့သည်။ သာသနာကို အထင်သေး

ပြီး အယုံအကြည်နည်းသွားလျှင် သမီးငယ်၏ သံသရာရှေ့ရေးကား တွေးပူစရာပင်ဖြစ်ပါ၏။ ထို့ကြောင့် ငါ့မှာသစ္စာမှုတစ်ပါး အားထားစရာမရှိတော့ပါလားဟူသော အတွေးနှင့်အတူ

"တပည့်တော်မသည် ယောဂီများ တရားရစေချင်သော စေတနာသက်သက်ဖြင့် ပင်မဗုဒ္ဓဝါဒီ တရားစခန်းကြီးကို ငါးနှစ်ကျော်ကြာအောင် ကိုယ်အားငွေအားဖြင့် စိတ်ထုတ်၍ ဖွင့်လှစ်ပေးခဲ့ပါသည်။

"အများလှူဒါန်းသော ငွေကြေးကို မိမိအတွက် တစ်ပြားတစ်ချပ်မျှ မသုံးစွဲခဲ့သည့်အပြင် တပည့်တော်မ၏အိမ်ကသာ မရှိသည့်ကြားက စိုက်ထုတ်လှူဒါန်းခဲ့ပါသည်။

"ဤစကားသည် မှန်ကန်ပါ၏။ ဤမှန်ကန်သောသစ္စာ၏အာနုဘော်ကြောင့် ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးနှင့် သာသနာတော်မြတ်၏ တန်ခိုးတော်ကို သမီးလေး မျက်ဝါးထင်ထင်မြင်အောင်ပြပါစေသတည်း"

ဟု လက်အုပ်ချီကာ လှိုက်လှိုက်လှဲလှဲဆို၍ သစ္စာပြုလိုက်၏။ ပြီးလျှင် အေးအေးဆေးဆေးပင် ကိုယ့်အလုပ်ကို ပြန်လုပ်နေလိုက်၏။ သာသနာကို ယုံကြည်သော ဒေါ်လှမြင့်မှာ တည်ငြိမ်စွာ အလုပ်ကို ဆက်လုပ်နေသော်လည်း ယုံကြည်မှုနည်းသေးသော သမီးငယ်ကား အလုပ်လုပ်တာ မပြောင့်တော့ မျက်စေ့က ကျိုးကန်းတောင်းမှောက်၊ အရုပ်လေးမျက်နှာကို လှောက်ကြည့်နေမိသည်။ အရုပ်လေးမျက်နှာက ဘာမှမထူးခြားသောအခါ ကောင်းကင်သို့ မော့်ကြည့်ပြန်သည်။ မျက်လှည့်ထဲကကဲ့သို့ ကောင်းကင်ကများ လက်ဖက်ရည်နှင့်မုန့်တွေ ကျလာလေမလားဟု ထင်သောကြောင့်ဖြစ်၏။ သူ့အမေသည် သူ့ရှေ့မှာ သစ္စာပြုထားသည်မဟုတ်လား။

ဆယ်မိနစ်ပင် မကြာပါ။ လမ်းထိပ်ကလက်ဖက်ရည်ဆိုင်မှ စားပွဲထိုးတစ်ယောက် မုန့်နှင့်ပါဆယ်ထုပ်လေးကိုင်ကာ ဒေါ်လှမြင့်တို့ဆိုင်သို့ ဝင်လာသည်။

"ဒေါ်လှမြင့်၊ ဆိုင်ရှင်အစ်ကိုကြီးက နို့ဆီကောင်းကောင်းလေးရလာလို့ လက်ဖက်ရည်နဲ့မုန့် ပို့ခိုင်းလိုက်ပါတယ်ခင်ဗျာ" ဟုဆိုကာ ရိုရိုသေသေ ပေးထားခဲ့ပြီး ပြန်ထွက်သွား၏။

သမီးငယ်ကား လက်ဖက်ရည်နှင့်မုန့်ကိုတစ်လှည့်၊ မိခင်ကိုတစ်လှည့်၊ ပါးစပ်အဟောင်းသားနှင့်ကြည့်ကာ ငေးနေ၏။ မကြာပါချေ။ ဈေးဝယ်လာကြသော ယောဂီဟောင်းနှစ်ယောက်တို့ကလည်း မုန့်နှင့်လက်ဖက်ရည်များ လာပို့ကြပြန်၏။

လက်ဖက်ရည်သုံးခွက်နှင့်မုန့်သုံးမျိုး ဒေါ်လှမြင့်၏ရှေ့သို့ ဆက်ကာဆက်ကာ ရောက်လာသောအခါတွင်ကား သမီးငယ်သည် စက်ခုံပေါ်မှ ကမ္ဘာကယာဆင်းကာ မိခင်၏ရှေ့တွင် ဒူးတုပ်ထိုင်ရှာ၏။ ပြစ်မှားအထင်သေးမိသော နောင်တမျက်ရည်တို့က သမီးငယ်၏မျက်နှာတွင် အိုင်ထွန်းလို့နေသည်။

"အမေ… အမေ့အပေါ်မှာရော၊ သာသနာပေါ်မှာပါ အထင်သေးမိတ်ထားမိတာ သမီးမှားပါတယ်။ သမီးကိုခွင့်လွှတ်ပါ။ နောက်နောင် သာသနာတော်နဲ့ ပတ်သက်ရင် အမေ့စိတ်ကြိုက်လှူပါ။ သမီး အမြဲတန်း ဝမ်းသာအားရရှိနေမယ်ဆိုတာ ကတိပေးပါတယ် အမေ" ဟု ဆိုကာဦးသုံးကြိမ်ချကန်တော့တောင်းပန်လိုက်၏။

"သမီးလေး သာသနာတော်အပေါ် ယုံကြည်သွားတဲ့အတွက် အမေကလည်း ဝမ်းသာအားရ ခွင့်လွှတ်ပါတယ်" ဟူသော မေတ္တာ၊ ကရုဏာ အနံ့သင်းသည့် ဒေါ်လှမြင့်စကားက သမီးငယ်အတွက်ရော၊ သာသနာတော်အတွက်ပါ အားတက်စရာကောင်းလှပါ၏။

# သစ္စာဆီမီးခွက်ခေတ်

ဗြဟ္မဏကျမ်းများ၏အဆိုအရ ခေတ်သည် သစ္စယုဂခေတ်၊ ကြေတာယုဂခေတ်၊ ဒွါပရယုဂခေတ်၊ ကလိယုဂခေတ်ဟူ၍ ခေတ်အားဖြင့် လေးခေတ်ရှိ၏။ ထိုတွင် သစ္စာစကားကို လေးပုံပုံလျှင် လေးပုံလုံးပြောသောခေတ်သည် သစ္စယုဂခေတ်မည်၏။

သစ္စာစကားကို လေးပုံပုံလျှင် သုံးပုံပြောသောခေတ်သည် ကြေတာယုဂခေတ်မည်၏။ သစ္စာစကားကို လေးပုံပုံလျှင် နှစ်ပုံပြောသောခေတ်သည် ဒွါပရယုဂခေတ်မည်၏။ သစ္စာစကားကို လေးပုံပုံလျှင် တစ်ပုံနှင့် တစ်ပုံအောက်ပြောသောခေတ်သည် ကလိယုဂခေတ်မည်၏။

ယနေ့ခေတ်ကို ကလိယုဂခေတ်ဟု ဆိုကြလေရာ သစ္စာစကားကိုပြောသော ပုဂ္ဂိုလ်များသည် လေးပုံပုံလျှင် တစ်ပုံနှင့် တစ်ပုံအောက်ပင် ရှိကြ၏။ ထို့ကြောင့် သစ္စာစကားပြောမှုနှင့် ပတ်သက်လျှင် ယနေ့ခေတ်သည် ဆီမီးခွက်ခေတ်ပင် ဖြစ်တော့၏။

သို့ရာတွင် ဆီမီးခွက်ကို ငြိမ်းမသွားရလေအောင် အားထုတ်ရမည်ဖြစ်၏။ ဆီမီးခွက်ငြိမ်းမသွားပါမှ ဆီမီးခွက်က အလင်းရောင်ကို ကမ္ဘာသို့ဖြန့်နိုင်အောင် ကြိုးပမ်း၍ ရနိုင်ပေမည်။ ထိုသို့ ကြိုးပမ်းနိုင်ရန် လူဆိုသော လူတိုင်း၌ တာဝန်ရှိ၏။

အထူးအားဖြင့် သစ္စာ၌ယုံကြည်ကြသော ဗုဒ္ဓဘာသာဝင် တိုင်း၌ တာဝန်ရှိ၏။

**(ဆရာကြီး ဦးရွှေအောင်၏ ဘဝအမြင်သစ်-နှာ-၁၄၉/၅၀)မှ**

# အခန်း (၆)
# သုရာမေရယသိက္ခာပုဒ်

သုရာမေရယကံမြောက်ရန်အတွက် အင်္ဂါလေးချက်ပြသည်။ ယင်းတို့ကား -

- သုရာစသည် တစ်ပါးပါးဖြစ်ခြင်း
- သောက်စားလိုသောစိတ်ရှိခြင်း
- သောက်ဖြစ်အောင် လုံ့လပြုခြင်း
- သောက်စားခြင်း (**ဣတိဝုတ်။ ဌ။ နှင့် သမ္မော။ ဌ။**)

တို့ ဖြစ်ပေသည်။ သေရည်သောက်သောသူများ ခံစားရမည့် ဆိုးကျိုးများမှာ -

သေရည်သောက်လင့်၊ သင့်မသင့်၌
ရေးခွင့်မသိ၊ ဖျင်းရိမေ့ရူး၊
ကျေးဇူးမဆပ်၊ ဟိရောတ္တပ်ကင်း၊
ခပင်းများထို၊ အကိုသိုလ်ကို၊
မငြိုလွယ်စွာ၊ ပြုကျင့်ရာသည်၊
ရှောင်ခါအပြန် အကျိုးတည်း။

ဟူသောလင်္ကာအတိုင်း သေရည်သောက်သူများမှာ ရရှိမည့် အခွင့်အလမ်းများ ဆုံးရှုံးတတ်သည်။ ဖျင်းရိတတ်သည်။ မေ့တတ်သည်။ ရူးတတ်သည်။ ကျေးဇူးကန်းတတ်သည်။ အရှက်အကြောက် ကင်းတတ်သည်။ မကောင်းမှု အကုသိုလ်ကို လွယ်ကူစွာ ပြုကျင့်မိတတ်သည်။

သေရည်မသောက်လျှင် အခွင့်အလမ်းများကို လက်မလွှတ်တမ်း ရရှိခြင်း၊ မဖျင်းရိခြင်း၊ သတိကောင်းခြင်း၊ ဘဝဆက်တိုင်း အရူးဘဝမှလွတ်ပြီး

လူကောင်းသာဖြစ်ရခြင်း စသော ဆန္ဒကျင်ဘက် ကောင်းကျိုးများကို ပြန်ရပေမည်။

အင်္ဂုတ္တိုရ်ပါဠိတော် အဋ္ဌကနိပါတ်တွင် -

## အရှုးဖြစ်ရခြင်းအကြောင်းရင်း

**သုရာမေရယပါနံ ဘိက္ခဝေ အာသေဝိတံ (ပ)**
**မနုဿဘူတဿ ဥမ္မတ္တကဘာဝံ သံဝတ္တနိကောဟောတိ**

ဟူ၍ သေရည်သောက်ခြင်း အပြစ်များကို တိုက်ရိုက်ဟောကြားထားချက်ရှိသည်။ အစိပ္ပာယ်မှာ သေရည်သောက်လေ့ရှိသူများသည် အပါယ်လေးပါးသို့ကျနိုင်သည်။ အပေါ့ဆုံးအကျိုးမှာ လူဖြစ်လျှင် အရူးသာဖြစ်ရသည်ဟူ၍ ဖြစ်သည်။

အရက်သောက်ခြင်း၏ အပေါ့ဆုံးအကျိုးသည် လူဖြစ်လျှင် အရူးသာဖြစ်ရသည်ဟူသော လွန်ခဲ့သည့်နှစ်ပေါင်း ၂၅၄၆ ခုနှစ်က ဟောခဲ့သည့် ဗုဒ္ဓတရားတော်ကို ယခုခေတ် ဆေးသိပ္ပံပညာရှင်များက ထောက်ခံအတည်ပြုနေရပြီ။

အရက်များစွာသောက်ခြင်းကြောင့် နောက်ဘဝကိုမစောင့်ဘဲ ယခုဘဝမှာတင် ရူးသွပ်နိုင်ကြောင်း သိပ္ပံမဂ္ဂဇင်း၌ ဆရာဝန်တစ်ဦး၏ ရေးသားချက်ကို ဖော်ပြအပ်ပေသည်။

ဦးနှောက်ကလာပ်စည်းများ ပျက်စီးသွားလျှင် အခြားကလာပ်စည်းများကဲ့သို့ အစားထည့်၍မရပေ။ ဘီယာတစ်ပုလင်းသောက်လျှင် ဦးနှောက်ကလာပ်စည်းများ ထောင်ချီ၍ ပျက်စီးသည်။ ဘီယာထက်ပြင်းသော အရက်ဆိုလျှင် ပြောစရာမရှိပေ။ သို့သော် အရက်စွဲသူများသည် မိမိတို့ဦးနှောက်ပျက်စီးနေသည်ကို မသိကြပေ။

အဘယ်ကြောင့်နည်း။ သာမန်လူတစ်ယောက်တွင် ဦးနှောက်ကလာပ်စည်းပေါင်း (၁၇) ကုဋေကျော် ရှိသည်။ ထို့ကြောင့်ပင်။ သို့သော် အရက်ကို နှစ်ရှည်လများ သောက်လာသောအခါ ဦးနှောက်ကလာပ်စည်းပေါင်း သိန်းချီ၍ ပျက်စီးလာပေသည်။ ထိုအခါကျမှ ရိပ်မိကြသည်။

## ဦးနှောက်ပျက်စီးသည့်လက္ခဏာများ

မှတ်ဉာဏ်ထိခိုက်ခြင်း၊ စိတ်ထိခိုက်လွယ်ခြင်း၊ အသိဉာဏ်ထိခိုက်ခြင်း၊ စိတ်ဖောက်ပြန်ခြင်းတို့ ဖြစ်၏။ ဦးနှောက်သည် သက်ရှိသတ္တဝါတို့အတွက် အခရာ (အဓိက)ဖြစ်၏။ ဦးနှောက်ကောင်းမှ မိမိဘဝကောင်းနိုင်မည်။ ဦးနှောက်မကောင်းလျှင် ဘဝပျက်စီးပေလိမ့်မည်။

ဤတွေ့ရှိချက်ကိုထောက်၍ အရက်သောက်သူများ အရှုံးဘဝရောက်ကြောင်းမှာ သေချာနေသည်။ ထို့ကြောင့်လည်း ဆာဟာရီဆင်ဂိုး အမည်ရှိ ပညာရှင်တစ်ယောက်က -

*သိပ္ပံပညာ၏ရှိတက်မှုသည် ဗုဒ္ဓဝါဒ၏ ဆောင်ပွဲရှုမှုပင်ဖြစ်၏။ သိပ္ပံပညာ၏ အသစ်တွေ့ရှိချက်များသည် ဗုဒ္ဓဝါဒအား အကောင်းဆုံး သက်သေပြချက်များသာဖြစ်သည်။*

ဟူ၍ ကမ္ဘာသိ ကြေညာခဲ့ခြင်း ဖြစ်ပေလိမ့်မည်။ ဤနေရာ၌ လူငယ်များသိသင့်သော အရက်နှင့်ပတ်သက်သည့် အမေးအဖြေအချို့ကို ထည့်ပေးလိုက်သည်။

**မေး** *ဒုစရိုက်ဆယ်ပါးတွင် သုရာမေရယ မပါသောကြောင့် အရက်သောက်ရုံဖြင့် ဒုစရိုက် အကုသိုလ် ဖြစ် မဖြစ် သိလိုပါသည်။*

**ဖြေ** မူလဋီကာ၌ တဿ သဘာဂတ္တေန မိစ္ဆာစာရေ၊ ဥပကာရတ္တေန = အရက်သောက်ခြင်းသည် ကာမဂုဏ်၏အရသာကို လွန်လွန် ကဲကဲ

ခံစားခြင်းပင်ဖြစ်၍ ကာမေသုမိစ္ဆာစာရကံနှင့် သဘောတူသောကြောင့် လည်းကောင်း၊

အရက်သောက်ခြင်းသည် ဒုစရိုက်ဆယ်ပါးလုံးပြုဖြစ်အောင်၊ ပြုလွယ်အောင် ကျေးဇူးပြုသောကြောင့်လည်းကောင်း၊ ဒုစရိုက်ဆယ်ပါးသို့ အလိုလိုပါပြီးဖြစ်သည်။ ထို့ကြောင့် အရက်သောက်လျှင် ဒုစရိုက် အကုသိုလ်သာ ဖြစ်မည်။ သုစရိုက်ကုသိုလ် ဖြစ်ခွင့်မရှိပေ။

မေး **_ကုမ္ဘဇာတ်ပါဠိတော်၌ ယံဝေပိဝိတွာ ဒုစ္စရိတံ စရန္တိ = သောက်ပြီးနောက် ဒုစရိုက်ကို ကျင့်ကြကုန်၏ဟု ဟောထားရာ သောက်ပြီးနောက် ဒုစရိုက်ကိုမကျင့်ဘဲ အိပ်နေလျှင် အပြစ်ရှိ၊ မရှိ။_**

ဖြေ အရက်သောက်ပြီးနောက် ဒုစရိုက်တစ်ခုခုလုပ်မှ အပြစ်ရှိသည်မှာ မှန်ပါသည်။ အပြစ်မှာ နှစ်မျိုးရှိသည်။ မပြုသင့်သည်ကို ပြုလုပ်မိသောအပြစ်နှင့် ပြုလုပ်သင့်သည်ကို မပြုလုပ်သောအပြစ်တို့ ဖြစ်သည်။ အရက်သောက်ပြီး အိပ်နေလျှင် ရိုက်နှက်ခြင်း၊ ဆဲဆိုခြင်း စသော မပြုသင့်သည်ကို ပြုသည့်အပြစ်မှကား ကင်းပါသည်။

သို့သော် မိဘဝတ္တရား၊ လင်ဝတ္တရား၊ သားသမီးဝတ္တရားပျက်သောကြောင့် ပြုလုပ်သင့်သည်ကို မပြုလုပ်သောအပြစ်ကား ဧကန်မုချ ရှိပါသည်။

**_ဇာသိုဥတုအေးပြီး ငှက်များပေါသောဒေသမျိုးတွင် အရက်ကို ဆေးအဖြစ် သောက်ကြရခြင်း ရှိသည်။ ထိုသို့ သောက်ခြင်းအတွက် သုရာမေရယ သိက္ခာပုဒ် ပျက် မပျက် သိလိုပါသည်။_**

ဖြေ ယင်းသိက္ခာပုဒ်၌ သောက်စားလိုစိတ်ရှိခြင်းဟူသော ဒုတိယအင်္ဂါသည် အရက်ကိုသောက်ပြီး မူးယစ်ပျော်ပါးလိုသောစိတ်ကို ဆိုလိုသည်။ ထိုစိတ်မျိုးမဟုတ်ဘဲ ရောဂါပျောက်ဖို့၊ ကာကွယ်ဖို့ စိတ်အရိုးခံ သက်သက်ဖြင့် သောက်ခြင်းကြောင့် အပြစ်မရှိနိုင်ပေ။

ခုဒ္ဒပါဌ - အဋ္ဌကထာတွင်ကား ငါးပါးသီလတွင် သေရည်သောက်ခြင်းကို အပြစ်အကြီးဆုံးဟု ဖွင့်ပြထားသည်။

**ကာယာမနုဿဘူတဿပိ ဥမ္မတ္တကဘာဝံ ပဝတ္တနေန**

**အတိယာဝမဟာသာဝဇ္ဇတာ ကရဏာတော -**

အရက်သမားသည် အပါယ်မှလွတ်၍ လူဖြစ်လာသော်လည်း ရူးနေသည့်အတွက် မဂ်ဖိုလ်ကို မရနိုင်။ မဂ်ဖိုလ်၏ အန္တရာယ်ကို မိမိကိုယ်တိုင်ပြုနေသကဲ့သို့ ဖြစ်သောကြောင့်ဟု ဆိုထားသည်။ သေရည်သေရက် သောက်သည့်အတွက် ကျန်သီလများအားလုံး အလွယ်တကူ ပျက်တတ်ပုံကို အစွလာမ်ဘာသာ၌ ဆုံးမထားသည်မှာ မှတ်သားဘွယ်ကောင်းလှသဖြင့် လူငယ်များအတွက် ဖော်ပြအပ်ပေသည်။

**အရက်သည် ငါးပါးသီလတွင် အချုပ်ဖြစ်၏။ အရက်မူးပြီဆိုသည်နှင့် ကျန်သီလများ ဖောက်ဖျက်ရန် ဝန်မလေးတော့ပေ။ သို့အတွက် ဗုဒ္ဓက ငါးပါးသီလတွင် သေရည်သောက်ခြင်းကို ထည့်ဟောထားခြင်းဖြစ်၏။**

အရက်မူးလာလျှင် ကျေးဇူးရှင်မိဘကိုပင် ပြန်သတ်ရဲသည်အထိ သွေးဆူလာတတ်၏။ တခြားသူဆိုလျှင်ကား ဆိုဘွယ်ရာမရှိ။ အရက်သောက်ပြီး မူးနေလျှင် မိဘကိုပင် ပြန်သတ်ရဲသည်ဟူသော စကားကို မှန်းဆ၍ပြောခြင်းမဟုတ်။ အဟုတ် လက်တွေ့ဖြစ်ရပ်တို့ကို မြင်ရ၍ ပြောခြင်းဖြစ်၏။

အရက်မူးပြီး မိဘကိုပြန်သတ်သော ဖြစ်ရပ်လေးခုကို တွေ့ကြုံ မှတ်သားရဖူးသည်။ သုံးခုကို အနန္တဂိုဏ်းဝင်ကျေးဇူးရှင်စာအုပ်၌ ရေးသားပါမည်။ ဖြစ်ရပ်မှန်တစ်ခုကိုကား ဤစာအုပ်၌ ဖော်ပြလိုက်ပါသည်။

# ကျိုက်ပိဋ္ဌာက မြေမျိုး

ခုနှစ်အားဖြင့် ၁၉၅၁-ခု၊ မေလ ၂၅ ရက်နေ့၊ နေရာကား ဧရာဝတီတိုင်း၊ ကျိုက်လတ်မြို့နယ်၊ ကျိုက်ပိဋ္ဌာတွင် ဖြစ်၏။ ပါးရိုက်ပြီး မားနှင့် အလိုက်ခံရသော မိခင်ကြီးအမည်ကို ဒေါ်သာလိဟု ခေါ်သည်။ ဗုဒ္ဓဘာသာဝင် ဗမာကရင်ကပြား အမျိုးသမီးကြီး တစ်ယောက်ပင်ဖြစ်၏။

ဥပုသ်စောင့်၊ တရားထိုင်၊ ဘုရားရှိခိုး၊ ပုတီးစိပ်ဖြင့် ဘာသာရေး ကိုင်းရှိုင်းသူတစ်ယောက်ပင်။ သူ့တွင် ချစ်ပေအမည်ရှိ သားတစ်ယောက် ရှိ၏။ လူပေ၊ လူတေ အရက်သမားဖြစ်၏။ တစ်နေ့တွင် တစ်နေကုန် ငါးဖမ်း၍မရသဖြင့် စိတ်ညစ်ညစ်နှင့် အရက်မူးအောင်သောက်လာသော ချစ်ပေသည် အိမ်ရှေ့ရောက်သည်နှင့် ဒေါ်သာလိကို မိုးမွှန်အောင်ဆဲ၏။

သူ မကြာခဏ ငါးဖမ်းမရဖြစ်ရသည်မှာ ဒေါ်သာလိ ဘာသာရေး လုပ်သောကြောင့်ဟု ယူဆထားသူဖြစ်၏။ ချစ်ဖေ၏ ဆဲသံများကို ကြားရသောအခါ ဒေါ်သာလိသည် သားဖြစ်သူ အပြစ်မဖြစ်အောင် လှမ်းဟန့်တား၏။

"ဟဲ့ ချစ်ဖေ နင် ကိုယ့်အမေရင်းကို ဒီလိုပဲဆဲရသလား။ နင် ဒုက္ခတွေ့တော့မယ်နော်"

ချစ်ဖေကား ဒေါ်သာလိစကားကို ဂရုမစိုက်။ ဆဲမြဲဆဲနေ၏။ ထိုအခါ ဒေါ်သာလိက နောက်တစ်မျိုး ဟန့်ပြန်၏။

"ဟဲ့ ကောင်လေး၊ ပြောနေတာမရဘူးလား။ ငါ ဆင်းပြီး ပါးရိုက်လိုက်ရမလား"

ထိုစကားသည် ဒေါ်သာလိ အပြင်းထန်ဆုံး ငေါက်ငန်းခြင်း ဖြစ်၏။ ချစ်ဖေသာ အရက်မမူးလျှင် ဤနေရာတွင် အဆဲရပ်ပြီး အေးငြိမ်းသွားမည် ဖြစ်၏။ ယခု အရင်ချစ်ဖေ၏စိတ်မဟုတ်တော့။ အရက်က သူ့တစ်ကိုယ်လုံးကို လွှမ်းမိုးထားသည်။ ထို့ကြောင့်လည်း-

"အောင်မာ - ခင်ဗျားကများ ကျုပ်ကို ပါးရိုက်မယ် ဟုတ်လား။ လာခဲ့ ခင်ဗျားမရိုက်ခင် ကျုပ်ကအရင်ရိုက်လိုက်မယ်" ဟုဆိုကာ ဒယီးဒယိုင်နှင့် အိမ်ပေါ်တက်လာပြီး ဒေါ်သာလိပါးကို ရိုက်လိုက်ရာ ဒေါ်သာလိခမျာ ပက်လက်လန် လဲသွားရှာ၏။

အသက်ခုနစ်ဆယ်ကျော်နီးပါးမို့ ရှောင်တိမ်းနိုင်စွမ်းလည်း မရှိပေ။ ရိုက်ချက်မှာ ယောကျ်ားဖြစ်သောကြောင့် ပြင်းထန်လွန်းလှသည်။

ဒေါ်သာလိပါးစောင်မှ သွေးများယိုစီးကျလာသည်။ ဒေါ်သာလိ အရိုက်ခံရသောပါးကို လက်တစ်ဖက်ဖြင့်အုပ်ကာ လှမ်းပြောမိ၏။

"ချစ်ဖေ၊ မင်းအမေ့ပါးကိုရိုက်တယ်။ မိုက်လိုက်ဘာ သားရယ်။ မင်းတော့ ကံကြီးထိုက်တော့မယ်"

"ကံကြီးထိုက်တော့ ကံလေးနိုင်တာပေါ့ဗျာ။ ရှုပ်ပါတယ်။ ခင်ဗျားကြီး ဒီအိမ်မှာမရှိမှအေးမှာ။ ခင်ဗျားကြီး ဘာသာရေးတွေကိုလုပ်နေသမျှ ကျုပ် ငါးဖမ်းလို့ ဘယ်တော့မှရမှာမဟုတ်ဘူး"ဟုဆိုကာ အိမ်နံရံတွင် ချိတ်ထားသော ဓားရှည်ကြီးကို ဆွဲလေသည်။

ဒေါ်သာလိကား တရားရှိနေသူဖြစ်၍ သေရမည်ကို အပိုအလွန် ကြောက်သူမဟုတ်။ သူ့ကိုသတ်မိလျှင် သားဖြစ်သူ မြေမျိုမည်စိုးသည့်အတွက် ဒဏ်ရာကို ဂရုမစိုက်နိုင်ဘဲ နေရာမှလူးလဲထကာ အိမ်ပေါ်မှ ဆင်းပြေး၏။

ထိုအချိန်မှာပင် ဓားရသွားပြီဖြစ်သော ချစ်ဖေက ဒေါ်သာလိနောက်သို့ ပြေးလိုက်လာသည်။ ဓားရှည်ကြီးတရမ်းရမ်းနှင့် ချစ်ဖေနားသို့ မည်သူမျှ မကပ်ရဲဘဲ တစ်ရွာလုံးဝိုင်းကြည့်ပြီး မှင်သက်မိနေ ကြသည်။

## အမေကိုသတ်ချင်စိတ်ပေါက်ခြင်းအကြောင်းရင်း

အမေက ရှေ့ကပြေး၊ သားက နောက်ကလိုက်ရင်းဖြင့် ကျိုက်ပိရွာနှင့် မစိုးရိမ်ရွာအကြားက ညောင်ပင်ကြီးအောက်သို့အရောက်တွင် ချစ်ဖေ တစ်ယောက် ဆက်မလိုက်နိုင်တော့ဘဲ မတ်တပ်ရပ်ကျန်ခဲ့လေ၏။ ဒေါ်သာလိ ကား မစိုးရိမ်ရွာထဲထိရောက်အောင် ဆက်ပြေးသွားလေသည်။ ပြောပ လောက်သော အပြစ်တစ်စုံတစ်ရာမရှိပါဘဲ ချစ်ဖေတစ်ယောက် မိခင်ကို သတ်ချင်စိတ်ပေါက်ခြင်း၏ အဓိကအကြောင်းကား အရက်သောက်ထားခြင်း ကြောင့်ပင်ဖြစ်၏။

ချစ်ဖေ မိခင်နောက် ဆက်မလိုက်ခြင်းကား သူ့ခြေထောက်များ ကို မြေစမျိုနေသောကြောင့်ဖြစ်၏။ ဒေါ်သာလိတစ်ယောက် မစိုးရိမ်ရွာထဲမှ

လူကြီးမိဘတို့ကခေါ်၍ ရွာသို့ပြန်လာသောအချိန်တွင်ကား ချစ်ပေ၏ ခြေမျက်စေ့များသည် မြေကြီးထဲသို့ ဝင်နေပေပြီ။

မိမိပါးကိုရိုက်ခဲ့သောသား၊ မိမိကိုသတ်ရန် ဓားနှင့်လိုက်ခဲ့သော သားပင်ဖြစ်လင့်ကစား ဒေါ်သာလီ စိတ်မနာနိုင်။ မျက်ရည်တွေတွေကျ အော် ဟစ်ငိုကြွေးပြီး သတိပေးရှာ၏။

"သား မောင်ချစ်ပေ၊ အဲဒါ အမေ့ကိုပြစ်မှားလို့ ငါ့သား မြေမြုံနေတာ သားရဲ့။ ကိုယ်ပြုမိတဲ့အပြစ်ကို ဝန်ချတောင်းပန်ကန်တော့ရင် အပြစ်က ပြေ ပျောက်သတဲ့။ ဒါ့ကြောင့် သားလေး အမေ့ကို လှမ်းကန်တော့လိုက်၊ မသိလို့ လုပ်ခဲ့တဲ့ သားရဲ့အပြစ်တွေကို အမေ ခွင့်လွှတ်ပါတယ်ကွယ်" ဟု လှမ်း အော်ပြောလိုက်သဖြင့် ချစ်ပေတစ်ယောက် မိခင်ဘက်ကို လက်အုပ်ချီရန် ကြိုးစား၏။

သို့သော် သူ၏နှောင်တကား အများကြီး နောက်ကျသွားလေပြီ။ သူ့လက်များသည် ကျောက်တိုင် ကျောက်ခဲများလို မာကျောကာ လက်အုပ်ချီ ၍ မရတော့ပေ။

ငရဲမီးသည် ပူလွန်းအားကြီးသဖြင့် ချစ်ပေနှင့် ပေတစ်ရာခန့်ပတ်လည် အတွင်းရှိ သစ်ပင်မြက်ပင်ငယ်များသည် ငရဲမီးလောင်သဖြင့် မည်းခြောက် သွား၏။ ထိုပေတစ်ရာအတွင်း ဘယ်သူမှလည်း မဝင်နိုင်ကြ။

"အမေရေ၊ ကျွန်တော်မှားပြီဗျာ၊ လက်အုပ်ချီလို့ မရတော့ဘူး" ဟု ဆိုကာ ရှိုက်ကြီးတငင် အော်ငို၏။

ငရဲမီးဒဏ်ကြောင့် ချစ်ပေ၏ ခန္ဓာကိုယ်သည် ရေဓာတ်ခန်း ခြောက်ကာ သွေးကေ သစ်ပင်ငယ်များကဲ့သို့ တဖြည်းဖြည်း မည်းခြောက်စပြုလာ၏။ ထို့အတူ ရေလည်း တအားငတ်လာသည်။

"အမေရေ၊ ရေငတ်တယ်ဗျာ၊ ကျွန်တော့်ကို ရေတိုက်ပါဦး" ဟု အော်သဖြင့် ဝိုင်းကြည့်နေကြသောလူများက ပုံးသေးသေးထဲ ရေထည့်ကာ ဝါးလုံးများဆက်ပြီး ချစ်ဖေထံလှမ်းပေးကြ၏။ သို့သော် ငရဲမီးအပူရှိန်ကြောင့် ပုံးထဲကရေများသည် ချစ်ဖေနားမရောက်ခင်မှာပင် ခန်းခြောက်သွား၏။

မင်းလို မိဘကျေးဇူးစွပ်တဲ့သားမျိုးကို အဝီစိငရဲသို့ ချက်ချင်း ခေါ်မသွားသေးဘူး။ ပူလောင်ပြင်းပြတဲ့ဝေဒနာတွေ၊ ဆာလောင်မွတ်သိပ်တဲ့ဝေဒနာတွေကို မချိမဆန့်ခံစားစေပြီးမှ ခေါ်ယူမယ်ဟု မပြောသော်လည်း ပြောသကဲ့သို့ မေလ ၂၅ ရက်မှ ဇွန်လ ၂ ရက်နေ့အထိ ၈ ရက်ကြာမှ မြေကြီးအောက်သို့ စုန်းစုန်းမြုပ်သွားလေသည်။

ဤသာဓကကိုထောက်၍ အရက်သောက်သူများသည် အကုသိုလ်ကို လွယ်ကူစွာပြုတတ်သည်ဟူသော ဟောကြားချက်ကို လက်ခံလောက်ပေပြီ။ တစ်ချို့က ဆိုကြမည်။ လွန်အောင်မသောက်ပါ။ ဆေးဖြစ်ဝါးဖြစ် သောက်ခြင်းပါဟူ၍။ အရက်အများအပြား သောက်ကြသော အနောက်နိုင်ငံများနှင့် မြန်မာနိုင်ငံ၏ ရာသီဥတုသည် တစ်ခြားစီဖြစ်၏။

အနောက်နိုင်ငံများသည် အအေးများသောဒေသဖြစ်၍ အရက်ကို အတန်အသင့်သောက်ခြင်းဖြင့် ခဲမတတ်အေးနေသော သွေးများနွေးသွားပြီး ဆေးဖြစ်သည်မှာ မှန်၏။ မြန်မာပြည်ကား အပူများသောဒေသဖြစ်၏။ မန္တလေးတိုင်း၊ မကွေးတိုင်းတို့၏ နွေရာသီအပူကား ကြောက်စရာပင်ကောင်း၏။ အပူဒီဂရီဖာရင်ဟိုက် ၁၀၄ ထိပင် ရှိတတ်၏။

ထိုသို့ အပူများသောဒေသမှ မြန်မာများအတွက် အရက်သောက်ခြင်းဖြင့် ဆေးဝါးမဖြစ်ပါ။ ဦးနှောက်သွေးကြောပြတ်ပြီး မြန်မြန်သေဖြစ်ကြသည်။ လေဖြတ်ပြီး လူစဉ်မမီဖြစ်ကြသည်။ အသည်းဆန်ခါပေါက်ကျကာ သုံးဆယ်ကျော် လေးဆယ်အတွင်းမှပင် သေကြသည်။

# မတင်းတိမ်နိုင်သော အရာသုံးခု

တစ်ချို့က ဆိုကြပြန်သည်။ ကျွန်တော်တို့က ကိုယ့်စိတ်ကိုနိုင်ပါတယ်။ ထမင်းစားကောင်းရုံလောက် ညနေပိုင်းလေး သောက်တာပါဟူ၍။ ဤကဲ့သို့သောအဆင့်ကို လူက အရက်ကိုသောက်သော အဆင့်ဟုခေါ်သည်။ ဘဝ ပျက်ပြီး သေသွားကြသော အရက်သမားများသည် ထိုအဆင့်မှ စခဲ့ကြ သည်သာဖြစ်၏။

လူက အရက်ကိုသောက်သောအဆင့်မှ အထက်သို့တက်လိုက်လျှင် အရက်က လူကို ပြန်သောက်သောအဆင့်သို့ ရောက်လာ၏။ ထိုဒုတိယ အဆင့်တွင် အရက်ဆိုင်၌သာ အနေများလာ၏။ လမ်းဘေးလဲသည်အထိ သောက်လာသည်။ ထို ဒုတိယအဆင့်တွင် တစ်ပတ် လေးရက်ခန့်တော့ စီးပွားရေးအလုပ်ကို လုပ်နိုင်သေးသည်။

ထို ဒုတိယအဆင့်တွင်ကား အရက်ဖြတ်ရန် အလွန်ခဲယဉ်းသွား၏။ စိတ်ကပြတ်၍ ဖြတ်နိုင်သော်လည်း ခန္ဓာကိုယ်က ဖြတ်၍မရနိုင်တော့။ အရက်မသောက်လျှင် ခန္ဓာကိုယ်တွင်းက သွေးများ အလုပ်မလုပ်တော့။ ထို့ကြောင့် လက်တုန်၊ ခြေတုန်ဖြစ်လာခြင်းဖြစ်သည်။

အရက်သမား၏ နောက်ဆုံး တတိယအဆင့်သည်ကား အရက်က အရက်ကို ပြန်သောက်ခြင်းပင်ဖြစ်၏။ ထိုအဆင့်တွင် အရက်ကို တအား သောက်သည်။ တအားမူးသည်။ တအားအိပ်သည်။ အိပ်ရာမှ နိုးလာသော အခါ ခေါင်းများအုံခဲနေသည်။ နေလို့မရ၊ အရက်နာကျသည်ဟု ခေါ်သည်။

ထိုအခါ ခေါင်းအုံပျောက်စေရန် အရက်ကို ထပ်သောက်ရပြန် သည်။ ခေါင်းအုံကားပျောက်ပါ၏။ သို့သော် အရက်က မူးပြန်လေပြီ။ ဘာအလုပ် မှလည်း မလုပ်တော့။ ဘာအစားမှလည်း ကောင်းကောင်းမစားတော့။

မသေမချင်း သောက်လိုက်၊ မူးလိုက်၊ ခေါင်းအုံလိုက်၊ ပြန်သောက်လိုက်နှင့်သာ လုံးလည်လိုက်နေတော့သည်။

တိကင်္ဂုတ္တရ ပါဠိတော်တွင် ဗုဒ္ဓက တင်းမတိမ်နိုင်သော အရာသုံးမျိုးကို ဟောကြားထားတော်မူ၏။ ယင်းတို့ကား -

- အိပ်ခြင်း
- သေရည်သောက်ခြင်း
- မေထုန်မှီဝဲခြင်း

တို့ဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓက တင်းမတိမ်နိုင်သောအရာဟု သတိပေးထားသော သေရည်ကို ထမင်းစားကောင်းရုံပါဟုဆိုကာ အစမလုပ်ကြဖို့ သတိပေးချင်သည်။ အရက်နှင့်ပတ်သက်လာလျှင် စိတ်ညစ် တစ်ခဏတာမျှပင် မထိန်းသိမ်းနိုင်ကြောင်း ထူးထူးခြားခြား သာဓကတစ်ခုကို ထုတ်ပြချင်သည်။

## ရာထူးကျသောနတ်များ

၃၃ ယောက်သော နတ်သားများ စုပေါင်းအုပ်ချုပ်ကြသောကြောင့် တာဝတိံသာဟုခေါ်သည်။ ထိုနတ်ပြည်သည် လူသက်နှင့်တွက်လျှင် နှစ်ပေါင်းသုံးကုဋေနှင့်အနှစ်ခြောက်သန်း အသက်ရှည်သည်။ ထိုနတ်ပြည်ကို ဦးမာဃနှင့်တကွ သူငယ်ချင်း ၃၃ ယောက် မရောက်ခင်က အရက်သမားနတ်သားများ အုပ်ချုပ်ကြသည်။

ထိုအချိန်တွင် လူအဖြစ်နှင့်သာရှိနေကြသေးသော ဦးမာဃနှင့်တကွ အပေါင်းအဖော်များသည် သာသနာတွင်းမဟုတ်သဖြင့် ဘုရား ရဟန္တာတို့၏ အဆုံးအမကို မရသော်လည်း ကောင်းမည် အကျိုးရှိမည်ထင်ရသော ဝေယျာဝစ္စ အလုပ်များကို ကြိုးစားလုပ်ဆောင်ကြသည်။

တံတားဆောက်ခြင်း၊ လမ်းဖောက်ခြင်း၊ ဇရပ်တည်ခြင်း၊ ရေကန်တူး ခြင်း၊ မိဘကိုလုပ်ကျွေးခြင်း၊ အမျက်ဒေါသမထွက်ခြင်း၊ မေတ္တာထားခြင်း စသည်တို့ကား ဦးမာဃတို့အဖွဲ့ မှန်းဆလုပ်ဆောင်ခဲ့ကြသော ကောင်းမှု များပင်ဖြစ်၏။

ထိုကုသိုလ်များကြောင့် ၃၃ ယောက်လုံး တာဝတိံသာနတ်ပြည်သို့ ရောက်လာကြသည်။ ထိုအခါ မူးရူးနေကြသော လက်ရှိ အရက်သမား နတ်သားများက မကျေနပ်ကြ။ ထို့ကြောင့် တစ်နေ့တွင် အကောက်ဉာဏ် ဖြင့် ဦးမာဃတို့အဖွဲ့ကို မိတ်ဆုံစားသောက်ပွဲတစ်ခု ပြုလုပ်ပြီး လာရောက် စားသောက်ရန် ဖိတ်ကြားလိုက်သည်။

စားသောက်ပွဲတွင် အရက်များကိုပါ တည်ခင်းဧည့်ခံထားသည်။ ဦးမာဃတို့အဖွဲ့ အရက်သောက်မိပြီး မူးသွားလျှင် အားလုံးကို ကြိုးတုပ်ပြီး နတ်ပြည်မှကန်ချရန် ကြံစည်ထားခြင်းဖြစ်သည်။

သူ၏အကြံအစည်ကား ပိရိကောင်းမွန်ပါ၏။ သူတို့က အရက်ကို မူးအောင်မသောက်ဘဲ ဦးမာဃတို့အဖွဲ့ သောက်ချင်လာအောင် နည်းနည်းသာ ဟန်လုပ်၍သောက်မည်ဟု တိုင်ပင်ထားကြ၏။ ဖိတ်ကြားလိုက်သည့်အတိုင်း ဦးမာဃတို့အဖွဲ့ ရောက်လာကြသည့် အခါတွင်ကား သူတို့သည် ဟန်ဆောင် နည်းနည်းလေးသောက်ရာမှ မတင်းတိမ်နိုင်ဘဲ အများကြီးသောက်မိကြပြီး မူးလဲကုန်ကြ၏။


ထိုအခါ အရက်ကို လုံးလုံးမသောက်ကြသော ဦးမာဃတို့အဖွဲ့က ထိုအရက်မူးသမား နတ်သားများကို ကြိုးတုပ်ပြီး ကန်ချလိုက်ရာ ယခုအခေါ် အသုရာပြည်အထိ ကျသွားကြလေ၏။ သူတို့သည် အမူးပြေသောအခါတွင်မှ သူတို့အမှားကို သိလိုက်ကြ၏။ ထိုအခါကျမှ အရက်ကို ဘယ်တော့မှ မသောက်ကြတော့ပေ။

တာဝတိံသာပြည်တွင် ကသစ်ပန်းပင်ရှိသည်။ အသူရာပြည်တွင် သခွပ်ပင်ရှိသည်။ သခွပ်ပန်းနံ့ကိုရတိုင်း တာဝတိံသာကို ပြန်လည်အမှတ်ရသဖြင့် စစ်တက်တိုက်လေ့ရှိသည်။ တစ်ခါမှ အနိုင်မတိုက်နိုင်ပေ။

နတ်များသည် ဝီရိယဖြင့် ဘာတစ်ခုမှ ရှာစရာမလိုဘဲ ကုသိုလ်အကျိုးကို သက်သာစွာ ခံစားသော ပုညပစ္စိပုဂ္ဂိုလ်များ ဖြစ်ကြသည်။ လူများကား ကုသိုလ်၊ ဝီရိယ နှစ်မျိုးလုံးဖြင့် သက်ဆိုင်သည့် ဥဘယပစ္စိပုဂ္ဂိုလ်များ ဖြစ်ကြသည်။

သေရည်ကိုသောက်မိသဖြင့် ပုညပစ္စိနတ်များပင် ရာထူးကျပြီး အဆင့်အတန်းနိမ့်သေးရာ ကုသိုလ်၊ ဝီရိယ နှစ်မျိုးလုံးကို အမှီပြုကြရသော လူသားများ သေရည်သောက်မိလျှင် ထိုထက်ပို၍ ဘဝအဆင့်အတန်း နိမ့်ကျမည်ဆိုသည်ကို သံသယမရှိအပ်ပါချေ။

မေတ္တာရှင် (ရွှေပြည်သာ)
၁၈-၅-၂၀၀၂။ ညနေ ၅ နာရီ
၅ မိနစ်တွင် မန္တလေးတိုင်း၊
လယ်ဝေးမြို့နယ်၊ ရုံးပင်ရွာတွင်
တရားဟောကြွရင်း ရေးပြီးသည်။


ရဟန်းဖြစ်စေ ၊ လူဖြစ်စေ
သူတစ်ပါးကို မကြည်ညိုလျှင်
ကုသိုလ် မရရုံသာ ရှိမည် ။
ကိုယ့်ကိုယ်ကို မကြည်ညိုလျှင်
တရားထူး မရသည့်အပြင်
အပါယ်ပါ ကျတတ်သည် ။
အကြောင်းကား
သူတစ်ပါးကို လိမ်၍ ရသော်လည်း
မိမိကို မိမိ လိမ်၍ မရသောကြောင့်
ဖြစ်သည် ။
အရှင် ဇဝန